
www.burmeseclassic.com



www.burmeseclassic.com


ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်းစာအုပ်







မိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
တန်ဖိုး - ၂၀၀၀ ကျပ်

ဗိုလ်ချုပ်ဦးအောင်ဆန်း
တန်ဖိုး - ၂၀၀၀ ကျပ်








ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင်(ရဲဘော်သုံးကျိပ်)
တန်ဖိုး - ၂၀၀၀ ကျပ်

ဓမ္မသားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့
တန်ဖိုး - ၀၀၀၀ ကျပ်

ဗိုလ်တေဇ ဘဝကမ္ဘာ ရသကောက်အတ္ထုပ္ပတ္တိ
Quality စာတည်းအဖွဲ့
တန်ဖိုး - ၆၀၀၀ ကျပ်








အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှု စီအိုင်ဒီ အခန်းကဏ္ဍ
ခဲ့မှုးချုပ်မောင်မောင်သန်း(ရဲသုတ်ရှိ)(ငြိမ်း)
တန်ဖိုး - ၁၀၀၀ ကျပ်

အောင်ဆန်း၏ အောင်ဆန်း
ဗိုအောင်လေး
တန်ဖိုး - ၁၀၀၀ ကျပ်

ဗိုလ်ချုပ်အောင်ဆန်းရာပြည့်မော်ကွန်း
ရာပြည့်ပွဲကျင်းပရေးကော်မတီ
(နတ်မောက်) မှထုတ်ဝေသည်
တန်ဖိုး - ၀၀၀၀ ကျပ်



Quality Publishing House
အမှတ် ၆၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။



http://Quality.myanmaronlinesales.com တွင်
တိုက်ကိုမှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ဒဂုန်ရွှေမျှား
ဝေးဆန်းသော
ပေမြို့နှင့်သိမ်
၆

တွင်းကြီးသားတင်ဝင်းဦး
ချစ်သွေးသစ္စာ
၆၂

တင့်ထူး (မေမြို့)
တောမီးထဲမှ
တစ်ညတာ
၃၇

မောင်ညိုမှိုင်း (သန်လျင်)
ဘဝရေဆန်
၈၀

နန္ဒမိုးကြယ်
ဂန္ဓာရီဆရာမြနှင့်
မိတ်ဆွေ ဆုံနှုတ်ဆက်
၄၉

မကွေးညိုစိုး
တောင်ပုံစံ
၁၀၄

လျှန်းကျော်ဦး
ဥပါဒါန်သက်သေ
၁၂၃

ဖိုးဝေ
တန်းစီးမှုကြီးခင်ခင်နှင့်
ကျောက်ကျင်းမှ တောက်ဆဝင်းများ
၁၇၈

ကောင်းမှူးကြီးသိန်းဝင်း
မှောင်ဝေသော
ကြွေမှာခရီးစဉ်
သင်္ချိုင်း
၁၃၄

မြဝစီ
အာမဲလိုက်မှုဆိုးရိမ်
၁၆၆

ရွှေမြတ်တင်
ဒေါ်မျိုးမြင့်မြတ်
ခါချစ်ရခြင်း
ကျောအချစ်
၁၄၈

နန္ဒဝင်းကျော်ခေါင် (…)
မိခေါင်းဘုရင်
မိုလ်ဘောင်ခင်
၂၁၀


FEBRUARY
NO.133, 2015

www.burmeseclassic.com

www.burmeseclassic.com





အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)
အုပ်ချုပ်မှုအယ်ဒီတာ
မခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဥက္ကာလင်းယက်
ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ မင်းထွဋ်၊
နော်ဇင်လဂျာ၊ ဝေလင်း၊ သန်းထက်ဇင်၊
ထွန်းထွန်း၊ မြိုးမင်းဦး၊ ညီနွယ်၊ မြမြသင်း၊
ဝင်းဝင်းမာ၊ မြတ်နှင်းနွယ်၊ ကြည်စင်သန့်၊
ဘင်မာစမ်း၊ အိပြုံး၊ မီမီ။

ပုံနှိပ်သူ
ဖြိုးဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ-၅၀၀
တန်ဖိုး-၁၅၀၀
စာစည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ်-၅၀၈/၅၁၂ (၂၁)လွှာ၊
ပထမထပ်၊ ကုန်သည်လမ်းနှင့်
ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၁၈၃၀၆၉၄၊ ၁၈၆၅၃၁။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြဲ-၀၀၅၆၂)
Quality Publishing House
အမှတ်-၅၀၈/၅၁၂ (၂၁)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့်
ဆိပ်ကမ်းသာလမ်းထောင့်၊ (သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
မင်းသူရိန်
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ အောင်နိုင်လဂျာ၊ ကျော်စိုးညိန်း၊
မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊ လှသန်းအောင်(အင်းလျား)၊
မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ဝေါ်ကား၊ ဒိုင်းမော်။
ကွန်ပျူတာနှင့် ဖလင်
Quality


ထူးဆန်းသော
အိမ်ငှားမိန်းမတစ်ယောက်

ဒဂုန်ရွှေမျှား




## NEXT



တုံးအောက်က ဖား
ပြားတဲ့ဖားက ပြား
ဖောင်းတဲ့ဖားက ဖောင်း

မောင်ညိုမှိုင်း
(သန်လျင်)

## MONTH

တောင်ပြာလုံမှ
ကိုညွှဲသည်

နန္ဒသူ



## PREVIEW

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပြုသည့်ကံ
ဦးတင်သံ၊ ကိုယ့်ထံ ပြန်လာသည့်
နိယာမအတိုင်း ပစ္စည်းဥစ္စာအတွက်
လောဘဇောတိုက်ကာ လူသတ်ရန်
ကြံစည်ခဲ့သူတစ်ယောက်၏
နောက်ဆုံးသွားရာလမ်း...





**တစ်နေ့သော** နံနက်ခင်း၌ ကျွန်တော်သည် အိပ်ရာမှ နိုးပြီးဖြစ်သော်လည်း အတန်ငယ် အေးသဖြင့် ရုတ်တရက်မထသေးဘဲ အိပ်ရာထဲတွင် ကွေးလျက်ရှိစဉ် ဦးထင်ကျော်သည် ကျွန်တော့် အိပ်ရာနံဘေးတွင် ရပ်ကာ -

"ဘယ့်နယ်လဲဗျ - ကိုတင်မောင်၊ အခုထက်ထိ အိပ်ရာက မထသေးဘဲကိုး။ ထဗျာ - ခင်ဗျားကို ဒီလိုလာနှိုးရတာ အားတော့နာတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲဗျ၊ မီးများလောင်လို့လား"

"ဘယ်ကလာ မီးလောင်ရမှာလဲဗျ။ အမှုသည်တစ်ယောက်ရောက်နေတယ်။ ခပ်ငယ်ငယ်အမျိုးသမီးကလေးတစ်ယောက်။ ရုပ်ကလေးကလည်း သနားကမားနဲ့ —"

သို့နှင့် ကျွန်တော်သည် အိပ်ရာက လူးလဲထလိုက်ရ၏။

"ခင်ဗျားနောက်ဖေးဝင်ပြီး အိမ်ရှေ့ ဧည့်ခန်းလာခဲ့ဗျို့ – ကိုတင်မောင်"

ကျွန်တော်သည် နောက်ဖေးဆောင်သို့ဝင်၍ ကပျာကယာကိုယ်လက်သန့်စင်ပြီးနောက် အိမ်ရှေ့ခန်းသို့ လာခဲ့ရာ ဦးထင်ကျော် အလုပ်စားပွဲနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်ပေါ်တွင် မိန်းကလေးတစ်ယောက်ထိုင်နေသည်ကို တွေ့ရ၏။ မိန်းကလေးမှာ ပိုးပဝါတစ်ထည်ကိုခေါင်းမြီးခြုံထား၍ ရှေ့ဘက်တွင် မျက်နှာကလေးပေါ်သည်ဆိုရုံ ပဝါကို ဖွင့်ထား၏။

အသားမဖြူမညိုရှိပြီးလျှင်အသက် အစိတ်ပတ်ဝန်းကျင်လောက်သာ ရှိဦးမည်ဖြစ်၍ သာမန်ရွက်ကြမ်းရေကျိုအလှမျိုးမဟုတ်ဘဲ အတော်ပင်ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်ပေသည်။ သို့သော် ၎င်း၏မျက်နှာပေါ်၌ကား ကြောက်ရွံ့တုန်လှုပ်ခြင်းလက္ခဏာများမှာ ထင်ရှားပေါ်လွင်လျက် ရှိလေသည်။

"လာဗျို့ – ကိုတင်မောင် – ထိုင်လေဗျာ"

ဦးထင်ကျော်သည်ကျွန်တော့်အား သူ၏အနီးတွင် နေရာထိုင်ခင်းပေးပြီးနောက် မိန်းကလေးဘက်သို့လှည့်၍ –

"သူက ကျုပ်နဲ့အတူနေတဲ့ ကိုတင်မောင်ပါ။ ကျုပ်ကို ယုံကြည်စိတ်ချသလို သူ့ရှေ့မှာ ဘာမဆို ပြောနိုင်ပါတယ်"

ထို့နောက် ကျွန်တော့်ဘက်သို့ လှည့်ပြီးလျှင် ဆက်လက်၍ –

"ကဲ – ကိုတင်မောင် – ဟောဒီ မမြစန်းအတွက် ကော်ဖီတစ်ခွက် ယူခဲ့ဖို့ မောင်ဖိုးလူကို ပြောလိုက်ပါဦးဗျာ။ နည်းနည်းအေးလို့ ခမျာ – လက်တွေ တုန်နေရှာပါတယ်"

"အေးလို့တုန်တာ မဟုတ်ပါဘူးရှင်။ ကြောက်လို့ တုန်နေတာပါ"

"ကဲ – ဘာကို ကြောက်တာလဲ။ တစ်ဆိတ် ပြောစမ်းပါဦး – မမြစန်း"

"ကျွန်မမှာ အင်မတန်ကြောက်စရာကောင်းတဲ့ အဖြစ်နဲ့ တွေ့နေရပါတယ် ဦးထင်ကျော်ရှင့်"

မမြစန်းသည် ခေါင်းမြီးခြုံကိုအကုန်ဖွင့်လိုက်၏။ ထိုအခါမှ သူမ၏အလှမှာ ကျွန်တော် ပထမ မြင်စကထက်ပင် ပို၍ လှပနေသည်ကို တွေ့ရ၏။ အတော်ပင် အေးသောနံနက်ခင်းပင်ဖြစ်သော်လည်း သူမ၏နဖူးပြင်၌တွင် ချွေးကလေးများ စို့နေသည်ကိုမြင်ရ၏။ ဦးထင်ကျော်သည် အလွန်ကြင်နာယုယသည့်ဟန်ဖြင့် –

"ဒီအိမ်ရောက်ပြီး ကျုပ်တို့နဲ့တွေ့မှတော့ ဘာမှကြောက်စရာမလိုတော့ပါဘူး – မမြစန်း။ မမြစန်းရဲ့အဖြစ်သာ ပြောပေတော့။ ဩော် – မမြစန်းက သမိုင်းကခြောက်နာရီသုံးဆယ် မိနစ်ရထားနဲ့ လိုက်လာတာကိုး"

"အို – ဦးထင်ကျော်က ကျွန်မကို သိလို့လား"

"သိတော့ မသိပါဘူး။ အခုတင်က လက်ပွေ့အိတ်ထဲ ထည့်လိုက်တဲ့ သမိုင်းပြန်လက်မှတ်မြင်လို့ ပြောတာပါ"

"ဩော် – ဟုတ်ပါရဲ့"

"မမြစန်းတို့ အိမ်က ဘူတာနဲ့ အတော်လှမ်းလို့မြင်းလှည်းလာရတယ် ဘင်တယ်"

"ဟုတ်ပါတယ်ရှင်၊ ဦးထင်ကျော် ဘယ်လိုလုပ်သိပါသလဲ"

"မမြစန်းရဲ့အင်္ကျီနဲ့ လုံချည်လက်ဝဲဘက်အဖျားတွေမှာ မြင်းလှည်းကစဉ်ထွက်တဲ့ မြေနီစက်ကလေးတွေ အမြင်သားပဲ၊ ဒီမြေနီမျိုးက ကြို့ကုန်းတို့၊ သမိုင်းတို့မှာ အင်မတန် ပေါတာပဲ၊ ကဲလေ ကျုပ်ပြောတာ မမြစန်းမှာ အနှောင့်အယှက် ဖြစ်နေပြီ။ ပြောမှာသာပြောပါ"

"ဦးထင်ကျော်ပြောတာ သိပ်မှန်တာပဲရှင်၊ ဒီတော့ – ကျွန်မကိစ္စမှာလည်း အမှန်အတိုင်း သိရလိမ့်မယ်လို့တော့ ကျွန်မ မျှော်လင့်ပါတယ်"

"ဒီဟာတော့ – ကျုပ်တို့ တတ်နိုင်သလောက် ကြိုးစားပါ့မယ် – မမြစန်း"

"ကျွန်မကြောက်တာတော့ မပြောပါနဲ့တော့ရှင်၊ နောက်ထပ် ဒီလိုသာ ကြောက်နေရမယ်ဆိုရင် ကျွန်မအသက်ထွက်ပြီးသားပဲ၊ ဒါနဲ့ – ကြောက်နေလို့တော့မပြီးဘူး၊ အားကိုးရမယ့်လူတစ်ယောက်ဆီ သွားပြီးအကူအညီတောင်းမှပဲလို့ ကြံနေတုန်း ပါမောက္ခကြီး ဦးကောင်းမြတ်ရဲ့ဇနီး ကျွန်မမိတ်ဆွေ ကျောင်းဆရာမ နနက ဦးထင်ကျော်အကြောင်း ပြောတာနဲ့ ကျွန်မ ဒီကို ချက်ချင်းပြေးလာခဲ့တာပါပဲ၊ ဒါထက် – ကျွန်မ

www.burmeseclassic.com

ဘဲ့ဝမှာ လိုက်ပြီးဆောင်ရွက်ပေးဖို့ အဖိုး
အခုတော့ အခုချက်ချင်း မပေးနိုင်သေး
ဘူးဆိုတာ ပြောချင်ပါတယ်၊ ဒါပေမဲ့
ကျွန်မဟာ ရှေ့လဆန်းမှာ ဆရာဝန်တစ်
ယောက်နဲ့ အိမ်ထောင်ပြုမှာမို့ ဒီအခါကျ
ရင် ဦးထင်ကျော်ရဲ့ကျေးဇူးကို ကျွန်မ
ဆပ်ပါ့မယ်ဆိုတာ ကတိပြုပါတယ်ရှင်"

"ကိစ္စမရှိပါဘူးလေ၊ ငွေရေးကြေး
ရေးကအရေးမကြီးပါဘူး။ မမြစန်းအဖြစ်
အပျက်သာ ဘာမှန်ချန်မထားဘဲ ဟုတ်
မှန်တဲ့အတိုင်းသာ ပြောပါ၊ ကျုပ်တို့
အတတ်နိုင်ဆုံး ကူညီပါ့မယ်"

"ဖြစ်ရတာက ဒီလိုပါရှင်၊ ကျွန်မနဲ့
ကျွန်မအစ်မ မမြသန်းက သမိုင်းမှာ နေ
ပါတယ်၊ သမိုင်းဆိုပေမယ့် ကျွန်မတို့နေ
တဲ့ရွာကလေးနဲ့ သမိုင်းဘူတာက သုံး
မိုင်လောက် ဝေးပါတယ်၊ ကျွန်မရော
ကျွန်မအစ်မ မမြသန်းရော နှစ်ယောက်
စလုံး အိမ်ထောင်မရှိကြဘဲ ပထွေးက
အုပ်ထိန်းစောင့်ရှောက်လာပါတယ်၊
အရင်က ကျွန်မတို့ဟာ နမ္မားမြို့မှာ
အတော်ကြာနေခဲ့ပြီး ကျွန်မပထွေးက
သူဟာ အသက်လည်းကြီးပြီ၊ နမ္မားမှာ
လည်း ရာသီဥတု အင်မတန်အေးလို့
ရန်ကုန် တစ်ခါတည်း ပြောင်းလာနေ
တော့မယ်ဆိုပြီး နမ္မားက အိမ်နဲ့ခြံကြီးကို
ရောင်းပြီး ရန်ကုန်ရောက်တဲ့အခါ အခု
နေတဲ့ သမိုင်းကခြံကို ဝယ်ပြီးနေခဲ့ပါ
တယ်။ ကျွန်မတို့ပထွေးက အငြိမ်းစား
ဆရာဝန်ကြီးတစ်ယောက်ဖြစ်လေတော့
သူ့ရဲ့ဆေးပညာနဲ့ ဇီဝဗေဒ သုတေသန
လုပ်ငန်းတွေကို ရန်ကုန်မှာ ပိုလုပ်နိုင်
မယ်ဆိုပြီး ပြောင်းခဲ့တာပါပဲ၊ ဒီလိုနဲ့
သားအဖသုံးယောက် အေးအေးချမ်း
ချမ်း နေလာခဲ့တာ အတော်ကြာပါပြီ"

"အဲဒီလို မိဘအစဉ်အဆက်သိရ
တာ ကောင်းပါတယ်၊ မမြစန်းရဲ့ကိုယ်
ရေးရာဇဝင်ပါပြောရင် ပိုကောင်းတာ
ပေါ့" ဆက်လက်၍ -

"ကျွန်မ ကြောက်တယ်ဆိုတဲ့
အကြောင်းက တခြားသူရဲ့အဖို့မှာတော့
အသေးအဖွဲ့ကလေးတစ်ခုလို့ပြောမယ်
ဆိုလည်း ပြောလောက်ပါတယ်၊ ကျွန်မ
စိတ်အတွေးလွန်ပြီးစိတ်ချောက်ချားလို့
ဖြစ်တယ် ထင်ချင်လည်း ထင်နိုင်ပါ
တယ်၊ ဒီတော့ - ဦးထင်ကျော်ဟာ ဘယ်
အရာမျိုးကိုမဆို သာမန်လူတစ်ယောက်
ထက် ပိုပြီး နိုက်နိုက်ချွတ်ချွတ် စေ့စေ့စပ်
စပ် မြင်နိုင်တယ်ဆိုတာ ကြားဖူးတာနဲ့
ကျွန်မပြောတာ သဘောပေါက်ရဲ့နော်"

"ကျုပ် နားထောင်နေပါတယ်
မမြစန်း။ သဘောပေါက်တယ်"

"ကျွန်မတို့အမေက နမ္မားမှာနေတဲ့
ကျောက်စိမ်းကုန်သည်ကြီးတစ်
ယောက်ရဲ့သမီးပါ၊ အသက်ခပ်ငယ်ငယ်
မှာပဲ စော်ဘွားမျိုးရိုး ရှမ်းအမျိုးသားတစ်
ယောက်နဲ့ အိမ်ထောင်ကျခဲ့ပြီး ကျွန်မတို့
အမြွှာညီအမနှစ်ယောက်ကို မွေးခဲ့ပါ
တယ်၊ မွေးပြီး မကြာခင်မှာပဲ ကျွန်မတို့
အဖေဆုံးသွားတော့ ကျွန်မအမေလည်း
အဖေကြီးနဲ့အတူ လုပ်ကိုင်စားသော
ရင်း နမ္မားမှာ နေခဲ့ပါတယ်၊ ဒါနဲ့ - ကျွန်မ
တို့အသက် လေးခါလည်လောက်မှ
ကျွန်မတို့အမေလည်း ဝန်းမော်
ပြောင်းလာတဲ့ကျွန်မတို့ပထွေး ဆရာဝ
ကြီးနဲ့ အိမ်ထောင်ဆက်တာပါပဲရှင်
ဒီနောက် - ကျွန်မတို့အမေလည်းနော
တစ်နှစ်လောက်အကြာမှာ ယောက်
ကလေးတစ်ယောက် မျက်နှာမြင်ပြ
ကလေးရော အမေပါ မီးတွင်းထဲမှာ

တစ်ညတော့ ကျွန်မအစ်မဟာ
ညသုံးနာရီလောက်မှာ ကျွန်မအခန်း
တံခါး လာခေါက်ပြီး- "ဟဲ့ မြစန်း
လေချွန်သံတစ်ခု အခုတင်က မကြား
လိုက်ဘူးလား" လို့ လာမေးတာကိုးရှင့်။
ဒီတော့-ကျွန်မက- "ဟင့်အင်း
မကြားပါလား။ ကျွန်မလည်း အိပ်ပျော်
နေလို့ အခု မလာပြီး တံခါးခေါက်မှ
နိုးတာပဲ" လို့ ပြောလိုက်တယ်။
တကယ်ပဲ ကျွန်မက အဲဒီအချိန်မှာ
အိပ်မောကျနေတော့
ဘာမှမကြားမိဘူး။







www.burmeseclassic.com

www.burmeseclassic.com

ဆုံးသွားကြပြန်ပါတယ်၊ အဲဒီလိုဆုံးသွားတဲ့အခါ ကျွန်မတို့အဖေဘက်က အဖိုးတန်ပစ္စည်းတစ်ခု ကျန်ရစ်ပါတယ်"

"ဘယ်လိုပစ္စည်းမျိုးလဲ - မမြစန်းရဲ့"

"နမ့်ဆန်ကလက်ဖက်ခြံတစ်ခုပါပဲရှင်၊ ဒါက ကျွန်မတို့အဘိုးက ကျွန်မတို့အဖေကို ပေးခဲ့လို့ အမွေရလိုက်တဲ့ပစ္စည်းပါပဲ"

"ဒီခြံက အခုရှိသေးသလား"

"ရှိပါသေးတယ်ရှင်၊ သီးစားချထားလို့ တစ်နှစ်ကို သုံးထောင်လောက် ဝင်ငွေရှိပါတယ်"

"အခုခေတ်ကာလတန်ဖိုး ဘယ်လောက်တန်မလဲ"

"အနည်းဆုံး သုံးသောင်းလောက်တန်ပါလိမ့်မယ်၊ ကျွန်မတို့ ရန်ကုန်ပြောင်းလာခါနီး လူတစ်ယောက်က နှစ်သောင်းလေးထောင် အထိပေးတာ ကျွန်မတို့ပထွေးက ဈေးနည်းသေးတယ်ဆိုပြီး မရောင်းဘဲ ထားခဲ့ပါတယ်၊ ပြီးတော့ - တစ်ခုရှိတာက ဒီခြံကိုရောင်းဖို့ပြောတဲ့အခါ ကျွန်မတို့ညီအမက မိခင်ကြီးရဲ့အမွေအနှစ်ကို မထုခွဲချင်ပါနဲ့၊ တစ်နှစ်မှာရတဲ့ သီးစားခငွေသုံးထောင်နဲ့ပဲ ကျွန်မတို့မိသားစု အေးအေးချမ်းချမ်း နေနိုင်ပါတယ်ဆိုပြီး ကျွန်မတို့က အမြဲတမ်း ကန့်ကွက်ခဲ့တယ်ရှင်၊ သူရောင်းရင်လည်းကျွန်မတို့ဘယ်နည်းနဲ့မှ လက်မှတ်ထိုးမှာမဟုတ်ဘူး"

"ဒါနဲ့ - မမြစန်းရဲ့ပထွေးအကြောင်း ပြောပါဦး"

"သူကတော့ ကမ္ဘာပေါ်မှာ ရှာမှရှားဆိုတဲ့လူကြီးတစ်ယောက်ပေါ့ရှင်၊ နမ့်ဆန်မှာနေတုန်းက သူနဲ့ ဘယ်သူမှမတည့်ဘူး၊ တစ်ရွာလုံးနှင့် ရန်ဖြစ်တာပဲ၊ ဆေးကုတုန်းကလည်း လူနာတွေနဲ့ မကြာမကြာ စကားများ၊ တခြားသူနှင့် များစရာမရှိရင် ဆေးစပ်တဲ့ ကွန်ပေါင်ဒါနှင့်စကားများ၊ သူနာပြုဆရာမလေးနှင့်ရန်ဖြစ်၊ ရှုးရှုးရှားရှားနှင့် ဒေါသကြီးလိုက်တာလည်းလွန်လို့၊ လူနာတွေနှင့်ရန်ဖြစ်လို့ ရုံးက သတိပေးခံရတာ နှစ်ခါရှိပြီ၊ ပြီးတော့ - တစ်ခါကလည်း လူနာတစ်ယောက်ကို ကိုယ်ထိလက်ရောက် ကျူးလွန်လို့ ဒဏ်ငွေတစ်ရာ အရိုက်ခံရဖူးတယ်၊ ဒါနှင့်မမှတ်သေးဘူး၊ ဆရာဝန်လုပ်စားဖို့တောင် တော်တဲ့လူ မဟုတ်ပါဘူးရှင်၊ ကိုယ့်ပထွေးအကြောင်းကိုဒီလိုပြောရတာ မကောင်းပါဘူး"

"ဟုတ်ကဲ့ - ဆက်ပါဦး - မမြစန်း"

"ဒါနှင့် - လွန်ခဲ့တဲ့နှစ်က ကျွန်မအစ်မမြသန်းဟာ ကြို့ကုန်းက စစ်ဗိုလ်တစ်ယောက်နဲ့ လက်ထပ်တော့မယ်လို့ စေ့စပ်ကြောင်းလမ်းပြီး လက်မထပ်ခင် တစ်ပတ်လောက်မှာပဲ ရုတ်တရက် သေဆုံးသွားရပါတယ်ရှင်၊ အခု ကျွန်မပြောမယ့်အကြောင်းက သူသေတဲ့အကြောင်းနှင့်ပတ်သက်ပြီး ပြောဖို့ပါပဲ"

"ကဲ - ပြောစမ်းပါဦး၊ သူသေတဲ့အကြောင်း"

"တစ်ညတော့ ကျွန်မအစ်မဟာ ညသုံးနာရီလောက်မှာ ကျွန်မအခန်းတံခါးလာခေါက်ပြီး - "ဟေ့မြစန်း - လေချွန်သံတစ်ခု အခုတင်က မကြားလိုက်ဘူးလား" လို့ လာမေးတာကိုးရှင့်၊ ဒီတော့ - ကျွန်မက - "ဟင့်အင်း - မကြားပါလား၊ ကျွန်မလည်း အိပ်ပျော်နေလို့ အခု မမလာပြီး တံခါးခေါက်မှ နိုးတာပဲ" လို့ပြောလိုက်တယ်၊ တကယ်ပဲကျွန်မက အဲဒီအချိန်မှာ အိပ်မောကျနေတော့ ဘာမှမကြားမိဘူး၊ ဒီတော့ - ကျွန်မအစ်မမြသန်းက - "ဒီညတင် မဟုတ်ဘူး၊ လွန်ခဲ့တဲ့နှစ်ည၊ သုံးညလောက်ကလည်း ဒီလိုလေချွန်သံကို ညနှစ်နာရီကျော် သုံးနာရီလောက်မှာ ကြားရတယ်" လို့ ပြောပါတယ်ရှင်"

"ဘယ်နေရာက ကြားရသတဲ့လဲ"

"လေချွန်သံက အိမ်ရှေ့ကလိုလို အိမ်နောက်ဖေးကလိုလို၊ ဟိုဘက်ခန်းကလိုလို၊ ဒီဘက်ခန်းကလိုလို ကြား[...] သတဲ့ရှင့်"

"သူက ဘယ်မှာအိပ်သလဲ [...] ညီအစ်မနှစ်ယောက် အတူတူမအိပ်ဘူး[...] လား"

"မအိပ်ပါဘူးရှင်၊ တစ်ခန်းစီ အိပ်[...] ကြပါတယ်၊ သူက အလယ်ခန်းမှာ အိပ်[...] တယ်၊ ကျွန်မက ခြေရင်းဘက်တ[...] အခန်း၊ ဒါနဲ့ - ကျွန်မတို့အိမ်အနေ[...] အထားကို ဦးထင်ကျော်သိအောင် ပြော[...] ရဦးမယ်"

"အင်း - ပြောစမ်းပါဦး"

"ကျွန်မတို့အိမ်ကြီးက တိုက်ခံအိမ်[...] အိုကြီး၊ အခန်းသုံးခန်းရှိတယ်၊ ရှေ့[...] ဝရန်တာရှိတယ်၊ ခေါင်းရင်းဘက်ဆုံး[...] အခန်းကအဘိုးကြီးအိပ်တယ်၊ အလယ်[...] ခန်းမှာ ကျွန်မအစ်မ မြသန်း အိပ်ပြီ[...] ခြေရင်းဘက်အစွန်ဆုံးအခန်းမှာကျွန်[...] က အိပ်တယ်၊ အဲဒီညက မြသန်း အိပ်[...] ရာက နိုးနိုးချင်း ဆေးတံသောက်တဲ့[...] ဆေးနံ့ရတယ်လို့လည်းပြောတယ်၊ အဲ[...] လေချွန်သံလိုလို ကြားရတဲ့အကြောင်[...] သူက ပြောတော့ ကျွန်မက - "ပြတင်[...]





www.burmeseclassic.com

www.burmeseclassic.com

ပါတ်တွေအားလုံးပိတ်ပြီးအခန်းတံခါး ကို သော့ခတ်ထားရင် အလုံသားပဲ" လို့ သူ မကြောက်အောင် အားပေးစကား ပြောလိုက်ရသေးတယ်"

"ဒီလိုပဲ - ညတိုင်း အခန်းတံခါးကို သော့ခတ်ပိတ်လေ့ရှိသလား"

"ဟုတ်ကဲ့ - ညတိုင်းသော့ခတ်ပါ တယ်ရှင်"

"ဘာဖြစ်လို့ ခတ်ရတာလဲ"

"ခြံက အတော်ကျယ်တော့ ခြံထဲ မှာ ကျားသစ်ကလေးတစ်ကောင်နဲ့ မျောက်တစ်ကောင်ကို အဘိုးကြီးက ချင်းပြည်နယ်က မှာပြီး မွေးထားတာ မို့လို့ အခန်းတံခါးသော့မခတ်ဘဲ ကျွန်မ တို့ မအိပ်ဝံ့ပါဘူး"

"ဪ - ဟုတ်လား - ကဲ ရှေ့ဆက်ပါဦး"

"အဲဒီညက ကျွန်မလည်း တစ်ည လုံး မအိပ်နိုင်တော့ပါဘူး ရှင်၊ တစ်ခုခု ဖြစ်မလားဆိုပြီး စိတ်ထဲက တွေး ကြောက်နေမိပါတယ်၊ ပြီးတော့ - ကျွန်မ ပြောတဲ့အတိုင်း ကျွန်မတို့ညီမနှစ် ယောက်ဟာအမြွှာပူးဆိုတော့ကိုယ်ချင်း သာကွဲတယ်၊ စိတ်က အတူတူလိုပါပဲ ရှင်၊ ကျွန်မကရဲရင် သူ ရဲတယ်၊ သူ ကြောက်ရင် ကျွန်မကလည်း ကြောက် လာတတ်တယ်၊ သူ နေမကောင်းရင် ကျွန်မလည်း ဖျားချင်သလိုလို ဖြစ်လာ တတ်တယ်၊ ဒါဟာ အမြွှာညီအစ်မရဲ့ သဘောလို့ ပြောကြတာပါပဲ၊ တစ် ယောက်ဖြစ်သလို တစ်ယောက်မှာ ဖြစ် တတ်တာကတော့ အမှန်ပါပဲရှင်"

"မမြစ်နန်းပြောတာ ဟုတ်တာပေါ့၊ ကျုပ်တို့ဗမာလူမျိုးက ဒီနေရာမျိုးမှာ ဟုတ်တာ၊ မဟုတ်တာ အပထားပြီး အင်မတန် အစွဲအလမ်းကြီးတာကလား"

"နို့ပေမယ့် - ကျွန်မတို့ညီအစ်မမှာ ဒီလိုဖြစ်တာတော့ အမှန်ပဲ - ဦးထင် ကျော်"

"ဟုတ်ပါပြီလေ - ရှေ့ဆက်ပါဦး"

"အဲဒီညက အေးလည်းအေး၊ လေ ကလည်း အတော်ထန်လို့ ကျွန်မလည်း အိပ်မရသလောက်ပါပဲရှင်၊ ဒါနဲ့ အတော် ညဉ့်နက်မှ မှေးခနဲ အိပ်ပျော်သွားရာက စူးစူးဝါးဝါးအော်လိုက်တဲ့အသံကြောင့် ဖျပ်ခနဲ အိပ်ရာက လန့်နိုးပါတယ်၊ အသံ က မိန်းမသံဆိုတာ အစ်မအသံပဲ ဖြစ်ရ မယ်ဆိုပြီး မီးခွက်ထွန်း၊ ကျွန်မ အခန်း တံခါးဖွင့်ပြီး သူ့အခန်းဘက် ပြေးသွားပါ တယ်၊ ကျွန်မ တံခါးဖွင့်လိုက်တဲ့အခါ ကျွန်မအစ်မကြားရတယ်ဆိုတဲ့လေချွန် သံကလေးတစ်သံ ကြားလိုက်ရပြီး သံ ကို သံချင်းထိတဲ့အသံမျိုးလိုလိုလည်း ကြားရတယ်၊

အစ်မရဲ့အခန်းရောက်တော့ကျွန်မ အစ်မ မမြသန်း ပြေးထွက်လာတာနဲ့ အပေါက်ဝနားမှာ ဆုံမိတာကိုးရှင့်၊ ကျွန်မအစ်မဟာကြောက်အားလန့်အား နဲ့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး အရက်မူးတဲ့လူများလို ကတုန်ကယင်နဲ့ ခြေလှမ်းတောင် မမှန်ဘဲ ယိမ်းယိုး လျှောက်လာတာပဲရှင်၊ မျက်နှာမှာလည်း သွေးမရှိသလို ဖြူရော်နေတာကို ဝရန် တာမှာညလုံးပေါက်ထွန်းထားတဲ့မီးအိမ် အလင်းရောင်နဲ့ မြင်ရပါတယ်၊

"ဒါနှင့် ကျွန်မ သူ့ကို ပြေးပြီးဖက် လိုက်တော့ သူဟာ မတ်တတ်တောင် မရပ်နိုင်တော့ဘဲ ကြမ်းပေါ် ခွေကျသွား တာပဲ၊ ပထမ ကျွန်မက သူမသိဘူးလို့ ထင်တယ်၊ နို့ပေတဲ့ - ကျွန်မမျက်နှာ ကြည့်ပြီး - "မြစ်နန်း၊ ကျား - ကျား - ကြီး၊ ကျား - ကျား - ကြီးအပြောက်တွေနဲ့" လို့ အော်ချတ်အော်လိုက်ပြီး တစ်ခါတည်း သတိလစ်သွားတာပါပဲရှင်၊ ဒါနှင့်ကျွန်မ လည်း အခန်းထဲက ပြေးထွက်ပြီး အဘိုး ကြီးရဲ့တံခါးကို အတင်းလက်နှင့်ထုရိုက် ပြီးနှိုး၊ အကျိုးအကြောင်းပြောပြတော့ သူလည်း ကပျာကယာ အခန်းထဲက ပြေးထွက်လိုက်လာတယ်၊ အစ်မနေတဲ့ အခန်းထဲရောက်တော့ ကျွန်မအစ်မ မြသန်းဟာ လုံးလုံးသတိမရတော့ပါဘူး ရှင်၊ အဘိုးကြီးက သူ့ပါးစပ်ထဲ ဝီစကီ နည်းနည်း လောင်းထည့်ပါသေးတယ်၊ ဒါပေမဲ့ - မရတော့ပါဘူးရှင်၊ တစ်ခါ တည်း အသက်ပျောက်သွားတော့တာ ပါပဲ"

"ဒါနှင့် နေပါဦး - အဲဒီတုန်းက လေ ချွန်သံလိုလိုကြားရတာနဲ့ သံချင်းထိတဲ့ အသံမျိုးလိုလို မမြစ်နန်း ကြားရတယ်ဆို တာ အမှန်ပဲလား"

"အမှန်ပါပဲရှင်၊ ကျွန်မ ကျိန်တွယ် ပြောဝံ့ပါတယ်၊ ပုလိပ်ဆီမှာ ဒီအတိုင်း ကျွန်မ အစစ်ခံခဲ့ပါတယ်"

"မမြသန်းကို အခန်းထဲမှာ တွေ့ရ တယ်ဆိုတုန်းက သူ့အဝတ်အစား အပြည့်အစုံဝတ်ထားသလား"

"ဝတ်မထားပါဘူးရှင်၊ ညအိပ်ဝတ် အိပ်တဲ့ အင်္ကျီလက်ပြတ်ကလေးနှင့်ပဲ၊

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ - သူ့လက်ထဲမှာ လက်တစ်ဖက်က မီးခြစ်ဘူး၊ လက်တစ်ဖက်က မီးခြစ်ဆံကိုင်ထားတာ တွေ့ရပါတယ်"

"ဒီဟာကတော့ အသံကြားလို့ ဘာလဲဆိုတာသိရအောင် မီးခြစ်ကြည့်မလို့ ဖြစ်မှာပေါ့၊ အဲဒါ အရေးကြီးတဲ့အချက်တစ်ခုပဲ၊ ဒီတော့ - ပုလိပ်က ဘယ်လိုယူဆသလဲ"

"ပုလိပ်အင်စပိတ်တော်တစ်ယောက်နှင့် အစိုးရစုံထောက်တစ်ယောက်လာပြီး ကြည့်ပါတယ်ရှင်၊ သူတို့လည်း အစ်မသေတာ ဘာကြောင့်သေတယ်ဆိုတာ အတိအကျမပြောနိုင်ကြပါဘူး၊ အခန်းနံရံတွေ ဘာတွေ၊ ခေါက်ထား၊ ခင်းထားတဲ့ကြမ်းပြင်ကိုလည်း သူတို့ သေသေချာချာ ကြည့်သွားပါသေးတယ်၊ နို့ပေမယ့် - ဘာမှမတွေ့ကြပါဘူး။ ပြီးတော့ - အစ်မကိုယ်ပေါ်မှာလည်း ရိုက်နှက်ထိုးခုတ်ထားတဲ့ ဘာဒဏ်ရာဒဏ်ချက်မှလည်း မတွေ့ရပါဘူး"

"သူ့ဆုံးတာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်လောက်ရှိသွားပါပြီရှင်"

"ဒါနဲ့ - မမြစန်း - အခု ကြောက်နေတယ်ဆိုတဲ့အကြောင်းကို ပြောစမ်းပါဦး"

"တခြားမဟုတ်ပါဘူး၊ မနေ့ညက ညသုံးနာရီလောက်မှာ လေချွန်သံလိုလို ကြားရလို့ပါပဲ"

"မမြစန်းရဲ့အစ်မ မမြသန်း ဆုံးတဲ့ညက သူကြားရတဲ့လေချွန်သံမျိုး ဆိုပါတော့"

"ဟုတ်ပါတယ်ရှင် - ဟုတ်ပါတယ်၊ ဒီလေချွန်သံမျိုးလည်း ကြားပြီးရော သူလည်း ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်အတွင်း သေရတာပဲမဟုတ်လား။ ပြီးတော့ - အခု ကျွန်မအိပ်နေတဲ့အခန်းက အစ်မသေသွားတဲ့အခန်းပါပဲရှင်၊ အဲဒီအခန်းမှာ ကျွန်မလာအိပ်နေရတာတစ်လလောက် ရှိသွားပါပြီ"

ဦးထင်ကျော်သည် ကုလားထိုင်ကို ရှေ့သို့ အနည်းငယ်တိုးလိုက်ပြီး လျှင်စိတ်အားထက်သန်စွာဖြင့် -

"ဒါဖြင့် - မမြစန်း အခုအိပ်နေတာက အရင်က မမြသန်းအိပ်တဲ့အလယ်ခန်းမှာ ဆိုပါတော့"

"ဟုတ်ပါတယ်ရှင်"

"ဘာဖြစ်လို့ပြောင်းအိပ်ရတာလဲ"

"ပြောင်းအိပ်ရတာက တခြားမဟုတ်ပါဘူးရှင်၊ ကျွန်မအိပ်တဲ့ခြေရင်းဘက်ခန်းက မိုးနည်းနည်းယိုလာပြီး ရေတံလျှောက်တစ်ပိုင်း ပြုတ်ကျလို့



အဘိုးကြီးက ရေတံလျှောက်အသစ်လဲရမယ်၊ အမိုးလည်း ပြင်ရမယ်ဆိုတော့ ကျွန်မအလယ်ခန်းကို ရွှေ့အိပ်ရတာပေါ့ရှင်"

"အဲဒါ တစ်လလောက်ရှိပြီနော်"

"ဟုတ်ပါတယ်ရှင်၊ တစ်လကျော်ကျော်လောက် ရှိပါပြီ"

"ပြောင်းလာစကတော့ အဲဒီလေချွန်သံ မကြားဘူးလား"

"မကြားမိပါဘူးရှင်၊ ဒီလေချွန်သံအကြောင်း ကျွန်မ သတိတောင် မရပါဘူး၊ မေ့နေပါပြီ၊ နို့ပေမယ့် - မနေ့ညက ကြားလိုက်ရတော့ အရင်က အစ်မအကြောင်း သတိပြန်ရပြီး အတော့်ကို ကြောက်မိပါတယ်၊ ဒါနဲ့ - အိပ်ချင်စိတ်လည်းမရှိတော့လို့ ဆက်မအိပ်တော့ဘဲ မိုးမြန်မြန်လင်းပါစေတော့လို့သာ ဆုတောင်းနေမိတာပဲရှင်၊ ဒီနောက်မိုးလင်းလင်းချင်း ခြောက်နာရီခွဲရထားမီအောင် ပြေးပြီး ဦးထင်ကျော်ဆီ လာခဲ့တာပါပဲရှင်"

ဦးထင်ကျော်သည် ဆေးတံကို ဆေးအသစ်ထည့်ကာ စားပွဲပေါ်ရှိ အရက်ပုံမီးခွက်ကလေးကိုစူးစိုက်ကြည့်ရင်း အတန်ကြာငြိမ်သက်လျက်ရှိနေ၏။

"ကိစ္စကတော့ ဒီကနေ့ သာ
အရေးကြီးလာတယ်၊ ဒီမယ် မမြစန်း
ကျုပ်သိချင်တဲ့ ဟာကလေးတွေ
အများကြီးပဲ၊ ကျုပ်နည်းနည်းကလေး
အချိန်ဖြုန်းလို့မဖြစ်ဘူး၊ ဒီကနေ့ပဲ သမိုင်
ကိုကျုပ်တို့လာခဲ့မယ်၊ ဒါထက် - မမြစန်း
တို့အိမ်ကိုလာရင် ဘယ်လိုလာရသလဲ
ပြောပါဦး"

"ဘူတာကနေပြီး မြင်းလှည်း
ကလေးစီးလာရင်အနောက်ဘက်ရှာ
သွားတဲ့လမ်းအတိုင်းလာပြီး သစ်ပင်အုပ်
ကလေးကျော်တော့ ဆရာဝန်ကြီး
ဦးဘိုးသုံ့အိမ်လို့မေးရင် ရောက်နိုင်
တယ်ရှင်"

"အင်း - ကျုပ်တို့လာတဲ့ အချိန်
မမြစန်းပထွေးနဲ့များတွေ့"

"သြော် - ဦးထင်ကျော်ကိုပြောရဦး
မယ်၊ ဒီကနေ့ သူ အိမ်မှာရှိမယ်မဟုတ်
ဘူး။ မြို့ထဲကိုအလုပ်ကိစ္စတစ်ခုနဲ့ သွား
ရှိတယ် ပြောတယ်၊ ခါတိုင်းတော့ ညနေ
လောက်မှပြန်ရောက်တတ်တာပဲ"

"အဆင်သင့်လိုက်လေချာ
ဒါထက် - အိမ်မှာ သည့်ပြင်လူ ဘယ်သူ
ရှိသေးသလဲ"

"ထမင်းချက်တဲ့ အဒေါ်ကြီးတစ်
ယောက်တော့ရှိတယ်၊ နို့ပေမယ့် - သူ့



www.burmeseclassic.com

www.burmeseclassic.com

တော့ အိမ်မှာမရှိအောင် တစ်နည်းနည်းနဲ့ ကျွန်မ ခိုင်းထားပါ့မယ်"

"နေရာကျပြီ - နေရာကျပြီ၊ ဘယ့်နှယ်လဲဗျို့ - ကိုတင်မောင် - ခင်ဗျားလိုက်နိုင်မယ်မဟုတ်လား"

"လိုက်နိုင်ပါတယ်ဗျာ"

"ကဲ - ဒီတော့ မမြစန်း - ကျုပ်တို့နှစ်ယောက်စလုံးပဲ လာခဲ့မယ်၊ မမြစန်းပြန်ပေတော့၊ အိမ်ကနေပြီး ကျုပ်တို့ကိုစောင့်နေ၊ ထမင်းစားပြီး ဆယ့်နှစ်နာရီလောက် ဟိုကိုအရောက် ကျုပ်တို့လာခဲ့မယ်"

"ကောင်းပါပြီရှင်၊ ကျွန်မ မျှော်နေပါ့မယ်"

ထို့နောက် မမြစန်းသည် ဦးခေါင်းကို ပိုးပဝါအနက်ကလေးဖြင့် ခပ်အုပ်အုပ်ခြုံကာ အခန်းထဲမှ ထွက်သွားလေသည်၊

မမြစန်း ထွက်သွားသောအခါ ဦးထင်ကျော်သည် ဆေးတံကို မီးညှိဖွာရှိုက်ကာ မီးခိုးများကို မှုတ်ထုတ်လျက်ရှိနေ၏၊

"ဘယ့်နှယ်လဲဗျို့ - ကိုတင်မောင်၊ သူ့အစ်မ မမြသန်းသေတဲ့ညက လေချွန်သံလိုလို အသံတစ်သံ ကြားရတယ်၊ အဲဒီလိုကြားရပြီးတဲ့နောက် ဘာဒဏ်ရာမှမရှိဘဲနဲ့ ဆယ်မိနစ်လောက်အတွင်းမှာ သေသွားတယ်၊ မသေခင် ပါးစပ်က "ကျား - ကျားကြီး၊ ကျား - ကျားကြီး အပြောက်တွေနဲ့" လို့ ပြောသွားတယ်၊ ကဲ - ဒီတော့ - ခင်ဗျား ဘယ်လိုထင်သလဲ"

"လေချွန်သံဆိုတော့ အပြင်က တစ်ယောက်ယောက် ချွန်တာရင်လည်း ဖြစ်နိုင်တာပေါ့"

"ဒါဖြင့် - ကျား - ကျားကြီး အပြောက်တွေနဲ့ဆိုတာကကော ဗျာ"

"ဒါလည်း သေခါနီးမှာ မိန်းကလေးက သူ့မျက်စိထဲ မြင်တာ ကယောင်ချောက်ချား ပြောသွားတာလည်း ဖြစ်နိုင်တယ်"

"အင်း - စဉ်းစားဖို့အချက်တွေပေါ့ဗျာ၊ သူ့အစ်မသေတဲ့ညက ကြားရတယ်ဆိုတဲ့ လေချွန်သံကို သူကိုယ်တိုင် မနေ့ညက ကြားရတော့ မကြောက်ဘဲရှိပါ့မလား - ကိုတင်မောင်၊ ပြီးတော့ - အခု အိပ်နေတဲ့အခန်းကလည်း သူ့အစ်မ မမြသန်းသေသွားတဲ့အခန်း၊ ခြေရင်းဘက်က မိုးယိုနေလို့ အိမ်ပြင်နေတော့ မမြသန်းအခန်းကို သူ ပြောင်းအိပ်ရ...ယ်တဲ့၊ အင်းလေ - ဟိုရောက်တော့ ...ဘို့အိမ်အနေအထား ကျုပ်တို့ ပိုပြီး ...တဲ့ခတ်နိုင်တာပေါ့၊ အဘိုးကြီးနဲ့ ...တွေ့ပါစေနဲ့လို့သာ ဆုတောင်းရတော့ ...ာပဲ၊ ကိုင်း - ထမင်းစားပြီး ကျုပ်တို့ ...ွားကြတာပေါ့၊ ဆယ့်တစ်နာရီမိနစ် ...လေးဆယ်မှာ ရထားတစ်စင်းရှိတယ်၊ ...ဲ - ကိုတင်မောင် - ကျုပ် အပြင်ခဏ ...ွားလိုက်ဦးမယ်၊ မကြာပါဘူးဗျာ၊ တစ် ...ာင်လောက်ပါ၊ ထမင်းစားချိန်အမီ ကျုပ် ...ာပါ့မယ်"

* * *

ဦးထင်ကျော်သည် ဆယ်နာရီမထိုး ...လောက်တွင် အိမ်သို့ ပြန်ရောက်လာ ...

"ဘယ်များသွားနေတာလဲ - ဆရာ ..."

"ဆရာဝန်အသင်းတိုက် ရောက်ခဲ့ ...ယ်"

"ခင်ဗျား ဘာဖြစ်လို့လဲ၊ ...ကောင်းလို့လား"

"မဟုတ်ပါဘူးဗျာ၊ ဦးဘိုးသုံနဲ့ တွေ့ ...ဲ"

"ဘာဗျ - ဦးဘိုးသုံ - ဟုတ်လား"

"ဟုတ်တာပေါ့ဗျာ၊ နို့ပေမယ့် - လူတော့ မတွေ့ခဲ့ရပါဘူး၊ ဓာတ်ပုံပဲ တွေ့ခဲ့ရတယ်၊ အရပ်က ခြောက်ပေကျော်မလား မသိဘူး၊ ကိုယ်လုံးကိုယ်ထည် ခပ်ကြီးကြီး၊ မျက်နှာပေါက် ဆိုးဆိုး၊ ဆံပင်ကောက်ကောက်၊ အင်မတန်ခွန်အားဗလနဲ့ ပြည့်စုံမယ့်လူ တစ်ယောက်ပဲဗျို့၊ မမြစန်းပြောတဲ့အတိုင်း အင်မတန် ခက်ထန်ကြမ်းတမ်းတယ်ဆိုတာ သူ့မျက်နှာက သက်သေခံနေတာပဲ၊ ဒီလို ဗျ ကိုတင်မောင်ရဲ့ - လူတစ်ယောက်အကြောင်း စုံစမ်းတော့မယ်ဆိုရင် သူ့အဂ္ဂါရုပ်ကို ပထမကြည့်ပြီး အကဲခတ်ဖို့လိုတယ်၊ ကဲ - လာဗျာ - ထမင်းစားကြရအောင်၊ ထမင်းစားရင်း ပြောကြတာပေါ့"

ထို့နောက် ကျွန်တော်တို့လည်း နံနက်စာ စားသောက်ကြလေသည်၊

* * *

ကျွန်တော်တို့သည် ဆယ့်နာရီမိနစ်လေးဆယ်ရထားနှင့် သမိုင်းသို့ လိုက်ခဲ့ကြ၏၊ ဘူတာရုံတွင် မြင်းလှည်းတစ်စီး

www.burmeseclassic.com

ငှား၍ မမြစန်းပြောခဲ့သည့်အတိုင်း အနောက်ဘက်ရွာသို့သွားသည့်ရွာ လမ်းအတိုင်း လာခဲ့ပြီးနောက် သစ်ပင် အုပ်ကလေးရှိရာ ကွက်လပ်ကို ကျော်ခဲ့ ကြ၏။ ထိုနေရာ၌ ဝဲယာနှစ်ဖက်တွင် တဲအိမ်ကလေးများကိုတွေ့ရသဖြင့်မေး မြန်းစုံစမ်းရာ နှစ်ဖာလုံခန့် သွားမိသော အခါ ဆရာဝန်ကြီး ဦးဘိုးသုံအိမ်သို့ ရောက်ခဲ့လေသည်။ ထိုအချိန် အိမ်ကြီး ၏ ရှေ့ခြံဝင်းအတွင်းမျက်နှာစာတွင် မိန်းမတစ်ယောက် လမ်းလျှောက်နေ သည်ကိုမြင်ရလေသည်။

"ခြံထဲမှာ လမ်းလျှောက်နေတာ မမြစန်း မဟုတ်လား - ကိုတင်မောင်"

"ဟုတ်တာပေါ့ဗျာ"

ကျွန်တော်တို့ မြင်းလှည်းမောင်း သမားအား မြင်းလှည်းခပေးပြီးနောက် ခြံထဲသို့ဝင်ခဲ့ရာကျွန်တော်တို့အားစိတ် အားထက်သန်စွာ ဆီးကြိုနေသော မမြစန်းကို တွေ့ရလေသည်။

"ကျွန်မဖြင့် ဦးထင်ကျော်တို့ လာမှ လာပါ့မလားလို့ မျှော်လိုက်ရတာရှင်"

"မလာဘဲနေပါ့မလား - မမြစန်း ရယ်"

"ကိုင်း - ကျုပ်တို့ အချိန်ကုန်ခံလို့ မဖြစ်ဘူး။ အိမ်ထဲကို ဝင်ကြည့်ကြရ အောင်"

အိမ်ထဲသို့မဝင်မီ ဦးထင်ကျော် သည် အိမ်ရှေ့မြက်ခင်းပေါ်တွင် တစ် ခေါက်နှစ်ခေါက်မျှ စင်္ကြံလျှောက်ကာ အိမ်ကြီး၏အခြေအနေကို အကဲခတ် လျက်ရှိနေ၏။ အိမ်ကြီးမှာ ရှေးဟောင်း နှစ်ထပ်အိမ်ကြီးဖြစ်၍မမြစန်းပြောသည့် အတိုင်း အပေါ်ထပ်ဝရန်တာ၏နောက် တွင်တစ်ဆက်တည်းရှိနေသောအခန်း သုံးခန်းကို မြင်ရလေသည်။

အိမ်ရှေ့ဘက်တွင်မြက်ခင်းကလေး ရှိ၍ ကပ်လျက်တွင်ကား ချုံပုတ်ရှိလေ သည်။ ဦးထင်ကျော်သည် ချုံပုတ်များနှင့် အိမ်ကြီး၏ နောက်ဖေးဘက်ကို တစ် ခဏ လှမ်း၍ကြည့်လိုက်ပြီးနောက် -

"အင်း - အိမ်ကို ခြေရင်းဘက်က ပြင်တယ်သာဆိုတယ်။ သွပ်တစ်ချပ် လန်နေတာကလွဲလို့ ဘာမှလည်းမရှိ ဘူး။ ကဲ - မမြစန်း - အခန်းတွေကို ကျုပ် တို့ကြည့်ကြရအောင်"

အိမ်ပေါ်ထပ်သို့ ရောက်ကြသော အခါ ယခင်က မမြစန်းနေခဲ့သည့်ဆို သော ခြေရင်းဘက်အခန်းကို ဝင်ကြည့် ကြ၏။ အခန်းမှာ အနံ ဆယ့်ငါးပေ၊ အလျား နှစ်ဆယ့်ငါးပေခန့် ကျယ်ဝန်း၍ အခန်းထဲတွင် တစ်ယောက်အိပ်ခုတင် တစ်လုံးနှင့် အိမ်ထောင်ပရိဘောဂ အနည်းငယ်သာရှိပြီးလျှင် ကြိုးတန်း တစ်ခုပေါ်၌မိန်းမဝတ်အင်္ကျီများနှင့်ထမီ များ လှန်းထားသည်ကို တွေ့ရ၏။ အိမ် ခေါင်မိုးမှာ သွပ်တစ်ချပ် ခွာထားသည်မှ အပ အခြားအပျက်အစီးဟူ၍ မမြင်ရ ချေ။ ကြမ်းပြင်မှာ ရာထိုးပျဉ်များခင်းထား ၍ ခိုင်မာတောင့်တင်းလှ၏။ နံရံမှာလည်း ဆေးဖြူများ သုတ်ထားရာ ထပ်မံသုတ် ထားခြင်းမရှိသဖြင့် ညစ်ပတ်ပတ် ဖြစ်နေလေ ပြီ။

ထို့နောက် ကျွန်တော်တို့လည်း မမြစန်း လက်ရှိနေထိုင်သောအခန်းထဲ သို့ ဝင်ခဲ့ကြ၏။ ထိုအခန်းထဲ၌ မမြစန်း အိပ်သော ကျွန်းခုတင်တစ်လုံး၊ ဗီရို ထောင်၊ ခေါင်းအုံးနှင့် အိပ်ရာခင်းတို့မှာ သပ်ရပ်စွာ ရှိနေ၏။ ခုတင်နှင့် မျက်နှာ ချင်းဆိုင်ဘက်တွင် အလှပြင်သော မှန် တင်ခုံရှိ၍ သနပ်ခါးကျောက်ပြင်၊ အလှ ဆီ ခေါင်းလိမ်းဆီ၊ ပေါင်ဒါဘူးများမှာ သူ့ နေရာနှင့်သူ နေသားတကျရှိနေ၏။

တံခါးပေါက်နှင့် မနီးမဝေးတွင် နံရံ၌ဝ
ထားသော စားပွဲကလေးတစ်လုံး
၌ကုလားထိုင်သုံးလုံးရှိ၏။ စားပွဲပေါ်
မဂ္ဂဇင်းသုံးလေးအုပ်နှင့် သတင်း
ဟောင်းများကိုသပ်ရပ်စွာတင်ထားေ
သည်။

ဦးထင်ကျော်သည် ကုလားထ
တစ်လုံးပေါ်တွင် ထိုင်ကာကြမ်းပြင်မျ
နာကြက်နှင့် အခန်းနံရံများကိုပါ အဝ
ကြာ ကြည့်ရှုလျက်ရှိ၏။ မမြစန်း
ပထွေး ဆရာဝန်ကြီးအိပ်သောအခ
ဘက်မှနံရံကို ခြေရင်းမှ ခေါင်းရင်းအ
ကြည့်ရှုလျက်ရှိ၏။ အတန်ငယ်ကွဲအ
နေသည် ထင်ရသော နေရာများ
မှန်ဘီလူးဖြင့်ကြည့်ရှုလျက်ရှိလေသ
ထို့နောက် အခန်းတံခါးပေါက်သော့
နှင့် နံဘေးပုဏ္ဏားကွယ်မှ မှန်ချပ်များ
လည်းကောင်း၊ အခန်းထောင့်များ
လည်းကောင်း ကြည့်ရှုလေသ
အခန်းကိုအတွင်းမှသော့ခတ်ပိတ်
မည်ဆိုက မည်သည့်ရန်သူမျှမဝင်နိုင်
ကောင်းစွာလုံခြုံလေသည်။ ဦး
ကျော်သည် နေရာမှထကာ အခန်း
သို့ ထွက်မည်ပြုပြီးမှ မမြစန်းအိပ်ေ
တစ်ယောက်အိပ်ခုတင်ခြေရင်းဘက်



www.burmeseclassic.com

www.burmeseclassic.com

လှမ်းကြည့်လိုက်၏။ ထိုနေရာ၌ကြိုးတစ်ချောင်းသည် နံရံနှင့်ကပ်၍ အပေါ်မှ အောက်သို့ တွဲလွဲကျလျက်ရှိရာ ကြိုးကို ဆွဲရန်အဖျား၌လုပ်ထားသည့်လက်ကိုင်ဖုကလေးမှာ မမြစန်းခေါင်းအုံးနံဘေးတွင် တင်လျက်သား ရှိနေ၏။

"ဒီကြိုးက ဘာလုပ်တာလဲ မမြစန်း"

"အောက်ထပ်မီးဖိုခန်းထဲမှာထမင်းချက်တဲ့အမေကြီးခေါ်တဲ့ကြိုးပါ"

ဦးထင်ကျော်သည်ကြိုးကိုစပ်တင်းတင်းဆွဲလိုက်၏။ သို့သော် မည်သည့်ခေါင်းလောင်းသံမျှ ပေါ်မလာချေ။

"ကျွန်မတို့ မသုံးတော့လို့ ခေါင်းလောင်းကိုဖြုတ်ထားပါတယ်ရှင်"

ကျွန်တော်တို့သည် အပေါ်သို့မော့ကြည့်လိုက်ရာကြိုးစမှာ နံရံအပေါ်ဘက်တွင် တစ်လက်မပတ်လည်ခန့် ရှိ အပေါက်ကလေးတစ်ခုအတွင်းသို့ ဝင်သွားသည်ကို မြင်ရ၏။

"ကြိုးက ဆရာကြီးအခန်းကို ဝင်သွားသလား"

"ဟုတ်တယ်ရှင့်၊ အဖေကြီးကလည်း ထမင်းချက်တဲ့အမေကြီးကို ခေါ်ချင်ရင် သူ့ဘက်က ကြိုးစကို ဆွဲလို့ရအောင် ဒီဘက်အခန်းကကြိုးစနဲ့ ဆက်ထားတယ်"

"သူကော အသုံးပြုသေးသလား"

"မပြုတော့ပါဘူးရှင်။ ဘဲလ်ကိုဖြုတ်ထားတာတောင် ကြာလှပါပြီ"

"ဒါဖြင့် - ဒီကြိုးကို ဘာမှအသုံးမရှိတော့ဘူးပေါ့"

"ဟုတ်ပါတယ်ရှင်"

ထို့နောက် ကျွန်တော်တို့လည်း မမြစန်းနှင့်အတူ ဆရာဝန်ကြီး ဦးဘိုးသုံ အခန်းဘက်သို့ ကူးခဲ့ကြ၏။ အခန်းနေပုံနှင့်အရွယ်အစားမှာ မမြစန်း၏အခန်းနှင့် ထပ်တူထပ်မျှဖြစ်၍ တစ်ယောက်အိပ်ခုတင်တစ်လုံးနှင့် ခုတင်ခေါင်းရင်းဘက်တွင် စားပွဲရှည်တစ်လုံးရှိပြီး စာအုပ်နှစ်အုပ်သုံးအုပ်နှင့် စက္ကူများ၊ သတင်းစာဟောင်းများသည် ဖရိုဖရဲ ပြန့်ကျဲလျက်ရှိနေ၏။ စားပွဲပေါ်တွင် ရေနံဆီဖြင့် ထွန်းသော ကျားမျက်လုံး လက်ဆွဲမီးအိမ်တစ်လုံး တင်ထား၏။

ဦးထင်ကျော်သည် မီးအိမ်အောက်တွင်ရှိသော စာရွက်အစွန်းအထင်းများကို အတန်ကြာ နမ်းကြည့်၏။ မှန်အိမ်နောက်တွင် အလျားသုံးတောင်ခန့်ရှည်သည့် ကြာပွတ်ကဲ့သို့သောအရာတစ်ခု ရှိ၍ အဖျားတွင် ကွင်းလျှောတစ်ခုလုပ်ကာ တင်းချည် လျှော့ချည် ဆွဲနိုင်ရန် အခြားကြိုးတစ်ချောင်း တပ်ထား၏။ ခုတင်၏ ခြေရင်းဘက်တွင် သံသေတ္တာတစ်လုံးရှိ၍သေတ္တာပေါ်တွင် သံပန်းကန်ပြားကို ယူပြီးလျှင် နမ်း၍ကြည့်ပြီးနောက် -

"နွားနို့ထည့်တဲ့ခွက်နဲ့တူတယ်၊ နေပါဦး။ မမြစန်းတို့အိမ်မှာ ကြောင်များ မွေးသလား"

"မမွေးပါဘူးရှင်။ နောက်ဖေးဘက်ခြံထဲမှာ မျောက်နဲ့ ကျားသစ်ကလေးပဲ ရှိပါတယ်"

"သူတို့ကို လွှတ်ထားသလား"

"ကျားသစ်ကလေးကို တော့ လှောင်အိမ်နဲ့ထားပြီး တစ်ခါတစ်ခါမှ အဖေကြီးက သံကြိုးနဲ့ချည်ပြီး လမ်းလျှောက်တတ်ပါတယ်။ မျောက်ကလေးကို တော့ ငယ်လည်း ငယ်သေးလို့ ဒီအတိုင်းပဲ လွှတ်ထားပါတယ်"

ခေါင်းရင်းဘက်နံရံတွင် ဆရာဝန်အဝတ်အစားဝတ်ထားသောလူတစ်ယောက်၏ကိုယ်တစ်ပိုင်း၊ ဆယ့်နှစ်လက်မဓာတ်ပုံတစ်ပုံချိတ်ထားရာ ဆံပင်ကောက်ကောက်၊ နှာယောင်ကောက်ကောက်၊ နှုတ်ခမ်းမွေးကောင်းအေ
ဖြင့် ရုတ်တရက် ကြည့်ရုံမျှနှင့်ပင်
ထန်ခြင်း၊ ဒေါသကြီးခြင်းလက္ခ
အသွင်အပြင်များ ပေါ်လွင်လျက်ရှိ

"ဒီပုံက အဖေကြီးဓာတ်ပုံလာ

"ဟုတ်ပါတယ်ရှင်"

"အရပ် ဘယ်လောက်မြင့်သ

"ခြောက်ပေလောက် မြင့်ပါ
မယ်၊ ကိုယ်လုံးကြီးကလည်း ကြီး
ခွန်အားဗလနဲ့ ပြည့်စုံပြီး အား
သလောက် ဒေါသကြီးတဲ့ လူပါပဲ
နမွားမှာနေတုန်းက ကချင်ကြီး
ယောက်နဲ့ စကားများပြီး ကချင်ကြီ
ကိုင်ပေါက်တာ အမှုမဖြစ်အောင်
ရာကျပ် တိတ်တိတ်လျော်ကြေး
လိုက်ရတယ်ရှင့်"

ဦးထင်ကျော်သည် ကြာပွတ်
အရာကလေးကို ကိုင်ကြည့်ပြီးနေ
ကွင်းလျှောတပ်ထားသည့်ကြိုးစကို
ကြိမ်နှစ်ကြိမ်မျှ လျှော့ချည်တင်း
ပြုလုပ်ကြည့်၏။ ပန်းကန်ပြားတင်
သည့် သေတ္တာနောက်ဘက်တွင်
ကြိုးတစ်ချောင်း ကျလျက်ရှိရာ ကြိ
မမြစန်းဘက်မှ ကြိုးနှင့် အပေါက်
အတွင်းမှ လျှို၍ဆက်ထားသည်ကို

www.burmeseclassic.com

ရ၏၊ ထိုကြိုးစများဆုံသောနေရာမှ ဆက်၍ထားသော ကြိုးတစ်ချောင်းသည် သံသေတ္တာ၏နံဘေးမှ ကြမ်းပြင်ကို ဖောက်ထားသည့်အပေါက်တွင်းသို့ ဆင်းသွားလေသည်၊

"ဒီကြိုးစက မမြစန်းအခန်းထဲက ကြိုးနဲ့ ဆက်ထားတယ်နော်"

"ဟုတ်ကဲ့ - ဆက်ထားပါတယ်၊ အဲဒီလိုဆက်ထားတဲ့နေရာက ကြိုးစက သံသေတ္တာဘေးမှာရှိတဲ့ ကြမ်းပေါက်ကနေပြီး မီးဖိုခန်းထဲ သွယ်ထားပါတယ်၊ ထမင်းချက်တဲ့အမေကြီးကို အဖေကြီးခေါ်နိုင်အောင် ကျွန်မလည်း ခေါ်နိုင်အောင် လုပ်ထားတာပါပဲ"

"အခုတော့ - မီးဖိုခန်းထဲမှာ လူခေါ်တဲ့ဘဲလ် မရှိတော့ဘူးနော်"

"ဟုတ်ကဲ့ - မရှိတော့ပါဘူး"

"အရင်က ရှိသလား၊ ဘယ်တုံးက ဖြုတ်ထားသလဲ"

"ကြာပါပြီရှင်၊ အစ်မဆုံးတဲ့နောက်မှ ဖြုတ်ထားလိုက်တာပါ၊ အစ်မဆုံးတာတောင် အခု နှစ်ကျော်ကျော်ရှိသွားပါပြီ"

"နေပါဦး - သံသေတ္တာထဲမှာ ဘာရှိသလဲ"

"ငွေနဲ့ အဖေကြီးရဲ့စာချုပ်စာတမ်းတွေပဲ ရှိပါတယ်"

ဦးထင်ကျော်သည် အိမ်နံရံမှကျနေသော ကြိုးစကို ကြည့်၍ လက်ကိုင်သစ်သားဖုကလေးကို တစ်ချက်နှစ်ချက် ဆွဲကြည့်သေး၏၊ ဤသို့ဆွဲခြင်းဖြင့် ကြမ်းပေါက်မှ အိမ်အောက်ထပ်မီးဖိုခန်းသို့ ဆက်သွယ်ထားသည့်ကြိုးစမှာ တင်း၍သွားသော်လည်း မည်သည့်အသံကိုမျှ မကြားရချေ၊

"အစ်မရှိတုန်းကတော့ ဒီကြိုးကို တစ်ခါတစ်ခါ အသုံးပြုဖူးပါတယ် ရှင်၊ နို့ပေမယ့် - အစ်မဆုံးတဲ့နောက်တော့ ကျွန်မတို့ အသုံးမပြုတော့ပါဘူး၊ အမေကြီးကို ခေါ်စရာရှိရင် ကျွန်မကိုယ်တိုင် အောက်ထပ်ဆင်းပြီး ခေါ်လိုက်တာပါပဲ"

"အဖေကြီးကော အသုံးမပြုဘူးလား"

"သူလည်း အသုံးမပြုတော့ပါဘူးရှင်၊ ခေါ်စရာရှိရင် ကျွန်မပဲ ခေါ်ပေးရတယ်၊ ဒါနဲ့ - ဘာမှအသုံးမကျတော့ဘူးဆိုပြီး မီးဖိုခန်းထဲကဘဲလ်ကို ဖြုတ်ပစ်လိုက်တာပါပဲ"

"ကဲ - တော်လောက်ပါပြီ၊ မမြစန်းအိပ်တဲ့အခန်းဘက် သွားကြစို့"



ကျွန်တော်တို့သည် ဆရာဝန်ကြီး၏အခန်းတံခါးကို မူလအတိုင်း အသာပြန်၍ စေ့ခဲ့ပြီးနောက် မမြစန်းအိပ်သောအခန်းဘက်သို့ပြန်၍ကူးခဲ့ကြ၏၊ အခန်းထဲသို့ ရောက်သောအခါ ဦးထင်ကျော်သည် မမြစန်းအား ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေပြီးနောက် -

"မမြစန်းရဲ့ကိစ္စက ကျုပ်တို့အိမ်မှာ ပြောတုန်းက ဘာမှအရေးမကြီးသလိုနဲ့ အခု ဒီအိမ်ရောက်လာတော့ ကျုပ်ထင်တာထက်တောင်ပိုပြီးအရေးကြီးလာပြီ၊ ဒီတော့ - ကျုပ်ပြောတာကို နားထောင်ရမယ်၊ ကျုပ်ပြောတဲ့အတိုင်း တိတိကျကျ လုပ်ရမယ်၊ ကျုပ်ကို ယုံကြည်စိတ်ချတယ်မဟုတ်လား"

"ယုံကြည်ပါတယ်ရှင်၊ စိတ်ချပါတယ်၊ ကျွန်မကိစ္စကို ဆောင်ရွက်ပေးဖို့ ဦးထင်ကျော်ကို လုံးဝပုံအပ်ပါတယ်"

"ကိုင်း - ဒါဖြင့် - ဒီလိုလုပ်ရလိမ့်မယ်၊ ဒီကနေ့ညနေ အဖေကြီး ပြန်ရောက်လာတဲ့အခါ မမြစန်းက ခေါင်းကိုက်ချင်ယောင်ဆောင်ပြီး အခန်းထဲမှာနေ၊ ခေါင်းကိုက်တဲ့အကြောင်း ထမင်းချက်တဲ့အမေကြီးလည်း ပြောထား၊ ပြီးနောက် အဘိုးကြီးအိပ်ပျော်တဲ့အချိန်ကျတော့ ခြေရင်းဘက်က ပြတင်းပေါက်ကို ဖွင့်ထားပြီး ဟောဒီစားပွဲတင်မှန်အိမ်ကို စားပွဲကလေးပေါ်တင်ပြီးထားရမယ်၊ မီးစာကို ခပ်မြင့်မြင့် မြှင့်ထားပြီး လင်းအောင်လုပ်ထား၊ နို့မို့ - အဝေးက မြင်နိုင်မယ်၊ ညအိပ်ခါနီးမှာ လုပ်နော်၊ စောစောမလုပ်နဲ့၊ ပြီးတော့ - ဝရန်တာက မီးအိမ်ကိုတော့ မှိန်နိုင်သမျှ မှိန်မှိန်ထွန်းထားရမယ်၊ ကျုပ်ပြောတာ နားလည်ပြီမဟုတ်လား"

"ကောင်းပါပြီရှင်၊ စိတ်ချပါ"

ဦးထင်ကျော်သည် ပြတင်းပေါက်တည့်တည့်မှနေ၍အတန်ငယ်ဝေးသော အိမ်တစ်အိမ်ကို လက်ညှိုးညွှန်ပြပြီးနောက် -

"နေပါဦး - ဒီနေပြီးမြင်ရတဲ့ ဟိုအိမ်မြင့်မြင့်က ဘယ်သူ့အိမ်လဲ"

"လူမရှိပါဘူးရှင်၊ အရင်က အူရယာကုလားတွေ နေသွားတာ၊ ခုတော့ အိမ်ငှားမရဘူးဆို ထင်ပါရဲ့"

"နေရာကျလိုက်လေဗျာ၊ ပြတင်းပေါက်ကိုဖွင့်ပြီး အဲဒီလို မီးထွန်းပြီးတဲ့နောက် ညအိပ်ဖို့ အဝတ်အစားနဲ့ လိုရမည်ရပစ္စည်းကလေး နည်းနည်းပါးပါးယူပြီး မမြစန်း မူလအိပ်ခဲ့တဲ့အခန်းဘက်



www.burmeseclassic.com

www.burmeseclassic.com

ကိုအသာပြောင်းနေရမယ်၊ ဟိုဘက်ခန်းမှာ အိပ်လို့ရရဲ့မဟုတ်လား”

“ရပါတယ်ရှင်၊ ကောင်းကောင်းရပါတယ်”

“ကျန်တဲ့အလုပ်တွေတော့ ကျုပ်တို့ လုပ်မယ် - မမြစန်း၊ မီးအိမ်က မီးရောင်ကို မြင်ရတာနဲ့ တစ်ပြိုင်နက် ကျုပ်တို့ လာခဲ့မယ်၊ ဘာမှမကြောက်နဲ့၊ အေးအေးဆေးဆေး ပိပိရိရိသာလုပ်”

“တဆိတ်မေးပါရစေရှင်၊ ဦးထင်ကျော်တို့လာပြီး ဘာလုပ်ကြမှာလဲ”

“မမြစန်း - မနေ့ညကအိပ်တဲ့ အခန်းထဲမှာ ဒီကနေ့ည ကျုပ်တို့ အိပ်မယ်လေ၊ ဒီလိုအိပ်ရင်း မမြစန်း မနေ့ညက ကြားရတယ်ဆိုတဲ့ လေချွန်သံကို နားထောင်မယ်”

“ဒါနဲ့ - ဦးထင်ကျော်တို့ မပြန်ခင် ကျွန်မအစ်မ ဘာကြောင့်သေရတယ်ဆိုတဲ့အကြောင်းကလေးများ”

စကားမဆုံးမီ ဦးထင်ကျော်က ဖြတ်၍ -

“ကြောက်လို့သေရတာ အမှန်ပဲ၊ ဘာကိုကြောက်သလဲဆိုတာ အခုတော့ ကျုပ် မပြောနိုင်သေးဘူး၊ ပြီးတော့ တစ်ခုရှိတာက မသေချာရင် ဘယ်တော့မှ ထင်ကြေးနဲ့ မပြောချင်ဘူး၊ ပြောလည်း ပြောလေ့မရှိဘူး၊ ကဲ - မမြစန်း - ကျုပ်တို့ကိုတွေ့ရင် အားလုံး ကျုပ်တို့အကြံတွေ ပျက်ကုန်မယ်”

“ကျွန်မဖြင့် သိပ်ကြောက်တာပဲရှင်၊ ဘာများဖြစ်မလဲဆိုတာ တွေးတွေးပြီး...”

“ဘာမှမဖြစ်ပါဘူးဗျာ၊ ကျုပ်တို့ရှိပါတယ်၊ ကျုပ်တို့ ပြောတဲ့အတိုင်းသာ ခေါင်းအေးအေးနဲ့ တိတိကျကျ လုပ်ပေတော့၊ မမြစန်းအခန်းကမီး မြင်တာနဲ့ တစ်ပြိုင်နက် ကျုပ်တို့လာခဲ့မယ်၊ ဘာမှ မကြောက်နဲ့ - စိတ်သာချ”

ကျွန်တော်တို့သည် အိမ်ကြီးမှ ထွက်ခဲ့၍ မျက်နှာစာဘက် ခြံစည်းရိုးကို ကျော်ပြီးနောက် အတန်ငယ်လျှောက်မိသောအခါ မြင်းလှည်းဆိုက်သည့်နေရာသို့ ရောက်လာ၏၊ ထိုနေရာတွင် မြင်းလှည်းကလေးများ မရှိသဖြင့် ဆက်လက်လျှောက်လာရာ ပေသုံးရာခန့် လျှောက်မိသောအခါ လမ်း၏ လက်ဝဲဘက် ကုန်းကျကျနေရာကလေးတစ်ခုပေါ်တွင် ထီးထီးချည်းရှိနေသည့် အိမ်ဟောင်းကြီးတစ်လုံးအနီးသို့ရောက်လာကြ၏၊



“ကဲ - ကိုတင်မောင် - မမြစန်း ပြတင်းပေါက်ကနေပြီး မြင်ရတဲ့အိမ်ဟာ ဒီအိမ်ပဲဗျ၊ အင်း - လူရှိပုံမပေါ်ဘူး၊ လာဗျာ၊ အထဲဝင်ကြည့်ကြရအောင်”

ကျွန်တော်တို့သည် အိမ်ထဲသို့ဝင်ကြည့်ရာ အိမ်မှာ နှစ်ထပ်အိမ်တစ်လုံးဖြစ်၍ တစ်ဖက်တစ်ချက်နံရံမှ အချို့ပျဉ်ချပ်များပင် ပြုတ်ကျလျက်ရှိနေ၏၊ အပေါ်ထပ်သို့တက်သောလှေကားမှာ အလွန်မတ်စောက်လျက် လှေကားလက်ရန်းမှ အချို့နေရာတွင် ကျိုးပဲ့နေ၏၊ အောက်ဆုံးလှေကားသုံးထစ်မှ ပြုတ်ထွက်နေသဖြင့် အပေါ်ထပ်သို့ ခဲယဉ်းစွာ တက်ကြရ၏၊ အပေါ်ထပ်သို့ ရောက်၍ လက်ဝဲဘက်ပြတင်းပေါက်တစ်ခုကို ဖွင့်ကြည့်သောအခါ ဆရာဝန်ကြီး ဦးဘိုးသံ၏ အိမ်မျက်နှာစာကို ကောင်းစွာမြင်ရလေသည်၊

“နေရာကျသဗျာ၊ ကျုပ်တို့ ဒီနေရာကနေပြီးကြည့်ရင် မမြစန်း အချက်ပြမှာကို ကောင်းကောင်းကြီး မြင်နိုင်တယ်”

ထိုအိမ်ကြီးမှ ထွက်ခဲ့ပြီးနောက် ကျွန်တော်တို့သည် ရွာသို့ ရွာလမ်းအတိုင်း လျှောက်ခဲ့ကြရာ နှစ်ဖာလုံခန့် လျှောက်မိသောအခါ မြင်းလှည်းတစ်စီးကိုတွေ့သဖြင့် ငှား၍စီးနင်းကာ သမိုင်းဘူတာသို့ ရောက်ခဲ့ကြလေသည်၊

ထိုညညစာစားသောက်ပြီးနောက် ကျွန်တော်တို့သည် သမိုင်းသို့သွားရန် ပြင်ဆင်လျက်ရှိကြ၏၊ ဦးထင်ကျော်သည် သူ၏သေနတ်ကလေးကို ကျွန်တော့်အား လှမ်းပေး၍ -

“ကဲ - ကိုတင်မောင် - ဒီဟာကလေးယူထားပေတော့၊ ဒီနေ့ည ကျုပ်တို့တွေ့ရမယ့်ရန်သူက ဘယ်လိုရန်သူမျိုးလဲဆိုတာ မသိသေးဘူး၊ နို့ပေမဲ့ အရေးကြုံလို့ အကျဉ်းအကျပ်ထဲရောက်ရင်တော့ ဘာပဲဖြစ်ဖြစ် ပစ်သာချလိုက်၊ ကျုပ်ကတော့ ဟောဒီသားရေကြိမ်လုံး ပါရင် တော်ပါပြီ”

ဦးထင်ကျော်သည် သူ၏ထူထဲသောကုတ်အင်္ကျီထဲတွင် ဆေးတံဘူးနှင့်အတူ လက်နှိပ်ဓာတ်မီးကလေးကိုလည်း ထိုးသွင်းလိုက်၏၊ ထို့နောက် ပုလိပ်အရာရှိများ ကိုင်လေ့ရှိသော တံထောင့်ထွာခန့်ရှိ သားရေကြိမ်လုံးနှင့် မီးကာဦးထုပ်ကို ယူပြီးလျှင် ကျွန်တော်တို့

www.burmeseclassic.com



တံတောင်ခန့်မြင့်သော အကောင်တစ်ကောင်သည် ချုံအောက်မှ ရုတ်တရက် ထွက်လာပြီးနောက် ကျွန်တော်၏ လုံချည်စကို ဆွဲလိုက်ရာမှ ကျွန်တော့်မှာ ထိတ်လန့်၍ "ဟာ" ခနဲ ဖြစ်သွားကာ ပါးစပ်မှ အသံမထွက်မိစေရန် အတော်ပင် ကြိုးစား၍နေလိုက်ရ၏။ ထို့နောက် အကောင်ကလေးသည် လျင်မြန်စွာ ခုန်ပေါက်သွားပြီးနောက် အခြားချုံတစ်ခုနောက်တွင် ပျောက်ကွယ်သွားလေသည်။

လည်းဘူတာကြီးသို့လာခဲ့ကြ၏။ သမိုင်းဘူတာသို့ရောက်၍ မြင်းလှည်းကလေးတစ်စီးကို ငှားပြီးလျှင် ရွာကလေးဘက်သို့သွားသည့် ရွာလမ်းတစ်လျှောက် မောင်းနှင်ခဲ့ကြ၏။

လူမနေသောအိမ်ကြီးနှင့်မနီးမဝေး အရောက်တွင်မြင်းလှည်းကို အခပေး၍ ပြန်လွှတ်လိုက်ပြီးနောက် ဦးထင်ကျော်က လမ်း၏အခြားတစ်ဖက်ရှိမနီးမဝေး၌ မြင်ရသော မီးရောင်တစ်ခုကို ညွှန်ပြပြီး -

"ကိုတင်မောင် - ကြည့်စမ်းဗျို့၊ မီးရောင်မြင်ရတာ လက်ဖက်ရည်ဆိုင်ကလေးများလား မသိဘူး"

"ဟုတ်တယ် - လက်ဖက်ရည်ဆိုင်ကလေးဗျ။ နေ့လယ်က အပြန်မှာ ကျွန်တော်မြင်ခဲ့သားပဲ"

"ဒါဖြင့်လာဗျာ - ခုနစ်နာရီဆိုတော့ အများကြီးစောသေးတယ်၊ ဟိုမှာလက်ဖက်ရည်သောက်ရင်း စောင့်ကြရအောင်"

ဤသို့ဖြင့်ကျွန်တော်တို့သည်လမ်းဘေးရှိ ကုလားလက်ဖက်ရည်ဆိုင်ကလေးသို့ သွားရောက်ကာ လက်ဖက်ရည်သောက်ရင်းစောင့်ဆိုင်းလျက်ရှိနေကြ၏။

ရှစ်နာရီထိုးပြီးနောက် ကျွန်တော်တို့သည်လက်ဖက်ရည်ဆိုင်မှထွက်ခဲ့၍ လူရိပ်လူယောင်ကိုကြည့်ကာလမ်းတစ်ဖက်ရှိလူမနေသောအိမ်အိုကြီးသို့ကူးခဲ့ကြ၏။ အိမ်အတွင်းသို့ အလွယ်တကူဝင်နိုင်ကြသော်လည်း အပေါ်ထပ်သို့တက်ရန်ကိုမူ အတော်ပင် ခဲယဉ်း၍ ဦးထင်ကျော်၏ လက်နှိပ်ဓာတ်မီးကလေးကြောင့် ပြုတ်ကျနေသော လှေကားထစ်များကိုကျော်၍တက်နိုင်ခဲ့လေသည်။

ကျွန်တော်တို့သည် ကြမ်းပြင်ကို ခပ်ဖွဖွနင်း၍ ပြတင်းပေါက်ရှိရာသို့ လာခဲ့ကြ၏ ထို့နောက် ပြတင်းပေါက်ကို ဖွင့်လိုက်ရာ ကိုက်တစ်ရာ့ငါးဆယ်ခန့်အကွာတွင်ရှိသည့် ဆရာဝန်ကြီး၏အိမ်ကို မြင်ရ၏။ အချိန်မှာ ရှစ်နာရီရှိပြီဖြစ်၍ အရှေ့ဘက်ကောင်းကင်မှလတစ်ခြမ်းပဲ့ကလေးသည် ထွက်ပြူစ ပြုလေ၏။

ဆရာဝန် ဦးဘိုးသုံ၏တိုက်ကြီးမှာ
မှောင်နှင့်မည်းမည်းရှိနေသဖြင့် မည
သည့်အလင်းရောင်ကိုမျှ မမြင်ရချေ
ပြတင်းပေါက်တွင် နစ်ယောက်သာ
မတ်တတ်ရပ်ရင်း မမြစန်းတို့အိမ်ဘက်
သို့စိတ်အားထက်သန်စွာကြည့်ရှုစော
ဆိုင်းလျက်ရှိရာ အချိန်အတော်ကြာ
မတ်တတ်ရပ်နေရသည့် အတွက်
ညောင်းညာလှသည့်အပြင် ခြင်ကိုက
လိုက်သည့်အမျိုးမှာလည်း ပြောစရာ
မရှိပေ။ အချိန်ညဉ့်နက်လာသည်နှ
အမျှ ပတ်ဝန်းကျင်သည်လည်း တိတ်
ဆိတ်သည်ထက် တိတ်ဆိတ်လာရာ
ကလေးမှာ အိပ်မောကျနေဘိသကဲ့သ
ရှိတော့၏။

ကျွန်တော်က ညဉ့်မြင်လက်ပတ်
နာရီကို ကြည့်ပြီးနောက် လေသံဖြင့် -

"ကိုးနာရီထိုးဖို့ဆယ့်ငါးမိနစ်ရှိပြီ
ဘာမှမမြင်ရသေးဘူး"

"မြင်ရမှာပေါ့ဗျာ၊ မမြစန်း
အင်မတန် ဖျတ်လတ်တဲ့မိန်းကလေး
နေရာကျအောင် လုပ်ထားပါလိမ့်မယ်"

ဤသို့ဖြင့် ဆက်လက်စောင့်ဆိုင်း
လျက်ရှိရာကိုးနာရီမိနစ်လေးဆယ်တွ



www.burmeseclassic.com

www.burmeseclassic.com

ခည်းမှောင်သော အိမ်ကြီးအလယ်လောက်မှ မီးရောင်တစ်ခု ရုတ်တရက်ထွက်ပေါ်လာသည်ကို တွေ့ရသဖြင့် ကျွန်တော်လည်း ဦးထင်ကျော်၏လက်ကို တစ်ချက်ဖျစ်ညှစ်လိုက်မိ၏။

"ဟော - မီးမြင်ရပြီဗျို့ - မြင်လား"

"ဟုတ်တယ်ဗျို့၊ မမြစန်းမှန်အိမ်က မီးပဲဗျ၊ ကဲ - လာသွားကြမယ်"

ကျွန်တော်တို့သည် လူမနေသော အိမ်မည်းကြီးပေါ်မှ ဆင်းခဲ့ပြီးနောက် မမြစန်းတို့အိမ်ဘက်သို့ လာခဲ့ကြ၏။ ဤကဲ့သို့ လာရာ၌ လူတွေ့မည်စိုးသဖြင့် လူသွားလမ်းကလေးမှပင် မလာဝံ့ဘဲ လမ်းဘေးသစ်ပင်များနောက်မှကွယ်၍ လာခဲ့ကြ၏။ အိမ်ကြီးရှေ့ခြံစည်းရိုးသို့ ရောက်သောအခါ ဦးထင်ကျော်သည် နေ့လယ်ကပင်ကြည့်ထားခဲ့သောနေရာတစ်ခုမှ သံဆူးကြိုးကိုကျော်၍ ခြံထဲသို့ ဝင်ခဲ့ကြ၏။

အိမ်ရှေ့မြက်ခင်းအနီးသို့ရောက်၍ ချုံပုတ်တစ်ခုကိုကျော်မည်ပြုသောအခါ တံတောင်ခန့်မြင့်သော အကောင်တစ်ကောင်သည် ချုံအောက်မှ ရုတ်တရက်ထွက်လာပြီးနောက် ကျွန်တော်၏ လုံချည်စကိုဆွဲလိုက်ရာမှ ကျွန်တော့်မှာ ထိတ်လန့်၍ "ဟာ" ခနဲ ဖြစ်သွားကာ ပါးစပ်မှ အသံမထွက်မိစေရန် အတော်ပင် ကြိုးစား၍ နေလိုက်ရ၏။ ထိုနောက် အကောင်ကလေးသည် လျှင်မြန်စွာ ခုန်ပေါက်သွားပြီးနောက် အခြားချုံတစ်ခုနောက်တွင် ပျောက်ကွယ်သွားလေသည်။

"လန့်လိုက်တာဗျာ"

"ခပ်တိုးတိုး - ဆရာရေ့၊ ခြံဝင်းထဲ ကျုပ်တို့ရောက်နေပြီဆိုတာလည်း သတိထားဦးမှပေါ့။ မျောက်ကလေးပါဗျ၊ အဘိုးကြီးက ခြံထဲမှာ ကျားသစ်ကလေးတစ်ကောင်ရယ်၊ မျောက်ကလေးရယ် မွေးထားတယ်ဆိုတာမမြစန်းကအပြောသားပဲ"

ကျွန်တော်တို့သည် သစ်ပင်မှောင်ရိပ်တစ်ခုကို မှီခိုကာ အိမ်ကြီး၏ခြေရင်းဘက်သို့ ကူးခဲ့ကြ၏။ ထိုနောက် နံဘေးလှေကားမှ အိမ်ရှေ့ဝရန်တာသို့ တက်ခဲ့ရာ အပေါ်ထပ်မှ ပိတ်ထားသောတံခါးမှာ ဦးထင်ကျော် နေ့လယ်က စီစဉ်ခဲ့သည့်အတိုင်း စေ့ရုံမျှ စေ့ထားသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့လည်း အသံမကြားအောင် ခြေကိုဖွ၍နင်းကာ ဝရန်တာသို့ လျှောက်ခဲ့ကြ၏။ မမြစန်းအိပ်သော အလယ်ခန်းမှာလည်း တံခါးရွက်ကို အသာတွန်းရုံဖြင့် ပွင့်သွား၍ အခန်းတွင်းသို့ ဝင်ခဲ့ကြ၏။ အခန်းတွင်း၌ကား မည်သူမျှမရှိချေ၊ မမြစန်းမှာ ခြေရင်းဘက်ခန်းသို့ ရွှေ့ပြောင်းနေပြီဖြစ်ပေသည်။

ဦးထင်ကျော်သည် တံခါးကို အတွင်းမှ ချက်ထိုးပိတ်ပြီးနောက် ပြတင်းပေါက်ကိုလည်း ပိတ်ခဲ့ပြီးလျှင် ကျွန်တော်တို့အား အထိမ်းအမှတ်ပြုထားသည့်မီးအိမ်ကို အခန်းအလယ်ရှိ လေးထောင့်စားပွဲပေါ်သို့ ရွှေ့၍တင်ထားလိုက်၏။ ထိုနောက်ကျွန်တော်တို့လည်း မီးအိမ်အလင်းရောင်ရှိစဉ် အတွင်းတစ်ခန်းလုံးကိုကြည့်ရှုအကဲခတ်လျက်ရှိရာ အခန်းမှာ နေ့လယ်က တွေ့ခဲ့သည့်အတိုင်းခြေရာလက်ရာမပျက်ရှိနေသည်ကို တွေ့ရသဖြင့် စားပွဲတင်မီးအိမ်ကို ငြိမ်းလိုက်၏။

တစ်အိမ်လုံးမှာ ငြိမ်သက်လျက်ရှိ၊ မမြစန်းအခန်းမှသော်လည်းကောင်း၊ ဘိုးရာဝန်ကြီးအခန်းမှသော်လည်းကောင်း မည်သည့်အသံမျှမကြားရချေ။ ပတ်ဝန်းကျင်မှာ အလွန်တိတ်ဆိတ်လျက်ရှိပြီးလျှင် ကျွန်တော်တို့မှာ မတွေ့ခဲ့ရသေးသောဘေးအန္တရာယ်တစ်ခုကို စောင့်ဆိုင်းလျက် ရှိနေကြ၏။

ဦးထင်ကျော်သည် ကျွန်တော့်နားနားသို့ ကပ်၍ သဲ့သဲ့မျှသောလေသံကလေးဖြင့် "နည်းနည်းလေးမှ အသံမပြုနဲ့နော်၊ ချွတ်ခနဲဖြစ်သွားရင် ကျုပ်တို့အကြံပျက်ပြီးသားပဲ"

ဦးထင်ကျော်၏အသံကို ကြားရသည်ဆိုရုံမျှသာ ကျွန်တော်ကြားရ၏။

"ကျုပ်တို့ တစ်ညလုံး မီးမရှိဘဲ မှောင်ထဲမှာ ထိုင်စောင့်နေရလိမ့်မယ်၊ သေနတ်ကို ထုတ်ကိုင်ထား၊ ယမ်းတောင့်အပြည့်ရှိတယ်၊ ခင်ဗျားက ကုလားထိုင်ပေါ်မှာထိုင်၊ ကျုပ်ကတော့ မမြစန်းအိပ်ရာပေါ်မှာပဲ နေမယ်"

ကျွန်တော်က နားလည်ကြောင်းဖြင့် အထိမ်းအမှတ်ပြုလိုက်၏။ သို့နှင့် ကျွန်တော်တို့သည် အသက်ကိုမျှပင် ပြင်းပြင်းမရှူဝံ့ဘဲ မမြင်ရသောအန္တရာယ်ကို စောင့်ဆိုင်းကာ မှောင်ကြီးမည်းမည်းထဲတွင် မလှုပ်မယှက် ငြိမ်သက်စွာ ရှိနေကြ၏။

အချိန်သည်တရွေ့ရွေ့ကုန်လွန်လာရာ ဘူတာရုံဘက်ဆီမှ ဆယ့်နှစ်နာရီသံချောင်းခေါက်သံ ကြားရ၏။ သို့သော် ဆက်လက်စောင့်ဆိုင်းနေဦးမည်၊





www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီး၏ အခန်းဘက်မှ သူ၏ အသံကို တစ်စုံတစ်ရာ မကြားရသော်လည်း ဆယ့်နှစ်နာရီထိုးပြီးနောက် အတန်ကြာသောအခါ တစ်နာရီထိုးသံ ကြားရ၏။ သို့သော် ကျွန်တော်တို့၏ အလုပ်ကား ဆုံးခန်းမတိုင်သေး။ ဆက်လက်စောင့်ဆိုင်းရပေဦးမည်။

ဤသို့ဖြင့် အချိန်သည် တရွေ့ရွေ့ ကုန်လွန်လာခဲ့ရာ နှစ်နာရီခွဲပြီးနောက် အတန်ကြာသောအခါ လောကဓာတ်တစ်ခုလုံး အိပ်ပျော်နေသကဲ့သို့ မည်သည့်အသံကိုမျှမကြားရဘဲ တိတ်ဆိတ်လွန်းမက တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။ ကျွန်တော့်မှာလည်း အသက်ကိုမျှ ပြင်းပြင်းမရှူဝံ့အောင် ရှိနေ၏။

သို့ရှိစဉ်တစ်ခဏမျှကြာသောအခါ ဆရာဝန်ကြီးအခန်းဘက်မှ ချောက်ခနဲ အသံတစ်သံ ကြားရပြီးလျှင် ရေနံဆီမီးခွက်တစ်ခုကို ထွန်းသည့်အခါထွက်လာသောအနံ့မျိုးကဲ့သို့ အနံ့တစ်ခု ရလာ၏။ ကြမ်းကို ခြေဖော့၍နင်းသောအသံမျိုးကဲ့သို့အသံတစ်သံကိုလည်းကြားလိုက်ရ၏၊ ထို့နောက် နာရီဝက်ခန့်အကြာတွင် ရေနွေးကရားတစ်ခုမှ ရေဆူသဖြင့် ထွက်လာသောအသံမျိုးကဲ့သို့ အသံတစ်သံ ကြားလိုက်ရပြန်၏။ ထိုခဏ၌ ဦးထင်ကျော်သည် ကျွန်တော့်အားတစ်စုံတစ်ရာအချက်မပေးဘဲ မမြစန်းအိပ်သောစုတင်နံ့ဘေးမှ လူခေါ်ခေါင်းလောင်း တပ်ထားခဲ့ဖူးသည်ဆိုသော ကြိုးဆီသို့ သူ၏ကြိမ်လုံးဖြင့် ဖျန်းခနဲ ဖျန်းခနဲ နှစ်ကြိမ်သုံးကြိမ်မျှ ပြင်းထန်စွာ ဆက်၍ရိုက်လိုက်လေသည်။

"ကိုတင်မောင် - ကိုတင်မောင် မြင်လိုက်သလား"

သို့သော် မည်သည့်အရာကိုမျှ ကျွန်တော် မမြင်ရချေ။

ဦးထင်ကျော်သည် စားပွဲတင်မှန်အိမ်ကို မီးထွန်းရန် မီးခြစ်ခြစ်လိုက်၏၊ သို့ရှိစဉ် လေချွန်သံတစ်သံကို ကျွဲကျွဲပြားပြား ကျွန်တော်ကြားလိုက်ရလေသည်၊ ဦးထင်ကျော်သည် သူ၏ သားရေလုံးတုတ်ဖြင့် ခေါင်းလောင်းကြိုးကို ရိုက်လိုက်သော်လည်း မည်သည့်အရာကို ရိုက်သည်ဟု ကျွန်တော် မသိချေ။ သူ၏ မျက်နှာမှာ အထိတ်တလန့်ဖြစ်နေဟန် ရှိလေသည်၊ ထိုအချိန်၌ ကျွန်တော်တို့သည် ဆရာဝန်ကြီးအခန်းမှ လူတစ်ယောက်၏ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသော အော်သံတစ်သံကို ကြားလိုက်ရလေရာအသံမှာငယ်သံပါအောင်စူးရှပြီးလျှင် တိတ်ဆိတ်ငြိမ်သက်သောဘတ်ဝန်းကျင်လေထုကို ဖောက်ခွဲထွက်သွားသကဲ့သို့ ရှိတော့၏။

"ဘာသံလဲ မသိဘူး"

"ဘာသံရမလဲဗျ - ကျုပ်တို့ အလုပ်လုပ်ပြီးပြီဆိုတဲ့အသံပေါ့၊ ကဲ - ကိုတင်မောင် - သေနတ် မြဲမြဲကိုင်ထားနော်၊ ကျုပ်တို့ဟိုဘက်ခန်း သွားကြမယ်၊ လာဗျာ - မြန်မြန်"

ဦးထင်ကျော်သည် စားပွဲတင်မီးအိမ်ကို ထွန်း၍ယူခဲ့ပြီးလျှင် ကျွန်တော်တို့လည်း ဆရာကြီးအခန်းဘက်သို့လာခဲ့ကြ၏။ သူသည် တံခါးလက်ကိုင်ကို လှည့်ဖွင့်၍ ရှေ့မှဝင်သွားရာ ကျွန်တော်လည်း ၎င်း၏နောက်မှ လိုက်ပါသွားလေသည်။

ဦးထင်ကျော်သည် လက်ထဲမှ မီးအိမ်ကို တံခါးအနီးရှိ စားပွဲပေါ်သို့ ချလိုက်၏။ ကျွန်တော်တို့မြင်သောမြင်ကွင်းကား အလွန်ကြောက်မက်ဖွယ်ကောင်း၍ တစ်သက်တွင် တစ်ကြိမ်မြင်ရရန် ခဲယဉ်းသောမြင်ကွင်းပင် ဖြစ်၏။ စားပွဲပေါ်တွင် နေ့ခင်းက တွေ့ခဲ့ရသောဘျားမျက်လုံးမီးအိမ်သည် တစ်ဝက်ခန့်မျှဖွင့်လျက်ရှိရာ မီးရောင်သည် ဆရာဝန်ကြီး ဦးဘိုးသုံ၏မျက်နှာဆီသို့ ထိုးထွက်လျက်ရှိ၏။ သူသည်ညဥ့်ဝတ်အင်္ကျီရှည်ကြီးကို ဝတ်ထား၍ တံခါးပွင့်လျက်ရှိသော သံသေတ္တာရှေ့ရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ခပ်မှိုမှိုထိုင်လျက်ရှိရာ သူ၏လည်ပင်း၌ကား အဝါရောင်ပေါ်တွင် အညိုပြောက်များရိုက်ထားသည့် လည်စည်းပဝါတစ်ထည်ကိုပတ်ထားသကဲ့သို့ ရှိနေသည်ကို မြင်ရ၏။ သို့သော် လည်စည်းကား မဟုတ်ချေ။ ကိုထင်ကျော်သည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။

"မြွေဗျ - မြွေ - အနားမကပ်နဲ့ ..."

ကိုတင်မောင် - နောက်ဆုတ်၊ ကျားကျားကြီးဆိုတာ ဒါပဲ၊ မမြသန်းမြင်လိုက်ရတဲ့ ကျားကျားကြီးဆိုတာ ဒီအကောင်ကြီး ပေါ့"

"အမယ်လေး"

"ဒီမြွေမျိုးက ကချင်ပြည်နယ်မှာ တွေ့ရတတ်တဲ့ ငန်းဝါပြောက်လို့ခေါ်တယ်၊ ကိုက်ရင် ဆယ်မိနစ်အတွင်းသေတာပေါ့"

စကားပြော၍မျှ မဆုံးမီ မြွေကြီးသည် ဆရာဝန်ကြီး၏နားထင်ဆီသို့

www.burmeseclassic.com

ှမ်း၍ပေါက်လိုက်သည်ကို မြင်လိုက် ခဲ့၏။ ဆရာဝန်ကြီးသည် ခပ်သဲ့သဲ့မျှ မပီမသ ထပ်မံအော်လိုက်ပြီးနောက် နံ့သောဘက်သို့စောင်း၍သွားရာကုလား ထိုင်မှာ သူ၏အလေးချိန်ကို မခံနိုင်ဘဲ ကြမ်းပြင်ပေါ်သို့လူနှင့်အတူလဲကျသွား လေသည်။ ထိုခဏ၌ မြွေသည်ဆရာဝန် ကြီး၏လည်ပင်းမှ လျှောထွက်ကာ ကျွန် တော်တို့ရှိရာသို့ လျှောခနဲ ရောက်ရှိလာ ရာ ဦးထင်ကျော်သည် ဤသို့ဖြစ်မည်ကို ကြိုတင်သိသည့်ဟန်ဖြင့် ကျွန်တော့် လက်ထဲမှ သေနတ်ကို ဖျပ်ခနဲ ဆွဲယူ လိုက်ပြီးနောက် ထောင်နေသောပါးပျဉ်း ဆီသို့ နှစ်ချက်သုံးချက်မျှ ဆင့်၍ပစ်ချ လိုက်လေသည်။ ဦးထင်ကျော်၏ပြုမူပုံ တား မြွေထက်ပင် လျင်မြန်လှပေ၏။

သေနတ်သံကြားသဖြင့် မမြစန်း သည် အခန်းတွင်းသို့ ဒရောသောပါး ပြေးဝင်လာရာ ၎င်းနောက်မှထမင်းချက် အမေကြီး လိုက်ပါလာ၏။ အခန်းတွင်း သို့ရောက်၍ကုလားထိုင်နှင့်အတူကြမ်း ပြင်ပေါ်တွင် လဲကျနေသော ဆရာဝန် ဦးဘိုးသုံး၏အလောင်းကိုလည်းကောင်း၊ ပြတ်ထွက်နေသော မြွေ၏ဦးခေါင်းမှ ကြမ်းပြင်ပေါ်တွင် အနှံ့အပြား ပြန့်ကြဲနေ သည့်သွေးစက်များကိုလည်းကောင်း မြင်ရသောအခါ မမြစန်းမှာ တစ်ချက်မျှ ငယ်သံပါအောင် အော်လိုက်ပြီးနောက် အကြောက်လွန်ကာ သတိလစ်၍ကြမ်း ပြင်ပေါ်သို့ လဲကျသွားတော့၏။ ကျွန် တော်တို့ အကူအညီနှင့် ထမင်းချက် အမေကြီးက အတော်ကြာ နှာနှပ်ယူ သောအခါမှ သတိပြန်၍ လည်လာလေ ၏။

အတိုချုံး၍ရေးရမည်ဆိုသော်ကျွန် တော်တို့သည် ယင်းကိစ္စကို ဆိုင်ရာ ရဲဌာနသို့ ချက်ချင်းသွားရောက် တိုင် ကြားခြင်း၊ မမြစန်းအား ၎င်း၏အဒေါ်နှင့် အရပ်လူကြီးနှစ်ဦးကို ခေါ်ပြီးလျှင် ထိန်း သိမ်းစောင့်ရှောက်ရန် အပ်နှံခဲ့ခြင်း၊ မမြစန်းလိုအပ်သောအခြားအသေးအဖွဲ ကိစ္စကလေးများကို စီစဉ်ပေးခြင်းများ ပြုလုပ်ပေးခဲ့ပြီးနောက် ကျွန်တော်တို့ လည်းရန်ကုန်သို့ပြန်ခဲ့ကြ၏။ ဘူတာကြီး မှဆင်းသောအခါ မိုးစင်စင်လင်းခဲ့လေ ပြီ။

အိမ်သို့ရောက်၍မောင်ဖိုးလူတည် ခင်းပေးသော လက်ဖက်ရည်နှင့် ပေါင် မုန့်ထောပတ်သုတ်၊ ကြက်ဥကြော်တို့ကို အားသောက်ကြပြီးနောက် ဦးထင်ကျော် သည် အိမ်ရှေ့ဧည့်ခန်းရှိ သူထိုင်နေကျ ဆက်လက်ကုလားထိုင်ကြီးပေါ်တွင်ထိုင် ကာ ဆေးတံကို တစ်ချက်နှစ်ချက်မျှ ဖွာရှိုက်လိုက်ပြီးမှနောက် -

"တစ်ညလုံးအောင့်နေခဲ့ရတာအရ မှပဲ ဆေးတံကလေးကောင်းကောင်း သောက်ရပါတော့သဗျာ"

ဦးထင်ကျော်သည်ဟက်ဟက်ပက် ပက် ရယ်မောလိုက်၏။

"ဘာရယ်တာလဲဗျ"

"ကံကောင်းလို့ လမ်းချော်မသွား ဘူး - ကိုတင်မောင်ရေ။ ခေါင်းလောင်း နဲ့တဲ့ကြိုးကလေးက နတင်တိုင်ကွယ် နေလို့ပထမကျုပ်မမြင်မိဘူး။ ကျုပ်မျက် စိက ကန်းပဲကန်းလှသဗျာ။ အခန်းထဲက ထွက်ခါနီးကျမှ မြင်မိတယ်။ ဒီကြိုးသာ မမြင်ရင် ဘယ်နည်းနဲ့မှ ကျုပ်တို့ ရှေ့ ဆက်ပြီး တွေးလို့ရမယ်မဟုတ်ဘူး"

"ဟုတ်တာပေါ့ဗျာ။ ဒီအပေါ်ကြိုးက လည်း အဖြူရောင်၊ နံရံကလည်း အဖြူ ရောင်သုတ်ထားတော့ကျွန်တော်လည်း မမြင်မိဘူး"

"ဒါကြောင့် - ကျုပ်တို့အလုပ်မျိုးက စေ့စေ့စပ်စပ်ကြည့်ဖို့၊ မျက်စိလျင်ဖို့၊ လျင် မြန်ဖျတ်လတ်ဖို့ လိုတာပေါ့ဗျ။ ပြီးတော့ ကြိုးကို လျှောဆင်းလာတဲ့ မြောက် မြောက်ကျားကျားကြီးကို ကျုပ် သားရေ တုတ်နဲ့ လှမ်းရိုက်လိုက်တုန်းက ဘာကို ရိုက်တယ်ဆိုတာ ခင်ဗျားမမြင်လိုက်ဘူး မဟုတ်လား"

"ဟုတ်ပါရဲ့ဗျာ။ ဒီတုန်းက ကျွန် တော် အိပ်ငိုက်သွားတယ်ထင်တယ် ဦးထင်ကျော်"

"ဒါကြောင့် - လုံ့လဝီရိယရှိဖို့လည်း လိုတယ်ဗျ"

"ကျွန်တော် ဝန်ခံပါတယ်ဗျာ"

"ဒီကြိုးကို ကျုပ်တို့တွေ့လို့ မေး တော့မှ မမြစန်းက လူခေါ်တဲ့ခေါင်း လောင်းကြိုးဆိုတာ ကျုပ်တို့သိရတယ် မဟုတ်လား။ နို့ပေမယ့် - မသက်ာစရာ တစ်ခုက သူ့အဖေကြီးအခန်းထဲကကြိုး က ဒီကြိုးနဲ့ဆက်ထားပြန်တယ်ဆိုတော့ ကျုပ်စိတ်ထဲမှာ တော်တော်ကလေး ဆန်းနေတယ်။ အဘိုးကြီးက မြွေကို



www.burmeseclassic.com

www.burmeseclassic.com

သေတ္တာထဲမှာ ထည့်ထားပြီး ဟိုဘက်ခန်းကို လွှတ်နိုင်အောင် လေ့ကျင့်ပေးထားတယ်။ မြွေကို နွားနို့တိုက်ပြီး ချော့မော့လွှတ်လိုက်တဲ့အခါ မြွေဟာ ကြိုးကတက်သွားပြီး မမြစန်းအခန်းထဲ ဆင်းတာပေါ့ဗျာ။ ဘယ်လောက်ထိအောင် ဆင်းနိုင်သလဲဆိုရင် သူ့အိပ်ရာပေါ်ရောက်အောင် ဆင်းနိုင်တယ်ဗျ။ အပေါ်က ဆင်းအလာမှာ ကျုပ်က သားရေလုံးနဲ့ လှမ်းရိုက်လိုက်တော့ နည်းနည်းထိသွားလို့ ဒေါသထွက်ပြီး အပြန်မှာ အဘိုးကြီးက ကွင်းလျှောနဲ့ ဖမ်းမရတော့ဘဲ သူ့လည်ပင်းကိုပတ်ပြီး ကိုက်ချင်တဲ့နေရာကိုက်တော့တာပဲဗျို့။ ဒီငန်းမြွေမျိုးက ကချင်ပြည်နယ်မှာသာ တွေ့ရတတ်ပြီး အင်မတန်အဆိပ်ပြင်းတဲ့အကောင်မျိုးပဲ"

"နေပါဦး - ဒီမြွေကို ဒီလိုလေ့ကျင့်လို့ရသလားဗျ"

"ရတာပေါ့ - ကိုတင်မောင်၊ တချို့အလမ္ပာယ်ဆရာတွေဟာ ဒီထက်တောင်ပိုလိမ္မာအောင်လေ့ကျင့်ပေးထားတာ ကျုပ်တွေ့ဖူးတယ်။ အင်းလေ၊ သမီးနှစ်ယောက်စလုံးကို ရှင်းလင်းပြီး လက်ဖက်ခြံကြီးကို သူတစ်ယောက်တည်း အပိုင်စီးချင်လို့ကြံကြံဖန်ဖန်ကြံတဲ့အကြံကြီးပေါ့ဗျာ။ ဒါကြောင့် ကြံကြံဖန်ဖန်သူလည်း ကိစ္စချောသွားတာပဲ"

၄၄၄

မမြစန်းအကြောင်းကို အချိန်အတော်ကြာမျှ ကျွန်တော် သတိမရဘဲ ရှိနေပြီး နောက်သုံးလခန့်အကြာတွင် ဦးထင်ကျော်ထံသို့ စာတိုက်မှ မင်္ဂလာဖိတ်စာတစ်စောင်ရောက်ရှိလာရာ ဖိတ်စာမှာ မမြစန်းနှင့် ဆရာဝန် ဦးသောင်းဟန်တို့ လက်ထပ်ပြီးစီး၍ ညစာစားပွဲသို့ ကြွရောက်ရန် ဖိတ်စာဖြစ်၏။ ဖိတ်စာနှင့်အတူ စာတစ်စောင်လည်း ပါလာရာ စာထဲတွင် ဦးထင်ကျော်နှင့် ကျွန်တော်ပါ နှစ်ယောက်စလုံး ကြွရောက်ရန် အကြောင်းနှင့် မင်္ဂလာညစာစားပွဲတွင် ဦးထင်ကျော်အားလည်း ဇနီးမောင်နှံနှစ်ယောက်စလုံးက ကျေးဇူးဆပ်လိုပါကြောင်းဖြင့် ရေးသားပါရှိလေသည်။

▶ ဒဂုန်ရွှေမှူး



www.burmeseclassic.com

## ထွေးမောင်

သည် ပဲခူးရိုးမကြီး၏ အရှေ့ဘက်ရှိ တောင်ခြေရွာကလေးတွင် မွေးဖွားကြီးပြင်းလာခဲ့သူဖြစ်သည်။ သူ၏မိဘများက လယ်ယာလုပ်ကိုင်စားသောက်ရန် လယ်မြေ မရှိကြ။ ရွာထဲမှ လယ်သမားများထဲတွင် သူရင်းငှားအလုပ်ဖြင့်သာ ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်ခဲ့ကြရသူများဖြစ်ကြ၏။ သူတို့မွေးဖွားလာခဲ့သည့် သားသမီးများလည်း မိဘများနည်းတူပင် အရွယ်ရောက်လာသည်နှင့် လုပ်ခစားဘဝများဖြင့်သာ အသက်မွေးကြရတော့သည်။

ထွေးမောင်က လယ်သမားများထံတွင် သူရင်းငှားအလုပ်၊ ပျိုးနုတ်၊ ထယ်ထိုး၊ ကန်သင်းပေါက်၊ ကောက်ရိတ်၊ ကောက်လှိုင်းတိုက်၊ စပါးနယ်ကအစ မျိုးစုံအောင် လုပ်ကိုင်ဖူးလေသည်။ သူတို့ရွာထဲမှ ပဲခူးရိုးမတောင်ပေါ်တက်ကာ စက်တုံး၊ ထမ်းပိုးတုံးခွဲသော အလုပ်လုပ်သူနှင့်လည်း လိုက်ပါလုပ်ကိုင်ဖူးသည်။ လယ်သမားများကဲ့သို့ စပါးစိုက်၊ ပဲစိုက်၊ နွေတစ်လုပ်၊ မိုးတစ်လုပ် မည်မည်ရရ မရှိခဲ့။ ကြုံရာကျပန်း လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်း နေရသူဖြစ်သည်။

တောထဲတွင် သစ်ခုတ်ရာမှ
တောမီးလောင်လေရာ ပင်ပင်ပန်းပန်း
ခုတ်ထွင်ပြီးသား သစ်များ မီးထဲ
ပါသွားရုံမက အသက်အန္တရာယ်မှ
လွတ်အောင် ရုန်းထွက်ခဲ့ရပုံကို ..

သူတို့ရွာကလေး၏ အနောက်ဘက်ရှိ ပဲခူးရိုးမကြီးမှာ သူတို့အတွက် လုပ်လိုရာအလုပ်များ၊ လိုချင်ရာများ အစစ ရှာဖွေယူငင် လုပ်ကိုင်နိုင်သော ပဒေသာပင် တောင်တန်းကြီးပင် ဖြစ်ခဲ့လေသည်။

မိုးဥတုရောက်လာလျှင် မှိုရှာ၊ မျှစ်ချိုးကာ နွေဘက်ရောက်ပြန်လျှင်လည်း ထင်းခြောက်ခွေ၊ စက်တုံး၊ ထမ်းပိုးတုံးခွဲ၊ ဝါးခုတ်၊ ထင်းခုတ် ယူ၍ရသည်။ တောထဲတွင် သဘာဝအရ ပေါက်ရောက်နေသော တညင်းသီး၊ ကနစိုးသီး၊ ရေငန်းသီးများ ရှာဖွေယူနိုင်သည်၊ တချို့ထင်းခြောက်တုံးများ စုပုံမီးရှို့ကာ မီးသွေးဖုတ်သူ၍ ထမ်းယူလာကာ မြို့ပေါ်ရှိ ခေါက်ဆွဲဆိုင်၊ အကြော်ဆိုင်၊ လက်ဖက်ရည်ဆိုင်များသို့ သွားရောက်ရောင်းချကာ ဝင်ငွေရနိုင်၏။ အိမ်များအတွက် လိုအပ်သော တိုင်များကို တောင်ပေါ်သစ်တောများအတွင်းမှ စိတ်ကြိုက်အပင်ကို လှဲဖြတ်ကာ ခွဲစိတ်ပြီး ရွေးယူနိုင်၏။ မုဆိုးဝါသနာပါသူများက တောတောင်ထဲမှ တောကောင်၊ ဆတ်၊ ပြောင်၊ ချေ၊ စိုင်၊ ယုန်၊ လိပ်၊ ဒရယ်၊ ပုတတ်၊ ဖြူလို သားကောင်များကို ရှာဖွေပစ်ခတ်နိုင်၏။

ထို့ကြောင့် ဤတောဤတောင်ကြီးသည် ထွေးမောင်တို့ ဘဝရှင်သန်ရေးအတွက် လိုရာပေးစွမ်းနိုင်သော ပဒေသာပင်တောင်တန်းကြီးပင် ဖြစ်တော့သည်။

တစ်နေ့တွင် ရွာထဲမှ ဦးသာဝက ထွေးမောင်ကိုအိမ်သို့ခေါ်၍ အိမ်သစ်ပြန်ဆောက်ရန်လိုအပ်သည့် ပျဉ်းကတိုးတိုင်များ ခွဲစိတ်ပေးရန် ပြောလာသည်။

"ထွေးမောင်ရေ - ဦးကြီးအိမ်ကတော့ မင်းမြင်တဲ့အတိုင်းပဲ တော်တော်ဆွေးမြည့်နေပြီကွ။ ဒီတော့ - အိမ်သစ်ပြန်ဆောက်နိုင်ဖို့ ခြောက်ပတ်လည် ပျဉ်းကတိုးတိုင်တွေ အိမ်တစ်လုံးစာ လိုချင်တယ်ကွာ။ အဲဒါ - မင်းတောတက်ပြီး ခွဲပေးနိုင်မလား"

"ဟုတ်ကဲ့ - ဦးကြီးသာဝ။ ကျွန်တော် ခွဲပေးပါ့မယ်၊ ကိုယ့်ဦးကြီး အိမ်အတွက်ပဲဖြစ်အောင် လုပ်ပေးရမှာပေါ့ဗျာ"

"အေး - အေး - ဦးကြီး - ဝမ်းသာပါတယ်ကွာ။ မင်းက ဓားရှေတော်တော်ကောင်းတော့ မင်းကိုပဲ အားကိုးရတာလေကွာ"

"ဦးကြီးအိမ်အတွက်မို့ ကျွန်တော် စိတ်ကျအတိုင်းဖြစ်အောင် ကြိုးစားပြီး ရွေးပေးပါ့မယ် - ဦးကြီးရာ"

www.burmeseclassic.com

ထွေးမောင်က သူဦးကြီးသာဝအိမ်အတွက် ပျဉ်းကတိုးတိုင်တစ်စုံစာ တောတက်ရှာပေးရန် တာဝန်ယူခဲ့ခြင်းဖြစ်သည်။

ထွေးမောင်က တိုင်ခွဲ၊ တိုင်ရှာအလုပ်ကတော့ ကျွမ်းကျင်ပြီးသား ဖြစ်သည်။ ရွာထဲက စက်တုံး၊ ထမ်းပိုးတုံး လုပ်သော ကိုခင်မောင်နှင့် တောင်ပေါ်အမြဲလိုက်ပါက ရှာပေးနေကျဖြစ်၍ တိုင်များကို သစ်စက်က ထွက်သည့်တိုင်များကဲ့သို့ ရှာပေးနိုင်လေသည်။ ရွာထဲက တိုင်လိုအပ်သူတို့က ထွေးမောင်ကိုသာ အားကိုးခိုင်းစေခဲ့ကြသည်။

တိုင်တစ်လုံးစာခွဲပြီး ရှာပေးရမည် ဖြစ်ခြင်းကြောင့် တောထဲတွင် အနည်းဆုံး ဆယ်ရက်၊ ဆယ့်ငါးရက်ခန့်တော့ ကြာကြာလုပ်ရမည်ဖြစ်သည်။ ထိုကြာမည့် ရက်များအတွက် တောထဲတွင် ချက်ပြုတ်စားသောက်နိုင်ရန် စားရိက္ခာ အပြည့်အစုံ ယူသွားရပေမည်။

“ဖိုးခင်ရေ - မင်း - ငါနဲ့ တောင်ပေါ်တက် တိုင်ခွဲလိုက်မလားဟေ့”

“ဟာ - နွေဘက် အလုပ်မရှိတာနဲ့ အတော်ပဲ - ကိုထွေးမောင်ရေ၊ လိုက်မယ်ဗျ”

“အေး - လိုက်မယ်ဆိုရင် ဆယ်ရက်၊ ဆယ့်ငါးရက်လောက်တော့ ကြာမယ်။ မင်း လိုအပ်တာတွေ ယူလာခဲ့။ သန်ဘက်ခါ တောတက်ကြမယ်ဟေ့”

တောင်ပေါ်တက်ကာ တိုင်ခွဲရမည် ဖြစ်ရာ တစ်ယောက်တည်းနှင့် မရပေ။ ရှေးဦးစွာ သစ်ပင်လှဲဖြတ်ရမည်။ ပြီးလျှင် တိုင်အရှည်အတိုင်း ပိုင်းဖြတ်ရမည်။ ထိုပိုင်းပြီးသား သစ်လုံးကို ခွဲစိတ်ရမည်။ သစ်ခွဲခြင်းများရမှ ခြောက်ပတ်လည်ကျ တိုင်များရအောင် ဓားနှင့် ရှာယူရမည် ဖြစ်သည်။

ထွေးမောင်နှင့် ဖိုးခင်တို့နှစ်ယောက်လည်း တိုင်ခွဲ၊ တိုင်ရှာရာတွင် အသုံးပြုရမည့် ဖမန်းစွယ်လွှ၊ သပ်၊ တူ၊ ဓားမနှင့် စားရေရိက္ခာအပြည့်အစုံယူငင်ကြလျက် နံနက်(၇)နာရီအချိန်ခန့်တွင် အနောက်ပဲခူးရိုးမကြီးပေါ်သို့ တက်လာခဲ့ကြလေတော့သည်။

☆ ☆ ☆

နေမွန်းတည့်ချိန်လောက်တွင် ထွေးမောင်တို့နှစ်ယောက် တောင်ပေါ် တောထဲတွင် လိုအပ်သော ပျဉ်းကတိုးပင်ကို လိုက်လံရှာဖွေနေကြ၏။ တိုင်ခွဲရမည့်သစ်ဖြစ်ခြင်းကြောင့် ကြီးလည်းကြီး၊ ဖြောင့်စင်းရန်လည်း လိုအပ်၏။ ဖြောင့်စင်းမှ ခွဲရသည်မှာ လွယ်ကူပေမည်။ အဖု၊ အထစ်၊ အတက်တွေပါနေလျှင် ခွဲစိတ်ရန် မလွယ်ကူချေ။ ဓားရှာရာတွင်လည်း ခက်ခဲတတ်လေသည်။

သူတို့နှစ်ယောက် တစ်တောင်ဘက်၊ တစ်မြောင်ဆင်း၊ တစ်ကုန်းကျော်ဖြင့် လိုက်လံရှာဖွေခဲ့ကြသည်။ သူတို့လိုချင်သည့် ပျဉ်းကတိုးပင်က တော်တော်နှင့် မတွေ့ခဲ့ချေ။ တွေ့ပြန်တော့လည်း ကြီးလွန်းနေ၏။ တချို့အပင်က အလောတော်ဖြစ်ပေမယ့် အနာအဆာကမကင်းဖြစ်နေသည်။

“ဟာ - ကိုထွေးမောင် - ဒီမြောင်ဆင်းမှာ ပေါက်နေတဲ့ ပျဉ်းကတိုးပင်ကြီးက ဖြောင့်စင်းပြီး အနာအဆာလည်း ကင်းတယ်ဗျ။ သေသေချာချာကြည့်စမ်းပါဦးဗျာ”

“အေး - ဟုတ်တယ်ဟေ့။ ဒီအပင်နဲ့ အိမ်တစ်လုံးစာခွဲလို့ ရနိုင်မယ်ကွ။ ကြီးတော့ - အနာအဆာလည်း ကင်းတယ်၊ ဖြောင့်လည်းဖြောင့်စင်းနေတာပဲကွ”

သူတို့နှစ်ယောက်တို့အပင်နားတွင် စတည်းချပြီး နေ့ခင်းစာ ထမင်းစားခဲ့ကြသည်။ ညအိပ်နားနေရန်ကိုပါ ကြည့်၍ စီစဉ်ခဲ့ကြသည်။

“ငါတို့ ဒီပျဉ်းကတိုးပင်ကြီးကို ဒီနေ့လှဲထားလိုက်မယ်ကွာ၊ နောက်နေ့ကျမှ ပိုင်းဖြတ်ကြမယ်လေ”

ထွေးမောင်သည် ပျဉ်းကတိုးပင်ကြီး၏ အောက်ခြေနားတွင် သပ်ဒုတ်ကလေးနှစ်ခုရိုက်ကာ ဝါးခြမ်းကလေးသုံးလေးခုတင်၍ စင်ကလေး ပြုလုပ်လိုက်၏။ ပြီးလျှင် ကွမ်းယာ၊ လက်ဖက်တို့ကိုတင်ကာ တောစောင့်နတ်၊ တောင်စောင့်နတ်အား တို့သစ်ပင်ကို ခုတ်လှဲတော့မည်ဖြစ်ခြင်းကြောင့် သစ်ပင်တွင် မှီခိုနေသူ အစောင့်အရှောက်များ ရှိနေပါက အခြားလွတ်ကင်းသည့်အပင်သို့ ပြောင်းရွှေ့ပါရန်နှင့် ခုတ်လှဲရာတွင် ဘေးအန္တရာယ်ကင်းအောင်ကူညီစောင့်ရှောက်ပေးပါမည့်အကြောင်း ပသတင်မြှောက်၍ ဆုတောင်းခဲ့လေသည်။

“ကဲ - ဖိုးခင်ရေ - တောပိုင်တောင်ပိုင်ကြီးကိုတော့ ခွင့်တောင်းပြီးပြီ၊ ငါတို့လှဲဖြတ်ကြရအောင်ဟေ့”

www.burmeseclassic.com

သူတို့နှစ်ယောက်ထိုပျဉ်းကတိုးပင်ကြီးအား အရင်းနားမှ လွှနှင့် တိုက်ဖြတ်ကြတော့သည်။ သစ်ပင်လှဲဖြတ်ရာတွင် လွယ်မယောင်နှင့် ခက်ခဲ၏။ တချို့က လွှရှိလျှင် လွှနှင့် တိုက်ဖြတ်လိုက်လျှင် ရမည်ဟု လွယ်လွယ်စဉ်းစားတတ်ကြသည်။ သို့သော်အထင်နှင့်လက်တွေ့မှာ ကွာဟနေပေသည်။ သစ်ပင်ကို လွှနှင့် တိုက်လျက် တစ်ဝက်ကျော်ပိုင်းဖြတ်ပြီးပါက သစ်ပင်၏အလေးချိန်သည် ဖြတ်သည့်ဘက်သို့အနည်းငယ် ယိမ်းစောင်းလာခဲ့သဖြင့် လွှကြောင်းစေ့သွားကာ လွှတိုက်၍မရတော့ဘဲ လွှညပ်သွားတတ်လေသည်။

သစ်ပင်ကိုလွှတိုက်လှဲမည်ဆိုလျှင် ပထမပင်စည်၏သုံးပုံတစ်ပုံခန့်လွှတိုက်ဖြတ်ရ၏။ ထို့နောက် လွှပြန်နုတ်ကာ တစ်ထွာခန့်အကွာတွင် သုံးပုံတစ်ပုံခန့် လွှတိုက်ဖြတ်ရပြန်၏။ ထိုသို့ဖြင့် ဖေါက်ထုတ်လိုက်ရ၏။ ထိုအခါ သစ်ပင်လှဲချမည့်ဘက်တွင် ပါးဟက်ဟိုက်သွား၏။ ထိုအခါမှ ထိုအဟိုက်၏နောက်ဘက်က လွှတိုက်ပေးလိုက်လျှင် လွှလည်းမညပ်တော့၊ သစ်ပင်လည်း ပါးဟက်အဟိုက်ဘက်သို့ ယိမ်းပြီးလိုရာသို့ လဲကျသွားမည်ဖြစ်လေသည်။

"ကိုထွေးမောင် - သစ်ပင်ကြီး ယိမ်းလာပြီဗျ"

"အေး - အေး - သတိထားဟေ့၊ သစ်ပင်လဲခါနီးမှာ လေဝေ့နေတယ်ကွ"

"ဟာ - သစ်ပင်ကြီးက လှဲချတဲ့ဘက်ကိုမလဲဘဲ ဝေ့ပြီး လဲကျတာပါလား"

"ဟေ့ကောင် ဖိုးခင် - ဒီဘက်ကိုပြေးခဲ့၊ မင်းအပေါ်ကို လဲကျတော့မယ်"

ကံကောင်းသည်ဟု ဆိုရမည်။ သစ်ပင်ကြီးမှာ လှဲချမည့်ဘက်သို့ မကျဘဲ လေဝေ့နေသဖြင့် လဲပြီးကျလာရာ ဖိုးခင်ရပ်နေသောအပေါ်တည့်တည့်သို့ ကျလာခြင်းဖြစ်သည်။ ထွေးမောင်ကသာ လှမ်းသတိမပေးခဲ့လျှင် ဖိုးခင်တစ်ယောက် သစ်တုံးကြီးအောက်တွင် ပြားနေလောက်ပေပြီ။

"ခင်ဗျားသတိပေးလိုက်ပေလို့သာပဲဗျို့၊ သတိသာမပေးခဲ့ရင်ကျုပ် သစ်ပင်ပိသေမှာဗျ"

"အေးပေါ့ကွာ - လူတွေက သစ်ပင်ကိုလဲကျစေချင်တဲ့နေရာလဲအောင်ပြင်ဆင်လှဲချလိုက်ပေမယ့် အခုလို မမျှော်လင့်တဲ့ လေအတိုက်နဲ့ ကြုံရင် ဒီလိုပဲဖြစ်တတ်တယ်ကွ။ သတိအင်မတန်ထားရတယ်"

သစ်ပင်ကြီးလဲကျခဲ့ပြီဖြစ်သောကြောင့် တိုင်အရှည်များ ခွဲစိတ်ယူနိုင်ရန် သစ်လုံးများကို တိုင်းပြီး ပိုင်းဖြတ်ကြရပြန်သည်။ ထို့နေ့က သူတို့ ဆရာနှစ်ယောက် သစ်ပင်လှဲချခြင်း သစ်လုံးများပိုင်းဖြတ်ခြင်းဖြင့်သာ တစ်နေကုန်ခဲ့လေသည်။

☆ ☆ ☆

"ဖိုးခင်ရေ - သပ်ဖင်ကို ထုပါဟ၊ သေသေချာချာ ချိန်ထုနော် - မလွဲစေနဲ့ကွ"

ဖိုးခင်လည်း သပ်၏ ဖင်ပိုင်းကို ထုနှက်ပေးနေသည်။ မကြာမီ သစ်လုံးကြီး ...ပ်တွင် ထက်ခြမ်းကွဲရန် အက်ကြောင်းဖြစ်လာသည်။ ပျဉ်းကတိုးသား ...ဘာလည်း မာကြောသည်။ အကြော...ည်း ယှက်နေသဖြင့် အခွဲရခက်လှသည်။ သစ်လုံးထိပ်မှ နောက်ဘက်သို့ တံတောင်ခန့်ကွဲအက်သွားခါမှသစ်သားသပ်ဖြင့် ရိုက်သွင်းပေးရပြန်သည်။ သစ်သားထပ် တဖြည်းဖြည်း ဝင်သွားခြင်းကြောင့် သစ်လုံးကြီးလည်း တဖြည်းဖြည်း ကွဲအက်လာသည်။ ထိုအကွဲကြောင်းတစ်လျှောက်ရှိ တွဲယှက်နေသောအကြောများကိုဓားမဖြင့်ဖြတ်ပေးရ၏။ ထိုသို့ သပ်ဖြင့် ဆက်ရိုက်လိုက်၊ သစ်သားသပ်ဖြင့် ဆက်ရိုက်လိုက်၊ အကြောများကိုဖြတ်ပေးလိုက်ဖြင့် သစ်လုံးကြီး တဖြည်းဖြည်းကွဲအက်လာကာ နောက်ဆုံးတွင် ထက်ခြမ်းကွဲသွားတော့သည်။ ထက်ခြမ်းကွဲပြီးလျှင်တော့ ထပ်၍စိတ်ခွဲရန် မခက်ခဲတော့။ သစ်တစ်တုံးကို လေးစိတ်စိတ်ပြီးသွားလျှင် လိုအပ်သော တိုင်ရရှိရန် ဖျဉ်းဓားမဖြင့် ရွေရန်သာ ရှိတော့သည်။

ဖျဉ်းဓားမှာ ခပ်ကောက်ကောက်ဖြစ်၍ အလယ်တွင် ဝမ်းဗိုက်က ပူနေသည်။

ဖျဉ်းလိုသော တိုင်ရရှိရန် စိတ်ထားသော သစ်သားစိတ်ကို ရှေ့နှင့် နောက်ဘက်တွင် ကန့်လန့်သစ်သားချောင်းနှစ်ချောင်း ချ၍တင်ရသည်။ ပြီးမှ လူက ထို





www.burmeseclassic.com

www.burmeseclassic.com

သစ်သားစိတ်ကို ခွဲ၍ဓားမဖြင့် ရွှေပေးရသည်၊ သစ်သားစိတ်တစ်ခုလုံး ရွှေပြီးသွားလျှင် လိုအပ်သော ခြောက်ပတ်လည် လေးဆယ်ကျတိုင်တစ်လုံး ရရှိလေတော့သည်၊ သစ်တစ်ဖြတ်လျှင် တိုင်လေးလုံး ရရှိလေတော့သည်၊ အိမ်တစ်လုံးစာတိုင်များ ရရှိအောင် သစ်လုံးများကို ဆက်ခွဲကာ ဓားရွှေယူခဲ့ကြရလေသည်၊

"ဟေ့ - ဖိုးခင်ရေ - ငါတို့လှဲထားတဲ့ သစ်ပင်ကြီးက တိုင်ရှစ်လုံးပဲ ရတယ်ဟေ့"

"ဟင် - ဒါဖြင့် - နောက်ထပ်လိုတဲ့ တိုင်တွေရဖို့ သစ်တစ်ပင် ထပ်လှဲရဦးမှာပေါ့နော်"

"အေးကွ - တစ်ပင် ထပ်လှဲဦးမှဖြစ်မှာ"

"ကျွန်တော်တော့ ဒီအနီးအနားမှာ တိုင်ရနိုင်မယ့်သစ်ပင် မတွေ့မိဘူးဗျ၊ တခြားနေရာကို လိုက်ရှာကြရမှာပဲ"

သူတို့ဆရာတပည့်နှစ်ယောက် လိုအပ်နေသောတိုင်များရရှိရန် နောက်ထပ်ခုတ်လှဲရမည့်ပျဉ်းကတိုးပင် ဖြောင့်ဖြောင့်စင်းစင်း တစ်ပင်ကို လိုက်လံရှာဖွေနေကြသည်၊

"ဟာ - ဒီအပင်က ဖြောင့်လည်း ဖြောင့်၊ ရှည်လည်း ရှည်တယ်ဟေ့၊ ဒီအပင်ကို လှဲရင် ကောင်းမယ်"

ထွေးမောင်က ဖိုးခင်ပြသော ပျဉ်းကတိုးပင်ကို သေချာစွာ ကြည့်လိုက်သည်၊ အပေါ်ဘက်တွင် အခြားအပင်မှ တက်လာသော နွယ်များနှင့် ရစ်သိုင်းနေသည်၊

"အင်း - အပင်ကတော့ ကောင်းပါရဲ့ကွာ၊ အပေါ်ဘက်မှာ နွယ်တွေ ယှက်နေတယ်ကွ၊ လှဲရင် လိုတဲ့နေရာ မလဲကျတတ်ဘူး"

"ဟာဗျာ - ကိုထွေးမောင်ကလည်း အဲဒီရစ်သိုင်းနေတဲ့ နွယ်တွေကို ရှာပြီး လိုက်ဖြတ်ပစ်မယ်ဗျာ၊ ပြီးမှ လှဲချကြတာပေါ့၊ ဒီလိုဆိုရင် နွယ်တွေ အလိုက်သင့် ပါသွားကြမှာပဲ"

ထိုသို့ဖြင့် ဖိုးခင်က နွယ်များကို ရှာဖွေကာ ဓားဖြင့် ဖြတ်တောက်ပစ်နေသည်၊ နွယ်အားလုံး တစ်ခုမကျန်ဖြတ်တောက်ခဲ့သည်၊

"ကဲဟေ့ - ဖြတ်ကြမယ်"

"သစ်ပင်ကိုတော့ တောင်ကုန်းစောင်းပေါ်ကို လှဲချရမှာပဲကွ၊ ဒါမှ ဓားရွှေလို့ အဆင်ပြေမှာ"



သူတို့ ယခင်အပင်လှဲသကဲ့သို့ပင် လွှရာနှစ်ချက်ဖြင့် ပါးဟက်ဟက်ကာ လွှဆွဲတိုက်ချလိုက်သည်၊ သစ်ပင်ကြီး တဖြည်းဖြည်း ယိမ်းယိုင်ကာ လဲကျလာသည်၊ သို့သော် ကုန်းစောင်းမြေပြင်ပေါ် သို့မကျ၊

"ဟာ - သစ်ပင်က နွယ်တွေနဲ့ ပတ်ရစ်နေပြီး မြေပြင်ပေါ် မကျဘဲ လမ်းခုလတ်မှာတင် တန်းလန်းကြီး ဖြစ်နေပါလားဟ"

သစ်ပင်မြေပြင်ပေါ် ကျစေရန် လုပ်ရမည်မှာ အန္တရာယ်များလှသည်၊ ပတ်ရစ်နေသော နွယ်များကို တက်ဖြတ်ပေးရမည်ဖြစ်သည်၊ ထိုသို့ တက်ဖြတ်လျှင် သစ်ပင်အောက်သို့ ကျပါက သစ်ကိုင်းများက တက်ဖြတ်သူအား ရိုက်ချနိုင်၏၊

"ခက်ပြီကွာ - တက်လည်းမဖြတ်ရဲ၊ သစ်ပင်ကလည်း အောက်ကို မကျနဲ့"

ထိုသို့ပြောနေကြစဉ် နွယ်များမှာ သစ်ပင်၏ အလေးချိန်ကြောင့် တအိအိ ပြတ်ကာ သစ်ပင်ကြီး ရုတ်တရက် အောက်သို့ ကျလာတော့၏၊

"ဟော - ဖိုးခင် - ပြေးပြေး - မင်းရပ်နေတဲ့အပေါ်တည့်တည့်ကို သစ်ပင်ကြီး ကျလာတာဟေ့"

ဖိုးခင် ပြေးထွက်သွားခဲ့၍သာ သစ်ပင်မဖိမိခြင်းဖြစ်သည်၊ သစ်ပင်မှာ လွတ်လွတ်ကျွတ်ကျွတ် ကျရခြင်းမဟုတ်ဘဲ နွယ်တစ်ကြိုးပြီးတစ်ကြိုး ပြတ်ပြီး ကျရခြင်းကြောင့်ဖြစ်ထားသောအရှိန်ဘက်သို့ နောက်ဆုတ်လာပြီးမှ မြေပြင်ပေါ်ကျလေရာ ထွေးမောင်ရှိသော နေရာနားမှ သီသီလေး မှတ်ကျသွားခဲ့ခြင်းဖြစ်သည်၊

"ကံကြီးပေလို့ဟေ့ - ဒီသစ်ပင် အရှိန်ကြီးနဲ့သာ ဝင်ဆောင့်လို့ကတော့ ပွဲချင်းပြီးပဲကွ"

ထိုကျသွားသော သစ်ပင်ကြီးကို ပိုင်းဖြတ်ကြတော့၏၊ ညနေစောင်းတွင် ရုတ်တရက် လေနီကြမ်းတိုက်ခတ်လာသဖြင့် သူတို့ ခဏနားကာ အခြေအနေကို စောင့်ကြည့်နေကြ၏၊ လေမှာ အတော်ကြမ်းလာသဖြင့် သစ်ကိုင်းသစ်ပင်များ ယိမ်းနွဲ့နေကာ လဲသည့်အပင်က လဲကျ၏၊ သစ်ကိုင်းများလည်း ချိုးကျခဲ့လေသည်၊



www.burmeseclassic.com

www.burmeseclassic.com

“ဖိုးခင်ရေ - မဖြစ်တော့ဘူးထင်တယ်၊ ဟော့ - တော်တော်ကြာ သစ်ပင်၊ သစ်ကိုင်းပိုလို့ဟုတ်ပေ့ဖြစ်နေလိမ့်မယ်ကွ၊ လွတ်ရာကို ရှာပြီး ရှောင်နေရအောင်”

သူတို့နှစ်ယောက် သစ်ပင်ကျဲကျဲရှိသောနေရာသို့ အရောက်သွားနေကြရ၏၊ နေဝင်မိုးချုပ်ခါနီးမှ လေငြိမ်သွားတော့၏။

ညနေစာကို လျှင်လျှင်မြန်မြန် ချက်ပြုတ် စားသောက်ခဲ့ရလေသည်၊ ညဘက်တွင်တော့ လေလည်း ငြိမ်နေပြီ၊ တစ်နေကုန် ပင်ပန်းထားမှုကြောင့် သူတို့ စောစောအိပ်ပျော်နေခဲ့ကြသည်။

“ဖောင်း - ဖောင်း - ဖျင်း - ဖျင်း”

ထိုအသံများကြောင့် သူတို့ လန့်နိုးခဲ့ကြ၏၊ ကောင်းကင်ပြင်ကြီးတစ်ခုလုံး ရဲရဲနီနေ၏။

“ဟာ - ဘာဖြစ်တာလဲဟ”

“ဟင် - တောမီးလောင်လာနေပါလား”

“ညနေက လေပြင်းတိုက်လို့ သစ်ကိုင်းချင်း ပွတ်ပြီး တောမီးလောင်တာဖြစ်မယ်ကွ”

သူတို့နှစ်ယောက် ခပ်လှမ်းလှမ်းမှ မီးလောင်နေသည်ကိုကြည့်ပြီး လေဘယ်အရပ်က တိုက်နေသည်ကို သစ်ရွက်ခြောက်ချေမွ၍ ပစ်ချကြည့်ပြီး ပစ်ချကြည့်ကြ၏။

“ဟာ - လေက ငါတို့ဘက်ကိုတိုက်နေတာပါလား”

“ဒီလိုဆို မဖြစ်ဘူးဟေ့၊ ပြေးကြမှပဲ၊ တောမီးက တစ်ခဏလေးနဲ့ ဒီနေရာကို ရောက်လာမှာ၊ ပြေး - ပြေး - ပြေးပေတော့ဟေ့”

မှန်ပေသည်၊ သစ်တောထဲတွင် တောမီးလောင်လျှင် လောင်စာတွေက နေရာအနှံ့မှာရှိနေသည်၊ မီးလောင်လျှင်လည်း မီးလောင်ရာ လေပင့်ဆိုစကားအတိုင်း မီးလောင်သောနေရာတစ်ဝိုက်တွင် မီးအပူကြောင့် လေများ ပူပြီး လွင့်သွားသဖြင့် ထိုနေရာတွင် လေဟာနယ်ဖြစ်သွားခဲ့သည်။ ထိုလေမရှိသော လေဟာနယ်သို့ အခြားအရပ်ဘက်မှ လေအေးများ ဝင်ရောက်တိုက်ခတ်လာခဲ့ခြင်းကြောင့် မီးအားများမှာ တစ်ခဏချင်းမှာပင် အရှိန်ပြင်းစွာ လောင်ကျွမ်းသွားတော့၏၊ လူ့ဆိုထားနှင့် အပြေးမြန်လှသော သားကောင်များပင်လျှင် မီးလောင်သည်ကို အဝေးက မြင်သည်နှင့် လွတ်ရာသို့ ကြိုတင် ပြေးကြ၏၊ ထိုသို့ပြေးရာတွင် တချို့လည်း လွတ်၏၊ တချို့လည်း မီးထဲပါသွားကာ သေကြေကြရ၏၊ ထို့ကြောင့် သားကောင်တိုင်းလိုလိုပင် တောမီးကို မြင်လျှင် ကြောက်ခဲ့ကြခြင်းဖြစ်လေသည်။

ထွေးမောင်တို့နှစ်ယောက်လည်း လေအောက်ဘက်သို့ ညကြီးမှာ ပြေးလာခဲ့ကြ၏၊ သေရေးရှင်ရေး ပြေးလာခြင်းဖြစ်၍ မကြာခဏဆိုသလို ခလုတ်တိုက်ကာ လဲကျကြ၏၊ လဲရာမှ ထပြေး၏၊ တောမီးကလည်း အရှိအဟုန်ပြင်းပြင်းလောင်ကာ သူတို့ပြေးရာနောက်သို့ လောင်လိုက်လာနေ၏။

“ဟင် - ကျပ်ဟ”

“ဖွမ်း”

“ဟာ - ဒါ မြောင်းထဲက ရေအိုင်ကြီးပဲကွ”

“ကဲ - ဖိုးခင် - ငါတို့ ဒီမြောင်းထဲက ရေအိုင်ထဲမှာ ရေစိမ်နေမှဖြစ်တော့မယ်၊ တောမီးကပြေးလို့လွတ်မှာမဟုတ်တော့ဘူး”

“သူတို့ ပတ်ဝန်းကျင်ကို လောင်နေစဉ်တွင် တောမီးအရှိန်ကြောင့် သူတို့၏ နားရွက်များ၊ မျက်နှာများ ပူလာခဲ့သဖြင့် ရေငုပ်ငုပ်ပေးနေရ၏။



www.burmeseclassic.com

သူတို့နှစ်ယောက် မြောင်းထဲရှိ ရေအိုင်ထဲတွင်ခေါင်းကလေးများဖော်၍ ရေစိမ်နေကြ၏။ မြောင်းပတ်ပတ်လည်ရှိ သစ်ပင်များ၊ ဝါးရုံတောများ၊ သစ်ရွက်ခြောက်များအား တစ်မဟုတ်ချင်း လောင်ကျွမ်းသွား၏။ သူတို့ ပတ်ဝန်းကျင်ကို လောင်နေစဉ်တွင် တောမီး အရှိန်ကြောင့် သူတို့၏ နားရွက်များ၊ မျက်နှာများ ပူလာခဲ့သဖြင့် ရေငုပ်ငုပ် ပေးနေရ၏။ မီးမှာ သူတို့ရေဆင်းစိမ်နေသောမြောင်းကမ်းပါးရှိသစ်ရွက်ခြောက်၊ သစ်ပင်၊ မြက်ပင်များအထိလောင်လာခဲ့၏။ မကြာမီ မီးမှာ အောက်ဘက်သို့ လောင်သွားကာ သူတို့နှင့် ဝေးသွားတော့၏။

"အင်း - တော်ပါသေးရဲ့ကွာ၊ ဒီမြောင်းထဲကျပြီးရေအိုင်ထဲဆင်းစိမ်နေနိုင်လို့ ငါတို့ မီးထဲ ပါမသွားခဲ့ကြတာ"


ထိုညက ရေအိုင်ထဲမှတက်၍ ကျောက်တုံးတွေပေါ်မှာပင် ခြင်ကိုက် ဖြုတ်ကိုက်ခံရကာ မိုးလင်းခဲ့ရသည်။ မိုးလင်းမှပင် မီးလောင်ပြင်ကို နင်းကြည့်ရာ မပူတော့သဖြင့် သူတို့ တိုင်ခွဲထားသောနေရာသို့သွားရောက်ကြည့်ကြရာ သူတို့၏စားရိက္ခာများ မီးထဲပါသွားခဲ့၏။ တူ၊ ပုဆိန်၊ ဖျဉ်းစားမဲ့တို့မှာ အရိုးများ မီးလောင်သွားပြီး ငုတ်တိတိ ဖြစ်ကျန်ခဲ့၏။

"ဟင် - သွားပါပြီကွာ"

"ငါတို့ခွဲပြီး ရွေးထားတဲ့တိုင်တွေလည်း တချို့တစ်ပိုင်း မီးလောင်သွားပြီကွ"

စားရိက္ခာလည်း မရှိကြတော့၊ ရွေပြီးသား တိုင်များလည်း မီးထဲပါကာ သုံးမရတော့သဖြင့်စိတ်ပျက်ကာ ရွာသို့သာ ပြန်လာခဲ့ကြလေတော့သည်။

▶ တင့်ထူး (ဇေယျဝတီ)



www.burmeseclassic.com

## အညာအရပ်

ဒေသသို့ ခရီးမဆန့် ဖြစ်ခဲ့သည်မှာ နှစ်ကာလ အတော်ပင် ကြာခဲ့ပေပြီ။

ဤတွင် ကံအားလျော်စွာ မိတ်ဆွေကြီး ကိုခင်မောင်ညို့က အညာအရပ်ဒေသရှိ "တောစိမ်း" အမည်ရ သူ၏ ရပ်ရွာ၌ မရှိနှမ်းပါးသူကလေး သူငယ်ချင်းအား ရှင်ပြုအလှူတော်မင်္ဂလာကျင်းပမည် ဖြစ်သည့်အတွက် အတူတကွ လိုက်ခဲ့ပါရန် ဖိတ်ခေါ်သည့်အတွက် ရေငတ်နေတုန်း ရေသန့်ဘူးရောက်လာသည့်ကိန်း ဆိုက်သွားခဲ့ရ၏။

"လိုက်ခဲ့မယ်ဗျာ၊ အညာဒေသဆီ ခရီးမဆန့် ဖြစ်တာလည်း အတော်လေး ကြာခဲ့ပြီဆိုတော့ သွားချင်နေတာနဲ့ အတော်ပဲ။ ဒါထက် – ကျုပ်ရဲ့မိတ်ဆွေကြီး ဂန္ဓာရီဆရာမြကိုလည်း ခေါ်ခဲ့ချင်တယ်၊ ဖြစ်ပါ့မလား ကိုခင်မောင်ညို"

"ဟာ – ဒါများ ပြောနေရမှာလား စာရေးဆရာရယ်။ ဂန္ဓာရီဆရာမြဆိုတာ ကျွန်တော်ကြည်ညိုတဲ့ ပုဂ္ဂိုလ်မို့ စာရေးဆရာသာ အပါခေါ်လာနိုင်ခဲ့ရင် အတိုင်းထက် အလွန် တံခွန်နဲ့ ကုက္ကားဆိုသလို ပေါ့ဗျာ"

ကိုခင်မောင်ညို့ကား ကျွန်တော်၏ မိတ်ဆွေကြီး ဂန္ဓာရီဆရာမြအား စာတွေ့သာမက မျက်မြင်ပါ လေးစားခင်မင်ရင်းနှီးနေသူဖြစ်၏။ ထို့ကြောင့်ပင် ကျွန်တော်တို့နှစ်ယောက်သားလည်း အညာဒေသသို့ ဆိုက်ရောက်ဖြစ်ခဲ့ပါသတည်း။

✦ ✦ ✦

ဇာတိရပ်ရွာက တောသူဌေးလေးအဖြစ် သတ်မှတ်ထားကြသော ကိုခင်မောင်ညို့ကား ဧည့်ဝတ်ကောင်းဝတ် လွန်စွာမှ ကျေပွန်သူ ဖြစ်ချေ၏။ ကျွန်တော်နှင့် ဂန္ဓာရီဆရာမြတို့အား လွတ်လပ်စွာ အညီးခံနေထိုင်ရန်အတွက် ၎င်းပိုင်ဆိုင်သော ဥယျာဉ်ခြံဝင်းကျယ်ကြီး၌ သီးသန့်ဆောက်လုပ်ထားသည့် လုံးချင်းအိမ်ကလေးတွင် နေရာချထားပေး၏။ အစားအသောက်ကိုလည်း ဖွယ်ဖွယ်ရာရာ ညှဉ့်ခံကျွေးမွေးသည့်အတွက် အားနာရပင်ကောင်းလှချေ၏။ ထိုသို့အရင်းခံစေတနာကောင်းကြသူများမှာ ကာယကံရှင် ကိုခင်မောင်ညို့ တစ်ဦးတည်းသာမက၊ အညာဒေသရှိ တောစိမ်းရွာတစ်ရွာလုံးပင် ဖြစ်ချေ၏။ ကျွန်တော်တို့ ရောက်ကြောင်းပြေ ခြေဆန့်လက်ဆန့် လမ်းလျှောက်ထွက်ပြီဆိုလျှင် အိမ်တိုင်းလိုလို ကပင် ကျွန်ုပ်တို့အား ရေနွေးသောက် ဖိတ်ခေါ်၏။ သည်တော့လည်း စေတနာ အရင်းခံကောင်းကြသော ရွာသူရွာသားများနှင့် ကျွန်တော်တို့မှာ အချိန်ကာလ တဒင်္ဂကလေးမှာပင် ခင်မင်ရင်းနှီးသွားကြတော့သည်။

သည်ဒေသ၌ ကျွန်တော့်အဖို့ စိတ်ဘဝင်မကျစရာ တစ်ခုရှိသည်။

ဒါက တခြားမဟုတ်။

ရပ်ရွာ၌ စာကြည့်တိုက်မရှိသကဲ့သို့ ကျွန်တော်တို့ ရေနွေးသောက် ဝင်မိကြသည့် အိမ်တိုင်းမှာလည်း မည်သည့် စာအုပ်စာစောင်ကိုမျှ မတွေ့ရခြင်းပင်။ သည့်အတွက်ကြောင့်လည်း ဂမ္ဘီရစာပေစုံထောက်စာပေ ဖတ်ရှုကြသူတိုင်း ကျွန်တော်၏ ကလောင်အမည်ကို ကြားလိုက်သည်နှင့် ...

"ဩော် – ဂန္ဓာရီဆရာမြအကြောင်းကို ဖတ်လို့ ကောင်းအောင် ရေးတဲ့ စာရေးဆရာကိုး"

ဟု အသိအမှတ်ပြုသွားကြသော်လည်း ယခု ကျွန်တော်တို့ရောက်နေသော ရွာကလေးကမူ ကျွန်တော်၏ ကလောင်ကိုလည်း မသိ၊ ဂန္ဓာရီဆရာမြကိုလည်း မသိကြပေ။ စာရေးဆရာဟု

မျက်လှည့်ပညာကို
အသုံးချခဲ့သည့် လူလိမ်လူညာများအား
ဘိုးတော်တုအဖြစ် ဖော်ထုတ်
အရေးယူလိုက်ပုံကို ဖတ်ရှုရမည့် ..

www.burmeseclassic.com



တစ်မြန်နေ့က ရောက်တော့ အုံ့ညြစရာတွေ တွေ့ရတယ်–ဆရာမြ။ သူ့ရှေ့ရောက်လာတဲ့ ပရိသတ်ရှေ့မှာရှိတဲ့ ဂမုန်းပြောက်ကျားရွက်တွေကို သူ့လက်စွဲတော်တောင်ဝှေးနဲ့ အသာကလေး ထေ့လိုက်တာ။ အရွက်တွေက အသက်ဝင်လာသလိုပဲ။ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတယ်–ဆရာမြ။ အဲ–ပြီးတော့–သူ့တပည့်ဆက်တဲ့ ကွမ်းကို ဝါးပြီး ပါးစပ်ကို ဟလိုက်တော့ အာခံတွင်းထဲကနေ မီးခိုးငွေ့တွေ ထွက်လာသတဲ့ ဆရာရယ်။ ❞

သည်အလှူမင်္ဂလာဖိတ်စာ၊ မွေးနေ့ဖိတ်စာ၊ နာရေးဖိတ်စာတို့ကို အစီအစဉ်ကျနအောင်ရေးသားသည့် "စာစီစာကုံးသမား" ဟုပင်မှတ်ထင်နေကြရာကျွန်တော့်စိတ်ထဲ ဘဝင်မကျဖြစ်နေသလောက် မိတ်ဆွေကြီးဂန္ဓာရီဆရာမြမှာမူလက်စွဲတော်ဆေးပြင်းလိပ်ကြီးကိုခဲလျက်မြိန့်မြိန့်ကြီးပြုံးနေပါတော့၏။

"အဲဒါမကောင်းဘူးလားကိုရင်ရယ်။ ကိုရင့်အဖို့စာရေးရတာ အချိန်အများကြီးရတဲ့အပြင် အနှောင့်အယှက်လည်း မရှိတော့ဘူးပေါ့။ ကျုပ်လည်းပဲ အမှုအခင်းလာတိုင်ပင်တာတွေနဲ့ ဝေးပြီး အကြီးအကျယ် စိတ်ချမ်းသာရပါသကောဗျာ"

မိတ်ဆွေကြီး ဂန္ဓာရီ ဆရာမြကား မည်သည့်နေရာသို့ မည်သည့်အခြေအနေနှင့်ရောက်ရောက်ကျေနပ်အောင်နေတတ်သော ပုဂ္ဂိုလ်ရယ်ပါတည်း။

အလှူရက်ကား မကြာခင် ရောက်လာပေတော့မည်။

သည့်အတွက် ရပ်မိရပ်ဖများ၊ ကာလသားခေါင်းများ စုဝေးကာ ကိုခင်မောင်ညို၏ အိမ်၌ အစည်းအဝေး လုပ်ကြ၏။ ကျွန်တော်နှင့် ဂန္ဓာရီဆရာမြတို့ကား ဧည့်သည်ပီပီ နားထောင်ရုံသက်သက်။

"အလှူအတွက် ချက်ဖို့ ပြုတ်ဖို့အတွက် ချက်ပြုတ်ရေးအဖွဲ့က တာဝန်ယူထားတယ်ဆိုတော့ ချက်ပြုတ်ဖို့ လိုအပ်တဲ့ ထင်းရရှိရေး၊ ရေလုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ကျုပ်တို့ တာဝန်ထားမျိုး"

"ဧည့်ခံကျွေးမွေးရေးအတွက်လည်း မပူပါနဲ့။ ကျုပ်တို့ ကာလသမီးအဖွဲ့က ထောင့်စေ့အောင် ဧည့်ခံမှာပါဗျာ"

"မဏ္ဍပ်ဆောက်လုပ်ရေး၊ ထမင်းစားရုံဆောက်လုပ်ရေးဒါတွေအတွက်လည်း ကျွန်တော်တို့ တာဝန်ထား"

"ရှင်လောင်းလှည့်ဖို့ကိစ္စမှာလည်း အစစအရာရာ အဆင်ပြေရစေပါမယ်"

"အဲ – ကျွန်တော်တို့ ကျေးရွာတတစ်နှစ်မှာမှ တစ်ခါဆိုသလို သည်လိုမျိုး ပွဲတော်ကြီးနဲ့ ကြုံရတဲ့အခိုက် ပိုပြီး မြိုင်ဆိုင်သွားရလေအောင် ဆိုင်းတော့ ထည့်ပေးပါ – ဆရာညို"

"ဟုတ်တယ် – ဟုတ်တယ်၊ ဆိုင်းကောင်းကောင်း ထည့်ပေးပါ"

ရွာသူရွာသားအားလုံး၏တစ်ခဲနက်တောင်းဆိုမှုကြောင့် ကိုခင်မောင်ညိုမတ်တတ်ရပ်လိုက်သည်။

"သည့်အတွက် ကျွန်တော် စီစဉ်ထားပြီးသားပါဗျာ။ ကျွန်တော်တို့နယ်မှာ အကြိုက်တွေ့နေကြတဲ့ "ရွှာစားကျော်နတ်မောက်စိန်လင်း" မင်္ဂလာရွှေဆိုင်းတော်ကို ငှားထားပါတယ်။ ဆိုင်းလူရွှင်တော်တွေကလည်း နာမည်ကြီးတွေပါ၊ မဟာမြိုင် အံ့ဖွား၊ ကျိုက်လတ်ပေတုံး၊ ဖက်တီးဝင်းမောင်တို့အပြင် အဆိုတော်တွေကလည်း တကယ့်နိုင်ငံကျော်တွေ၊ အလှူညနဲ့ရှင်မကန်ညတွေအတွက်ငှားထားတာမို့ စိတ်ကြိုက် အားပါးတရ ဧည့်ခံသွားမှာပါ"

"ဟေး – ဒါမှ တို့ဆရာညိုကွ"

အစည်းအဝေးတက်ရောက်သူ အပေါင်း၏နှစ်ထောင်းအားရ ဟစ်ကြွေး





www.burmeseclassic.com

www.burmeseclassic.com

လိုက်သံက တောစိမ်းတစ်ရွာလုံးကိုပင် ပဲ့တင်ထပ်သွားလောက်၏။ အစည်းအဝေးပြီးပြီဆိုတော့ တချို့လည်း ပြန်သွားကြ၏။ ကျန်တချို့လည်း အမဲခြောက်ဖုတ် ဆီဆမ်းနှင့် ရေနွေးကြမ်းသောက်ရင်း ကျန်နေရစ်ခဲ့ကြ၏။ ထိုလူစုထဲ၌ ကျွန်တော်နှင့် မျက်မှန်းတမ်းနေမိသူ မောင်ဘိုကေဆိုသူကား သွက်သွက်လက်လက်၊ ချက်ချက်ချာချာ ရှိလှ၏။

"ဗျို့-ဆရာလေး၊ ကျုပ်တို့ ဒီကအပြန် "တောင်စိမ်း" ကိုသွားမလို့၊ လိုက်ချင်ရင် လိုက်ခဲ့ကြပါလား"

"ဘာတုံး - မောင်ဘိုကေရဲ့ တောင်စိမ်းဆိုတာ"

"ရွာပဲလေ - ကျွန်တော်တို့ရွာက တောစိမ်း၊ ခု သွားမှာက တောင်စိမ်းတဲ့"

"ဘယ်လိုအကြောင်းကိစ္စများရှိပေလို့လဲ - မောင်ဘိုကေရယ်"

ကျွန်တော်၏နှုတ်ဖျားမှ စကားလုံးများက ကရားရေသွန်ဖြစ်နေသလောက် မိတ်ဆွေကြီး ဆရာမြမှာမူ ဆေးပြင်းလိပ် အကျွတ်မခံနိုင်လောက်အောင် ဣန္ဒြေကြီးလွန်းလှပါသိ၊

"ရှိတာပေါ့ - ဆရာလေးရယ်၊ တောင်စိမ်းကို ဝစီပိတ် ဆရာတင်ဆိုတဲ့ ပုဂ္ဂိုလ်ထူးကြီး ရောက်နေတာ တစ်ပတ်လောက်ရှိရောမယ်၊ သူ့သတင်းက ရွာနီးချုပ်စပ် ဟိုးဟိုးကျော်နေတာ ခင်ဗျ"

"ဘယ်လိုမျိုး ကျော်တာတဲ့လဲ၊ လုပ်ပါဦး - မောင်ဘိုကေရယ်"

သည့်စကားရှင်က မိတ်ဆွေကြီး ဆရာမြပင် ဖြစ်၏။ စကားဣန္ဒြေ ကြီးလှစွာသော ဆရာမြသည် ရင်းစိတ်ဝင်စားသော အကြောင်းကို စွရပ်ရှိ လျှင် အပြောင်းအလဲမြန်ဆန်သွားရလေကား အကြောင်းသိဖြစ်သော ကျွန်တော့်အဖို့ ဘာမျှမထူးဆန်းပါချေ။

"သည်လို - ဆရာမြရဲ့၊ ဝစီပိတ် ဆရာတင်ဆိုတဲ့ ပိတ်ဖြူဝတ် ပုဂ္ဂိုလ်ကြီးဟာ စကားမပြောဘဲ ဝစီပိတ်အဖြစ်နဲ့ နယ်လှည့်ပြီး၊ အဓိဋ္ဌာန် ကျင့်နေတာ၊ တောင်စိမ်းရွာဟာ နောက်ဆုံးတဲ့ဗျ"

"နေပါဦး - သူက စကားမပြောဘူးဆိုတော့ သူနဲ့ ရွာသူရွာသားတွေ ဘယ်လိုများ ဆက်ဆံကြသတဲ့လဲ"

"ဆရာတင်က စကားမပြောပေမဲ့ လက်ဟန်ခြေဟန်ကတော့ လှုပ်ရှားပြပါတယ်၊ သူ လှုပ်ရှားပြသမျှကို သူနဲ့ ပါလာတဲ့ တပည့်ဆိုတဲ့ "ကျွဲသိုး" ဆိုတဲ့ သူက စကားအဓိပ္ပာယ် ဖော်ပေးတယ် ဆရာ၊ အဲသည် ဆရာရဲ့ စွမ်းချက်ကတော့ တကယ့်ကို အံ့ဩလောက်ပါပေရဲ့ ဆရာရယ်"

"ကိုယ်တွေ့မျက်မြင်ကလေးများရှိရင် အဲသည်ဆရာရဲ့ ထူးခြားစွမ်းရည်ကလေးတွေ ပြောပါလား - မောင်ဘိုကေ"

"ဟုတ်ကဲ့ - ကျွန်တော် တစ်မြန်နေ့က ရောက်တော့ အံ့ဩစရာတွေ တွေ့ရတယ် ဆရာမြ၊ သူ့ဆီရောက်လာတဲ့ ရှိသတ်ရေမှာရှိတဲ့ ဂမုန်းပြောက်ကျားရွက်တွေကို သူ့လက်စွဲတော်တောင်ဝှေးနဲ့ အသာကလေး ဖွလိုက်တာ၊ အရွက်တွေက အသက်ဝင်လာသလိုပဲ၊ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတယ် ဆရာမြ၊ အဲ - ပြီးတော့ သူ့တပည့်ဆက်တဲ့ ကွမ်းကို ဝါးပြီး ပါးစပ်ကိုဟလိုက်တော့ အာခံတွင်းထဲကနေ မီးခိုးငွေ့တွေ ထွက်လာသတဲ့ - ဆရာရယ်၊

သည်တော့ ဘုရားတည်ဖို့အဓိဋ္ဌာန်နဲ့ ရောက်လာတဲ့ ဝစီပိတ် ဆရာတင်ကို တောင်စိမ်းက သာမကဘဲ ရွာနီးချုပ်စပ်ကပါ ရောက်လာသူတွေက ကြည်ညိုပြီး လှူလိုက်ကြတာ ငွေတွေ မနည်းဘူးသွားတယ်ဆရာ၊

အဲသည်ငွေတွေကိုလည်း ဆရာတင်က လက်နဲ့ မထိပါဘူး၊ အိမ်ရှင်နဲ့ ရပ်မိ ရပ်ဖတစ်ဦးကို အများရဲ့ရှေ့မှာ အရေအတွက်ကို စာရင်းဇယားနဲ့ မှတ်နိုင်းတယ်၊ သဘောကတော့ ကိုယ်ကျိုးမပါဘဲ သာသနာပြုဖို့ သက်သက်အတွက်ဆိုတဲ့ သဘော၊ သည်တော့ အားလုံးဟာ ကြည်ညိုပြီး တစ်နေ့တစ်နေ့ တောင်စိမ်းကို သွားကြတာ လူတွေ မစဲတော့ဘူးတဲ့ - ဆရာမြ"

"အေးပေါ့ - မောင်ဘိုကေရယ်၊ တကယ်ထူးခြားနေတော့လည်း ဟုတ်လို့ ကျော်တဲ့ သဘောပဲပေါ့"

"အဲဒါကြောင့် ဆရာတို့ကို လိုက်ခဲ့စေချင်လို့ ခေါ်တာပေါ့၊ သည်ကနေ့က ရှားတောင့်ရှားပါး၊ ပေါ်င်တစ်ရာ ရေခဲတုံးပေါ်မှာ ဘာအခင်းမှမပါဘဲ တစ်နာရီတိတိ ကမ္မဋ္ဌာန်းထိုင်ပြမှာတဲ့၊ အဲဒါပြီးရင် စခန်းသိမ်းဆိုပဲ၊ သည့်အတွက် တောင်စိမ်းက လူတွေပြီးတော့ သူ့အပေါ်ကြည်ညိုသူတွေကိုမစတဲ့အနေနဲ့ ရှေ့ကို နစ်ဆပွားအောင် လုပ်ပေးမတဲ့၊ ကျွန်တော်လည်း ငါးမူးသား လက်စွပ်ကလေး နစ်ဆ ပွားရအောင် ယူလာခဲ့သေးတယ်"

"တယ်ဟုတ်ပါကလား - မောင်ဘိုကေရယ်၊ ဒါကော စာရင်းဇယားလုပ်သလား၊ တော်ကြာ မှားကုန်မှာ စိုးလို့ပါ"

www.burmeseclassic.com

"ဟာ - လုပ်တာပေါ့ ဆရာမြရဲ့ တစ်ဦးချင်းစီရဲ့ပစ္စည်းကို အမည်၊ အမျိုးအစား၊ အလေးချိန်မှန်ပြီး စက္ကူအိတ်ကလေးထဲပိတ်လို့မောင်းထောင်ချိုင့်ထဲထည့်ရတာကလား"

"ကိုင်း - ကိုရင်ရေ၊ ကျုပ်တော့ ဟောဒီကမောင်ဘိုကေအညွှန်းကောင်းတာနဲ့ တောင်စိမ်းကို လိုက်သွားမယ်ဗျို့ ကိုရင့်အတွက်လည်း တကယ့်စာပေ ကုန်ကြမ်းရမှာမို့ မလိုက်ဘဲ မနေစဲ့နဲ့နော်"

"ဪ - ခဏနေကြဦး၊ ကျုပ်တို့ မောင်ဘိုကေနဲ့ ခဏလိုက်သွားမယ့် အကြောင်း ကိုခင်မောင်ညိုကို အကျိုးသင့် အကြောင်းသင့် ပြောဖို့ လိုလိမ့်မယ်"

သို့ဆိုပြီးသကာလ သည်ရွာရောက်ကတည်းက မထုံတက်သေးရှိလှသော ဂန္ဓာရီဆရာမြသည် အုံ့သြဖွယ်ကောင်းလောက်အောင် မြူးကြွသွက်လက်၍ လုပ်ဆောင်စရာရှိသည်များလုပ်ဆောင်ကာမောင်ဘိုကေခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားခဲ့ကြပါတော့သည်။

✦ ✦ ✦

တောင်စိမ်းဟူသော ရွာကလေးမှာ ကိုခင်မောင်ညိုတို့ တောစိမ်းနှင့် သိပ်တော့ ဝေးလှသည်မဟုတ်။ လယ်ကန်သင်းပေါ်မှမိနစ်အစိတ်ခန့်လျှောက်သွားလျှင်ပင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်တော့သည်။

စိုက်ပျိုးရေးကို အဓိကထားရာဝယ်သီးနှံတွေအထွက်ကောင်း၍လောမသိ၊ ရွာနေအိမ်ခြေအတော်များများပင် အိမ်ကြီး ရခိုင်တွေ ဖြစ်ကြ၏။ စီးပွားရေးသောင်သာသည့်ပြယုဂ်ပင်ဖြစ်ပေလိမ့်မည်။ အိမ်ဝိုင်းတစ်ဝိုင်းနှင့် တစ်ဝိုင်းမှာ အကျယ်ကြီးဖြစ်သကဲ့သို့ ခြံအတွင်း၌ ဖေါက်နေသော သက်ရင့်မန်ကျည်းပင် ထနောင်းပင်ကြီးများမှာ အုပ်ဆိုင်းဝေဆာလျက် ရှိချေ၏။

"နွေ - ထနောင်း၊ ဆောင်း - မန်ကျည်း" ဟူသော စကားနှင့် အညီ ဆောင်းယွန်းတော့မည့်ကာလမှာပင် မန်ကျည်းပင်အိုကြီးများ၏ အရိပ်သည် အိမ်ဝိုင်းတစ်ခုလုံးအား နေအရောင်ကို ကာကွယ်ပေးထားရာ လွန်စွာမှ နေထိုင်၍ ဥတုသပ္ပါယ မျှတလှပေ၏။

"ရှေ့က အိမ်ဝိုင်းဟာ ဦးဘိုးလူရဲ့ အိမ်ဝိုင်းပဲ ဆရာလေး၊ အဲသည်အိမ်မှာ ဝစီပိတ်ဆရာတင့် စတည်းချတာ"

ဟုတ်ပေမည်။ အဆိုပါ အိမ်ဝိုင်း
ာလေးအတွင်းသို့ ကျွန်တော်တို့ကဲ့သို့
င် ရွာခံလူများ၊ ရွာနီးချုပ်စပ်မှ လူများ
ည် ဝင်လာမစဲ တသဲသဲနှင့်။ ဦးဘိုးလူ
အိမ်ခေါင်းရင်းမှာတော့ ကနားဖျင်း
စ်ခု ထိုးထားပြီး ရာဇမတ်ကွက်များ
ာ ထားပြီး ကနားဖျင်းထဲမှာမူ ဧည့်
ရိသတ်အတွက် ဖျာကြမ်းများခင်းထား

ဧည့်ပရိသတ်မှာ အပြည့်။

ကျွန်တော်တို့ ရောက်သည့်အချိန်
ယ် ပိတ်ဖြူစင်ကြယ် ဝတ်ထားသော
ပိတ် ဆရာတင်ဆိုသည့်ပုဂ္ဂိုလ်သည်
ည်သည့်အခုအခံမျှမပါဘဲရေခဲတုံးကြီး
တ်ဝယ် တင်ပျဉ်ဖွဲ့ခွေ၍ နေလေ၏။

၎င်း၏နောက်ကျောဘက်မှာတော့
အတော်ရပ်တုများ၊ ပန်းအလှစိုက်ပျိုး
သော ပန်းအိုးများ၊ အုန်း၊ ငှက်ပျော
ဲ့ ဖွဲ့ထိုးထားသည်များကို တွေ့ရလေ
ကနားဖျင်းအတွင်းဝင်ရောက်လာကြ
သော ဧည့်ပရိသတ်အပေါင်းသည်
ပိတ် ဆရာတင်၏ ရေခဲတုံးကျင့်စဉ်
ခင်သပ်ရှုမော အံ့သြကြကုန်လျက်
ားဝပ်မျှရှိခိုးနေကြ၏။ ထိုပရိသတ်

ထဲ၌မောင်ဘိုကေလည်း အပါအဝင်ဖြစ်၏။ ကျွန်တော်နှင့် ဆရာမြကား အခြေအနေအရပ်ရပ်ကို မသိလိုက် မသိဘာသာအကဲခတ်နေမိကြလေသည်။ ထိုစဉ်မှာပင်ဝစီပိတ်ဆရာတင်၏တပည့်ကျော်ကျွဲသိုးထံမှစကားသံထွက်ပေါ်လာလေ၏။

"သူတော်စင် ပရိသတ်အပေါင်းကို အဘ ဝစီပိတ်ဆရာတင်က သာဓုခေါ်ပါသတဲ့၊ ပန်းလိုမွှေးပြီး စမ်းလိုအေးပါစေကြောင်း ဆုမွန်ကောင်း တောင်းပါသတဲ့။

သုခိတာဟောန္တု၊ ဒုက္ခမုစ္စန္တု၊ သတ္တဝါအားလုံး ချမ်းသာကြရလေအောင်၊ ဒုက္ခဆင်းရဲ အပေါင်းကနေ ကင်းလွတ်ကြရလေအောင် စောင်မကြည့်ရှုပါမယ်တဲ့။ အဓိဋ္ဌာန်ပြီးမြောက်လို့ စိတ်အကြံ ခရီးရောက်တဲ့အထိမ်းအမှတ်အနေနဲ့ကိုယ့်မှာရှိတဲ့ ရွှေထည်တွေ နှစ်ဆတိုးပွားရလေအောင်မေတ္တာတုံ့ပြန် စီရင်ပေးမှာမို့ နုပဲ လာအပ်ကြပါ။

စာရင်းဇယားမလွဲရအောင် အိမ်ရှင် ဦးဘိုးလူနဲ့ တကွ ရပ်မိရပ်ဖတွေက စာရင်းပြုစုပေးထားပါလိမ့်မယ်။ မောင်း

www.burmeseclassic.com

ယောင်ချိုင့်ထဲ ရောက်သွားတဲ့ သူတော်ဝင်တို့ရဲ့ရွှေထည်ပစ္စည်းတွေဆိုတာဟာ မနက်ဖြန် ဆိုရင် နှစ်ဆတိုးပြီလို့ သတ်မှတ်လိုက်ပါ။ ကျွန်တော်တို့ရဲ့ဆရာကြီးဟာ သာသနာပြုပုဂ္ဂိုလ်ကြီးမို့ ဘုရားတည်မယ့်အရေးမှာ ကုသိုလ်ပါဝင်တဲ့အနေနဲ့ အလှူငွေတွေလည်း ထည့်ဝင်နိုင်ကြပါတယ်။

ဆရာကြီးက စိတ်မနှောနဲ့ အမိန့်ရှိပါတယ်၊ ဥပုသ်သီတင်း သီလများ ဆောက်တည်ကြပါ။ တရားဘာဝနာများ ပွားများကြပါ။ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို မမေ့မလျော့ဘဲ ဆည်းကပ်ကိုးကွယ်ကြပါ။ မိဘဆရာတို့ရဲ့ဂုဏ်ရည်အထူးကို ရည်စူးအောက်မေ့ကြပါ။ သာဓု - သာဓု - သာဓုပါတဲ့ ခင်ဗျာ"

အတွေ့အကြုံ ရင့်ကျက်လာဟန်တူသည်။ ကျွဲသိုး၏ လေယူလေသိမ်း အပြောအဆိုတို့မှာ လွန်စွာမှ ဥာဏ်ကရိုက်း ကျနလှပေ၏။ ရောက်လာကြသူ စည်ပရိသတ်အပေါင်းမှာလည်း သဒ္ဓါတရား ထက်သန်စွာဖြင့် သွားရောက်လှူဒါန်းကြလေ၏။ ထိုအချိန်ဝယ် ဆရာမြသည် ရုတ်ခြည်းဆိုသလိုပင် ပရိသတ်အကြားမှ ပျောက်သွားပါလေ၏။

"တို့တော့ - ပွပြီဟေ့။ နောက်နေ့ဆိုရွှေနှစ်ကျပ်သား ထည့်ထားတာ လေးကျပ်သား ရတော့မယ်"

"အေးကွာ - ငါလည်းပဲ စစ်စစ်ပေါက်ပေါက် ငါးမူးသားပဲ ရှိပေလို့။ နို့မဟုတ်ရင် ရှိသမျှ ထည့်လိုက်တယ်"

"ဘာပဲပြောပြော၊ ဆရာကြီးဝစီပိတ်ဆရာတင်ဟာ တို့တစ်ရွာလုံးကို လာပြီး မ.စတဲ့ ကျေးဇူးရှင်ပုဂ္ဂိုလ်ထူးကြီးပဲ"

"ဟုတ်ပါရဲ့ - စွမ်းလိုက်ပုံများ ကတော့ သည်လောက်အေးခဲနေတဲ့ ရေခဲတုံးကြီးပေါ်မှာ ထိုင်နေလိုက်တာများ၊ တို့သာဆိုအအေးပတ်တောင့်တင်းပြီး သေသွားခဲ့လို့ သေမှာပဲ၊ ဆရာကြီးကျတော့ ဘာဆိုဘာမျှတောင် မဖြစ်ဘူးနော်"

"သစ္စာသမာဓိရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဘုန်းတန်ခိုး အာနိသင်ပဲပေါ့ကွာ"

ပတ်ဝန်းကျင်မှ တီးတိုးတီးတိုးနှင့် ဝေဖန်စကားသံများက ဝေ့ဝေ့ဝဲဝဲ။

ထိုစဉ်မှာပင် မမျှော်လင့်သော အသံတစ်သံ ထွက်ပေါ်လာလေ၏။ အသံရှင်ကားဘယ်လိုမှထင်မှတ်မထားသော မိတ်ဆွေကြီး ဂန္ဓာရီ ဆရာမြ၏ အသံပေတည်း။

"ရွာသူရွာသားအပေါင်းတို့ခင်ဗျား၊ ကျွန်တော်ပြောတာကို အလေးအနက်နားထောင်ကြပါ။ ခု - ခင်ဗျားတို့ယုံကြည်ကိုးစားအထင်ကြီးနေကြတဲ့ ပုဂ္ဂိုလ်ဟာ အယောင်ဆောင် လူလိမ်လူညာပါ။

သူဟာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ကြာသေးခင်က ထောင်က လွတ်လာတဲ့ ဖဝိဇ္ဇာ ညွှန့်တင်ဖြစ်ပြီး သူ့တပည့် ကျွဲသိုးကတော့ရဲဘက်ပြေးဖောက်ထွင်း ဝိဇ္ဇာ ကျွဲကြီးပဲ"

"ဟေ့လူ - ခင် - ခင်ဗျား - ခင်ဗျား"

"ရွာသူရွာသားအပေါင်းတို့ခင်ဗျား၊ ... အလိမ်အညာတွေပေါ်လာတော့ ဝစီ ... သည်း မပိတ်နိုင်တာ အားလုံးမျက်မြင် ...ယ်တွေ့ပါ"

အခြေအနေက ဝရုန်းသုန်းကား ... ဖြစ်တော့မည့်ဆဲဆဲတွင်ကိုခင်မောင်ညို ... ရောက်လာသည်။ သူနှင့်အတူ ပါလာ ... သူများကား မြို့နယ်ရဲတပ်ဖွဲ့ဝင်များ။

ရဲတပ်ဖွဲ့ဝင်များသည် လျင်မြန်ဖျတ် ... လတ်စွာ ဖဝိဇ္ဇာညွှန့်တင်နှင့်ဖောက်ထွင်း ဝိဇ္ဇာကျွဲကြီးကို လက်ထိတ်ခတ်ပြီးသား ... ဖြစ်၏။

"ရွာသူရွာသားများကို ကျွန်တော် ... ရှင်းပြပါ့မယ်၊ သည်လိုမှ ရှင်းမပြရင်

လည်း အဖြစ်မှန်ကို ကိုခင်မောင်ညိုအပ်ရဲ့ အစည်းအဝေးမှာ မောင်ဘိုကေရဲ့ ပြောစကားအရ ဒီရွာမှာ လူလိမ်တွေ ရောက်နေပြီဆိုတာ တွေးမိလိုက်ပါတယ်၊ သည်ရောက်တော့ ထင်တဲ့ အတိုင်းပါပဲ၊ တကယ့်လူလိမ်လူညာတွေ ဖြစ်နေတာ သိလိုက်ရပါတယ်၊

ဒါကြောင့်ပဲ ဒီရွာကို လာခါနီးမှာ ရဲတပ်ဖွဲ့ကို အကြောင်းကြားပေးဖို့ ကိုခင်မောင်ညိုကို မှာခဲ့တာပါ၊

တကယ်လို့သာ သည် လူလိမ်လူညာနှစ်ယောက်ကို အချိန်မီ မတားဆီးနိုင်ခဲ့ရင် ရွာသူရွာသားတွေ ယုံကြည်စွာ အပ်နှံထားတဲ့ လက်ဝတ်လက်စား ရွှေထည်ပစ္စည်းတွေဟာ သူတို့ဆီ ပါသွားမှာပါပဲ၊ သူတို့ကလည်း မနက်ဖြန် အရုဏ်မတက်ခင်မှာ လစ်ထွက်သွားဖို့ စီစဉ်ပြီးသားပါ၊ ဒါကို စခန်းရောက်ရင် ဖြောင့်ချက်ပေးကြပါလိမ့်မယ်"

သည်တော့မှပင် ကနားချင်းထဲရှိ ရွာသူရွာသားတို့မှာ ဘုရားတ သူတ၊ ရှင်ဘတ် လက်နှင့် ဖိသူဖိ ဖြစ်နေကြတော့သည်၊ ထိုစဉ်မှာပင် မောင်ဘိုကေက တစ်စခန်း ထလာပြီး ပရိသတ်ကြားထဲမှ

www.burmeseclassic.com

ထရပ်ကာ ဆရာမြအား မေးခွန်းထုတ်လာသည်၊

"ဆရာမြကို မေးပါရစေ၊ ဝစီပိတ်ဆရာတင်ဟာ သူ့လက်စွဲတော် တောင်ဝေးကို ဝှေ့ယမ်းလိုက်တာနဲ့ ဂမုန်းရွက်တွေလှုပ်လှုပ်ရှားရှားဖြစ်သွားတာ၊ ကွမ်းဝါးလိုက်ပြီး ပါးစပ်ဟတဲ့အခါ ခံတွင်းကနေမီးခိုးငွေ့တွေထွက်လာတာ၊ ပြီးတော့ သည်လောက်အေးခဲနေတဲ့ရေခဲတုံးပေါ်ကြာနေမြဲမပျက် အချိန်အကြာကြီး ထိုင်နိုင်တာဟာ ဆရာတင်ရဲ့တန်ခိုးသိဒ္ဓိမဟုတ်ဘူးလား"

မောင်ဘိုကေ၏ စကားဆုံးတော့ ပရိသတ်အပေါင်းမှာလည်း ခေါင်းတညိတ်ညိတ်၊ သဘောကတော့ သူတို့လည်း မောင်ဘိုကေနှင့် သဘောတစ်ထပ်တည်းဖြစ်သည့် အနေအထား။

"ကောင်းပါတယ် - အဲသလိုအမေးရှိလာတော့ အားလုံးရှင်းသွားရအောင် အဖြေမှန်ကို ပေးနိုင်တာပေါ့။

ပထမ တောင်ဝေးနဲ့ ရမ်းလိုက်တာ ဂမုန်းရွက်တွေ လှုပ်လှုပ်ရှားရှားဖြစ်သွားရတယ်ဆိုတာက တောင်ဝေးထိပ်မှာ သံလိုက်တုံးကို တပ်ထားပြီး ဂမုန်းရွက်တွေမှာ ဘယ်သူမှမသိအောင် သံမှိုကလေးတွေ ကပ်ထားလို့ပါ"

"ဩော် ..."

"ဒုတိယ ကွမ်းဝါးပြီးတဲ့နောက် ပါးစပ်ဟလိုက်တဲ့အခါ မီးခိုးတွေ ထွက်လာရတဲ့အကြောင်းကတော့ ဖော့စ်ဖရပ်လို့ခေါ်တဲ့ မီးစုန်းဆေးခဲကို ကွမ်းရွက်ထဲထည့်ဝါးလို့ပါပဲ"

"ဟယ်"

"အဲ - နောက်ဆုံး ရေခဲတုံးပေါ်ကို ကြာနေမြဲမပျက် ထိုင်နိုင်တယ်ဆိုတာကတော့ ခြေဖျားတိုင်အောင် ထောပတ်နဲ့ကန့်တို့ကိုခပ်ထူထူလိမ်းထားတဲ့အပြင် ပုဆိုးတစ်ထည်လုံးကိုလည်း သုတ်ထားလို့ပါပဲ။

ဒါတွေဟာ မျက်လှည့်ပညာရပ်ကို လေ့လာတီးခေါက်မိတဲ့သူတိုင်း သိနိုင်တဲ့ ကိစ္စတွေပါပဲ။ တကယ်တော့ လူလိမ်လူညာတွေ မှန်သမျှဟာ ရိုးသားတဲ့ တောသူတောင်သားတွေကို နည်းပရိယာယ်အမျိုးမျိုးသုံးပြီး လိမ်ညာနေကြတာပါပဲ။ အထူးသဖြင့် ရွှေထည်တွေကို နှစ်ဆတိုးအောင် လုပ်ပေးမယ်ဆိုတဲ့ မက်လုံးပေးပြီးလိမ်ညာတဲ့အခါ လောဘသားတွေအဖို့ အလိမ်အညာခံကြရစမြဲပါ။

သည်တော့ လိမ်ညာခြင်းက ကင်းဝေးရအောင် စာပေပဟုသုတတွေကို လေ့လာလိုက်စားကြပါ။ မှုခင်းဆိုင်ရာ စာပေတွေကို ဖတ်ရှုကြပါလို့ ပြောချင်ခဲ့တယ်"

သည်တော့မှ ရွာသူရွာသားအပေါင်းတို့ အဖို့ ဂန္ဓာရီ ဆရာမြအပေါ် ကျေးဇူးတင်မဆုံး ဖြစ်နေကြတော့သည်။ သည့်အတွက် အထူးတလည် မျက်နှာပွင့်ရသူကား တောစိမ်းရွာသား ကိုခင်မောင်ညို ပါတည်း။

ကျွန်တော့်အဖို့ကတော့ အညာဒေသ ခရီးထွက်လာရင်းမှ မမျှော်လင့်ဘဲ တွေ့ ရေးဖွဲ့စရာ ကုန်ကြမ်းတစ်ခု ရရှိ၍ ရွှင်မြူးတက်ကြွနေသလောက် မိတ်ဆွေကြီး ဂန္ဓာရီ ဆရာမြမှာမူကား သူ၏ ပင်ကိုစရိုက်အတိုင်းပင် ဆေးပြင်းလိပ်ကြီးခဲလျက် တကယ့်ကို မထုံတတ်သေး၊

▶ နန္ဒာမိုးကြယ်

**ရှေးထုံးလည်း မပယ်နှင့်**
**ဈေးသုံးလည်း မလွယ်နှင့်**

- ★ ကတ်ကြေး၊ ကွမ်းညှပ် စသည်တို့ကို ဘာမှမပါပဲ မညှပ်ရ။
- ★ ကျောက်နီလက်စွပ်နှစ်ကွင်း ထပ်၍မဝတ်ရ။
- ★ ကိုယ်ဝန်ဆောင်အမျိုးသမီး ခေါင်းအုံးမချုပ်ရ။
- ★ ကိုယ့်ထက်ကြီးသူထက်မြင့်သောနေရာမှာ မထိုင်ရပါ။
- ★ ကျောင်းပစ္စည်း (ဘုန်းကြီးကျောင်း) အိမ်မှာ မသုံးရ။
- ★ စလောင်းဖုံးကို ဖိုခုံလောက်တွင် မအုပ်ရ။
- ★ စာသင်ခုံ၊ စားပွဲများပေါ်တွင် တက်မထိုင်ရ။
- ★ စာအုပ်ဖြင့် ခုံကို ဖုန်မခါရ။




www.burmeseclassic.com

www.burmeseclassic.com

# ချစ်သွေးသစ္စာ

တွင်းကြီးသားတင်ဝင်းဦး

မိဘအပေါ် ထားရှိခဲ့သည့်
သားတစ်ယောက်၏ ကျေးဇူးဆပ်လိုမှု
မေတ္တာတရားကို ဖတ်ရှုရပါမည့် ..



တ်ဝန်းကျင်

ကို အကဲခတ်လိုက်သည်။
ကြည့်မိသော မျက်ဝန်းများထဲတွင် အပူ
ိုင်းရိပ်တို့ကြောင့် မျက်လုံးတွေသည်
ေဝါးနေ၏။ ဘယ်ဆီပဲ ကြည့်ကြည့်
ထံလျှပ်တို့သည် တရိပ်ရိပ်နှင့် ပြေးလွှား
ေတြလေပြီ။ ဘယ်အရပ်က တိုက်လာ
ိသော လေပူလေပွေတစ်ခုက
င်ချက်ခြောက်များကို စည်းကမ်းမရှိ
သယ်ဆောင်လာသလိုဖုန်မှုန့်များကို
ည်းခေါ်လာချေပြီ။ အမှိုက်များနှင့်ဖုန်
သည် သူ့အနီးတစ်ဝိုက်တွင် ကြမ်း
ွာ ဝေ့ဝဲရင်း သူ့ကို ကြမ်းတမ်းစွာ

ကလူကျီစယ်သွားသည်။ သူသည်အခံရ
ခက်စွာဖြင့် မျက်လုံးများကို မှိတ်ထား
လိုက်သည်။ ပြီး - နှာခေါင်းအသက်ရှူ
လမ်းကြောင်းကို ဖုန်တွေ၊ သဲတွေမဝင်
အောင်အသက်အောင့်ထားလိုက်သည်၊
အတော်ကြာမှ မျက်လုံးကိုဖွင့်သည်၊
အသက်ကို ဝအောင်ရှူလိုက်သည်၊

ကြည့်စမ်း ...။ မြင်ကွင်းသည် ပူမြဲပူ
ပြီးလေသည် တိုက်မြဲတိုက်လို့နေသည်၊
အပူရှိန် လွှမ်းခြုံထားသောဝန်းကျင်
သည် သူ့ကို ပူလောင်စွာနှင့် နှိပ်စက်မြဲ
ဖြစ်သည်။ ခပ်လှမ်းလှမ်းရှိစိမ်းစိုနေသည်
ကတော့ အမှန်ပင်။ သို့သော် အပူရှိန်ကို

www.burmeseclassic.com

www.burmeseclassic.com

အန်တုနေ၍အရွက်လေးများသည်ညှိုးနွမ်းနေသလိုမျိုး။ နဘူးပင်များ၊ မိုးနံ့ပင်များ၊ တောနာနတ်ပင်များ၊ သနပ်ခါးရိုင်းပင်များသည် သူ့ကို ဆီးကြိုနေချေပြီ။ ကုန်းစောင်းတန်းဘေးရှိ တမာပင်၊ ထနောင်းပင်များသည်နွမ်းနေကိုအန်တုရင်း ရပ်တည်နေသည်ကို တွေ့ရ၏။

သူသည်ဝန်းကျင်ကိုမျက်စိကစားရင်း ခြေလှမ်းများကို ခပ်ကျဲကျဲလှမ်းလိုက်သည်။ ပခုံးထက်တွင် တင်ထားသောပခြုပ်ကို ဘယ်ညာပြောင်းထမ်းလိုက်ရင်း စလွယ်သိုင်းထားသောပုဆိုးကိုပြင်လိုက်သည်။ ဘေးတွင်လွယ်ထားသောလေးခွနှင့် လောက်စာလုံးထည့်ထားသည့် ဖျင်နီလွယ်အိတ်ကိုပါ တစ်ဆက်တည်းပြင်ပြီး လွယ်လိုက်မိပြန်သည်။ လွယ်အိတ်ထဲမှာ အရန်သင့်ထည့်ထားသော တံတောင်ခန့်ရှိသည့် ဝါးမာတုတ်တို(ဒုတ်တို)ကို စမ်းကြည့်မိသည်။

သူသည် ရွာဆီကို ပြန်ကြည့်မိပြန်သည်။ မြင့်မားသောမန်ကျည်းပင်များ၊ လက်ပံပင်များ၊ ထနောင်းပင်များကိုစိမ်းစိုစွာ တွေ့လိုက်ရသည်။ ချွေးပေါက်သံသဲ့သဲ့ကိုပါကြားလိုက်ရ၏။ သူသည်ရှေ့ခရီးကိုသာ ဆက်မြဲဆက်သည်။ သွားမြဲသွားသည်။ လှမ်းမြဲလှမ်းနေသည့် သူ၏ခြေလှမ်းများသည် ကျဲပြီးရင်း ကျဲနေသဖြင့် ခရီးပေါက်ရောက်မှု အတော်အသင့် ရောက်ခဲ့ပြီ။ ရွာနှင့်လည်း ဝေးခဲ့ပြီ။ နှစ်မိုင်အထိဝေးသော ခရီးအကွာအဝေးပေမို့ ဦးတည်ရာအရပ် ရောက်တော့မည်ဖြစ်သည်။ ရွာသည်လည်း ပျမှိုင်းမှိုင်းသာ ကျန်တော့သည်။ တောသည်လည်းနက်သထက်နက်လာပြီဖြစ်သည်။ နေသည်လည်းပူသထက် ပူလာပြီ။ သစ်ရိပ်တောရိပ်သည်လည်းနေမင်း၏အပူရှိန်ကို တောင့်ပြီးမခံနိုင်တော့။

"ဟာ - ဒီနှစ်အရင်နှစ်တွေကထက် ပိုပြီးပူပါလား"

သူတွေးလိုက်မိသည်။ တွေးရင်းနှင့် လေပူများကိုပါးစပ်မှ မှုတ်ထုတ်လိုက်ပြီး ခေါင်းပေါင်းဝယ် ဆောင်းထားသော နီးခမောက်အပိုင်းကြီးကိုပြင်ပြီး ဆောင်းထားလိုက်သည်။ သူတွေးသလို ဒီနှစ်အပူချိန်က ပြင်းသည့်။ လွန်ခဲ့သောလထဲက မြေငလျင်ကြီးတစ်ခု အကြီးအကျယ် လှုပ်သွားခဲ့သည်။ အခြားနိုင်ငံအချို့တွင် အများအပြား သေဆုံးခဲ့သည်တဲ့။ လူတွေက သူ့ကိုလာပြီး ပြောကြသည်။ သူသည်လေးတန်းအထိသာ စာတတ်သူဆိုတော့ သိပ်ပြီးဗဟုသုတမရှိ။ သတင်းစာဂျာနယ်နှင့် ရေဒီယိုသတင်းသိပ်မဖတ်ဖြစ်၊ နားမထောင်အား။ အချိန်လည်း မပေးခဲ့။ အချိန်လည်းမရ။ စီးပွားရေးက ရှိသေးသည်။ ထိုငလျင်ကို ဆူနာမီဆိုလား၊ နားဆူးမီးဆိုလား ပြောကြသေးသည်။ ထိုငလျင်ကြောင့် ကမ္ဘာကြီးတိမ်းစောင်းပြီး နေမင်းကြီးနှင့်နီးသွားပြီဟု ပြောကြသေး၏။ ကမ္ဘာ့ပတ်လမ်းသည်ရွေ့သွားသည်တဲ့။ သို့ကြောင့် အပူရှိန်ပြင်းသည်တဲ့။ ပြောကြတာတော့ အစုံ။ အဲ - သူ ဉာဏ်မမီခဲ့။ အကျယ်ချဲ့ မတွေးခဲ့။ ယုံသည်၊ မယုံသည်လည်း မပြောခဲ့။

တောသူ တောင်သားဆို တော့ တောတွေးတောစိတ်ဖြင့်သာ ဘဝ၏ရပ်တည်မှုကို ထွက်ပေါက်ချောင်ရန် ကြိုးစားခဲ့ရသည်လေ။ သည်တော့ကမ္ဘာ့အရေးတွေ၊ ဆူနာမီအရေးတွေ မတွေးအား၊ ကမ္ဘာကြီး ပို၍ တစ်နှစ်ထက်တစ်နှစ် ပူနွေးလာသည်ကို မသိခဲ့။ ဘာကြောင့်ပူနွေးလာသည်ကိုနားမလည်ခဲ့။ လူသားတွေသည်နေရောင်ခြည်ကို စုပ်ယူရာမှပူနွေးခြင်းသည်ပို၍တိုးလာသည်ကိုလည်း သူ နားမလည်၊ သူနေသည့်ကမ္ဘာမြေကြီးသည် လွန်ခဲ့သောနှစ် (၁၀၀)ခန့်ကထက် (ဒသမ ၅)ဒီဂရီစင်တီဂရိတ်ပို၍ပူနွေးလာသည်ဟု သိပ္ပံပညာရှင်များဝန်ခံခဲ့သည်ကိုလည်း သတိမထားမိခဲ့။ ထိုသို့ပူနွေးလာသည့်အကြောင်းအရာသည် သဘာဝကြောင့်လား၊ လူသားတွေတီထွင်မှုမှဖြစ်ပေါ်လာသောဆိုးကျိုးကြောင့်လားဆိုသည်ကိုတော့ သူသည် စိတ်ကူးမျှပင် မကူးခဲ့သည်က အမှန်။

အဲ - သူ သိသည်က လတ်တလောရင်ဆိုင်နေရသောဒုက္ခကြောင့်၊

"အဖေ - နေကောင်းရစေ့မယ်၊
အမေ - စိတ်ချမ်းသာရစေ့မယ်"

သူသည် ခြေလှမ်းကျဲသည်ထက် ကျဲအောင်သွားရင်းနှုတ်ကရေရွတ်နေမိသည်။ ရေရွတ်နေသည့်နှုတ်အသံထွက်နှင့်အတူ စိတ်က အိမ်မှာ ကျန်ရစ်ခဲ့ပြီ၊ အိမ်ကိုရောက်သွားခဲ့ပြီ။ ထိုအချိန် ခုတင်ချည်နန့်နန့်အထက်တွင် အိပ်ရာခင်းကြမ်းကျိုးတိုးကျဲတဲနှင့် ဖျာစုတ်ပေါ်တွင် အိပ်ပျော်နေမည့်ဖခင် မျက်နှာငေါ်မြင်ယောင်

www.burmeseclassic.com

မိသည်၊ ထိုခဏ၌ သူ၏စိတ်ထဲမှာ မီးစနှင့် အထိုးခံရဘီအလား ရင်ထဲမှာ ပူလောင်သွားသည်။

ရောဂါသည် အဖေ့အနားတွင် မျက်ရည်စက်လက်နှင့် မသိမသာငိုရင်း အားယူပြုံးကာ ထိုင်နေမည့်အမေ့ကိုပါ ဆက်လက်ပြီး မြင်မိပြန်တော့၊

"ဟင်း ..."

သူ သက်ပြင်းမောရှည်ကို ချရင်း ခြေလှမ်းကို သွက်နိုင်သမျှသွက်အောင် လှမ်းနေဆဲ၊ သူ - လှမ်းနေဆဲပါလေ။

မတွေးဘူးဟူသောအတွေး ...၊ ထိုအတွေး ထိုအသိများက သူ့စိတ်ထဲဝယ် ပြွက်ပြွက်ထင်ထင် မြင်လာသောအခါ သူသည်ခြေလှမ်းများပင်တန့်သွားသည်ဟု ထင်ရသည်၊ စိတ်လွင်ပြင်ထက်ဝယ် ကျက်စားနေသော ထိုအတွေးများက သူ့ဘဝ၏တံခါးအဝင် ပထမဆုံး ဝေလကားထစ်အတက်ဟု သူ နားလည်လိုက်ပါသည်၊

တကယ်တော့ - အဖေသည်ဆင်းရဲသလို အမေသည်လည်းမချမ်းသာခဲ့ပါ။ ဘဝတူ အဆင့်အတန်းတူတွေမို့ နှလုံးသားရေးရာတွင်လည်း ညီမျှခဲ့ပါသည်၊ အမှန်အတိုင်းပြောရလျှင် အချစ်ရေး၊ နှလုံးသားရေးဆိုသော နနယ်သည့်ကိစ္စတွေအကြောင်းကို ခေါင်းထဲမှာ သိုသိပ်ပြီးအချစ်ငိုကာ မချုံနိုင်ကြပါ။ အချိန်တွေယူ၊ အချိန်တွေပေးပြီး တူနှစ်ကိုယ်လည်း တိတ်တခိုးတွေ့ရင်း ကလူ၏သို့ မြူ၏သို့ ပလူးနိုင်ခြင်းမျိုး မကြုံတွေ့ခဲ့ရပါ၊ နင့်ကို ငါချစ်တယ်၊ ငါ့ကို ချစ်နိုင်မလားဆိုသော အပြောမျိုးနှင့်သာ အိမ်ထောင်ရေးကိုထူထောင်ဖို့သာ တာစူခဲ့ကြရရှာသည်၊ ရင်သိမ့်လိုက်ဖိုမောကြရသည့် နှလုံးသားကွက်လပ်က အချစ်သံစဉ်လှိုင်းများ၏ အရသာကိုချစ်သူတို့ဘဝမှာ ချစ်သူတိုင်း မြတ်နိုးစွာ ဖက်တွယ်စုံမင်ခဲ့ကြသည်ချည်း၊ အဲ - စောစောက တွေးခဲ့သလို အဖေနှင့်အမေ့ဘဝသည်လက်တွေ့ကျကျတည့်တိုးပြောရင်းနှင့်သာအိမ်ထောင်သည်ဘဝကို အရယူခဲ့ကြသည် မဟုတ်လား။

အဖေ့၏မိဘများသည် ရွာအစွန်ရပ်ကွက်ရှိ တဲသာသာ မီးဖိုချောင်လောက်အိမ်လေးနှင့်နေလာကြရသလို အမေ့မိဘများသည်လည်း ထို့အတူပင် ထန်းရွက်မိုး ထန်းရွက်ကာအိမ်လေးနှင့်သာ နေခဲ့ကြရသူတွေသာဖြစ်သည်၊ သူ...တွေကတိုင်ကောင်းကောင်း၊ အသား...ကောင်းကောင်းနှင့် ဝါးကပ်မိုးနှင့် နေကြ...ပေမယ့် အဖေ၊ အမေတို့ဘဝသည် ...ကြယ်မြင်လမြင်ဘဝနှင့်သာ နှစ်သိမ့်နေ...ကြရသည်၊

အဖေ၏တိုက်ရိုက်အချစ်စကားကို ...ကြားတော့ အမေသည် ခေါင်းညိတ်...ရင်း -

"အင်း - ချစ်တယ်"

ဟုတောသူပီပီ အဖြေပေးခဲ့သည်၊ ...ဇာတ်ဝန်းတွေထဲက သံယောဇဉ်တွေ၊ ...တ်များက အချစ်တွေ၊ ရင်ထဲက ရင်ခုန်...သံတွေကိုအလေးမထားမိ၊ အမေ့ထံက ...ခေါင်းညိတ်အဖြေရပြီးတော့ အဖေသည် ...အမေ့ကို ဆတ်ခနဲ ပွေ့ယူလိုက်သည်၊

"ငါချစ်သလို နင်က ပြန်ချစ်တယ် ...ရင် နင်နဲ့ငါအတူနေချင်တယ်၊ နင်နဲ့ငါ ...င် မယားဘဝအဖြစ် နေချင်တယ် ..."

အဖေသည် ပြောလည်းပြော၊ ဖက်...ည်း ဖက်ထားသည်မို့ အမေသည် ...ရင်ထဲက ရှန်းရင်းပြောရှာသည်၊

"လွှတ် - ငါပြောပြီးပြီပဲ၊ ချစ်တယ် ...၊ နင် အတူနေချင်ရင် ငါ့မိဘတွေဆီ ...ပြော"

"အေး - ပြောမယ် - ဒါပဲ"

နောက်ရက်တွင် အဖေ့မိဘများနှင့်အတူ အဖေသည် အမေ့မိဘများထံ အမေ့ကိုတောင်းတော့သည်၊ လက်ဖက်တစ်ပွဲ၊ ကွမ်းတစ်အစ်ခဲနှင့်သာ ပြီးခဲ့သော အဖေတို့၊ အမေတို့အိမ်ထောင်ရေးလမ်းကြောင်းသည် ဘာအခက်အခဲမျှမရှိပါ၊ ဆီးသီးနှင့်လဲ အိုးကွဲရဆိုသလို နှတ်ခမ်းပဲ့ချင်းမီးမှုတ်ခဲ့ကြသည်ဆိုတော့ အဆင်ပြေသည်မှာ ပြောစရာမလိုတော့၊ လူကြီးသုံးလေးယောက်နှင့်သာ ပြီးခဲ့သော မင်္ဂလာပွဲပြီးသည့်နောက် အမေသည် အဖေ့အိမ်ကို အပြီးလိုက်သွားရသည်၊ မလိုက်လို့ကလည်းမဖြစ်၊ အမေ့မှာ ညီအစ်ကိုမောင်နှမတွေများသည်၊ အဖေ့မှာတော့ တစ်ဦးတည်းသောသား၊ ဒီတော့ - အဖေ့အိမ်မှာ လူနည်းသည်၊ အဖေ့မိဘများကလည်း အမေ့ကို အပါခေါ်ချင်သည်တဲ့၊ ဒီတော့ - အမေ့မိဘတွေအကြိုက်၊ တစ်ခါတည်း ထည့်လိုက်သည်၊ အမေသည် သူပိုင်သည့်ထဘီအကျီလေးများကိုထုပ်ပိုးသည်၊ မိဘနှစ်ပါးကို ပုဆိန်ပေါက် ရှိခိုးသည်၊ အစ်ကိုတွေ၊ ညီမတွေကို -

"ငါသွားမယ်ဟေ့"





www.burmeseclassic.com

www.burmeseclassic.com

ဟုသာ နှုတ်ဆက်သည်။ ဝမ်းနည်းခြင်းတွေ၊ မျက်ရည်ကျခြင်းတွေ မပြုခဲ့၊ မဖြစ်ခဲ့။

ရိုးစင်းလွန်းသောကာလဖြစ်၍ အဖေနှင့်အမေသည် ရိုးရှင်းစွာနှင့်ပင် လင်နောက်လိုက်သွားခဲ့သည်။ အမေတစ်ယောက်အဖေ့ထံလိုက်လာရင်းနှင့် ဘဝကို ရုန်းကန်သည်။ ချစ်စကားလေးတွေပြော၊ ရင်ခုန်ခြင်းအရသာကို မခံ၊ ထွေးပွေ့ရင်းနှင့် မကျီစယ်၊ လက်တွေ့အသိတရားတစ်ခုကတော့ ဝမ်းဝရေး၊ ဗိုက်ဝရေး၊ မှန်ပါသည်၊ လင်မယားဖြစ်လာမှတော့ ကလေးတွေ ရလာမည်၊ ပါးစပ်ပေါက်တွေ တိုးလာမည်။ ဒီတော့ သားသမီးရလာလျှင် လုပ်ကျွေးရမည့်တာဝန်သည် မိဘနှစ်ပါး၏တာဝန်ပဲ မဟုတ်လား။ သို့ကြောင့် တစ်ခုတည်းသောအသိကအလုပ်ရှိဖို့၊ ငွေရဖို့၊ ဆန်ဆီဝယ်ဖို့၊ မနက်ညထမင်းဟင်းမှန်မှန်ချက်နိုင်ဖို့၊ သို့ကြောင့်အဖေသည်သူ့လုပ်ငန်းကိုသူဦးစိုက်လုပ်သည်။ ဖွဲ၊ သတ္တိထားပြီး ကြိုးစားသည်။ လေ့ကြီးထိုးရိုးရိုးစိတ်နှင့် လေ့နံစားထစ် သဘောရိုးရှိသောအဖေသည် ရိုးသားမှုကို ခံ့မင်ခဲ့၏။ အဲ – အဖေ၏အလုပ်ကတော့ တောလိုက်ခြင်းအလုပ်၊

မှန်ပါသည်။ တောလိုက်ခြင်းအလုပ်၊ တောလိုက်တယ်ဆိုတာ အစုံအလုပ်၊ တောထဲထွက်၊ ဟင်းရွက်တွေ့ရင် ဟင်းရွက်ခူး၊ အိုင်တွေ့ရင် ငါးရှိ ငါးပက်။ ဖားရှိဖားရိုက်။ ကြွက်တွင်းတွေ့ရင် ကြွက်တူး၊ တစ်ခါတစ်ရံဖွတ်၊ ပုတတ်က အစ တူးသည်။ တစ်ခါတလေများ ထင်းပေါက်ပြီး ရောင်းရသည့် အလုပ်မျိုးပင် လုပ်ရသေးသည်၊ ဒီအလုပ်တွေထက် တောလိုက်ရသည့်အလုပ်မျိုးမရှိတော့၊ တောထွက်ရင်း ဟင်းရွက်ခူးရင်း အမေသည် ဟင်းရွက်ရောင်းရသည်၊ ကြွက်၊ ပုတတ်ပါရင်ရောင်းရသည်။ လုပ်အားကို အရင်းတည်၊ ဖွဲနှင့် သတ္တိကို အခြေခံပြီး လှုပ်ရှား၍ရလာသောတောလိုက်ပစ္စည်းများကို ရောင်းရင်းနှင့် ဆန်ဆီဝယ်ရသည်၊ ဝမ်းမီးကို ဖြည့်ရသည်။ အေးမြသွားသည့် ထိုဝမ်းမီးငြိမ်းသွားပြန်တော့ နောက်ထပ်တောက်လောင်လာမည့် ဝမ်းမီးငြိမ်း ဖို့ အလုပ်ရှာရပြန်ပြီ၊ ရှာရင်းဖွေရင်း၊ ဝမ်းမီးတောက်ရင်း ဝမ်းမီးငြိမ်းရင်းနှင့် အလုပ်နှင့်ဝမ်းမီး သံသရာလည်ခြင်းစက်ဝိုင်းစည်းပေါ်မှာအဖေနှင့်အမေသည် ပြေးလွှားရင်း ချွေးဒီးဒီး ကျခဲ့ရာသည်က အမှန်ပင်၊ ထိုအချိန် အမေ့တွင် ကိုယ်ဝန်တစ်လရှိခဲ့ပါသည်၊ အမေကိုယ်

ဝန်တစ်လရသည့်အချိန်တွင် အဖေ၏ ဖခင်သည် လူကြီးရောဂါနှင့် ကွယ်လွန်သွားခဲ့ပြန်သည်။ အဖေသည် သူ၏ဖခင် အသုဘကို ဘုန်းကြီးတစ်ပါးနှင့်ပင် မြေမြှုပ်ခဲ့ရရှာပါသည်။ ဆင်းရဲတွင်းနက်သည့် အဖေ့ဘဝသည် ငွေတွင်းက နက်ပြန်တော့ အခြားသူတွေလို ကန်တော့ပွဲမြင့်မြင့်နှင့်အသုဘကိုစည်ကားအောင် လုပ်နိုင်ခဲ့ပါ။ ~

အမေ မီးဖွားပြီး တစ်လအကြာ အဖေ၏မိခင်သည်လည်း ပန်းနာရင်ကြပ်ရောဂါနှင့်ခရီးဝေးကိုနှင်သွားခဲ့ချေပြီ၊ သံသရာစက်ဝန်းထဲမှာ သေခြင်း၊ နာခြင်းစည်းပေါ်မှာ အဖေနှင့်အမေသည် ပြန်လမ်းကို ခရီးဆက်သွားပြန်တော့ အဖေသည် သူ၏မိဘတွေအတွက် တောက်မအေးခဲ့၊ ဝမ်းနည်းရင်းဖြင့်သာ ဘဝ ဆက်ကြရင်း အရင်သေသူကို နောက်မှသေမည့်သူတွေက ဝမ်းနည်းကြရသည်ဟု အဖေ နားမလည်ခဲ့ပါ။ အရင်သေနှင့် နောက်သေသာ ကွာကြသည့်လူသားတိုင်းသည် သေခြင်းကို ထမင်းစားစောင့်နေကြရသည်ကို သဘောမပေါက်ခဲ့၊

အဖေနှင့်အမေ၏ ပထမဆုံးရင်သွေးမှာ သမီးလေး၊ ထိုသမီးလေးသည် လေးလကြာသည့်ကာလတွင် သေခြင်းတရားသည် သမီးလေးကိုအပါခေါ်သွားသည်၊ ရောဂါက အခြားမဟုတ်၊ လှသုငယ်နာတဲ့၊ ဒီလှသူငယ်နာဆိုတာ သေခါနီးလေ လှလေဆိုလားပဲ၊ သမီးလေးသေတော့ လှလွန်းလို့ မြေပင်မမြှုပ်ရက်သည်အထိ၊ သို့သော် သေပြီဆိုမှတော့ အဘယ်မှာ ကြာကြာထားမည်နည်း၊ ပထမသမီးလေး သေပြီးနောက် ကိုယ်ဝန်ရှိလာပြန်သည်၊ မိန်းကလေးပဲ မွေးသည့်အဖေသည်အဖတ်မတင်ခဲ့၊ ပထမကလေးတုန်းလိုပင် ဒုတိယကလေးသည်လည်းသေခဲ့ရပြန်သည်၊ ရင်သွေးနှစ်ဦးစလုံး နားသည်ဆိုရုံ နားကြသည့် လူ့ဘဝသက်တမ်းတိုတိုကာလကိုတွေးရင်းအဖေနှင့်အမေစိတ်မကောင်းခဲ့ကြ၊ အလုပ်လုပ်ရင်းနှင့်အဖေနှင့်အမေသည် သမီးနှစ်ယောက်ဆီမှကူးစက်လာသောသောကမီးတောက်ကိုငြိမ်းအောင် ကြိုးစားခဲ့ကြရရှာ၏၊

ထိုအချိန် အမေ ကိုယ်ဝန်ရှိလာပြန်ပါသည်၊

ဒီတစ်ခါတော့ သားလေး၊ ယောက်ျားလေး၊ ထိုသားလေးသည် စနေသား၊ သို့ကြောင့် အဖေနှင့်အမေသည် ထွန်းလည်း ထွန်းရမည်၊ အရင် သမီးနှစ်





www.burmeseclassic.com

www.burmeseclassic.com

ယောက်လိုမပျက်မစီးအောင်တင်လည်း တင်အောင်ဆိုပြီး ထွန်းတင်ဟု အမည်ပေးလိုက်ကြသည်။

"ကိုရင် - ကျုပ်တို့သားလေး အရင်ကလေးတွေလိုများဖြစ်နေမလားတော်။ ကျုပ်တော့ မျက်စုံးခပ်လှုပ်လှုပ်ရယ်"

"ဟာ - မိပိုင်းကလည်းအတိတ်မရှိ၊ နိမိတ်မရှိတာ။ ရွာဦးဘုန်းကြီးကျောင်းဆရာတော်ဆီကရေမန်းရော၊အန္တရာယ်ကင်းပရိတ် ချည်ကွင်းရော လုပ်ပြီးဆောင်ပေးထားပြီးသားပါဟ။ ပြီးတော့ဇာတာလည်း စစ်ဆေးပြီးသား၊ မောင်ထွန်းတင် အသက်တစ်ရာ့နှစ်ဆယ်ရှည်စေသော်တဲ့"

ခဲမှန်ဖူးသောစာသူငယ်တွေလိုဖြစ်ခဲ့၍အဖေနှင့်အမေသည် သားဖြစ်သူကိုအရင်ကထက်ပိုပြီး ဂရုစိုက်ခဲ့သည်၊ ပိုးမွေးသလိုမွေးခဲ့ကြရသည်။ မြန်မာဆေးဝါးကလည်း အစုံ၊ လျှာပွတ်ဆေး၊ ပန်းရင်ကျုပ်ပျောက်ဆေး၊ ပြီးတော့ - သူငယ်နာဆေးအထိ အစုံ၊ တိုက်ဆေး လိမ်းဆေးဆိုတာ ရှာပြီး ဆောင်ထားရသည်။ အဖေသည် တောထွက်ရင်း သားဝါးရှာရင်း၊ ဟင်းသီးဟင်းရွက်ရှာရင်းကပင် သားဖြစ်သူကို စိတ်မချ။ ဆေးတိုက်ဖို့၊ ရေတိုက်ဖို့၊ နို့တိုက်ဖို့ကိုတောမထွက်ခင်မှာရသည်က အကြိမ်ကြိမ်။ ဗဟုသုတနည်းပါးလွန်းသော အမေသည် ဒီတစ်ခါတော့ ရပ်ထဲရွာထဲက ကောင်းသည်ဆိုသောဆေးများကိုရှာသည်။ ဟိုက်သည်၊ အဖေ့အနေနှင့်ကလည်း အမေ၏ရိုးစင်းမှုအပေါ် စိတ်မချနိုင်ခဲ့။ တောသဲမထွက်ခင်မှာရ၊တောထဲရောက်ပြန်တော့လည်း နောက်ဆံငင်ရ။ အဲ - တောက ပြန်လာတော့လည်း သားဖြစ်သူကို ရင်ခွင်မှာပွေ့၊ ဘာဆေးတိုက်ရဲ့လား၊ ရေတိုက်ရဲ့လား၊ နို့တိုက်ရဲ့လား မေးရတာ အမော။ ထမင်းမဟင်းမေ့။ တစ်ခါတစ်ရံရေသောလာလို့ ရေသောက်ရမည်ကို မေ့သည့်အထိ။

အဲ - တစ်ရက်ကဆိုလျှင် တောထဲကအပြန် နေပူသည်ကို သတိမရအား။ ရလာသော တောကြွက်တွေကို ထမ်းလာရင်းမှ သားကို တွေ့လိုဇော၊ စိတ်မချဇောတွေနှင့် ဖိနပ်ကို ခါးထိုးလာမိ၏။ နေပူတာကလည်း ချစ်ချစ်တောက်၊ ထိုညက အဖေတစ်ယောက် မျက်စိကျိန်းတော့သည်။ အင်း - သားဇော၊ သားဇော။

သားဖြစ်သူ တစ်နှစ်သားရသည်အထိ သူငယ်နာရောဂါကို ကြောက်နေကြတုန်း။ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်၊ ငါးနှစ်၊ သားဖြစ်သူ ခြောက်နှစ်အတွင်း ဝင်ခဲ့ချေပြီ။ ဘုန်းကြီးကျောင်းထားရင်းသေချာစာဖတ်နိုင်ရုံသာကျောင်းထားရင်း သဝဏ်မီးကိုငြိမ်းဖို့ အဖေရော အမေပါကြိုးစားခဲ့သည်။ ရက်လစား၊ လနှစ်စားခဲ့သည့်ကာလတွေအတွင်း အဖေနှင့်အမေ့ဘဝသည်လည်း ပြောင်းလဲလာပါသည်။ ပြောင်းလဲခြင်းသင်္ချေတရားတွေသည် အဖေနှင့်အမေ၏ ပျိုမျစ်ခဲ့သော ရုပ်သွင်သွေးသားများကို ဝါးမျိုခဲ့ကြပြီ။ နေပူလေပူဒဏ်တွေ၊စိတ်သောကမီးမှုဒဏ်ချက်တွေသည် ပိုပြီးရင့်ရော်အောင် တမင်ဖန်တီးခဲ့ကြပြီ။

အိုရုပ်သွင်ဖန်တီးနေသည့် မိဘနှစ်ပါး ရှိရွလာချိန်တွင် သားဖြစ်သူသည်ပျိုအာစရုပ်သွင်ကို ဆောင်လာချေပြီ။ ခုနှစ်ပါသည်။ သားဖြစ်သူ မောင်ထွန်းတင်တစ်ယောက် အရွယ်ရောက်လာချေပြီ။ ဘုန်းကြီးကျောင်းမှာနေ၊ ရွာထဲ ဆွမ်းခံခြင်းနှင့် ကြီးပြင်းခဲ့ရသောသားသည် ရှစ်နှစ်သားအရွယ်တွင် ကျောင်းမှ ထွက်လိုက်ရသည်။

"အင်း - ကျောင်းထွက်နိုင်းမှ ဖြစ်တော့မယ် - မိပိုင်းရေ၊ ကူဖော်လောင်ဖက် တောက်တိုမည်ရနိုင်းရအောင်၊ ဒါလည်း အရင်ကလို အပင်အပန်း မခံနိုင်တော့ဘူး၊ စိတ်ကသာ ဆောင်နေတာ၊ ကိုယ်ခန္ဓာက မလုပ်ချင်တော့ဘူးဟ"

"ကျုပ်လည်း ကြိုတင်တွေးနေပါတယ်တော်။ သားကို တောထဲထည့်ဖို့လေ။ တော် ပင်ပန်းနေတာ နည်းနည်းပါးပါး သက်သာအောင်လို့"

သို့ဖြင့် သားဖြစ်သူသည် ကျောင်းမှထွက်လိုက်ရသည်။ သားဖြစ်သူသည်ဘုန်းကြီးကျောင်းက ထွက်လိုက်ရပေမယ့် ဝမ်းမနည်းခဲ့။ စာပေမတတ်ခဲ့သောမိဘကပေါက်ဖွားလာသည်မို့လားတော့မသိ။ စာသင်ရမှာ စာအုပ်ကိုင်ရမှာကြောက်သည်။ ကျောင်းထွက်ရပြီဆိုတော့ ပျော်တောင် ပျော်သေးသည်၊ အပြင်မှာ အလုပ်လုပ်မယ်၊ တောထွက်မယ်၊ အဖေ့လို ခွဘတ် (လေးခွ) နှင့်လောက်စာလုံးထည့် သည့် ဖျင်လွယ်အိတ်ကိုလွယ်မည်။ ခက်ရင်းတစ်ချောင်းဒါမှမဟုတ် တုတ်ဝါးတစ်ချောင်း ကိုင်မည်။ ဟင်းရွက်တွေခူးမည်။ ကြွက်တွင်းတွေတူးမည်၊ ဖားကျင်းရှိလျှင် တူးမည်ဖော်မည်၊ ငါးတွေ့လျှင် ပက်မည်၊ ဖမ်းမည်။ ဒါ - သားဖြစ်သူ၏ အပေါ်ယံအတွေး။ လတ်တလောဝမ်းဝဖို့အတွေးကိုယ့်ဝမ်းကို ကိုယ့်လက်၊ ကိုယ့်ခြေ

www.burmeseclassic.com

ကိုယ်အသိနှင့်ရှင်းမည်ဆိုသောအတွေး မျိုး၊

အဖေနှင့်အတူ တောထွက်၊ တောကရလာသည့် ရောင်းစရာ ဟင်းသီးဟင်းရွက်တို့၊ သားငါးတို့ကို အမေသည်နိုင်ခံရောင်းရင်းနှင့် ဘဝဝမ်းကိုပြုမ်းရင်းနှင့်တစ်ရက်မှာ အဖေသည်တောထဲမှာပင် လဲကျသွားသည်။ သားဖြစ်သူသည်ရေငတ်ပြီး အဖေသေပြီဟု ထင်သွားသည်၊ နေပူမိပြီး သေပြီဟုပါထင်သည်။ အော်ပြီးငိုသည်၊ မကြာပါအဖေသတိဝင်လာသည်။ နေပူထဲမှနီးရာသစ်ပင်ကွယ်ပြီး တုံးလုံးလှဲရင်း ခေါင်းမူးဝေဒနာကိုကုစားသည်၊ နေစောင်းတော့ပြန်သည်။

ထိုရက်မှစကာ အဖေသည် တောကိုမလိုက်နိုင်တော့။ နစ်လစန်နားရသည်၊ အဖေနားသည့်ရက်တွေအတွင်း သားဖြစ်သူသည် တောကို တစ်ဦးတည်းထွက်ရသည်၊ အဖေလုပ်သလိုမျိုး သားငါးရှာ သလိုမျိုး ရှာသည်၊ အကုသိုလ်အကျိုးပေးလားမသိ၊ သားဖြစ်သူတောထွက်တိုင်း တောကြွက်၊ တောငှက်၊ တောကြောင်တို့ အမြဲရခဲ့သည်ချည်း။

အတော်ကြာမှ အဖေသည် တောကို ထွက်နိုင်သည်၊ တစ်ရက် -

ထိုရက်က အဖေသည် တောကြွက်တွင်းတစ်ခုကို တူးမည်ဟု ကြံခဲ့သည်၊ တောကြွက်တွင်းကိုကြည့်ရင်း အခြားဂယ်ပေါက်(အသက်ကယ်ပေါက်) ရှိ,မရှိလိုက်ကြည့်စဉ် အဖေ့ခြေထောက်ဆူးစူးခဲ့သည်။ ဆူးက ကြီးသည်၊ ရှည်သည်၊ အဆိပ်က ပြင်းသည်၊ အဖေ့ခြေဖနောင့်မှာစူးသည့်ဆူးသည် ကျိုးပြီးအသားတွင်းမြုပ်ကျန်ရစ်သည်။

နောက်ရက်တွင်အဖေသည်တောကိုမလိုက်နိုင်တော့၊ ခြေထောက်သည်မထောက်နိုင်ပြီ၊ နောက်တော့ ဆူးကိုဆရာတစ်ယောက်နှင့်ခွဲထုတ်ပြီး ဆူးကိုထုတ်လိုက်ရသည်။ ဆူးအပြင်ရောက်ပေမယ့် ခြေထောက်သည် လူစဉ်မမီတော့ပြီ၊ ဒီကတည်းက အလုပ်နားရသည့်အဖေ၊ တစ်ခါတစ်ရံ လူကြီးပေမို့အဖျားဝင်သလို ခေါင်းမူးသလိုဖြစ်ခဲ့သောအဖေ၊

တရှောင်ရှောင် တပိန်ပိန် တလိမ်လိမ်နှင့် နာတာရှည်စွဲလာသောအခါ အမေသည် လင်ဖြစ်သူ၏ဝေဒနာကိုမကြည့်ရက်တော့။ နိတ်ိုးရာမဲ့တော့မှာဟူသောအသိနှင့် အမေသည် အဖေ့ကိုကြည့်ရင်း ငိုမြဲ၊ ငိုဆဲ၊ ဖိုးသူတော်လဲရင်

ောင်ဝေးက ထူနိုင်ပါ့မလားတဲ့။ အဲ
ောင်ဝေးလဲရင်တော့ ဖိုးသူတော်က
ူနိုင်သည်တဲ့။ ထိုစကားတွေကြား
ောအခါ -

"အဖေနဲ့အမေရယ်၊ သားဟာ
ောင်ဝေးမဟုတ်ပါဘူး။ အင်အားရှိတဲ့
ူတော်ပါ၊ တာဝန်သိ၊ ဝတ္တရားကျေ
ဲ့သားကောင်းဖြစ်ရပါစေ့မယ်"

သားဖြစ်သူ မွေးခဲ့သည်၊ တွေးရင်း
ေမွေးခဲ့သည်။

တကယ်တော့ - သားဖြစ်သူ
ွန်းတင် အားမွေးခဲ့ပါသည်၊ ဆပ်လို့
ုန်သော မိဘနှစ်ပါး၏ မေတ္တာစွမ်း
ားကို သိပါသည်၊ ပညာမတတ်ပေမဲ့
ိသည်ပါသည်၊ လေးနက်လှိုက်မော
ံစားပေးတတ်ပါသည်။

ထို့ကြောင့် ...။

ထို့ကြောင့် သူသည် အားမွေးရင်း
ေတွေးစများကို ဖြတ်လိုက်သည်။ သူ
ည့်ထွန်းတင်သည်အတွေးများကို
ိရင်းမှ ခြေလှမ်းကို ကျဲသည် ထက်
ေအာင် လှမ်းသည်၊ ထိုအချိန် အဖေ့
ြေထောက်သည်အနာဖြစ်ကာကိုက်

ခဲလာပြန်တော့ဆေးဆရာကိုထပ်ပင့်ပြီးပြရသည်ကို သတိရမိပြန်သည်၊

"ထပ်ပြီးခွဲပစ်ရမယ်၊ အတွင်းမှာဆူးကျန်နေသေးတဲ့ပုံပဲ။ ဆေးလည်းဖော်ရမယ်၊ အရင်တစ်ခါတုန်းကဆေးဖိုးကျန်သေးတာရယ်။ နောက်ထပ်ခွဲ ရမှာရယ်၊ ဆေးဖော်ရမှာရယ်ဆိုတော့ ..."

ဆေးဆရာ၏စကားကို ကြားမိပြန်သည်။ ကြားသည့်နားနှစ်ဖက်က အာရုံများကို ဝေဝါးအောင် ပြုလိုက်သည်၊ မတွေးလိုပါဘူးဆိုသည့်ကြားမှ ကြားရသောဆေးဆရာ၏စကားကြောင့်ရင်မှာမောဟိုက်တုန်ခါသွားပြန်သည်၊ တုန်ခါသွားသောအသိအတွင်းမှာ ဆေးဆရာ၏စကားများက နှိပ်စက်လာပြန်ချေပြီ၊

"မင်းတို့မှာ ငွေမရှိဘူးမဟုတ်လား၊ ဒီမယ် မောင်ထွန်းတင် - ပူစရာမလိုပါဘူးကွာ။ ဟိုဘက်ရွာမှာ ငါ့သူငယ်ချင်းမြွေအလမ္ပာယ် ဆရာတစ်ယောက်ရောက်နေတယ်။ အဲဒါမြွေဟောက်တစ်ကောင်သေသွားလို့ မြွေတစ်ကောင်လိုနေတယ်ကွ။ ဒီတော့ - မနေ့က သနပ်အိုကွင်းမှာ မြွေဟောက်တစ်ကောင်တွေ့ခဲ့တယ်၊ အဲဒါ - မင်း အရဖမ်းပေးရင် မင်းအဖေရဲ့ရောဂါကို ပျောက်အောင်ကုပေးမယ်"

www.burmeseclassic.com

ဆေးဆရာက မြွေဟောက်တွေ ထားသည့်နေရာကိုပါ အတိအကျပြော လာခဲ့သည်။

"မြွေဟောက်ကို ရအောင်ဖမ်းပေး မယ်ဆိုရင် အဖေ့ရဲ့ရောဂါပျောက်ပြီတဲ့။ ပျောက်အောင် ကုပေးမယ်တဲ့"

နှုတ်ကရေရွတ်မိသည်။ ဆေးဆရာ သည် ထိုစကားကို မနေ့က ပြောခဲ့ခြင်း ပင်။ ဒီကနေ့ မြွေဖမ်းထွက်ခဲ့ခြင်းဖြစ် သည်။ သူသည်အသက်နှင့်ရင်းပြီး ဖခင် ၏ဝေဒနာကို ပျောက်အောင် ကုသပေး မည်။ ကျွေးကျေးဇူး၊ မွေးကျေးဇူးတွေ ပြန်ဆပ်မည်။ အိမ်ထောင်ပြုရန်အရွယ် ရောက်သည်အထိ အိမ်ထောင်မပြုပါဘဲ မိဘနှစ်ပါး၏ကျေးဇူးတွေကို လုပ်အား နှင့် ပေးဆပ်နေသည့်သူသည် အခုနီ မြွေ ဟောက်ကတော့ မဖမ်းနိုင်ဘဲရှိမည် လား၊ နဂါးကိုပင် ဖမ်းရဖမ်းရ၊ မိဘနှစ်ပါး အတွက်ဆိုလျှင် ဖမ်းမည်၊ အသက်ပင် သေသေ။

တွေးနေဆဲမှာပင် သနပ်အိုကွင်းထဲ ဝင်ခဲ့၏။ ချုံနွယ်ပိတ်ပေါင်းတွေက ထူထူ ထဲထဲ၊ သစ်ပင်ပုလေးတွေက ဟိုတစ်စု ဒီတစ်စု၊ သနပ်အိုရေကန်သည် ခြောက် ကပ်ကပ်၊ ပပ်ကြားအက်အက်တို့က ကန်လယ်မှာအကျည်းတန်နေချေသည်။ ထနောင်းပင်ထက်က ချိုးကူသံတွေ ကြားရသည်။ သူသည် ဆရာ ပြောလိုက် သောနေရာကို ရှာသည်။

"ကန်ဘေး၊ ထနောင်းပင်ပု၊ မိုးနံချုံ ဘေးက တောင်ပို့"

သူသည်ကန်ဘေးမှာရပ်ပြီးတောင် ဘက်ရှိ ထနောင်းပင်ပုဆီ လာခဲ့သည်။ မိုးနံချုံသည် စိုစိမ်းနေပြီး သူ့ကို ငုံ့လင့် နေသည့်အလား။ ချုံဘေးက တောင်ပို့ သည် သူ့ကိုထီးထီးမားမားရပ်ရင်းကြည့် ကာ စိန်ခေါ်နေသည့်အလား။

"ဒီနေရာပဲ - ဟုတ်ပြီ"

တောင်ပို့ရှေ့မှာ ရပ်သည်။ ပခြုပ်ကို မြေပြင်မှာချပြီး စလွယ်သိုင်းထားသော ပုဆိုးကို ချွတ်လိုက်သည်။ လွယ်ထား သော လေးခွလွယ်အိတ်ကို ဖြုတ်လိုက် ၏။ လွယ်အိတ်ထဲမှ တံကောင်စန့် တုတ် တို (ဒုတ်တို) ကို ခါးထိုးလိုက်သည်၊ နောက် မြွေခေါ်တူရိယာကို ထုတ်လိုက် သည်။ ထိုတူရိယာသည် သူ၏ အဖေ၏ ဖခင် (သူ၏အဘိုး) ထံမှ ရယူခဲ့သော တူရိယာဖြစ်သည်။ နောက်အဆက်ဆက် အသုံးပြုခဲ့ဖူးသည်။ မြွေဟောက်တွေ ဖမ်းခဲ့ဖူးသည်။ သူသည် ဘူးခါးသီးနှင့်ပြု ပ်စီမံထားသော တူရိယာကိုကိုင်ရင်း တောင်ပို့ရှိ အပေါက်များကို အကဲခတ် သည်။ တောင်ပို့၏ဘေးတွင် ဆူးဖြူနွယ် ပင်များ၊ အခြားနွယ်ပင်များက ရစ်ပတ် ဝန်းရံထားသည်။ အချွန်အတက်တွေ၊ ကျယ်ဝန်းသော အပေါက်တွေကိုတွေ့ရ သည်။ အပေါက်များကို ပတ်ချာလည် လှည့်ကြည့်ရင်းနှင့် သူ ပြုံးလိုက်သည်။ ခေါင်းအာရုံကို အသုံးပြုရင်းနှင့် သူ သည်ကြီးမားသောအပေါက်တစ်ပေါက် ကို မှုးစိုက်ထားလိုက်သည်။

"ဟုတ်ပြီ - ဒီအပေါက်ထဲရှိတယ်၊ အကောင်ကတော့ အတော်ကြီးမှာပဲ"

တွေးရင်းနှင့် တောင်ပို့ဆီမှ နောက် ပြန်ဆုတ်လိုက်သည်။ ဖမ်းကွင်းကို ရွေး သည်။ ခြေလှမ်းနှစ်ဆယ်ခန့် နောက် ဆုတ်အပြီး တူရိယာကို မှုတ်သည်။ ချိုမြ ကြည်သာ အေးစိမ့်လွန်းသောအသံ သည်ပျစ်ပျစ်ချွဲချွဲနှင့်နွဲ့နှောင်းဆွဲဆောင် လွန်းနေသည်။ တူရိယာအသံသည်ဝန်း ကျင်ကို လွှမ်းခြုံနေချေပြီ။ ငါးမိနစ် အကြာ -

66 ပါးစပ်ကြီးကိုလည်း ဖြဲထားသည်။ လေအဟုန်ထက် လျင်မြန်သော အလျင်အရှိန်ဖြင့် သူသည် မြွေကြီး၏နောက်ဘက် ရောက်သည်နှင့် ပါးပျဉ်းနောက်ကို တုတ်နှင့် မထိတထိ တို့လိုက်ပြီး မြေပြင်ပေါ် ပြန်ကျလာသည်။ မြွေသည် သူ့ခေါင်းကို ထိသွား၍ ဒေါသကြီးသွားသည်။



www.burmeseclassic.com

“အင်း - ဒီကောင်ကြီး ထွက်လာပြီ”

မျက်လုံးက အကြည့်တွေ၊ နှာခေါင်းက အာရုံခံမှုတွေ၊ နားက စူးစိုက်မှုတွေသည် တောင်ပို့အပေါက်ဆီ ပို့ထား၍ မြွေကြီးလာတော့မည်ကို သိပါသည်၊ သူထင်ထားသလို မကြာပါ၊ အပေါက်ကြီးမှ တစ်ဆင့်ကြီးမားသော မြွေဟောက်ကြီးသည် ခေါင်းပြူထွက်လာလေသည်၊ သူသည် စူးစိုက်ကြည့်ရင်း တူရိယာကို မှုတ်မြဲ၊ မြွေကြီးသည်တူရိယာသံကြောင့် နားညည်းစေသည်လား မပြောတတ်၊ အစတော့ မြွေသည် ပါးပျဉ်းမထောင်၊ သူ့ကို မြင်သွားတော့ မြွေသည် ပါးပျဉ်းထောင်သည်၊ လျှာခနဲ ထွက်လာသည်၊ ကြီးမားသော ယပ်တောင်တစ်ခုအလား ကျယ်ပြန့်သော မြွေ၏ပါးပျဉ်းကိုကြည့်ရင်း အသက်ရှူပင် ရပ်တော့မည့်အခြေအနေမျိုး၊ သူသည် သတ္တိကို မွေးလိုက်သည်၊

“အဖေ့ရောဂါ ပျောက်ရင်ပြီးရော”

သူ၏စိတ်သည် အားအင်တွေပြည့်လာ၏၊ မြွေသည်နီရဲမည့်သော မျက်လုံးအစုံနှင့် ကြည့်နေသည်၊ လျှာကို ပြူတစ်ပြူတစ်လုပ်နေ၏၊ မြွေသည် အပြင်ကို ထွက်လာချေပြီ၊ သူသည် တူရိယာကို အသံမပြတ်အောင် မှုတ်နေဆဲ၊ မြွေသည် သူ့ထံ တရွေ့ရွေ့လာနေချေပြီ၊ သူသည် ဖမ်းကွင်းကောင်းသောအရပ်တွင် ရပ်နေ၍ ကြောက်စိတ်ကို ဖယ်ရင်း ဖမ်းမိဖို့ အရေးအားစိုက်သည်၊ ခါးတွင် ထိုးထားသောတုတ်ကို စမ်းမိသည်၊

မြွေကြီးသည် ချက်ထောက်ပြီး ရပ်လိုက်သည်၊ ရပ်သည်ဆိုသည်မှာ ချက်ထောက်ပြီးပါးပျဉ်းထောင်လိုက်ခြင်းပင်၊ ပါးပျဉ်းထောင်လိုက်တော့ သူ့အရပ်ထက်ကျော်နေသည်၊ သူသည်တူရိယာကိုမှုတ်ရင်း ထိုင်လိုက်သည်၊ အသံစူးစူးကြောင့် မြွေကြီးသည် ပါးပျဉ်းမထောင်တော့၊ ခေါင်းချသွားသည်၊ စူးရဲစွာကြည့်သည်၊ ပါးပျဉ်းကိုလျှော့ချလိုက်ပုံရသည်၊ ပါးပျဉ်းအကျယ်သိပ်မရှိတော့၊ မြွေသည် သူ့ထံသို့ ခေါင်းထောင်ရံ ထောင်ပြီးသာလာနေချေပြီ၊ တောသံ၊ နှာသံ၊ ဒေါသံ မောသံပေးနေသည်၊ နီရဲသောအာခေါင်ကို မြင်ရသည်အထိ ပါးစပ်ကြီး ဖြဲထားသည်၊ ဖြူဖွေးကောက်နေသော အစွယ်ချွန်ချွန်ကို ကြက်သီးထဖွယ် တွေ့ရသည်၊

သူသည် တူရိယာကိုမှုတ်ရင်းမှ ရပ်လိုက်သည်၊ အသံမကြားရတော့၍ မြွေ



...ောက်သည် ရုတ်ခြည်းပင် ပါးပျဉ်းထောင်လိုက်၏၊ ဒေါသသံပေးလာသည်၊ သူသည်အသက်ကိုဝအောင်ရှူလိုက်ပြီး ...စ်ဖက်ကို လှုပ်ရှားဖို့ အားယူသည်၊ မြွေသည် သူ့ကိုရန်မူဖို့ ဟန်ရေးပြလာသည်၊ သူသည် ဘယ်ဘက်ကို ခြေလှမ်း ...စ်လှမ်း ရွှေ့လိုက်သည်၊ မြွေကြီးက ...ိုက်ပြီးရွှေ့သည်၊ ခေါင်းယိုင်ပြသည်၊ သူသည် ညာဘက်ကို ခြေနှစ်လှမ်းခန့် ရွှေ့ပြန်သည်၊ မြွေသည်လည်း ခေါင်း ယိမ်းပြန်သည်၊ ထိုအခါ သူသည် ရပ်ရင်း ...ခန္ဓာကိုယ် အထက်ပိုင်းကို ဟိုဘက် ယိမ်း၊ ဒီဘက်ယိမ်းနှင့် မြွေမျက်စိနောက် အောင် လုပ်နေလိုက်သည်၊ သူလှုပ်ရှားသလို မြွေသည် ချက်ထောက်ရပ်ရင်းမှ ...ဘက်ဒီဘက် ယိမ်းနေသည်၊

ထိုအချိန် သူသည် ခါးကြားက တုတ်ကို ဆွဲယူပြီး မြွေပေါ်ကို ခုတ်လိုက်သည်၊ မြွေသည် ခေါင်းမော့ကြည့်ရင်း ...နိုင်သမျှ မတ်အောင် ရပ်ထားသည်ကို တွေ့ရသည်၊ ပါးစပ်ကြီးကိုလည်း ဖြဲထားသည်၊ လေအဟုန်ထက် လျင်မြန်သော အလျင်အရှိန်ဖြင့် သူသည် မြွေကြီး၏နောက်ဘက် ရောက်သည်နှင့် ...ပျဉ်းနောက်ကို တုတ်နှင့် မထိတထိ တို့လိုက်ပြီး မြေပြင်ပေါ်ပြန်ကျလာသည်၊ မြွေသည် သူ့ခေါင်းကို ထိသွား၍ ဒေါသကြီးသွားသည်၊ သူ့ဘက် ပြန်လှည့်လာသည့်အချိန် သူသည် ဒုတိယအကြိမ် မြွေဆီကို ခုန်ပြီး ဝင်လိုက်သည်၊ ဒီတစ်ချည် နောက်ဆုံးပွဲသိမ်း၊ မသိမ်းလို့မရ၊ အချိန်ကြာလေလူမောလေ၊ မြွေဒေါသကြီးလေ ဖြစ်သည်၊ ဒီတော့ - သူသည် မြွေထံသို့ ခုန်ဝင်ရင်း ချက်ထောက်ရပ်နေသည့် မြွေ၏ခါးလောက်ကိုတုတ်သွင်းယူလိုက်ပြီး မြှောက်ပစ်လိုက်သည်၊ မြွေသည် သတ္တိကြီးသော်လည်း သူ၏အား၊ သူ၏ တုတ်ချက်ကော်ယူမှုကြောင့် လေထဲ မြောက်သွားသည်၊ မြွေနှင့်အတူ သူသည် လေထဲ မြောက်တက်သွားသည်၊ ပြန်အကျတွင်တော့ သူသည် မြွေ၏ ခေါင်းနောက်ကို လက်နှင့်ဖမ်းဆုပ်ထားလိုက်ပြီး ကျန်တစ်ဖက်က မြွေ၏ခါးကို ဆွဲယူလိုက်သည်၊ အားနှင့်ဖျစ်ညှစ်ယူအပြီး သူသည် ကိုယ်ကို ဟန်ချက်မပြတ် ပြန်မတ်ရင်း လေပူတစ်ချက်မှုတ်လိုက်မိသည်၊

သူ အောင်ပြီ၊ သူ နိုင်ပြီ၊ သူသည် လက်တွင်းက မြွေကြီး၏ရန်းကန်မှုကို အပိုင်ချုပ်ကိုင်ရင်း ပခြုပ်ဆီ လာခဲ့သည်၊

www.burmeseclassic.com

မြွေကြီးသည်ဒေါသကြောင့်ရစ်ပတ်ရင်း အမြီးနှင့်ရိုက်ဖို့ ကြိုးစားသေးသည်။ သူသည်ပြုံးရင်းမှ မြွေကြီးကို ပခြုပ်အတွင်း ထည့်လိုက်သည်။ ပခြုပ်အတွင်းရောက်သောအခါ မြွေကြီးသည် လှည့်နေသေးသည်။ အတော်ကြာမှ ငြိမ်သွားသည်။

သည်တော့ - သူသည် ပခြုပ်ကို ပုဆိုးလွှမ်းခြုံလိုက်ပြီး အမြန်ထမ်းကာ ပြန်ခဲ့သည်။ ဝန်းကျင်သည် ပူပြင်းစွာနှင့် ကျန်ရစ်သည်။ သူ၏ခြေလှမ်းတွေက မြန်လွန်းသည်။ သူသည် ကျဆင်းနေသောချွေးသီးများကို မသုတ်အား။

"ဒီကနေ့ - အဖေ့ဆီကို ဆရာ လာမယ်။ ခုလောက် ဆိုရင် ရောက်နေလောက်ပြီ"

သူ တွေးမိသည်။ အတွေးက ပျက်ပြယ်မသွား။

"အဖေ့အနာလည်း ပျောက်၊ အမေ့အားတာလည်း ဆေးတောင်းရမယ်"

တွေးရင်းနှင့် သူသည် အသက်စွန့်ပြီး ပေးဆပ်နေရသော ဘဝအခြေအနေကို ပြန်တွေးမိသည်။ ယခုတော့ ဆရာ လိုချင်သောမြွေ ရပြီ၊ ဒီမြွေကို ဆရာ့ထံ အပ်၊ ဆရာမှတစ်ဆင့် အလမ္ပာယ်ဆရာ့ထံ အပ်၊ သူ့မိဘတွေကို ဆေးကု၊ ဒါ သူ၏ပေးဆပ်ခြင်း၊ ပေးဆပ်ခြင်း။

မြွေဖမ်းမည်ဆိုတော့ အဖေနှင့် အမေ့ကို တိုင်ပင်သည်။

"ဖြစ်ပါ့မလား - သားရယ်"

ဟု ဖခင်က ပြောသည်။ အမေက -

"သားရယ် - မြွေဟောက်ဆိုတော့ သိပ်ကြောက်စရာကောင်းတာကွယ့်၊ အမေတို့ကံပေါ့ - သားရယ်၊ သား မြွေတော့ မဖမ်းပါနဲ့"

ဟု တားသည်၊ သူသည် နား မထောင်ခဲ့။ မီးစာကုန် ဆီခန်းတော့မည့် မိဘ၏ကျေးဇူးကို ဒီတစ်ခါ ဆပ်ခွင့်မ လျှင် လူဖြစ်ရကျိုးနပ်မည်မထင်တော့၊ သို့ကြောင့် ဆုံးဖြတ်သည်။ သည်တော့ အဖေနှင့် အမေက -

"တားမရလည်း ဖမ်းပေါ့ကွယ်၊ ဒါပေမဲ့ - ဖမ်းတဲ့အချိန်မှာ သစ္စာဆိုပေါ့၊ ဘယ်လိုဆိုရမလဲဆိုရင် သားဟာ အိမ် ထောင်မပြုဘဲ မိဘနှစ်ပါးကို သက်ဆုံး တိုင် လုပ်ကျွေးနေသူပါ၊ တာဝန်ကျေသူပါ၊ မိဘနှစ်ပါး၏မေတ္တာကို နားလည်သူပါလို့ဆိုပြီး ဖမ်းပေါ့"

ဟုဆိုခဲ့သည်၊ သို့ကြောင့် သူသည် ...စဉ် သစ္စာစကားကို ရင်ထဲကပင် ... မြွေကို ဖမ်းခဲ့သည်၊

...ဘနှစ်ပါးအပေါ် ပေးဆပ်လိုသော ...စကားတွေကြောင့် မြွေရခဲ့ပြီ၊ သူ ...ဘဆီအမြန်လာဆဲ၊ အပြုံးပန်းတွေက ရင်ထဲမှာ အပြည့်၊ မကြာခင် အဖေ နေကောင်းတော့မည်၊ အမေ စိတ်ချမ်းသာတော့မည်ကို တွေးရင်း၊ တွေးရင်း တွေးရင်း။

သူ - သူ၏ခြေလှမ်းတွေက သွက်လက်နေချေပြီတကား။

▶ တွင်းကြီးသား တင်ဝင်းဦး

**ရှေးဆုံးလည်း မပယ်နှင့်**
**ဈေးသုံးလည်း မလှယ်နှင့်**

* ဆွမ်းတော်တင်ကို စွန့်၍မစားသင့်၊
* ဆိုင်ခုံမှာ လက်မထောက်ရ၊
* ဈေးရောင်းသည့်နေရာ ကျင်ငယ်မစွန့်ရ၊
* ညဘက် သန်းမရှာရ၊ ခေါင်းမဖြီးရ၊
* ညအချိန် လေမချွန်ရ၊
* ညဘက် ဓားမသွေးကောင်း၊
* ညဘက်တွင် ခြေသည်းလက်သည်း မညှပ်ရ၊
* ညဘက်တွင် ဆံပင်၊ မုတ်ဆိတ် မရိတ်ရ၊



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ–ဦးခေါင်ရမ်းရ"

"ပြော – စာရေးဆရာ။ ကျုပ်တို့ သုဘရာဇာလုပ်ငန်းနဲ့ပတ်သက်ပြီး စာရေးဆရာ သိချင်တာမေး – အေ့ဂေ့"

ဦးခေါင်ရမ်းက တောချက်အရက် တစ်ခွက်ကိုမော့ပြီး လေချဉ်တက်လို့။

"ဦးခေါင်ရမ်းကို ကျုပ်သိချင်တာလေး မေးချင်တယ်"


"မေးပါ – အားမနာပါနဲ့ – မေးပါ"

"သုဘရာဇာဆိုတဲ့အမိပ္ပာယ် သိချင်တယ်ဗျာ"




www.burmeseclassic.com

www.burmeseclassic.com



ရှေးဘုရားရှင်များလက်ထက်တုန်းက လူတစ်ဦးသေရင် လူသေရဲ့နားမှာ ခေါင်းရင်းပန်းနှစ်ပွင့် ပန်ပေးပြီး ဆရာလုပ်သူက ဖုတ်သွင်းသတဲ့ဗျ။ ဖုတ်ဝင်လို့ လူသေက အသက်ပြန်ရှင်ရင် ဖုတ်ဝင်နေတဲ့လူသေကောင်ကို သုသာန်ရှိရာ ခေါ်သွားတာတဲ့။ လူသေဖုတ်ဝင်သည်က သူ့ဘာသာလမ်းလျှောက်ပြီး သုသာန်ရောက်ရော အလိုလို လဲကျဖုတ်ထွက်သွားရောတဲ့။ ၆၆

သုဘရာဇာကြီး ဦးခေါင်ရမ်းက ဆိတ်သားကင်တစ်ဖတ်ကို ကောက်ဝါးပြီး ကျွန်တော့်မျက်နှာကို စိုက်ကြည့်တယ်၊

"ဘာလဲ - စာရေးဆရာက စာရေးမလို့လား"

"ဒါပေါ့ဗျာ - လူအများမသိသေးတဲ့ အကြောင်းအရာတွေကို ဗဟုသုတအဖြစ်သိအောင် နားလည်သဘောပေါက်အောင် ရေးရမှာပေါ့"

"ကျုပ်လို စဏ္ဍာလကို တွေ့ဆုံမေးမြန်းပြီး စာရေးတာ ခင်ဗျားတစ်ယောက်ပဲရှိတယ် - စာရေးဆရာ"

"သူများတွေ ခင်ဗျားတို့ဘဝကို စိတ်မဝင်စားပေမဲ့ ကျုပ်ကတော့ ခင်ဗျားဘဝ သုဘရာဇာတို့၊ စဏ္ဍာလတို့ဘဝကို အရေးထားတယ်ဗျာ၊ ခင်ဗျားတို့ မရှိရင် ဒီလူသေတွေကို ဘယ်သူက သင်္ချိုင်းမှာ မြှုပ်ပေးမှာလဲဗျာ"

ဒီမှာ သုဘရာဇာကြီး ဦးခေါင်ရမ်းက -

"စာရေးဆရာ - ခုသေတဲ့လူက သူ့ဘာသာသူ သုသာန်ကို သွားရတယ်ဆိုရင် ခင်ဗျားယုံမှာလား"



"ဗျာ"

"ဟင်း - ဟင်း - ဟင်း - ဟင်း - စာရေးဆရာ အံ့သြသွားပြီ - အေ့ - ဂေ့။ ဒီနေ့သောက်တဲ့ ချက်အရက်က ပြင်းသားဟ - အေ့ - ဂေ့"

ကျွန်တော်ကလည်း အရက်ကို ငုံမော့ပြီး -

"ဦးခေါင်ရမ်း - မဖြစ်နိုင်တာကို ခင်ဗျားပြောပြီဗျာ၊ ကျုပ် မမူးသေးဘူးနော်၊ ဘယ့်နှယ်ဗျာ - သေတဲ့လူက သူ့ဘာသာ သုသာန်သွားရတယ်လို့၊ ပြော - ဘယ်နိုင်ငံမှာလဲ"

"မြတ်စွာဘုရားရှင်များလက်ထက်ကဗျာ"

"အလို - ခင်ဗျားစကားက တယ်မြင့်ပါလား၊ ပြောပါဦး - ဘယ်ဘုရားရှင်လက်ထက်တုန်း - သုဘရာဇာကြီးရာ"

"ဘုရားရှင်နာမည်တော့ မေ့သွားပြီ အကြောင်းအရာပဲ စာရေးဆရာ နားထောင်၊ ဟို - ရှေးဘုရားရှင်များလက်ထက်တုန်းက လူတစ်ယောက် အိမ်မှာ သေသွားပြီဆိုရင် အ,မင်္ဂလာအဖြစ် မှတ်ယူကြတယ်"

"ဒီနေ့လည်း မှတ်ယူနေတာပါပဲဗျာ"

"ဟုတ်တာပေါ့ဗျာ၊ ဒီအဖေ၊ ဒီအမေ အသက်ရှင်တုန်းက ရှာဖွေကျွေးမွေး လူရာဝင်အောင် လူတန်မီးရှိအောင်လုပ်ပေးနိုင်တုန်းက ဒီအဖေ၊ ဒီအမေ မင်္ဂလာရှိနေတာပဲ။ အိမ်ဦးခန်းမှာ ထားပြီး ကန်တော့ရ၊ ထမင်းပွဲပြင်ကျွေးရ၊ ခြေဆုပ်လက်နယ်ပြုပေးရပေါ့ဗျာ၊ ဒီတုန်းက မင်္ဂလာရှိတဲ့အဖေပေါ့၊ အမေပေါ့၊ ဟော သေလည်း သေရော - ဒီအဖေ၊ ဒီအမေကို အိမ်ရှေ့ဘုရားကျောင်းဆောင် အောက်ကြမ်းပြင်မှာအလောင်းပြင်ထားရတာကို မသတီတော့ဘူး။ မင်္ဂလာမရှိတော့ဘူး။ အ,မင်္ဂလာဖြစ်သွားပြီလို့ ဆိုကြပြီး အိမ်ပေါ်မှာ (၇)ရက်ပြည့်အောင် မထားပဲ သင်္ချိုင်းကို ပို့သင်္ဂြိုဟ်ခဲ့ရတာပဲ၊ အမှန်က လူတစ်ယောက်သေသွားတာကို ဆင်ခြင်သုံးသပ်ရင် မင်္ဂလာရှိတယ်ဗျာ"

"လုပ်ပါဦးဗျ - ခင်ဗျားဒဿန"

"လူဆိုတာ အနိစ္စမမြဲပါလား၊ သင်္ခါရရှေ့လျားပြောင်းရွေ့တဲ့သဘောရှိပါလား။ အနိစ္စမမြဲပါလား၊ ဒုက္ခမမြဲခြင်းကြောင့်ဆင်းရဲခြင်းဖြစ်ရပါလား၊ အနတ္တဒီသဘောတွေကြောင့် ငါ့ကိုယ်ငါလည်း မပိုင်ပါလားလို့ တွေးယူဆင်ခြင်ရင်



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဖြစ်ရောပေါ့ဗျာ။ ငါ့အဖေလည်း သေပြီး ငါလည်း သေရဦးမှာပါလား။ သက်ရှိမှန်သမျှ ဖြစ်ပြီးရင် ပျက်ရမှာပါလား၊ ဒီလိုတွေးမှတ်ရင် အဲဒီ့မရဏနဲ့ သတိပွားတာပဲဗျ"

"ဦးခေါင်ရမ်း"

"ပြော - စာရေးဆရာ"

"ခင်ဗျား - သက်န်းဝတ်ပြီး နယ်လှည့်တရားဟောတော့ဗျာ - အေ့ဂေ့"

"တစ်နေ့တော့ သက်န်းဝတ်မှာပါဗျာ၊ ခုလုပ်နေတဲ့ သုဘရာဇာအလုပ် ဇက္ကာလအလုပ်ကလည်း ကုသိုလ်ရတဲ့အလုပ်မို့ လူသေတွေလာတိုင်း အနိစ္စ အမြဲမရှိပါလား။ ဒါသေခြင်းတရားပါလားတွေးပြီး အကောင်းဆုံးဖြစ်အောင် လုပ်ပေးနေတာပါဗျာ"

"ခင်ဗျား သိပ်ပေမရှည်နဲ့ - ဦးခေါင်ရမ်း၊ စောစောက လူသေ ကိုယ်တိုင် သုသာန်သွားတဲ့အကြောင်း ပြောပါဦး"

"ရှေးဘုရားရှင်များလက်ထက်တုန်းက လူတစ်ဦးသေရင် လူသေရဲ့နှာမှာ ခေါင်ရန်းပန်းနှစ်ပွင့် ပန်ပေးပြီး ဆရာလုပ်သူက ဖုတ်သွင်းသတဲ့ဗျ။ ဖုတ်ဝင်လို့ လူသေက အသက်ပြန်ရှင်ရင် ဖုတ်ဝင်နေတဲ့လူသေကောင်ကို သုသာန်ရှိရာ ခေါ်သွားတာတဲ့။ လူသေဖုတ်ဝင်သည် ကသူ့ဘာသာလမ်းလျှောက်ပြီး သုသာန်ရောက်ရော အလိုလို လဲကျဖုတ်ထွက်သွားရောတဲ့။ ဟိုးရှေးတုန်းက လူသေကောင်ကို မြေမြှုပ်သင်္ဂြိုဟ်ခြင်း မရှိဘူး။ လူသေကောင်ကို သုသာန်မှာ စွန့်ပစ်တာပဲရှိတယ်၊ ဒီစွန့်ပစ်သုသာန်ကြီး လူသေကောင်၊ကျီး၊လင်းတ၊ခွေးအတွေစားလို့ အရိုးတွေ ပြန့်ကြဲတဲ့ သုသာန်ယောင်းကို တစ်စပြင်လို့ ခေါ်တယ်တဲ့၊ နောင်အခါ ဘုရားရှင်ရဲ့အဆုံးမကြောင့် လူသေကို သရဏဂုံတင်ပြီး မြေမြှုပ်သင်္ဂြိုဟ်တဲ့ ယဉ်ကျေးတဲ့ခေတ်ကို ရောက်လာတာ။ သုသာန်သချိုင်းဆိုတာ လူသေကောင်ကို မြေမြှုပ်ဖုတ်ကြည်း သင်္ဂြိုဟ်တဲ့နေရာကို ခေါ်တာဗျ"

☠ ☠ ☠

"ဟုတ်ပါပြီဗျာ။ "သုဘရာဇာ" ဆိုတဲ့ တဆိတ် ရှင်းပြစမ်းပါဦးဗျာ"

ဦးခေါင်ရမ်းက အရက်တစ်ခွက်ငှဲ့ပြီး တစ်ရှိန်ထိုး မော့ပြီးနောက် လိပ်ပြီးတွေးလိုက်တယ်။

"အဟပ် - ထွီ - ဲအေ့ဂေ့ - ဒီလိုဗျ စာရေးဆရာ - "သုဘ" ဆိုတဲ့အဓိပ္ပာယ် ကတင့်တယ်အောင်ပြခြင်းကိုခေါ်တယ်၊ "သုမောင်" ဆိုတဲ့အဓိပ္ပာယ်ကလည်း တင့်တယ်လှပသော မောင်လူကလေးလို့ အဓိပ္ပာယ်ရတယ်၊ ဟုတ်ပြီနော်"

"အင်း"

"ရာဇာဆိုတာက အကြီးအကဲကို ပြောတာ၊ တိုင်းပြည်အုပ်ချုပ်တဲ့အကြီးအကဲကိုရာဇာမင်းလို့ခေါ်တာပေါ့။ သုဘရာဇာကို အဓိပ္ပာယ်ဖွင့်ဆိုလိုက်တော့ အသုဘမတင့်တယ်သောသူသေကို လှပတင့်တယ်အောင် ပြုရစီရင်စေခိုင်းသူအကြီးအကဲလို့ အဓိပ္ပာယ်ရတယ် စာရေးဆရာ"

"မိုက်တယ်ဗျာ - ခင်ဗျားကို ကျုပ်အမှတ်အသေပေးပါတယ် - သုဘရာဇာကြီးရာ၊ အေ့ဂေ့ - ဆက်စမ်းပါဦးဗျ"

"သေတဲ့လူ၊ အသက်ထွက်တဲ့လူတိုင်း မျက်နှာအနေအထား မလှဘူး စာရေးဆရာ"

"ဟုတ်တာပေါ့ဗျာ၊ ကျုပ်သူငယ်ချင်း ကိုဖော်ဖေ သေတုန်းကဆို ပါးစပ်ကြီးဟပြီး လျှာတန်းလန်းထွက်နေတာ၊ မျက်လုံးတိုင်း လန့်ကြပါရောလားဗျာ"

"ဟုတ်တာပေါ့ဗျာ၊ မရဏနုသတိကမ္မဋ္ဌာန်းတို့၊ ဝိပဿနာတရားတို့ပြည့်ဝတဲ့ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်ဝတဲ့လူတွေသေရင် မျက်နှာထားက တည်ငြိမ်တယ်ဗျ၊ ရုပ်မပျက်ဘူး၊ မေတ္တာတရား နှလုံးသွင်းပြီး ကွယ်လွန်တဲ့လူ၊ မိဘ သားမယား ကောင်းမွန်သော စေတနာ မေတ္တာနဲ့ လုပ်ကျွေးပြီး သေခြင်းတရားကို ကောင်းမွန်စွာ နှလုံးသွင်းသေတဲ့သူ မျက်နှာကျတော့ သေတာတောင် မျက်နှာအနေအထားက ပြုံးနေသလိုလေးဗျာ"

"သေပန်းပွင့် တယ်ဆိုတာလားဗျာ"

"သေပန်းပွင့် တယ်လို့ ပြောရင်လည်း အချို့တစ်ဝက်မှန်တယ်၊ အလုံးစုံ မမှန်ဘူးဗျ - စာရေးဆရာ"

"ဘာကိုတုံး"

"အချို့လူတွေရပ်အကျိုး ရွာအကျိုး တိုင်းပြည်အကျိုး၊ ကိုယ်ကျိုးစွန့်ဆောင်ရွက်ရင်းကွယ်လွန်သွားကြတယ်၊ ဥပမာ ဗိုလ်ချုပ်အောင်ဆန်းတို့လို အာဇာနည်ကြီးတွေ၊ တိုင်းပြည်က သူတို့ကို ချစ်ခင်လေးစားတယ်၊ သူတို့ မသမာသူလက်ချက်နဲ့ ကျဆုံးပြီးနောက် သင်္ဂြိုဟ်ရာပနလုပ်တယ်၊ ဗိုလ်ချုပ်တို့ကို ချစ်ခင်လေးစားတဲ့လူထုကြီးက ရာပနကို လိုက်ပို့တယ်၊ ဗိုလ်ချုပ်တို့အလောင်းတွေကို





www.burmeseclassic.com

www.burmeseclassic.com

ဖဲ့ဝေပြဖို့ဖွင့်ပေးတုန်းကလည်းပရိသတ် လူထု သိန်းနဲ့ချီ လာရောက်ဂါရဝပြုကြတာ၊ အဲဒီလိုစည်ကားတာ၊ ချစ်ခင်လေးစားတာမှ သေပန်းပွင့်တယ်ခေါ်တယ်ဗျာ၊

ဗိုလ်ချုပ်တို့ကို လုပ်ကြံသတ်ဖြတ်တဲ့ဂဠုန်ဦးစောတို့ကျတော့တိုင်းပြည်က မုန်းတီးစက်ဆုပ်လို့ ဦးစော ကြိုးပေးခံရပြီး သေသည့်တိုင် သူ့အသုဘ လူမစည်ခဲ့ဘူး၊

ခြောက်ကပ်ကပ်နဲ့ ရေခဲရိုက် အသုဘအိမ်လို အေးစက်နေတယ်၊ အဲဒါ သေပန်းညှိုးတယ်လို့ခေါ်တယ်၊

စာရေးဆရာတို့ ကျုပ်တို့မျက်မှောက်ခေတ်မှာလည်း တိုင်းသူပြည်သားတွေကို အမျိုးမျိုးနှိပ်စက်တဲ့ အာဏာရှင်အချို့သေတော့အသုဘလိုက်ပို့မည့်သူ မရှိဘူး၊

အချို့-ဒီဘီလှည်းလို ရထားလုံးနဲ့ အသုဘချရတယ်။ သနားမည့်သူမရှိကြဘူးဗျာ၊

"အဲဒါ - သေပန်းညှိုးတယ်၊ ခြွေတယ်လို့ ခေါ်တယ်ဗျာ"

"ဦးခေါင်ရမ်း"

"အော့ - ဂေ့ - ပြော - စာရေးဆရာ"

"ခင်ဗျား - သုဘရာဇာ အဓိပ္ပာယ်ဖွင့်ဦးလေဗျာ"

"ဟုတ်တာပေါ့ - မှတ်ထား။ ဒီလို စာရေးဆရာရေ - ကျုပ်မှာ ရှေးဆရာဆရာ သုဘရာဇာကြီးတွေ သွန်သင်ခဲ့တာတွေ မှတ်ထားတာရှိတယ်၊ ကြီးကျယ်တာတော့ မဟုတ်ဘူးဗျာ၊ သုဘရာဇာက သုဘရာဇာစကားမပြောဘူးလို့တော့ မထင်ပါနဲ့ဗျာ၊ ကျုပ်က သုဘရာဇာအလုပ်ကို လုပ်နေပေမယ့် စာတော့ဖတ်တယ် - ဆရာရေ၊

ခဏလေးဗျာ - စာရေးဆရာကို ကျုပ် စာအုပ်တစ်အုပ် ပြစရာရှိတယ်၊ ခဏလေးနော်"

သည့်နောက် သုဘရာဇာကြီး ဦးခေါင်ရမ်းက အိမ်ရှေ့ခုံပုလေးပေါ်မှာ ပုံထားတဲ့စာအုပ်အချို့ထဲက ဝါကျင်ကျင်နီကျင်စာအုပ်တစ်အုပ်ကို ယူလာပြီး ကျွန်တော့်ကို ပြတယ်။

စာအုပ်ရဲ့အဖုံးပေါ်ကစာအုပ်အမည် "သုတေသန သရုပ်ပြ အဘိဓာန်" တဲ့ခင်ဗျာ၊

မူလစာအုပ်ပြုစုသူကအရှင်ဩဘာသာဘိဝံသတဲ့၊ ပြန်လည်ပုံနှိပ်သူက သဉ္ဇကျေးမှုဝန်ကြီးဌာန၊ အတွင်းဝန်ဟောင်းဦးဖိုးလတ်တဲ့ဗျာ၊

ဦးခေါင်ရမ်းက စာအုပ်နဲ့ တစ်နေရာကိုဖွင့်ပြီး ခုလိုရှင်းပြပါရော ခင်ဗျာ၊

☠ ☠ ☠

ကျောက်စာဝန် ဦးတော်စိန်ခိုရဲ့ ဆိုဒ်မှတ်တမ်းတစ်ခုမှာစဏ္ဍာလလေးနဲ့ ခုလိုဖော်ပြထားတယ်၊ မှတ်ထားဗျာ ဟုသုတပေါ့။

၁၊ ပြည့်တန်ဆာတစ်စို

၂။ သွေးမစွမ်းအနုများတစ်စို

၃၊ သူတောင်းစားများတစ်စို

၄၊ သူကောင်ထမ်း၊မြေမြှုပ်သုဘရာဇာတစ်စို့ရယ်လို့ လေးစိုရှိတယ်လို့ဆိုတယ်၊

ဒါ - ရှေးရှေးကာလ မြန်မာမင်းများလက်ထက်တော်က အယူအဆပေါ့၊ သူတို့ကို အရွတ်ဝန်က တာဝန်ယူ အုပ်ချုပ်တယ်တဲ့ ခင်ဗျ၊

ခုခေတ်မှာတော့ သုသာန်သချိုင်း လူသေကောင် မြေမြှုပ်သင်္ဂြိုဟ်ကိစ္စ အဝဝကို စည်ပင်သာယာက အုပ်ချုပ်ကြီးကြပ်တာဝန်ပေးအကောင်အထည်ဖော်ကြတယ်၊

နောက်ထပ် စဏ္ဍာလ ငါးမျိုးကို သုတေသန သရုပ်ပြ အဘိဓာန်မှာ ခုလို ဖော်ပြတာကို တွေ့ရပြန်တယ် ခင်ဗျာ၊

၁၊ စပ်

၂။ အမွှမ်း

၃၊ သူကောင်ထမ်း

၄၊ တွင်းတူး

၅၊ သူသေကိုင် ရယ်လို့ ငါးမျိုး ဖော်ပြထားတယ်၊ "စပ်" ဆိုတဲ့အဓိပ္ပာယ်ကလူကောင်ထည့်တဲ့ခေါင်းကိုပြန်လုပ်တဲ့သူတဲ့၊ နောက်တစ်မျိုး ရှေးခေတ်တုန်းက ရာဇဝတ်သားတွေ သွင်းနှောင်ထားတဲ့ နှောင်အိမ်ကိုလည်း "စပ်" လို့ခေါ်တယ်။ "အမွှမ်း" ဆိုတာက ခေါင်းကို စက္ကူအလှဆင်မွှမ်းတာ၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ လူသေကောင်ကိုကြည့်ပျော်ရှုပျော်ဖြစ်အောင် ပြုပြင်မွှမ်းမံအလှဆင်တာကို "အမွှမ်း" လို့ခေါ်တယ်တဲ့၊

"သူကောင်ထမ်း" ဆိုတာက လူသေကို ပိုထမ်းတဲ့သူ၊ တွင်းတူးက လူသေမြှုပ်ရန် မြေကြီးတွင်းတူးသူ၊

သူသေကိုင်ဆိုတာက သေတဲ့လူကို ရေချိုးသန့်စင် အဝတ်သစ်များ ပြန်ဝတ်ဆင်ပေးတာ၊ ကူးတို့ခ ဒင်္ဂါးတစ်မတ်





www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ထဲ ထည့်ပေးတဲ့လူ၊ အဲဒါကို ရှေးတုန်းက စဏ္ဍာလငါးမျိုးလို့ခေါ်တယ်။

ဟောဒီစာမျက်နှာကို ကြည့် - စာရေးဆရာ၊ စဏ္ဍာလငါးမျိုး နောက်တစ်နည်းတဲ့၊

စဏ္ဍာလရဲ့အဓိပ္ပာယ်ကို ဧကနိပါတ်၊ အပဏ္ဏကဇာတ်အဋ္ဌကထာမှာ လွန်စွာကြမ်းတမ်းသောအလုပ်ကို လုပ်ရသူလို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်ဗျာ၊

“ဒီငါးမျိုးကိုတော့စာရေးဆရာဖတ်ကြည့်ဗျာ၊ သို့သော် အဲဒီငါးမျိုးတော့ ထည့်မရေးနဲ့”

“ဘာဖြစ်လို့တုံးဗျ”

“ခုခေတ်နဲ့ မလျော်ညီတော့ဘူးလေဗျာ၊ ဒါနဲ့ - ကျွန်တော်က မူကွဲစဏ္ဍာလငါးမျိုးကို ဖတ်ကြည့်တော့ ဟုတ်တာပဲကိုး၊

ခုခေတ်နဲ့တော့မဖြစ်သင့်တော့ဘူးပဲလို့ဗျာ၊ သို့သော် ပါဠိလို ရေးထားတာလေးတော့ ရေးမှတ်ယူလိုက်တယ်၊

၁။ စဏ္ဍာလ

၂။ နေသာဒ

၃။ ပုက္ကုသ

၄။ ရထကာရ

၅။ ဝေဏု - တဲ့၊

သပဏ္ဏကနောင်တော်ဖြစ်တဲ့ ခေတ်မှာတော့ ဒီအယူအဆ မှန်ကောင်းမှန်နိုင်မှာပေါ့၊ အဲဒီအချိန်တုန်းက ဇာတ်ခွဲခြားတဲ့ခေတ်ကိုး၊ မျက်မှောက်ခေတ်မှာတော့ ပယ်ခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး”

“ဟုတ်ပါပြီဗျာ - ဒီတော့”

“စောစောက ပြောခဲ့တဲ့စပ်၊ အမွှမ်း၊ သူကောင်ထမ်း၊ တွင်းတူး၊ သူသေကိုင်တွေကို အုပ်ချုပ်ကြီးကြပ်ပြောဆိုရတဲ့ အကြီးအမှူးကို သုဘရာဇာလို့ ခေါ်တာပဲဗျ၊ အယဉ်ကျေးဆုံးစကားနဲ့ ပြောရရင်တော့ မတင့်တယ်သော “အသုဘ” လူသေကောင်ကို တင့်တယ်သော “သုဘ” ဖြစ်အောင်အစအဆုံးဦးဆောင်စီမံခန့်ခွဲအုပ်ချုပ်တဲ့အကြီးအမှူးကို “သုဘရာဇာ” လို့ ခေါ်တာပဲ - စာရေးဆရာ”

“မိုက်တယ်ဗျာ - ဦးခေါင်ရမ်း ခင်ဗျားက တယ်တော်တဲ့လူပဲဗျ၊ အတွေးအခေါ်လည်းရှိတယ်၊ စာလည်းဖတ်တယ်၊ ရုပ်ရှင်တို့၊ ဇာတ်ပွဲတို့ရော ကြည့်လား”

“ကြည့်တာပေါ့ဗျ”

“ခင်ဗျားက ဘယ်ဇာတ်ကို ကြိုက်တုံးဗျာ”

“မြို့တော် သိန်းအောင်ဇာတ်နဲ့ စိန်မာဒင်ဇာတ်ကို အရမ်းကြိုက်တယ် စာရေးဆရာ”

“အော် ပရာကြိုက်တာလား၊ ပြဇာတ်ကြိုက်တာလား”

“နောက်ပိုင်းဇာတ်ထုပ်ကြိုက်တာ စာရေးဆရာ”

“ကျုပ်ကတော့မြို့တော်သိန်းအောင်တတဲ့ ကိုးဆယ်ဆ ကွာပါလိမ့်မယ် ပြဇာတ်၊ မိုးလား တိမ်လား၊ မြူလား ပြဇာတ်၊ ရိုးပြတ်ဖေါ်က တောင်ပံခတ်သံတဲ့ပြဇာတ်တွေကို မြို့င်ထတို့၊ သေတ္တာအကတို့ကြိုက်တယ်၊ ဇာတ်မင်းသားကြီးနဲ့တာကြည်လင်ကျတော့ ရွှေဇိနပ်ကိုနှုတ်တိုက်စီးမည်ပြဇာတ်ကို ကြိုက်တယ်ဗျ၊ ဦးခေါင်ရမ်းက ဘာလို့ နောက်ပိုင်းဇာတ်ကို ကြိုက်တာတုံး၊ ရှင်းပြပါဦး”

သုဘရာဇာ ဦးခေါင်ရမ်းက စာအုပ်အဖုံးကို ပြန်ပိတ်ပြီးနောက် -

“ဘာလို့ နောက်ပိုင်းဇာတ်ကို ကြိုက်လဲဆိုတော့ ကျုပ်တို့သုဘရာဇာ စဏ္ဍာလဇာတ်ကို ကသွားလို့ဗျ”

“ဟုတ်လား”

“မြို့တော်သိန်းအောင်ရော၊ စိန်မာဒင်ရောပြည်သူ့တရားရှင်ဆိုတဲ့ နောက်ပိုင်းဇာတ်ကို ကကြတာဗျ၊ သုဘရာဇာတို့ရဲ့ဘဝ၊ သနားစရာလည်းကောင်း၊ ရယ်လဲ ရယ်ရ၊ အမှန်တရားနဲ့ မေတ္တာတရားကို ကသွားတာ ကျုပ်ဘဝတွေပါလို့ ကြိုက်တယ်ဗျာ”

အင်း - အာဂသုဘရာဇာကြီးပါကလား၊

သူ့အိမ်ပေါ်မှာ သတင်းစာဟောင်းတွေပါ တွေ့ရတယ်၊ ပိုပြီးထူးခြားတာက သူ တာဝန်ယူ မြေမြှုပ်သင်္ဂြိုဟ်ပေးရတဲ့ လူသေတွေရဲ့စာရင်းကို စာအုပ်တစ်အုပ်နဲ့ ရေးမှတ်ထားတာပဲဗျာ၊

စာမျက်နှာလေးဆယ်ဗလာစာအုပ်တစ်အုပ် ပြည့်လုနီးပါးပဲ၊ စာတစ်မျက်နှာ အချို့ဖတ်ကြည့်တော့ -

ဦးဝင်းနိုင်

အသက်(၅၀)နှစ်

(၁၃ - ၄ - ၂၀၁၄)နေ့ ကွယ်လွန် မြေမြှုပ်၊

ဦးဇော်ဖေ

အသက်(၆၅)နှစ်





www.burmeseclassic.com

www.burmeseclassic.com

(၉ - ၉ - ၁၉၈၉)နေ့ ကွယ်လွန်မြေမြှုပ်၊

ဒေါ်အာဝါး

အသက်(၇၀)

(၃ - ၃ - ၁၉၅၆)နေ့ ကွယ်လွန်မြေမြှုပ်၊

ဦးသိန်းဝင်း (လှိုင်)

အသက်(၆၆)နှစ်

(၅ - ၅ - ၁၉၈၈)နေ့ ကွယ်လွန်မီးသင်္ဂြိုဟ်သည်။

အင်း - အတော်စေ့စပ်တဲ့ သုဘရာဇာကြီးပဲ၊ ကာယကံရှင်တွေ သင်္ဂြိုဟ်တဲ့နေ့ မေ့ချင် မေ့မယ်၊ ဦးခေါင်ရမ်းက မမေ့ဘူး၊

သူ လှူသေ ဘယ်နလောင်းမြေမြှုပ် သင်္ဂြိုလ်ပေးခဲ့တာကို သက္ကရာဇ် အစဉ်လိုက်ကို ရေးမှတ်ထားတာဗျာ။

နောက်စာမျက်နှာတွေ ဆက်ဖတ်ရင် ကိုစိုးဝေတို့၊ ဦးလေးမောင်တို့ ကွယ်လွန်တဲ့နေ့တွေ ပါမလားမသိဘူး၊

သူတို့နှစ်ဦးလည်း ရန်ကုန်မှာ ပျောက်နေတာကြာပြီကိုးဗျ၊ ကိုစိုးဝေက ဘုန်းမာရေးမကောင်းရှာဘူးဗျာ၊

ဦးခေါင်ရမ်းရဲ့အိမ်မှာ ဖျာတွေမှ ပေါပေါပဲ၊ ထင်းတွေကလည်း ပုံထားတာမှ မောက်နေတာပဲဗျာ၊ သစ်သားထင်းတွေရော၊ ဝါးထင်းတွေရောပဲ၊

"ဦးခေါင်ရမ်း - ခင်ဗျားက သစ်သားထင်းသုံးတယ်လား၊ မီးသွေးမသုံးဘူးလား"

"စာရေးဆရာရာ - ဒီကျောက်ခေါင်းလောင်းသင်္ချိုင်းမှာ နေရတာ ထင်းမရှားဘူးဗျ၊ ကျင်းသစ်တူးရင် ကျင်းဟောင်းပေါ်ရော၊ အဲဒီ့ကျခေါင်းသစ်သားဟောင်းတွေရတာပဲ၊ အဲဒါတွေနေလှန်းပြီး ခွဲစိပ်ဆိုတာပေါ့ဗျာ၊ ပြီးတော့ အလောင်းတင်တဲ့ကပ်ဝါးတွေပေါမှပေါပဲ၊ ခွဲစိပ်နေလှန်းပြီး ထင်းဆိုတော့ ထင်းဖိုးငွေ မကုန်ဘူးလေဗျာ၊ ကျုပ်တို့က ကျကျနန မြေမြှုပ်မီးသင်္ဂြိုဟ်လုပ်ပေးတော့ ကာယကံရှင်တွေက အရက်ပုလင်း လက်ဆောင်တို့၊ လက်ဖက်ရည်ဖိုးတို့ စေတနာနဲ့ ပေးသွားတာဗျ"

"စုမိမှာပေါ့နော်"

"အဟဲ - ဟဲ - ဟဲ - ကျုပ်မိန်းမ မပေစီက အသုံးအစွဲ ကျစ်လျစ်တော့ စုမိတာရှိတာပေါ့၊ အိုစာနာစာ ရံပုံငွေပေါ့ဗျာ - ဟား - ဟား - ဟား - ဟား ဟား"



ဦးခေါင်ရမ်းက သူ့အပြောကို ...ဘာသာ သဘောကျပြီး အားရပါးရ ...ပါရော၊

ဒီအချိန်မှာ မြေကြီးတွေ ပေကျံနေ ...ခဲ့တောင်းကျိုက်နဲ့ ပိန်ပိန်လူတစ်ဦး ...ောက်လာတယ်။

"ငဆုန်း - ဘာတုံး"

"နစ်ကျင်းတော့ အသင့်ဖြစ်ပါပြီ ...ဘ"

"ဟုတ်လား ! ဒါဆို နားတော့ဟေ့၊ ...လွဲမှ အသုဘက ရှမှာကွ - သွားနား ...ရှ"

မြေကြီးကျင်းတူးသူက အစီအရင် ...ဲ့ သုဘရာဇာကြီး အလုပ်ပြီးရင် နား ...လို့ ပြောလိုက်တယ်။

ဒါနဲ့ သိချင်တာလေး မေးရတယ်၊

"ဦးခေါင်ရမ်း - အရပ်ရှည်တဲ့လူပေါ့ ...အရပ်ခြောက်ပေကျော်တွေသေရင် ...ျင်းပိုဘူးရလားဟင်"

"လာခဲပါတယ်ဗျာ၊ အံ့ကျဖြစ်တာ ...ပါတယ်"

"မေးစရာရှိသေးတယ်"

"မေးလေ - စာရေးဆရာ - ဘာသိ ...ချင်လို့လဲ"

"ခင်ဗျား - ဒီသုဘရာဇာအလုပ်မှာ ပျော်ပိုက်မှုရှိရဲ့လားဗျာ - ဟင်"

ဒီလိုမေးလိုက်တော့ ဦးခေါင်ရမ်းက အရက်ပန်းကန်လုံးကိုကိုင်ရင်း ခဏငိုင်သွားတယ်ဗျာ၊ ကျွန်တော်မေးတာ သိပ်များလွန်သွားသလား၊

"ကျွန်တော်မေးတာများ ..."

"ကိစ္စမရှိဘူး - စာရေးဆရာ၊ ခင်ဗျားက ကျုပ်တို့ဘဝကို တိုင်းပြည်က သိအောင် ဘဝသရုပ်ဆောင်ပြမည့် စာရေးဆရာပါ၊ မင်းသား မင်းသမီး၊ သူဌေးသူကြွယ်၊ အားကစားသမား၊ နာမည်ကြီးစာရေးဆရာတွေကိုသာ စာမျက်နှာပေါ်မှာ ဓာတ်ပုံတွေနဲ့ အကျယ်တဝင့် ဖော်ပြနေချိန် စာရေးဆရာက သူများတွေ ဥပေက္ခာပြုထားတဲ့ ကျုပ်တို့ စဏ္ဍာလ (ခေါ်) သုဘရာဇာခေါ် နာရေးလုပ်ငန်းလုပ်နေတဲ့ လူနှင်းပြားတွေကို တကူးတက မေးမြန်းရေးသားဖို့ လုပ်တာနဲ့ပဲ ကျုပ်တို့အားလုံး ကျေနပ်ဝမ်းသာနေပါပြီ - စာရေးဆရာ၊ ပြောရရင်တော့ တော်ရာမနေ၊ ပျော်ရာမှာနေရတဲ့ ဘဝပေါ့လေ၊ ပညာကလည်း အဆင့်ရှိရှိမတတ်၊ ဆွေမျိုးဉာတိကလည်း မရှိ၊ ပစ္စည်းအား

www.burmeseclassic.com

ပဲရှိတဲ့ဘဝ၊ ရရာအလုပ်ကိုလုပ်ရင်း နောက်ဆုံး ဒီသုဘရာဇာအလုပ်ကို ရခဲ့တာပဲ၊ စည်ပင်သာယာထောက်ပံ့ကြေးလည်း ရပါတယ်၊ အဓိကက နေစရာရတာကိုပဲ ဝမ်းသာတယ် - စာရေးဆရာ၊

ကျုပ်တို့မှာ မြေပိုင်မရှိဘူးလေ၊ အိမ်ငှားနေဖို့လည်း မတတ်နိုင်ဘူး၊ မိန်းမနဲ့ ကလေးသုံးယောက်နဲ့ အစကနဦးတုန်းက ဒုက္ခတွေရောက်၊ ဟိုမြို့ရောက်အဆင်မပြေ၊ ဒီမြို့ရောက်အလုပ်ကရှာမရနဲ့၊ စားဝတ်နေရေးဒုက္ခရောက်နေတုန်း စည်ပင်သာယာက ပုဂ္ဂိုလ်တစ်ဦးက ကျုပ်ရဲ့ခွန်အားဗလကိုကြည့်ပြီး သဘောကျသွားရာက ဒီကျောက်ခေါင်းလောင်းသချိုင်းမှာ မြေတူးကျင်းတူးလူသေကောင်ကိုင် စတဲ့ အောက်ခြေအလုပ်တွေကို ကြိုးစားပန်းစားလုပ်ရင်း (၁၀)နှစ်အကြာမှာ ကျုပ်ကြီးကြပ်ရတဲ့ သုဘရာဇာအဆင့် ရောက်ခဲ့ရတာပဲဗျာ"

ခု - ကြည့်စမ်း၊ ဟိုတုန်းက ဝါးအိမ်လေးဗျာ၊ ကျုပ် မဒမတိုင်သစ်သားအိမ်ထရံကာလေးနဲ့၊

အိမ်အောက်မှာ ကြက်ရော၊ ဝက်ရော၊ ဘဲရောမွေးထားတယ်၊ နောက်ဖေးမှာ ခရမ်း၊ ဖရုံ၊ သခွား၊ ချဉ်ပေါင်၊ ဘူးပင်တွေ စိုက်ထားတဲ့ စိုက်ခင်းလေးနဲ့၊

ကျုပ် - ခုဘဝမှာ ပျော်တယ်ဗျာ၊ ကျုပ် ဘုန်းကြီးကျောင်းထွက်ပါ၊ ဆရာတော် ဦးကျောက်အိုးတပည့်ပါ၊

ပရိတ်ကြီးအဆင့်အထိ စာသင်ဖူးပါတယ်ဗျာ၊

ဟိုး - အတိတ်ဘဝက ဒါန၊ သီလ ဘာဝနာကောင်းမှုအားနည်းခဲ့လို့ ဘဝသစ်မှာပညာမဲ့ဘဝနဲ့ လူပြန်ဖြစ်ရတယ်၊ ဟိုး - ဟိုဘဝတွေက ကျုပ် ဒီသုသာန်သချိုင်းနဲ့ပတ်သက်ပြီး ပြောမှားဆိုမှားကံဆိုးတွေရှိခဲ့လို့ ယခုဘဝ ကံကောင်းပြီး လူပြန်လာဖြစ်ခဲ့ပါသော်လည်း အတိတ်ဘဝက ပြောမှားဆိုမှား ဘဝကံကြွေးကို ပြန်ဆပ်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ၊

သို့သော်ဘဝကံကြွေးရှိခဲ့ရင်လည်း ကျုပ် ဒီဘဝမှာ အကောင်းဆုံးပေးဆပ်အကြွေးဆပ်သွားမှာပါ၊

ဒါကြောင့် - ရပ်ထဲ၊ ရွာထဲ၊ မြို့ထဲ နာရေးကိစ္စပေါ်လာလို့ ကျုပ်ကို အကူအညီလာတောင်းရင် စေတနာနဲ့ လိုက်လုပ်ပေးတယ်၊

ကာယကံရှင် ကျေနပ်အောင် လုပ်ပေးတယ်၊ ငါဝမ်းစာလုပ်နေတာမဟုတ်ဘူး၊ ကုသိုလ်လုပ်နေတာကွလို့ မှတ်ယူပြီး ကျုပ် စေတနာသန့်သန့်နဲ့ လုပ်ပေးခဲ့တယ်၊ စေတနာအကျိုးပေးပါတယ်ဗျာ၊

ကျုပ်ကို ပြန်ကြည့်ကြပါတယ်၊

ကျုပ်မှာစေတနာရှင်တွေပေးကမ်းတဲ့အကျိုးပုဆိုးအဟောင်းအသစ်တွေ အများကြီးပဲ၊

ကျုပ်သားတွေလည်း ဝတ်ရတယ်၊ ကျုပ်မိန်းမလည်း ထမီအကျီ မရှားဘူး၊ ဒါကြောင့် - ကျုပ် သုဘရာဇာဘဝနဲ့ ကုသိုလ်လုပ်နေရလို့ ဘဝကို စိတ်ဓာတ်မကျဘူးဗျာ၊ ဘဝကို ပျော်စရာကောင်းတဲ့ဘဝအဖြစ် တိုးတက်အောင် ကြိုးစားနေတယ် - စာရေးဆရာ"

ဒီနာရေး ကူညီလုပ်ကိုင်ပေးတဲ့ အလုပ်ဟာ ရှုံစရာအလုပ်မဟုတ်ပါဘူး စာရေးဆရာ"

လူတိုင်း အိုရ၊ နာရ၊ သေရဦးမှာပဲ၊

နာရေးကိစ္စကြုံရမှာပဲ၊ နာရေးကိစ္စကို ကာယကံရှင် ကျေနပ်စိတ်ချမ်းသာအောင်ကိုယ်က အကောင်းဆုံးစေတနာထားလုပ်တဲ့ အလုပ်ဟာ ကုသိုလ်ကံစေတနာအလုပ်ပဲ၊ မှန်မြတ်တယ်၊

သူတစ်ပါး မထိမကိုင်ချင်တာကိုကိုယ်က မရွံမရှာလုပ်ကိုင်ပေးတာ ကုသိုလ်အလုပ်ပဲ၊

ခု - စာရေးဆရာတို့ခေတ်မှာ ဆရာကြီး ဦးသုခ ဦးဆောင်လမ်းညွှန်ပြီး မင်းသားကြီးဦးကျော်သူဦးဆောင်ပြုလုပ်တဲ့ နာရေးကူညီမှုလုပ်ငန်းဟာ အလွန်မှန်မြတ်တဲ့ ကုသိုလ်အလုပ်ပဲ - စာရေးဆရာ၊

လူ့ဘဝကြီးက တဖြည်းဖြည်း နေရေးထက် သေရေးက ခက်လာတယ်၊ မြို့ကြီးတွေမှာ သုသာန်သချိုင်းကအဝေးကြီး၊ အသုဘပို့ဖို့ ကားခဈေးကြီးတယ်၊

ကျုပ်တို့ဘက်မှာဆို မြေကျင်းဈေးကြီးလာပြီ၊ မသာမြှုပ်ဖို့နာရေးမှာ ရပ်ကွက်က လမ်းခင်းဖို့ အလှူငွေ ကောက်တယ်၊ ဘာကြေးညာကြေးကောက်တယ်၊

ဒီလိုဒုက္ခတွေကို နာရေးကူညီမှုအသင်းကြီးက ကူညီပေးနေတာ ပွင့်ပွင့်လင်းလင်း ပြောမယ်ဗျာ၊ သူတို့နာရေးကူညီမှုအသင်းသားတွေဟာ သုဘရာဇာမဟုတ်ဘူးဗျ၊ တန်ဖိုးမဖြတ်နိုင်စေတနာရှင်တွေ၊

မျက်ရည်သုတ်ပေးတဲ့ ရွှေလက်ပိုင်ရှင်တွေ၊ ကရုဏာတောင်ကို နွေးအောင်ခြုံပေးနေကြတဲ့ မေတ္တာရှင်တွေ၊ ကျုပ်အရမ်းလေးစားတယ်၊





www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနာရေးကူညီမှုအသင်းတွေ အသင်းသားစေတနာရှင်မေတ္တာရှင်တွေ ရှိလို့ နာရေးကိစ္စကြုံတဲ့သူတွေ အများကြီး ငွေကုန်ကြေးကျ ဒုက္ခဆင်းရဲတွေ ငြိမ်းသွားကြတယ်။

ခုကြည့်စမ်း၊ ချမ်းသာဆင်းရဲ လူတန်းစားမကျန် နာရေးကူညီမှုလုပ်ငန်းကို သူတို့က တန်ဖိုးကြီး မြင့်မြတ်ဂုဏ်ယူစရာ ကောင်းတယ်။ လေးစားတန်ဖိုးထားလာကြတယ်။

ကျုပ်တို့က သုဘရာဇာပါဗျာ။

သင်္ချိုင်းကုန်းမှာ နေတယ်။ သင်္ချိုင်းကုန်းက စားမြိန်စာ စားချင်စားတယ်။ ဝူပေါ်မှာ အိပ်ချင်အိပ်တယ်။

ခေါင်းသစ်သား၊ ကပ်ဝါးတွေကို ပြန်လည်သုံးစွဲတယ်။ မြေကြီးကျင်းတူးတယ်။ အုန်းသီးခွဲ မျက်နှာသစ်တယ်၊ မြေကြီးထဲ မြှုပ်ပေးတယ်။

မီးသင်္ဂြိုဟ်စက်မရှိတဲ့ အရပ်မို့ အဲဒီလိုအလောင်းမြေကျရေးကိစ္စအဝဝလုပ်ရတယ်။

ခုတော့ - ခေတ်က ပြောင်းသွားပါပြီဗျာ၊ သုဘရာဇာကြီးလို့ခေါ်တဲ့လူ ရှားလာပါပြီ။

ဦးခေါင်ရမ်း ခေါ်သူခေါ်၊ ဦးရမ်းလို ခေါ်သူခေါ်၊ ငရမ်းရေ ခေါ်သူခေါ် ခေါ်လာကြပါပြီ။

စဏ္ဍာလတွေလို့ ရင့်ရင့်သီးသီးခေါ်တဲ့လူလည်း လျော့ပါးလာပါပြီ။ ဝမ်းသာတယ်ဗျာ။ သုဘရာဇာလို့ ခေါ်ရင်လည်း ခေါ်ကြပေါ့ဗျာ။ ကျုပ်တို့ စိတ်မဆိုးပါဘူးဗျာ။

ဟိုးရှေးရှေးဘုရားရှင်လက်ထက်၊

မြန်မာမင်းများလက်ထက်ကတည်းက သုဘရာဇာ၊ စဏ္ဍာလရယ်လို့ လူသေကောင် မြေမြှုပ်လုပ်တဲ့လုပ်ငန်းစု သတ်သတ်မှတ်မှတ်ရှိခဲ့တာကိုး။

မြန်မာမင်းများလက်ထက်တုန်းက စဏ္ဍာလ(၄)ဦး၊ စဏ္ဍာလ(၅)မျိုးစသည် သတ်မှတ်ခဲ့တာကိုးဗျ။

"အံ့ဩစရာတော့ ကောင်းတယ် စာရေးဆရာ"

"ဘယ်လိုအံ့ဩစရာကောင်းတာတုံး - ဦးခေါင်ရမ်း"

"ရှေးတုန်းက စဏ္ဍာလလုပ်ငန်းနဲ့ ပတ်သက်ပြီး ကဗျာတစ်ပုဒ် ရှိခဲ့ဖူးတယ်ဗျ"

"ရွတ်စမ်းပါဦးဗျ။ ခင်ဗျားရွတ်တာကောင်းရင် ကဗျာရွတ်ပွဲမှာ စင်တင်တန်ရင် စင်တင်ရမှာပေါ့"

"မလုပ်ပါနဲ့ - စာရေးဆရာ။ ကျုပ်တို့နဲ့ တန်ဖိုးချင်း မတူပါဘူးဗျာ။ ကျုပ်တို့က သင်္ချိုင်းကုန်းမှာပဲ ရွတ်ရတာပါဗျာ"

"ဟုတ်ပါပြီဗျာ - ကဲ - ရွတ်ပါတော့"

"အဟမ်း"

သုဘရာဇာကြီး ဦးခေါင်ရမ်းက လည်း ချောင်းရှင်းလိုက်ပြီး ကဗျာကို ရွတ်တော့တယ်။

"စဏ္ဍာလငါး
အစုံများက
ရခြားတစ်မည်
အခွန်သည့်ကား
တစ်ပြည်တစ်စံ
တစ်နိုင်ငံက
သင်္ကိုကျွေးမွေး
ပေးကာမ်းပို့ရန်
အရွတ်ဝန်ကို
မကျန်စေငှာ
အပ်ထားရာ၏" တဲ့။

(မှတ်ချက်။ ။မူလစာသားအတိုင်း ပြန်ရေးသားတင်ပြပါသည်။)

"ဦးခေါင်ရမ်း"

"စာရေးဆရာ"

"ဒီလင်္ကာကို ဘယ်သူရေးတာတုံးဗျ - ဟင်"

"စာရေးဆရာတော့ မသိဘူးဗျာ၊

> 66 အရွတ်ဝန်က သုသာန်သင်္ချိုင်း အမှုထမ်းတွေ အုပ်ချုပ်စီမံရတဲ့ အကြီးဆုံးပုဂ္ဂိုလ်ဗျ။ ဘုရင့်လူပေါ့ဗျာ။ အရွတ်ဝန်က ဒီရလာတဲ့ အခွန်အခကြေးကို ဘယ်နေရာမှာ သုံးရသလဲဆိုတော့ တစ်ပြည်တစ်ကျေး၊ တစ်နိုင်ငံက အကြောင်းကြောင်းကြောင့် ရောက်လာကြတဲ့ ဧည့်သည်သင်္ကိုကို ကျွေးမွေး၊ ထောက်ပံ့ရာမှာ သုံးဖို့လို့ အဓိပ္ပာယ်ရတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဟောဒီသုတေသန သရုပ်ပြ အဘိဓာန်မှာတော့ မယဒေဝလက်ာ၊ ပုဇ္ဇော်ဂါဝါဒ ခက်၊လို့ ဆိုထားတယ်ဗျ။

"အဓိပ္ပာယ်လင်းစမ်းပါဦး - ကိုခေါင်ရမ်းရယ်"

"အဓိပ္ပာယ်ကတော့စဏ္ဍာလငါးမျိုးရယ်၊ ရှေ့ကပြောခဲ့တဲ့ စဏ္ဍာလ(၄)စို့ရယ်က လုပ်ကိုင်ဆောင်ရွက်လို့ တန်ဖိုးပေးရတဲ့၊ အခန်းအခတွေကို စုဆောင်းပြီးအရွတ်ဝန်ကိုအပ်ရတယ်တဲ့၊ အရွတ်ဝန်က သုသာန်သချိုင်းအမှုထမ်းတွေအုပ်ချုပ်စီမံရတဲ့ အကြီးဆုံးပုဂ္ဂိုလ်ဗျ။ ဘုရင့်လူပေါ့ဗျာ။ အရွတ်ဝန်က ဒီရလာတဲ့ အခွန်အခ ငွေကြေးကို ဘယ်နေရာမှာ သုံးရသလဲဆိုတော့ တစ်ပြည်တစ်ကျေး၊ တစ်နိုင်ငံက အကြောင်းကြောင်းကြောင့် ရောက်လာကြတဲ့ဧည့်သည်သံတို့ကို ကျွေးမွေး၊ ထောက်ပံ့ရာမှာသုံးဖို့လို့ အဓိပ္ပာယ်ရတယ်၊ ဟုတ်တယ်၊ မဟုတ်ဘူးတော့ စာရေးဆရာဘာသာစဉ်းစား၊ ဒီမှာရေးထားတာ ဖတ်ကြည့်"

ဦးခေါင်ရမ်းက ၎င်းလက်ကပါတဲ့စာအုပ်စာမျက်နှာကို ထောက်ပြတယ်။

ကျွန်တော် ဖတ်ကြည့်တော့လည်း ဒီလိုအဓိပ္ပာယ်ပဲ ရတယ် ခင်ဗျ။ ဦးခေါင်ရမ်းက သူ့အလုပ်အပေါ် သူတော်တော်ကို လေ့လာထားတာပဲကိုး။ ဒီလို သုဘရာဇာနဲ့ဆိုင်တဲ့ အဆိုအမိန့်၊

စဏ္ဍာလနှင့် ဆိုင်တဲ့ ရှေးအဆိုအမိန့်တွေကို တော်ရုံလူလည်း မသိဘူးခင်ဗျ။ ကျွန်တော်တောင် သူ စာအုပ်အကိုးအကားနဲ့ပြလို့ လက်ခံရတာ၊ ငြင်းရခက်နေတယ်၊

ရှေးတုန်းက အသိအမှတ်ပြုထားတဲ့ စဏ္ဍာလငါးမျိုး သီးသန့်ရှိသေးတယ်ဗျ။ ဟိုတုန်းက အလုပ်ကြမ်းတွေ လုပ်ရတဲ့ သူများလို့ အဓိပ္ပာယ်ဖွင့် ဆိုထားတယ်၊

ငါးမျိုးငါးစား ဖွင့်ဆိုထားပေမယ့် ယခုခေတ်နဲ့မသင့်လျော်တော့လို့မဖော်ပြတော့ပါဘူးဗျာ၊ အကယ်၍ သိချင်တဲ့သူများရှိရင်တော့ သုတေသန သရုပ်ပြအဘိဓာန်စာအုပ်၊ စာမျက်နှာ (၁၉၉)မှာ ဖတ်ကြည့်ဖို့ အကြံပြုချင်ပါတယ်ဗျာ၊

"ဦးခေါင်ရမ်း"

"ပြော - စာရေးဆရာ"

"ခင်ဗျားက တော်တော်နှံ့နှံ့စပ်စပ် လေ့လာတဲ့လူပဲဗျာ"

"ဒီအလုပ်က ကိုယ့်ဝမ်းစာအလုပ်လေ - စာရေးဆရာ၊ ဒီအလုပ်ကို တန်ဖိုးထားရသလိုဒီအလုပ်ရဲ့သဘောသဘာဝ အဆိုအမိန့်တွေကိုလည်းလေ့လာရတာပေါ့ဗျာ၊ ကျုပ် မျက်မှောက်ခေတ်ကိုလည်းမျက်ကွယ်မပြုပါဘူးဗျာ။ ကျုပ်တို့ကိုတော့အတော်များများက သုဘရာဇာတို့၊ စဏ္ဍာလတို့အဖြစ် အသိအမှတ်ပြုနေတုန်းပါပဲ၊ ကျုပ်တို့ကိုလည်း နာရေးကူညီမှုလုပ်သားလို့ အမည်သစ်လေးပေးရင် ကောင်းမည်နဲ့ တူတယ်ဗျာ"

"နောင်မျိုးဆက်သစ်တွေ လက်ဆက်ရောက်ရင် စဏ္ဍာလဆိုတဲ့အခေါ်၊ သုဘရာဇာဆိုတဲ့ အခေါ်အသုံးတွေ ပျောက်ကွယ်သွားသွားနိုင်ပြီ၊ ခင်ဗျားတို့ရဲ့ လုပ်အားနဲ့ ဘဝကို တန်ဖိုးထား နားလည်ပေးနိုင်မည့်အချိန်ရောက်လာမှာပါဗျာ"

"ကျုပ်တို့မှာ မျိုးရိုးမရှိပါဘူးဗျာ၊ ဒီမှာ စာရေးဆရာ - သုဘရာဇာအလုပ်နဲ့ သူဌေးဖြစ်သွားတဲ့လူ ရန်ကုန်မြို့ထဲမှာ ရှိတယ်ဆို ခင်ဗျား ယုံမလား - ဟင်"

"ရှိလို့လားဗျာ - ခင်ဗျားကလည်း ဆိုက်ကားနင်းစားရင် သူဌေးဖြစ်တယ်ဆိုတဲ့ ဟိုရှာသားကြီးပြောတဲ့လေသံမျိုးနဲ့ ကျုပ်ကို စိန့်ပြန်ပြီနဲ့တူတယ် - ဟုတ်လား"

"မဖိန့်ပါဘူးဗျာ၊ မှတ်ထားသူ့နာမည်က (            )တဲ့ဗျ။ ရန်ကုန်မြို့ (            )နယ်မြေမှာ ဟိုးလမ်းစဉ်ပါတီခေတ်က အထင်ကရရှိခဲ့တာပေါ့ဗျာ၊ သူက ခေါင်းလုပ်ငန်းကို လုပ်တာဗျ၊ ခေါင်းဝယ်တဲ့လက်သမားတွေမှ အများကြီးပဲ၊ ခေါင်းစပ်လို့ သူ့ကိုစဏ္ဍာလငါးမျိုးထဲက (စပ်)စာရင်းထဲ မသွင်းနဲ့နော်၊ လက်သမားလုပ်ငန်းလုပ်တဲ့ လက်သမားဆရာတွေဗျ၊ သူ့လုပ်ငန်းမှာ ခေါင်းမျိုးစုံရှိတယ်၊ လူကြီးခေါင်း၊ ကလေးခေါင်းဆိုက်စုံလုပ်ထားတယ်၊ သစ်ကြမ်းနဲ့ တန်ဖိုးနည်းခေါင်းတို့ ယူမလား၊ သစ်ချောနဲ့ ပေါ်လစ်တင်ထားတဲ့ တန်ဖိုးကြီးခေါင်းကို ယူမလား၊ အလှအပ အမွမ်းအပြောက်ပန်းစက္ကူရောင်စုံခြယ်သထားတဲ့ခေါင်းကို လိုချင်လား၊ အကုန်အဆင်သင့် ရှိတယ်၊ မသာတစ် အရပ်(၆)ပေကျော် (၇)ပေနီးပါးရှိလို့ သီးသန့်ခေါင်းလုပ်ပေးပါလို့အော်ဒါအပ်ရင်လည်းလုပ်ပေးတယ်၊ ခေါင်းတစ်လုံးတန်ဖိုးလည်းပုံသေ သတ်မှတ်ပြီးသားပဲ၊ အဲဒီခေတ်ကာလတုန်းက တာမွေသချိုင်းတို့၊ ကြံတောသချိုင်းတို့ဆိုတာ နာမည်ကြီးသချိုင်းတွေပေါ့၊ ရန်ကုန်မှာ တစ်နေ့တစ်နေ့ သေတဲ့လူ နည်းရောလားဗျာ၊ သေရင်ဒီသုဘရာဇာလုပ်ငန်းရှင်ကြီးထံက အသင့်လုပ်ပြီးခေါင်းဝယ်၊ သင်္ဂြိုဟ်ရတော့ တစ်နေ့တစ်ဇနဲ့ ခေါင်းရောင်းလို့ရတဲ့ ဝင်ငွေဟာ နည်းရော့လားဗျာ၊

www.burmeseclassic.com

ပြီးတော့ - လွှမ်းသူပန်းခွေလည်း ရောင်းသေးဗျာ။ သူ့ထံမှာ ခေါင်းစပ်တဲ့အလုပ်လုပ်တဲ့သူတွေ အလုပ်နဲ့လက် မပြတ်လို့ စားဝတ်နေရေး ဖူလုံကြသဗျာ။ ကြာတော့ - အဲဒီသုဘရာဇာကြီးဟာ ရန်ကုန်မှာ ချမ်းသာတဲ့ သူဌေးစာရင်းထဲ တစ်ဦးပါလာတယ်ဗျ။ သူ့သားသမီးတွေကို တက္ကသိုလ်ပို့စာသင်တာနော်။ အားလုံး ပညာတတ် ရုပ်ချောတွေချည်းပဲ။ ခေါင်းရောင်းလုပ်ငန်းလုပ်ရင်း ချမ်းသာတဲ့ သုဘရာဇာပဲ။ ရွှေနဲ့ငွေနဲ့စိန်နဲ့ ကားနဲ့ တိုက်ခန်းနဲ့ နေခဲ့တာဗျ။ ခုခေတ်ရောက်တော့ သေကံကောင်းတယ်ဗျာ။

သေတဲ့လူအတွက် ခေါင်းဝယ်စရာ မလိုတော့ဘူး။ မြို့နယ်နာရေးကူညီမှုအသင်းက သစ်သားခေါင်း အခမဲ့လှူတယ်။ အလူမီနီယံမှန်ခေါင်းနဲ့ အကူအညီပေးနေတော့ သေကံကောင်းပါတယ်ဗျာ၊ ကျုပ်တို့နယ်မြို့မှာတော့ မီးသဂြိုဟ်စက် မရှိသေးတော့ ကျုပ်တို့လည်း မြေကြီးကျင်းတူးအလုပ်လေးနဲ့ အဆင်ပြေနေတာပေါ့။ မီးသဂြိုဟ်စက်ရောက်ရှိလာရင်တော့ ကျုပ်တို့ လက်လုပ်လက်စား စဏ္ဍာလနဲ့ သုဘရာဇာတွေလည်း ထမင်းတော်ကိန်း ကြုံရလိမ့်မနဲ့တူရဲ့ဗျာ"

ကြည့်စမ်း၊ ဦးခေါင်ရမ်းပြောပြမှ ခေါင်းရောင်းရင်း ချမ်းသာတဲ့ နာရေးအထောက်ပြုလုပ်ငန်းသူဌေးရှိခဲ့ဖူးတာ သိရတယ်ဗျာ။

☠ ☠ ☠

သုဘရာဇာလုပ်ငန်းနဲ့ ဘဝသနစ်တွေကို သုဘရာဇာကြီး ဦးခေါင်ရမ်းက ရင်ဖွင့်ပြနေတာဗျာ။

ပစ္စုပ္ပန်နဲ့လည်း ပြောပြတယ်။

အတိတ်သမိုင်းနဲ့ လည်း ပြောပြတယ်။ ရာဇဝင်ဗုဒ္ဓဝင်နဲ့လည်း ချီပြောပြတာဗျာ၊ တကယ်တော်တဲ့ အညတြလူစွမ်းကြီးဗျာ။

"ဦးခေါင်ရမ်း"

"အေ့ - ငေ့ - အရက်တောင်ပြောင်ပြီပဲကွ"

"ကျွန်တော် ထပ်ဝယ်တိုက်ပါ့မယ်ဗျာ၊ နောက်ဆုံးသိချင်တာလေး ပြောပြပါဦး"

"မောင်ပိန်ရေ"

သူက ပြောင်သလင်းခါနေတဲ့ အရက်ပုလင်းကို မြှောက်ပြီး သူ့တပည့်တစ်ဦးကို လှမ်းခေါ်လိုက်တယ်။

"ဗျာ - အဘခေါင် - ဘာခိုင်းမလို့လဲ အဘ"

"ရော့ - သန်းချစ်တို့ဆိုင်မှာ အရက်တစ်လုံး သွားဝယ်စမ်း။ အရည်လေးဝင်မှ စကားပြောလို့ကောင်းတာကွ။ ရော့ ပိုက်ဆံ"

"ဦးခေါင်ရမ်း - ကျွန်တော် ပေးပါမယ်ဗျာ - ရော့ - ရော့"

"စာရေးဆရာ - နေစမ်းပါဗျာ။ ကျုပ်ဒီနေ့ ကျုပ်တို့သုဘရာဇာနဲ့စဏ္ဍာလတွေရဲ့ ရုန်းကန်နေထိုင်ရတဲ့ အနိမ့်ဆုံးဘဝတွေကို စာရေးဆရာလို ခံစားနားလည်တတ်တာပွားနိုင်တဲ့သူ၊ ဖြန့်ဝေသိစေဖို့ ကြိုးစားတဲ့လူကို ကျုပ် ရင်ဖွင့်ပြရတာ အားရကျေနပ်လွန်းလို့ပါ။ ဒီတစ်ပုလင်းတော့ ကျုပ်ပဲ ဒါနပြုပါရစေဗျာ"

"ဒါဆိုလည်း ပြီးရောဗျာ"

"ဟဲ့ - မိပေစီရေ"

"တော် - ကိုခေါင် - ဘာလိုလို့တုံး"

သုဘရာဇာကြီးကတော် ဒေါ်ပေစီဟာ အသားမည်းမည်း ထမီရင်လျားနဲ့ မိန်းမကြီးက ရှေ့ရောက်လာပြီး ရိုရိုသေသေမေးတာဗျ။

"ဘာအမြည်းရှိသေးလဲ - ရှင်ပေစီ"

"ဘုန်းကြီးကျောင်းသား - ငထိန်တို့လာရောင်းတဲ့ ဖျိုင်းသားကြော်ထားတာ ရှိတယ် - ကိုခေါင်"

"များရင် နည်းနည်းယူခဲ့ကွာ"

"နှစ်ကောင်ကြော်ထားတယ်၊ တစ်ကောင် ရှင်တို့ မြည်းပေါ့နော"

"အေးပါဟာ - ဒါကြောင့် နင့်ကို ငါချစ်ရတာဟ - ပေစီရ"

"တော်"

သို့ကလိုလည်း ဦးခေါင်ရမ်းက ပြောလိုက်ရော ဒေါ်ပေစီနောက်ဖေးခန်းဘက် ဝင်ပြေးပါရောဗျာ၊ ကျွန်တော်နဲ့ ဦးခေါင်ရမ်းရဲ့ရယ်သံတွေက သချိုင်းကုန်းထဲကို လွင့်ပျံ့သွားပါရောဗျို့။

အရက်ရော၊ အမြည်းရောက်လာလို့ ဦးခေါင်ရမ်းက အရက်ငှဲ့ပြီး ထည့်ရင်းက -

"စောစောက စာရေးဆရာ မေးချင်တာ ဘာတုံး"

"ကျွန်တော်က ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတွေလည်း ရေးတယ်ဗျာ"

"ဖတ်ဖူးပါတယ်ဗျာ၊ ကျုပ်သမီးက စာရေးဆရာရဲ့ ဘာတဲ့ "ရွှေဘုံပြန် လွှန်းအိမ်သစ်" ဆိုဝတ္ထုကို ဖတ်ပြီး ပြန်ပြောကြတာဗျာ"





www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပဲဗျာ။ ဦးခေါင်ရမ်း သချိုင်းထဲမှာ တစ္ဆေသရဲတို့ရော တွေ့ဖူးလား"

"တွေ့ဖူးတာပေါ့ဗျ"

"မကြောက်ဘူးလားဗျာ - ဟင်"

"ကြာတော့လည်းပရလောကသား တစ္ဆေတွေနဲ့ကျုပ်တို့ဟာရင်းနှီးနေသလို ဖြစ်နေကြပေါ့ဗျာ၊ မကြောက်တော့ပါဘူး"

"ဦးခေါင်ရမ်းအတွေ့အကြုံထဲက ဖြစ်ရပ်ဆန်းကြယ်တစ်ခုလောက်ပြောပြပါလားဗျာ"

"နားထောင် - စာရေးဆရာ"

"ဂလွတ်"

"ဗွပ်"

"အော့ - ဝေ့ - ဒီလိုဗျ - စာရေးဆရာရ၊ နာရေးကိစ္စဖြစ်နေရင် နာရေးကိစ္စအဝဝကိုနားလည်တဲ့လူကလုပ်ပေးလိမ့်မယ်၊ အဲဒီ့ကျရင် နားမလည်ပဲနဲ့ ဝင်မပြောရဘူး၊ နာရေးကိစ္စကို အမင်္ဂလာကိစ္စလို့အချို့ကအယူသည်းကြတာကိုး၊ ပါးစပ်က လျှာဝင်မရှည်တာ အကောင်းဆုံးပဲ၊ လွန်ခဲ့တဲ့ကာလ ကျုပ်တို့ သုဘရာဇာဘဝထဲဝင်ရောက်စတုန်းကကိုယ်တွေ့ကြုံရတဲ့အဖြစ်အပျက်ပေါ့ဗျာ၊ သူ့နာမည်ကို ကိုခွေးလို့ပဲ ပြောကြပါစို့၊

အဲဒီ့တုန်းက ကျုပ်က ကြံတော သချိုင်းမှာ ပညာသင်ပေါ့၊

ကိုခွေးရဲ့မိန်းမ နှလုံးရောဂါနဲ့ ဆုံးသွားတယ်၊ ကိုခွေးက လူစေးလူကတ်ဗျ၊ တစ်မတ်ကို နှစ်မတ်မှတ်ပြီးကြည့်တဲ့လူစား၊

သူ့မိန်းမ ကွယ်လွန်တော့ စောစောက ခေါင်းရောင်းတဲ့သူဌေးဆိုင်မှာ ခေါင်းသွားဝယ်တယ်၊

ခေါင်းသယ်ဖို့ ကျုပ်ကလည်း ကိုခွေးနဲ့အတူပါလာတာကမောင်ကျစ်ဆိုတဲ့လူငယ်လေးရယ်ဗျာ၊

ကျုပ်တို့က ခေါင်းသူဌေးနဲ့သိတော့ ဆိုင်ထဲဝင်လာတာနဲ့ သူဌေးက မျက်မှန်းတန်းမိတာပေါ့၊

"ဝေါ် - ကိစ္စရှိလို့လား"

"ဟုတ်တယ် - သူဌေး၊ ဟောဒီ မိတ်ဆွေရဲ့ဇနီး ကွယ်လွန်သွားလို့ခေါင်းတစ်လုံး အလိုရှိလို့လာတာပါ ခင်ဗျာ"

ကျုပ်တို့က ခေါင်းသူဌေးကို ဖလေးစားတယ်၊

ခေါင်းကိစ္စနဲ့ မကြာခဏလာလို့ အပြန်ကျရင် မုန့်ဖိုး၊ လက်ဖက်ရည်ဖိုး ချီးမြှင့်လေ့ရှိတယ်လေ၊

"ရှယ်ခေါင်းလား၊ ရိုးရိုးခေါင်းလား"

ဒီမှာ အသုဘရှင် ကိုခွေးက -

"ခေါင်းတွေ ကြည့်ချင်တယ်ဗျာ"

"လူနာရှင်လား ခင်ဗျ"

"ဟုတ်တယ်"

"လိုက်ကြည့်ပါ ခင်ဗျာ၊ ဟောဒီခေါင်းက သစ်ပွနဲ့လုပ်ထားတာပါ၊ တန်ဖိုးက ( )ကျပ်ပါ၊ ဒါက သစ်လတ်ရွှေပေါ်ခေါင်းပါ၊ တန်ဖိုးက ( )ကျပ်ပါ၊ ဟောဒီပန်းလိပ်တွေနဲ့ အလှပြင်ထားတဲ့ခေါင်းက တန်ဖိုးငွေ ( )ကျပ်ပါ ခင်ဗျ၊ ကျွန်းခေါင်းက တန်ဖိုးငွေ ( )ကျပ်ပါ ခင်ဗျ"

ခေါင်းတွေ တန်းစီထားတဲ့ရှေ့မှာ စာတန်းတစ်ခု ချိတ်ထားတယ်၊ "ဈေးမဆစ်ပါနဲ့" တဲ့၊

မသာရှင် ကိုခွေးက ပန်းလိပ်တွေနဲ့အလှဆင်ထားတဲ့ခေါင်းကို လှည့်ပတ်ကြည့်ရင်း ပြောလိုက်တယ်၊

"ဈေးက မလျှော့တော့ဘူးလားဗျာ"

"ဗျာ"

"ဟင်"

"အလို"

ခေါင်းလုပ်ငန်းရှင်သူဌေးရော၊ ကျုပ်တို့ရော အသုဘရှင် ခေါင်းဝယ်သူရဲ့စကားကြောင့် အံ့အားသင့်၊ အံ့သြပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပါရောဗျာ၊

ဒါနဲ့ - ခေါင်းလုပ်ငန်းရှင်သူဌေးက "ဈေးမဆစ်ပါနဲ့" ဆိုတဲ့စာတန်းကို လက်ညှိုးထိုးပြလိုက်တယ်၊

ခေါင်းဝယ်ရှင် ဈေးမဆစ်ကောင်းဘူးလေ၊ ဒါကို - ကိုကပ်စေးက နားမလည်ဘူးလားမသိ၊

"များပါတယ်ဗျာ၊ ကျုပ်တို့က ကားငှားပြီး သယ်သွားရမှာပါ၊ ငွေတစ်ရာတော့ လျှော့ပါဗျာ"

ခေါင်းသူဌေးက ခပ်တည်တည်နဲ့ ပြန်ပြောတယ်၊

"မဆစ်ပါနဲ့ဗျာ"

ကျုပ်တို့က မသာရှင်ကိုလက်တို့ပြီး မဆစ်နဲ့၊ သတ်မှတ်ဈေးကို ပေးလိုက် ပြောကြတယ်၊

"မင်းတို့ ဝင်လျှာမရှည်နဲ့စကားလတွေ ..."

ကိုယ့်လူက ကျုပ်တို့ပါ ဟောက်လို့ မပြောတော့ဘူးဗျာ၊

"တစ်ရာမလျှော့ချင် ငါးဆယ်တော့ ကားခအတွက် လျှော့ပါဗျာ"

ကိုခွေးက ဖွတ်ပဲ ဈေးလျှော့နိုင်းနေရော၊ ခေါင်းဆိုင်ရှင်သူဌေးက စိတ်တိုတိုနဲ့ ပြောချလိုက်ရော၊

"ဒီမှာ ဟေ့လူ - ဒါ ပုံသေသတ်မှတ်ထားတဲ့ဈေးပဲ၊ ခင်ဗျား - ဟိုမှာ စာရေး

www.burmeseclassic.com

ထားတာ နားမလည်ဘူးလား။ ဒီမှာ ဟေ့လူ - ဈေးတော့ မလျှော့ဘူး။ ခင်ဗျား လိုချင်ရင် ကလေးမသာခေါင်းတစ်လုံး အပိုယူသွား။ ဟေ့ - ပေးလိုက်စမ်း - ကလေးခေါင်းတစ်လုံး"

ဒီလို ခေါင်းဆိုင်ရှင်သူဌေးက စိတ်ပေါက်ပေါက်နဲ့ပြောရော အလုပ်သမားတစ်ဦးက ကလေးမသာခေါင်းတစ်လုံး မပြရော။ ဒါ - ကြိုက်လားတဲ့။

မသာရှင် - ကိုခွေး မျက်စိမျက်နှာပျက်သွားပြီး လူကြီးခေါင်းသတ်မှတ်ဈေးကို အမြန်ပေးချေလို့

"သယ်ခဲ့ကြ - ထို့"

ဒေါ်ပယ်ပွပြီး ဆိုင်ပြင်ထွက်သွားရော။ ကျုပ်တို့က ပန်းခေါင်းကို သယ်မဖို့လုပ်နေတုန်း ခေါင်းသူဌေးအနားကို ရောက်လာတယ်။

"ငခေါင်"

"ခင်ဗျာ - သူဌေး"

"မင်းတို့ ဟိုလူကို ဈေးမဆစ်ရဘူးဆိုတာ ပြောပြမထားဘူးလားကွ ဟေ"

"ကျွန်တော်တို့က သူနားလည်မှာပဲလို့ တွက်တာကိုး - သူဌေး။ ပြီးတော့ ဟိုမှာ ဈေးမဆစ်နဲ့လို့ စာရေးထားတာ သူလည်း မြင်တာပဲလေ ခင်ဗျာ"

"ခက်တဲ့လူကွာ။ ဘာဝဟုသုတမှ မရှိတဲ့လူပဲကိုး - ဟား"

သူဌေးက မသာရှင် ကိုခွေးကို ဝေဖန်ပြီး သူ့ရုံးခန်းထဲ ဝင်သွားတယ်။ ဒါနဲ့ ခေါင်းကို သယ်လာပြီး အလောင်းကို ခေါင်းထဲထည့်၊ မတ်စေ့တစ်စေ့ ကူးတို့ခအဖြစ် သေသူမိန်းမရဲ့ပါးစပ်ဖြဲပြီး ထည့်ပေးလိုက်တယ်။

တိုတိုရေးရရင် ကိုခွေးဇနီး အသုဘရက်လည်ပြီးနောက်တစ်နေ့မှာ ကိုခွေးရဲ့သားလေး ရေနစ်ပြီး သေသွားပါရော။

လူတိုင်း စိတ်မကောင်းကြဘူးပေါ့။ သေတဲ့ကလေးလည်း သေပြီ၊ နာရေးကိစ္စလုပ်ဖို့ပဲ ရှိတယ်။ ဒါနဲ့ - ကျုပ်တို့ ရောက်လာပြီး လုပ်စရာရှိတာ လုပ်ကြပေါ့။

"ခေါင်းသွားဝယ်ရမယ် - ကိုခွေး"

ကိုခွေး မျက်နှာ ကွက်ခနဲပျက်ပြီး မျက်လုံးထဲက မျက်ရည်လုံးတွေ စီးကျလာတယ်။

"ခေါင်းရမ်း"

"ပြော - ကိုခွေး"

"ငါမလိုက်တော့ဘူး။ မင်းတို့ပဲ သွားဝယ်ခဲ့ - ရော့ - ပိုက်ဆံ"

ကျုပ်တို့ ပိုက်ဆံယူပြီး ခေါင်းသူဌေး ခေါင်းအရောင်းဆိုင်ကို ရောက်သွားကြတယ်။ ကျုပ်တို့လည်း မြင်ရော။

"ဟ - ငခေါင် - ဘာကိစ္စတုံး"

"ကလေးခေါင်းတစ်ခေါင်း လိုချင်လို့"

"သူဌေး"

"ဘာတုံးဟ - ငခေါင်ရ"

"ခု - သေဆုံးသွားတဲ့ ကလေးက ဘယ်သူ့ကလေးလဲ - သိလား"

"ဟ - ငါ ဘယ်သိမှာတုံး။ ပြောပါဦး ငခေါင်"

"ပြီးခဲ့တဲ့(၇)ရက်က ကျွန်တော်တို့ လူကြီးခေါင်းလာဝယ်ရင်း ခေါင်းဈေးဆစ်တဲ့လူ မှတ်မိလား"

"အေး - မှတ်မိတယ်၊ မှတ်မိတယ်။ ကောင် ဈေးမဆစ်ကောင်းပဲ ဈေးဆစ်လို့ ဈေးတော့ မလျှော့ပါရစေနဲ့၊ ကလေးခေါင်းတစ်လုံး အပိုယူသွားလို့ ရွဲ့ပြောလိုက်သေးတယ်လေကွာ။ ဘာဖြစ်လို့တုံး"

"ခု - ကွယ်လွန်တဲ့ကလေးက ခေါင်းဈေးဆစ်တဲ့လူကပ်စေးကိုခွေးဆိုတဲ့လူရဲ့ကလေးပဲ - သူဌေး"

"ဟေ - ဖြစ်ရလေကွာ။ ဒီလူကွာ ဒီလူ - ဈေးမဆစ်ကောင်းတာကို ဈေးဆစ်။ တောက် - ဟောဒီ ငါ့ပါးစပ်ပုပ်ကလည်း မဟုတ်တာ၊ ကျက်သရေမရှိတာ လွှတ်ခနဲ ပြောလိုက်မိ။ ဟူး - ကံဆိုးလိုက်ကြလေကွာ"

အဲဒါ - ကျုပ်ကိုယ်တွေ့ပဲ - စာရေးဆရာ။

ဦးခွေးကို ဒီအကြောင်း ပြန်သတိပေး ပြောပြတော့ ဦးခွေး သူ့ပါးကို သူ့လက်နဲ့ တဖြန်းဖြန်းရိုက်ရင်း ရှိုက်ကြီးတငင် ငိုပါရော - စာရေးဆရာ။

ဒါကြောင့် ပြောရတာပေါ့၊ နာရေးကိစ္စဖြစ်ပေါ်လာရင် ကိုယ်မသိ၊ နားမလည်ပဲ ဝင်မပြောနဲ့။ နားလည်တဲ့လူတွေ သူ့ခလေ့နဲ့သူ လုပ်လိမ့်မယ်။

ခု - ဦးခွေးမိသားစုဖြစ်သွားတဲ့ကိစ္စ၊ မတော်တဆတိုက်ဆိုင်တာလား မပြောကောင်းတာတွေ သူ့ရော၊ ခေါင်းဆိုင်ရှင်ရော ပြောကြ ဆိုကြလို့ စကားနောက် တရားပါ ဖြစ်သွားတာလား၊ ကျုပ် မပြောတတ်ဘူး။ ဒီလို အဖြစ်အပျက်မျိုး သုံးခါတောင် ကိုယ်တိုင်မြင်ခဲ့ကြုံခဲ့ရတယ် - စာရေးဆရာ။

▶ **မောင်ညိုမိုး (သန်လျင်)**

www.burmeseclassic.com



ထောင်ဆိုသည်မှာ ပျော်စရာ
ကောင်းသောအရပ် မဟုတ်၊ မနေအပ်
သောအရပ်ဖြစ်ကြောင်း၊ မမြင်အပ်သော
ပုဂ္ဂိုလ်များကိုပါ မထိမ့်မြင် မပြုသင့်
ကြောင်း သတိပြုစရာအဖြစ် ..

## "ခုတ်"

"အား"

"သောက်ပလုတ် - တုတ် - တုတ်"

"အောင်မယ်လေး - အသက်တော့ ချမ်းသာပေးပါဗျ"

ငွေစာရင်းကို သဲသဲမဲမဲ စိတ်ထဲနှစ်ပြီး လုပ်နေသော တိရစ္ဆာန်စားကုန် အရောင်းဆိုင်မန်နေဂျာဦးလှမောင်တစ်ယောက် သူလုပ်နေသော စာရင်းဇယားစာရွက်ပေါ်သို့ ဓားမြှောင်တစ်ချောင်း စိုက်ဝင်လာသဖြင့် ထိုင်ရာမှ ထ၍ ခုန်မိသွက်သွားဖြစ်သွား၏။

"ဟား - ဟား - ဟား - တော်တော်ကလေး လန့်သွားတယ်ထင်ပဲ့ - မန်နေဂျာကြီး"

မောင်မောင်က ပြုံးဖြီးဖြီးမျက်နှာဖြင့် လန့်၍ခုန်လိုက်သော မန်နေဂျာဦးလှမောင်၏မျက်နှာကို စေ့စေ့ကြည့်ကာ မေးလိုက်၏။

"ဟာ - ဟေ့ကောင် - မောင်မောင်မင်း - မင်း - ထောင်က ထွက်ပြေးလာတာလား"

ဟု ကတုန်ကယင် ဖြစ်လျက် ဦးလှမောင်က မေးလိုက်သည်။

"ဟုတ်တယ် - ကျုပ် ထောင်က ထွက်ပြေးလာတာပဲ။ ကျုပ်အပေါ်ကတိ

www.burmeseclassic.com

www.burmeseclassic.com

မတည်တဲ့ ခင်ဗျားတို့သုံးယောက်ကို သတ်ဖို့လာခဲ့တာပဲ။ ဘာလဲ - ခင်ဗျားက ရဲစခန်းကို အကြောင်းကြားမလို့လား"

"မ - မ - မဟုတ်ရပါဘူးကွာ။ ငါ ကတိဖျက်တာမဟုတ်ပါဘူး။ ငွေစုလို့ မရသေးလို့ပါ"

"ဘာပြောလိုက်တယ်၊ ပြန်ပြောစမ်းပါဦး။ ခင်ဗျားကြီးဗျာ - ကျုပ်လုပ်လိုက်ရရင် ခင်ဗျား သေတော့မယ်။ ပြောစမ်းပါဦး - ကျုပ်ရှာပေးခဲ့တဲ့ပိုက်ဆံတွေက ဘယ်ကိုရောက်သွားပြီလဲ၊ ကျုပ်ခင်ဗျားကို မသတ်ဘူး ထင်နေသလား"

"မထင်ပါဘူးကွာ - မထင်ပါဘူး"

"မထင်ရင် အခု ငွေငါးထောင်စားပွဲပေါ်တင်လိုက်"

"အခုချက်ချင်းကြီးတော့ ဘယ်ရမလဲကွ။ မနက်ဖြန် ဒီအချိန်လာယူကွာ"

"ဟား - ဟား - ဟား - ဘာလဲ ခင်ဗျားက ရဲကိုအကြောင်းကြားဖို့အချိန် တစ်ရက် နောက်ဆုတ်ပြီး အချိန်ဆွဲနေတာလား"

"မဟုတ်ရပါဘူး - မောင်မောင်ရာ။ တကယ် - ငါ့မှာ အခု မင်းပြောတဲ့ငွေငါးထောင် မရှိလို့ပါ"

"မနေ့က ရောင်းရတဲ့ငွေတွေ ထုတ်လိုက်"

"အဲဒါတွေ ဘဏ်မှာ အပ်လိုက်ပြီကွ"

"ဖြောင်း"

"အား"

မောင်မောင်က စိတ်မရှည်။ မန်နေဂျာလုမောင်၏ပါးကို နာနာကလေး ရိုက်လိုက်သည်။

"ဒုတ်"

ဒီတော့မှ အံဆွဲထဲတွင် သိမ်းဆည်းထားသော ရောင်းရငွေများကို ထုတ်လိုက်သည်။

စုစုပေါင်း ခြောက်သောင်းလောက် ရှိသည်။ မောင်မောင်သည် ၎င်းငွေများကိုပါလာသောလွယ်အိတ်ထဲသို့ အကုန်ထည့်လိုက်သည်။

"ကျုပ်ထောင်ထဲမှာ တစ်နှစ်ကြာခဲ့ပြီ။ ကျုပ်ထောင်ကျရင် ကျုပ်ရဲ့သားသမီး ဇနီးမယားကို လစဉ်ထောက်ပံ့ပါမယ်လို့ ခင်ဗျားတို့ ကတိပေးခဲ့တယ်။ အဲဒီကတိကြောင့် တစ်ဆိုင်လုံးက ပြစ်မှုတွေကို ကျွန်တော်တစ်ယောက်တည်း ခံခဲ့တာ၊ အခု - ခင်ဗျားတို့သုံးယောက်က ကျုပ်ကို မေ့နေကြတယ်၊ ဟိုအကောင်မတွေ မရောက်သေးဘူးလား"

"ဆန်ကွဲတွေ သွားရောင်း - အယ် မဟုတ်ဘူး - မရောက်ကြသေးဘူး"



"ခင်ဗျားတို့ ကျုပ်တစ်ယောက်လုံး ထောင်ကျခဲ့တာတောင် မမှတ်ကြသေးဘဲ၊ ဒီခိုးထုတ်တဲ့ အလုပ်လုပ်နေတုန်းလား"

"ကျုပ် အကုန်ဖော်လိုက်ရမလား"

"မလုပ်ပါနဲ့တော့ - မောင်မောင်ရာ။ မင်းလဲ အသိပဲ၊ သူတို့ပေးတဲ့လစာနဲ့ ငါတို့မိသားစုစားစရိတ်က မလောက်တော့ ဒီလိုပဲ လုပ်နေရတာပါ"

"ဒါနဲ့ မင်းက ..."

"ကျုပ် ထောင်က ထွက်ပြေးလာတာမဟုတ်ဘူးဗျ။ ခွင့် တစ်ပတ်ရလို့ ခင်ဗျားတို့နဲ့ စာရင်းရှင်းဖို့ လာတာ"

"ဟင် - ထောင်က ခွင့်ပေးသလား"

"ကျုပ်က အခုထောင်ထဲမှာမဟုတ်ဘူး၊ ရဲဘက်စခန်းမှာ ရောက်နေတာ"

"ဘယ်ရဲဘက်စခန်းလဲ"

"ရန်ကုန် - မန္တလေး - နေပြည်တော်လမ်းဖောက်တဲ့ ပဲခူးရိုးမတောကြီးထဲမှာ"

"မင်း ဘယ်တော့ပြန်မလဲ"

"အသွားအပြန် ခုနစ်ရက်ပဲပေးတယ်၊ အသွားတစ်ရက်၊ အပြန်တစ်ရက် နုတ်လိုက်တော့၊ ဒီမှာ ငါးရက်ပဲနေရမယ်၊ ဘာလုပ်မလို့လဲ"

"မင်းပြန်မယ့်ရက် တစ်ရက်ကြိုပြောကွာ။ ငါ ငရုတ်သီးခြောက်နဲ့ ပုစွန်ခြောက်ကလေးရော ထောင်းပြီး ဘလ ချောင်ကြော်ပေးလိုက်ချင်လို့"

"အင်း - အဲဒီ အကြံမဆိုးဘူးဗျ၊ ဟိုမှာအစားအသောက်ရှားတယ်၊ အော် ဒါနဲ့ - အဆိပ်တော့ ထည့်မပေးလိုက်နဲ့နော်"

"ဒုတ်"

"အား"

"တုတ် - တုတ်"

"ချမ်းသာပေးပါဗျ၊ ငါ အဲသလောက်တော့ စိတ်ထားမပုပ်ပါဘူးကွ"

"ကိုင်း - ကျုပ်သွားမယ်"

"အေး - အေး - ငှက်ဖျားလည်း မိနေဦးမယ်။ မင်းကျန်းမာရေး ဂရုစိုက်နော်"

"ခင်ဗျားသာ နောက်ကွယ်ကနေ ကျွန်တော် သေအောင် ဆုတောင်းမနေပါနဲ့"

ဟုပြောကာ စားပွဲပေါ်တွင် စိုက်ဝင်နေသော ခြောက်လက်မရှည်သော ဓားမြှောင်ကို နုတ်ပြီး ပိုက်ဆံများထည့်ထားသော လွယ်အိတ်ကိုယူကာ မန်နေဂျာ



www.burmeseclassic.com

www.burmeseclassic.com

လုမောင်၏ရှေ့မှ ထွက်ခွာခဲ့လေတော့သတည်း။

✧ ✧ ✧

ဤဖြစ်ရပ်မှာ (စားထွေ)ခေတ်ကောင်းစဉ်ကာလ (တော်လှန်ရေးအစိုးရ)လက်ထက်က ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်တစ်ခုဖြစ်သည်။

မောင်မောင်သည် တီရွှာန်စားကုန်ရောင်းဆိုင်မှ ဆိုင်အဝယ်တော်တာဝန်ခံဖြစ်သည်။

ဆန်ကွဲ၊ ပဲဖတ်၊ နမ်းဖတ်၊ ပဲဖွဲ၊ စပါးဖွဲများ မကွေးမြို့နယ်အတွင်းရှိ (တီရွှာန်) စားသောက်ကုန်ဆိုင်များအားလုံးအတွက် မိမိက တာဝန်ခံ၍ ဝယ်ရသူဖြစ်သည်။

ထိုကုန်များကို ဆန်စက်များရှိကြသော စကု၊ ပွင့်ဖြူ၊ လယ်ကိုင်း၊ ကျောင်းတော်ရာ၊ စလင်း သည့်မြို့များမှ ဝယ်ယူရသည်။

ဆီစက်၊ ဆန်စက်ကြီးများမှ တိုက်ရိုက်ဝယ်ယူရလေရာ သုံးတင်း၊ ဝင်အိတ်ဟု ဆိုသော်လည်း သုံးတင်းထက် တစ်ပြည်နှစ်ပြည် ပိုသည်။ ထိုပြည်ပိုများကို ဆိုင်ရောက်မှ ထုတ်ခွဲပြီး မှောင်ခိုထုတ်၍ ရောင်းစားနေကြသည်။

တစ်ခါဝယ်လျှင် သုံးတန်ကားနှစ်စီးသုံးစီး ဝယ်ရလေရာ မောင်မောင်အတွက် ချေကိုက်သည်။ ဆီစက်၊ ဆန်စက်များမှာလည်း ကိုယ်ရောင်းချင်သူကို ရောင်းပိုင်ခွင့်မရှိ၊ သူမနှင့် စားထွေတို့ကို ရောင်းရသည်။

ထိုခေတ်က နိုင်ငံတော်အစိုးရမှ ပြည်သူများအား တစ်ပိုင်တစ်နိုင် ဝက်နှင့်ကြက်များ မွေးစေပြီး ဝက်တစ်ကောင်လျှင် စားကုန်ဝယ်ယူခွင့်စာအုပ်တစ်အုပ်ပေးထားသည်။

တချို့က အိမ်မှာ ဝက်နှစ်ကောင်သုံးကောင်မွေးထားပြီး စာအုပ်များလုပ်ထားကာ ထိုဆန်ကွဲနှင့် ဖွဲများများ ထုတ်ယူပြီး ဆန်ဝယ်၍ မစားနိုင်သူများအား ခေါက်ချိုးအမြတ်ယူကာ ရောင်းချစားသောက်ကြရသဖြင့် မွေးမြူရေးသမားများလည်း တွက်ချေကိုက်သည်။

ထိုခေတ်က ဆန်၊ ဆီ၊ ဆား၊ ငရုတ်ကြက်သွန်တို့ကို လွတ်လပ်စွာ ဝယ်ယူခွင့်မရှိ။ ခွဲတမ်းအရ ထုတ်ပေးသည်ကိုသာ ရယူရ၍ မိသားစုများသော အိမ်ထောင်စုမှာ ထိုခွဲတမ်းဖြင့် မလောက်၊ ဆန်ကွဲကို ဝယ်၍ စားသောက်ကြရသည်။

မောင်မောင်သည် စာရေးသူ၏ နမအကြီးဆုံး၏ယောကျ်ားဖြစ်သည်။ စာရေးသူ၏ယောက်ဖဖြစ်၏။ လူရိုးတစ်ယောက်ဖြစ်သည်။ မဟုတ်မခံ၊ ဖက်ရဲလက်ရဲလုပ်ရဲသူဖြစ်၏။

မောင်မောင်တွင် ညီအစ်ကိုမောင်နှမ သုံးယောက်ရှိပြီး အစ်ကိုဖြစ်သူမှာ (၁၁)ပါးရောဂါဖြင့် သေဆုံးသွား၍ မောင်နှမနှစ်ယောက်သာ ကျန်သည်။

နမအကြီးဆုံးသည် ပြည်တော်သာဈေးတွင် ဆိုင်ခန်းကြီးပိုင်ကာ ကုန်စုံရောင်းသည်။ အခြေခံအားဖြင့် မောင်မောင်သည် မဆင်းရဲ၊ ချမ်းသာသည့်စာရင်းထဲတွင်လည်း မပါ၊ မပူမပင်ရနိုင်သောက်နိုင်သော မိသားစုဖြစ်သည်။

ဤသို့ ပြည်သူပိုင်ပစ္စည်းများကို မှောင်ခိုရောင်းချနေခြင်းမှာ လုပ်ပိုင်ခွင့်ရသည် နေခြင်းဖြစ်သည်။ ရောင်း၍ရရှိသောငွေများကို ဆိုင်တွင်ရှိသော ဝန်ထမ်းဝစွအလုပ်သမားမှအစ မန်နေဂျာအဆုံး အချိုးကျ ဝေပေးနေသူဖြစ်သည်။

မောင်မောင်သည် စိတ်တွက်အလွန်ကောင်းသည်။ (R.T.C) အာနဲတီ စီ ကားသုံးစီးပေါ် အပြည့်အသိပ်ပါလာသော ဆန်ကွဲအိတ်များ၊ ပဲဖတ် နမ်းဖတ်အိတ်များကို တစ်အိတ်လျှင် နှစ်ပြည်အပိုတွက်လိုက်လျှင် ခွဲထုတ်လိုက်ပါက အိတ်မည်မျှထွက်လာမည်ကို သိသည်။

ထိုအရေအတွက်ကို ခန့်မှန်းပြီး မင်းဘူးမြို့သို့ ရောက်ရှိပါက ထုတ်၍ ရောင်းချလိုက်သည်။ မကွေးနှင့်မင်းဘူးမြို့မှာ ထိုစဉ်က တံတားမရှိ၊ ဧရာဝတီမြစ်ကို (ဖက်ကလပ်)ခေါ် (သမ္ဗန်)သင်္ဘောကြီးဖြင့် ကူးကြရသည်။

ည(၆)နာရီကျော်လျှင် ကူး၍မရတော့၊ မောင်မောင်က ထိုသို့ကူး၍မရသောအချိန်ကိုတွက်၍လာပြီး မင်းဘူးမြို့မှာ တစ်ညအိပ်သည်၊ ထိုသို့အိပ်ပြီး ပစ္စည်းများကို ရောင်းချတော့သည်။

ပြဿနာဖြစ်ချင်တော့ ပထမဝယ်သည့်ဖောက်သည်က ဈေးများတက်လာသော်လည်း တက်ဈေးမပေးသဖြင့် တခြားလူသစ်တစ်ဦးရှာပြီး ရောင်းချလိုက်ရာ ဝယ်လက်ဖောက်သည်က မကျေနပ်သဖြင့် ရဲကို အကြောင်းကြားလိုက်ရာ ဝယ်သူ၊ ရောင်းသူ နှစ်ဦးစလုံး

www.burmeseclassic.com

အား မင်းဘူးရဲမှ (၆/၁)ဖြင့် တရားစွဲဆို ဖမ်းဆီးလိုက်ရာ ထောင်ကျခဲ့ရခြင်းဖြစ်၏။

မောင်မောင်၏ ထွက်ဆိုချက်ဖြင့် တိုင်ကြားခဲ့သော ပထမ(ဝယ်)လက်လည်းအဖမ်းခံရသည့်အပြင် သိုလှောင်ထားသောမှောင်ခိုပစ္စည်းများပါအဖမ်းခံအသိမ်းခံရသဖြင့်သုံးယောက်စလုံးဒုက္ခရောက်ရကြတော့၏။

မောင်မောင်ကို ဖမ်းရာတွင် မောင်မောင်တစ်ယောက်တည်းကို မဖမ်း၊ ဆိုင်မှမန်နေဂျာနှင့်အရောင်းစာရေးသည်များ စသည့် ဆိုင်ရှင်အမှုထမ်းအားလုံးအား မင်းဘူးအချုပ်ခန်းထဲသို့ဖမ်းထည့်ထားလေတော့၏။

အချုပ်ထဲတွင် မောင်မောင်သည် မန်နေဂျာနှင့် ညှိနှိုင်းသည်။ မိမိတစ်ယောက်တည်း ထောင်ကျခံမည်။ ကျန်လူများက မိမိ၏အိမ်ကိုထောက်ပံ့ပေးရမည်ဟု နှစ်ဦးသဘောတူခဲ့ကြသဖြင့် မောင်မောင်က ဤကိစ္စသည် မိမိတစ်ယောက်တည်းလုပ်ခြင်းဖြစ်ကြောင်း၊ မန်နေဂျာတို့နှင့်မသက်ဆိုင်ကြောင်း ဝန်ခံထွက်ဆိုသဖြင့်မန်နေဂျာနှင့်အခြားဝန်ထမ်းများလွတ်ပြီး မောင်မောင်တစ်ယောက်တည်း ထောင်ကျခဲ့ခြင်းဖြစ်၏။

✧ ✧ ✧

လူသတ်၊ ဓားပြ၊ ခိုးမှု၊ မုဒိမ်းမှု၊ (၆/၁) ပြည်သူပိုင်အမှု စသည်ဖြင့် မကွေးတိုင်းအတွင်းမှ တရားခံအမျိုးမျိုး လူဦးရေ(၅၀) သရက်ထောင်ဘူးဝတွင် ရောက်ရှိနေ၏။

ထိုလူများထဲတွင်ပြည်သူပိုင်ပစ္စည်းအလွဲသုံးစားလုပ်မှု (၆/၁)ဖြင့် ထောင်(၃)နှစ်ချခံထားရသော မောင်မောင်လည်းပါ၏။

(ထောင်ဝင်တစ်ချက်၊ နာနာနက်)

ပထမထောင်တံခါးဝတွင် နယ်မှဝတ်ဆင်လာသောအဝတ်များအားလုံး ချွတ်လိုက်ရသည်။ လန်ကွက်တီဖြင့်သာ ထောင်တံခါးအဆင့်ဆင့်ကို ဖြတ်ကျော်ဝင်ခွင့်ရခဲ့၏။

ထောင်ထဲသို့ရောက်သော် ထောင်မှပေးသော ထောင်သားများအတွက် သီးသန့်ချုပ်ထားသည့် အင်္ကျီပွပွလက်ရှည်နှင့် ဘောင်းဘီပွပွတို့ကို ဝတ်ရ၏။

ထောင်(၁၂)မှတ်မှ အောက်ပါအကြောင်းအရာတို့ကို တစ်မျိုးလျှင်(၅)ခေါက်ပြောပြ၏။

ထောင်သားများက (၁၂)မှတ်၏စကားကို သာ နားထောင်ရသည်။ "ဟုတ်တယ်၊မဟုတ်ဘူး၊အင်း" စသည်ဖြင့် လုံးဝပြန်မပြောရ။

(၁၂)မှတ်စကားပြောနေစဉ်တွင် ထောင်သားများက လက်နှစ်ဖက်ကို လက်သီးဆုပ်ထားပြီး (တရားထိုင်) သကဲ့သို့ (တင်ပျဉ်ခွေ) ထိုင်နေရကာ ဆုပ်ထားသောလက်သီးများကို ဒူးနှစ်ဖက်ပေါ်သို့ တင်ထားရ၏။

ပါလာသောအဝတ်အစားများကို မိမိ၏ရှေ့တွင် ဖြန့်ချထားရပြီး စီးလာသောဖိနပ်ကို "မှောက်လျက်အနေအထားဖြင့်ဖြန့်ထားသောအဝတ်များ၏ရှေ့တွင် ချထားရ၏။

- ပြောတာနားထောင်(ခွန်းတုံ့မပြန်နဲ့)
- အာမချောင်ရန် (အတင်းအဖျင်းစကားမပြောရ)
- လက်ကောက်မကျရ(တစ်ယောက်နဲ့တစ်ယောက် မလိမ်ရ)
- နားလည်လားလို့မေးလျှင် နားလည်လည်၊မလည်လည် (ဟုတ်) ဟုသာ တစ်ခွန်းတည်းပြောရ၏။ လုံးဝစကားမပြောရ။

ဟု မိန့်ဆိုပြီးလျှင် (၁၂)မှတ် မေးသည့်မေးခွန်းနှင့် ဖြေရမည့်ဖြေနည်းကို (၅)ကြိမ်ပြောပြ၏။ ထောင်သားများက ဆိုတာမှပြန်ပြောခွင့်မရှိ၊မေးခွင့်မရှိ။ ပြောပြသော (၅)ကြိမ်အတွင်း သေချာချာ မှတ်ပေတော့။

မမှတ်မိ၍ထောင်သားတစ်ယောက် အဖြေမှားလျှင် မမှားသောထောင်သားအားလုံးပါတစ်ယောက်(၅)ချက်အရိုက်ခံရ၏။

အရိုက်ခံရသည်ဆိုခြင်းမှာ ပေါ့ပေါ့ပါးပါး မဟုတ်၊ ဝါးဆစ်ပိတ်တုတ်ဖြင့် အကျိုးရိုက်ခြင်းဖြစ်၏။

၎င်းတို့၏ထောင်ပုဒ်မှာ "ထောင်ဝင်တစ်ချက်၊ နာနာနက်" ဟူ၍ဖြစ်၏။

မောင်မောင်တို့ ထောင်သား(၅၀)မှာ အချက်ပေါင်း တစ်ယောက်(၂၅)ချက် အရိုက်ခံရ၏။ ပြောဆိုပြီး၍ မှတ်တတ်ရပ်နိုင်သောအခါကောင်းကောင်းပင်မရပ်နိုင်တော့။ ထိုထောင်သား(၅၀)တွင်(၁၂)မှတ်က(၅)ကာတီတီပြန်ပြောပြပါသော်လည်း စိတ်မဝင်စားသူပါ၏၊ အိမ်က မိသားစုကို လွမ်းနေသူပါ၏၊ စိတ်နှင့်ကိုယ်နှင့် မကပ်၊ အဝေးသို့ရောက်နေကြ၏။ ထို့ကြောင့် (၁၂)မှတ်မေးသောအခါ အမှားကို ဖြေကြ၏၊ အထက်ကဆိုပြီးသကဲ့သို့တစ်ယောက်များလျှင် အများခံရ၏။

(၁၂)မှတ်ဘက်ကလည်း မမှား၊ အကြောင်းအရာတစ်ခုကိုမှတ်မိအောင် (၅)ခါကြီးများတောင်ပြောသားပါလျက်

www.burmeseclassic.com

မှားရပါမည်လားဟု ဒေါ်ပွကာရိုက် ခြင်းဖြစ်၏၊

၁၊ (၁၂)မှတ်ကသင်ပြပေးသောစကားများမှာ ထောင်ကျများ လမ်းလျှောက်လျှင်လက်များကိုမိမိ၏ဘွားဘက်တော်အား လုံအောင်အုပ်ထားရမည်၊

မောင်မောင်က စိတ်မရှည်၊ မန်နေဂျာလှမောင်၏ပါးကို နာနာကလေးရိုက်၏၊

ထိုသို့အုပ်ထားရာတွင် ဘယ်ဘက်လက်ဝါးက အောက်မှထားပြီး ညာဘက်လက်မှ ထိုဘယ်ဘက်လက်ပေါ်တင်ထားပြီး လမ်းလျှောက်ရမည်၊

၂၊ ထောင်အချုပ်သားများ (ထောင်မကျသေးပဲရုံးခန်းအချုပ်တွင်မထားလို၍ ထောင်သို့ ပို့ထားသောတရားခံများ၊ အမှုစစ်၍ အပြီးအပြတ်မကွဲမီ ထောင်အချုပ်ပို့ခံထားရသောတရားခံများ)ကမူ ထောင်ကျများနှင့်ဆန့်ကျင်ဘက်ဖြစ်၏၊ ၎င်းအချုပ်သားများ လမ်းလျှောက်လျှင် (ညာလက်ဖဝါး)ကအောက်မှာထားရပြီး ဘယ်လက်ဖဝါးက ညာလက်ဖဝါး၏ အထက်မှ ထပ်၍ ဗွားဖက်တော်ကို လုံအောင်ဖုံးပြီး လမ်းလျှောက်ရ၏၊

၃၊ ထိုစည်းကမ်းအတိုင်း မိမိလမ်းလျှောက်နေစဉ်အနိုက် ထောင်အရာရှိတစ်ဦးဦးနှင့်တွေ့လျှင် တင်ပျဉ်ခွေ ထိုင်ချရမည်၊ ထိုသို့ထိုင်ပါက လက်သီးဆုပ်ထားလျက်လက်သီးများကိုဒူးနှစ်ချောင်းပေါ် တင်ထားပြီး တရားထိုင်သကဲ့သို့ မလှုပ်မယှက်နေရမည်၊ မော့၍ မကြည့်ရ၊

၄၊ အရာရှိက (အေးစေ)ဟုပြောမှဆက်၍ ကိုယ်လိုရာခရီးကို ဆက်လျှောက်ရမည်၊

၅၊ နာမည်မေးလို့ဖြေရင် မောင်၊ မထည့်ပြောရမည်၊

၆၊ အိမ်ထောင်ရှိ၊မရှိမေးရင်ရှိရင်(ရှိ)၊ မရှိရင် (လူပျို၊ အပျို)လို့ တစ်ခွန်းတည်း တိုတိုတုတ်တုတ် ဖြေရမည်၊

၇၊ ကိုယ့်ရဲ့မိန်းမ၊ ကိုယ့်ရဲ့ယောက်ျား နာမည်ထည့်ပြောရမည်၊

၈၊ အဖေ(ဦး)၊ (ဒေါ်)ထည့် ပြောရမည်၊

၉၊ ကိုးကွယ်သည့်ဘာသာလို့မေးရင် ကိုယ်ကိုးကွယ်တဲ့ဘာသာပြော၊

၁၀၊ ဘာမှုလည်းလို့မေးရင် ပုဒ်မ ထည့်မပြောရ၊

၁၁၊ တစ်ခါဖြေလျှင်(၅)ခါဖြေရမည်၊

ဟုသင်ကြားပေးထားပါသော်လည်း (၁၂)မှတ်က မေးလိုက်သောအခါ မလိ...ည့်ကိုစွများ ထည့်ပြောမိ၍ အရိုက်ခံခြင်းဖြစ်သည်၊

ထိုသို့မေးပြီးနောက် (၁၀)ယောက်...စ်တွဲ (ပုံစံ)အခန်းထဲသို့ ထည့်လိုက်...ည်၊

များသောအားဖြင့်ဆေးမှု၊ပုဒ်မ(၆)...နှင့် (၁၀)ခ၊ နိုင်ငံရေး ပုဒ်မပုဒ်မ(၅)၊...ဆာရားအသင်းပုဒ်မ (၁၇) (၁)များများ...ည်မထိမဲ့မြင်၊မထီလေးစားလူစားများ...လေရာထောင်ကျဝင်စတွင်အတော်ခံ...ိုက်ရသည်၊

ထိုလူများ (ရိကျို့)သွားအောင်...ထောင်ပိုင်တို့က (ထောင်ဝင်တစ်ချက်...နေပ်)နေခြင်းဖြစ်၏၊ ပုံစံခန်းထဲသို့...ရောက်သောအခါတွင် သဲသောင်ပြင်မှ...များကိုအဝတ်ဖြင့်ထုပ်ထားပြီးထိုသဲ...ဖြင့်အကြောင်းမရှိ၊အကြောင်းရှာပြီး...တော့၏၊

ထိုအခန်းထဲတွင်အိမ်သာမရှိ၊ညစ်...ပတ်ပတ်နေကြပေတော့၊ သောက်...(သောက်ရေ)မထားပေ၊

အပြင်လောကတွင် မားပြတိုက်လု...လုပ်ခဲ့ပြီး မည်မျှပင်မိုက်မိုက်၊ မည်...မာမာ၊ မည်မျှပင်ဆိုးဆိုး၊ ဤ(ပုံစံ)...ခန်းမှ ထွက်လာပြီးပါက (မြွေစွယ်...)ပမာ ငြိမ်ကျသွားကြလေတော့၏၊

ရေချိုးလျှင် (၁၀)ခွက်သာ ချိုးရ၏၊ ပထမ(၅)ခွက်လောင်းချိုးပြီး (ဆပ်ပြာတိုက်)၊ ကျန်(၅)ခွက်ကို ဆပ်ပြာတိုက်ပြီးမှ ချိုးရသည်၊ ဆပ်ပြာပြောင်သည်ဖြစ်စေ မပြောင်သည်ဖြစ်စေ ရေဆယ်ခွက်ထက် ပို၍မချိုးရ၊

ရေချိုးရာတွင် နောက်လူများရှိ၍ အမြန်ချိုးရ၏၊ ရေချိုးလျှင် ကန့်သတ်ချက်အချိန်အတွင်း အပြီးချိုးရ၏၊ မပြီးပါက အရိုက်ခံရ၏၊ ရေကို ပို၍ချိုးမိပါကလည်း အရိုက်ခံရ၏၊ ကိုယ့်သဘောနှင့်ကိုယ် စိတ်ကြိုက်ချိုးခွင့်မရှိ၊

မောင်မောင်သည် ပွတ်တိုက်ထားသောဆပ်ပြာများတိုက်၍ ကျန်ခြောက်ခွက်ကို ဆပ်ပြာတိုက်ပြီးမှ ချိုးရာ ၎င်းတို့ချမှတ်ထားသောစည်းကမ်းကိုချိုးဖောက်သည်ဟု အပြစ်ပြောကာ အကြပ်တာဝန်ကျသောထောင်သားက ရိုက်ရာ သူတစ်ပြန် ကိုယ်တစ်ပြန် ဆော်ကြသဖြင့် တိုက်ပိတ်ခံခဲ့ရ၏၊

ထောင်ဆိုသည်မှာ ယခင်ခေတ်ကဆိုးသွမ်းသူများ စာရိတ္တ ပြုပြင်နိုင်ရန် နည်းမျိုးစုံဖြင့် ကြပ်မတ်ပြီး (ထောင်)ဆိုသည့်စကားကို နောင် ဘယ်တော့မှ မကြားချင်အောင် ဆိုဆုံးမသောနေရာဖြစ်၏၊





www.burmeseclassic.com

www.burmeseclassic.com

ယခုခေတ်တော့ထောင်ထဲရောက်မှအပေါင်းအသင်းသစ်များရပြီး၊ဆိုးသွမ်းမှုလုပ်ရန် အဆက်အသွယ်များ ရရှိလာကြ၏။ ထောင်ထဲတွင် ထိုကဲ့သို့သော (ထောင်ပုံစံ)များ မရှိတော့ဟု သိရ၏။

ထောင်ထဲတွင် အနေအထိုင် ပါးရည်နပ်ရည်ရှိမှ (လူရည်လည်)မှနေပျော်၏။ အ.လျှင် ခံရသည့်ကိစ္စတစ်ခုရှိ၏၊ ထိုကိစ္စများ (ဆီး၊ ဝမ်း) (ကျင်ကြီး၊ ကျင်ငယ်) သွားသည့်ကိစ္စဖြစ်၏။ နံနက်အစောဆုံး (ပထမ)ဦးဆုံး ဆီး၊ဝမ်းသွားမိလျှင်လည်းကောင်း ထိုသူနစ်ယောက်သည် တစ်နေ့တာအတွက် အများသုံးထားသော အညစ်အကြေးများကို ဆေးကြောရလေ၏။ သုတ်သင်ရှင်းလင်းပေးရ၏။ ထိုစနစ်ကတော့ ယနေ့ထက်တိုင်ရှိနေသေးကြောင်း သိရ၏။

မောင်မောင်သည် ထိုကိစ္စများကို ခါးစည်းခံရပြီးနောက် ရဲဘက်စခန်းသို့ အပို့ခံရ၏။ ရဲဘက်စခန်းမှာ ပဲခူးရိုးမပေါ်ရှိ မန္တလေးနှင့် ရန်ကုန်အမြန်လမ်းဖောက်ရာစခန်းဖြစ်၏။

အရှေ့ဘက်တွင်သာစည်၊ပျဉ်းမနား၊ ပျော်ဘွယ်၊ ပဲခူး။ အနောက်ဘက်တွင် ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ မကွေး၊ တောင်တွင်း၊ ပေါင်းတည်၊ သာယာဝတီ၊ မော်ဘီ စသည့်မြို့မှာ၏ အကြား မိုင်အားဖြင့် သုံးရာကျော်ရှည်လျားပြီးအကျယ်မှာ ပေငါးရာနီးပါးရှိ၏၊

ထိုအရှည်၊ ထိုအကျယ်ရှိသော နစ်ပေါင်းကိုးရာကျော်က ပေါက်နေသော ကျွန်း၊ ဒဟတ်၊ သစ်ရာ၊ ပိတောက်၊ သင်ဆိမ့်၊ ပျဉ်းကတိုး၊ ဝါးဘိုး၊ ဝါးဆစ်ဝါး စသည့် သစ်တောကြီးကို ခုတ်ထွင်ရှင်းလင်းပေးရန်ဖြစ်၏။

ထိုတောကြီးထဲတွင် မြွေအမျိုးမျိုး ကျား၊ သမင်၊ ဒရယ်၊ စိုင်၊ ဆတ်နှင့် တစ်ထောင်ခန့်ရှိသော ကင်းခြေများရှိပြီး အဆိုးဆုံးမှာ ခွေးအများအမြောက်အမြား ရှိနေခြင်းဖြစ်၏။

မြန်မာပြည်၊ ပြည်နယ်များအတွင်းရှိထောင်သားအားလုံးအားသူ့အပိုင်းနှင့်သူခွဲခြားပြီးတာဝန်ပေးလုပ်ဆောင်နိုင်ခြင်းဖြစ်သည်။

မောင်မောင်တို့ သရက်ထောင်မှ ထောင်သားများမှာ ထောက်ကြံ့မှစ၍ မိတ္ထီလာအတွင်းရှိသောသစ်တောများကို ရှင်းလင်းရန် တာဝန်ယူကြရသည်၊

မောင်မောင်တို့ကို သယ်ယူလာသောကားများမှာ သာယာဝတီမြို့တွင် တစ်ထောက် နား၏။ ထိုမှတစ်ဆင့် ထောက်ကြံ့လှည်းကူး၊ဖောင်ကြီးမြို့များ ဆင့် ဆင့် လာရောက်ကြရပြီး ဆက် ဖောင်ကြီးမြို့နှင့် (၃)မိုင်ကွာဝေးသော မင်းကွန်းစခန်းတွင် ဂိတ်ဆုံးတော့၏။ ထိုမင်းကွန်းစခန်းမှာ ထောင်သားအားလုံးအားထားခဲ့ပြီးနောက်လူ(၁၀၀) ခွင် တပ်ဖွဲ့တစ်ဖွဲ့ခွဲကာ သစ်ပင်များကို ထွင်ရှင်းလင်းစေသည်၊

စတင်ခုတ်ထွင်ရသောသစ်တော မင်းကွန်းစခန်းနှင့် (၇)မိုင်ဝေးသော နက်ကြီးစခန်းဖြစ်၏။ ထိုစခန်းမှာ ရသော လွန်စွာကြောက်မက်ဖွယ်ကောင်းလှသောရန်သူရှိ၏။ ထိုရန်သူမှာ ရိုးမငှက်ဖျားများ ပေါက်ဖွားပေးသောခြင်များဖြစ်၏။

ထိုစခန်းတွင် ဆေးရုံမရှိ၊ ဆေးခန်း၊ ထိုနိုက်မိလျှင် ငှက်ဖျားဖြစ်လျှင် သေပေတော့၊ ကျွေးမွေးသောအစားစာမှာ (ငါးပိအစိမ်းထောင်း)(ကျောက် ဟင်းချို)နှင့် တီရွက်နပ်ပင်မစားသော နံကြမ်း)တို့ဖြစ်၏။

တစ်ဖွဲ့နှင့် တစ်ဖွဲ့နယ်နိမိတ် သတ်ထားသောနေရာ ဆုံမိ၍ လူငါးယောက်၊ ခြောက်ယောက်ဖက်ခန့်ရှိသော သစ်ပင်ကြီးများနှင့် ဆုံတွေ့လျှင် အပင်အား သူခုတ်ရမည်၊ ငါ ခုတ်ရမည်ဟု အချင်းချင်းငြင်းခုံကာ သူသေ၊ ကိုယ်သေ ဆော်ကြပြန်သည်၊ ထိုလမ်းကြီးမှာ ထောင်သားများအဖို့တော့ သေမင်းတမန်လမ်းကြီးဖြစ်နေ၏၊ သေမထူးနေမထူးနေရာဖြစ်သည်၊ အကျယ်ဆယ်ပေ၊အရှည်(၃၅၀)အတွင်းရှိသစ်ပင်များကို ခုတ်ရခြင်းဖြစ်၏။ ထိုကိစ္စကို မောင်မောင်သည် လွယ်ကူစွာ ဖြေရှင်းပေးနိုင်ခဲ့သည်။ လူတစ်ယောက်တစ်ဖက်စာ အပင်များကို အရင်ခုတ်နိုင်းပြီး လူလေးငါးယောက်စာဖက်မျှကြီးမားသော သစ်ပင်များကို ချန်နိုင်းခဲ့၏။ အားလုံးတောရှင်းသွားသောအခါဟိုဘက်ထိပ်ဒီဘက်ထိပ်မှ တာဝန်ယူရသည့်လူကြီးများက ကြည့်ပြီး သူ့ဘက်ပါသည်၊ ကိုယ့်ဘက်ပါသည် ကြည့်ရှုစေပြီးမှ လူကြီးဆုံးဖြတ်သောဘက်မှ ထိုအပင်ကို တာဝန်ယူခုတ်ထင်စေရတော့၏။

ဤကိစ္စပြီးဆုံးသွားသောအခါတွင် ဓာတ်ကြိုးများ သယ်ရသောကိစ္စက ထောင်သားများကို ဖျားနာစေပြီး သေဆုံးကြရပြန်၏။

ကျပ်လုံးခန့်ရှိသော ကြေးကြိုးခွေကြီးများကို ထို (၇)မိုင်ခန့်ဝေးသော မင်းကွန်းစခန်းမှ ရေနက်ကြီးစခန်းသို့ သယ်ကြရ၏။ သယ်ယူပို့ဆောင်ရာတွင် မည်သည့်ကားမှမရှိ၊ ထိုကြိုးခွေကြီးအား

www.burmeseclassic.com

တစ်ခွေလျှင်လူ(၁၀)ယောက်ဝါးလုံးလျှိုပြီးထမ်းရ၏။

တစ်မိုင်လျှင် တစ်ခါနားရ၏။ နံနက် (၇)နာရီမှာမင်းကွန်းစခန်းမှစတင်ထွက်ခဲ့ပါက ညနေ(၅)နာရီမှ ရေနက်ကြီးစခန်းသို့ရောက်၏။ ရှေ့မှ(၅)ယောက်၊ နောက်မှ(၅)ယောက်ထမ်းရလေရာ တောင်ဆင်း၊ တောင်တက် လျှိုမြောင်၊ ချောက်ကမ်းပါးများတို့ ကျော်ဖြတ်ရသဖြင့် သေချင်အောင် ပင်ပန်းလှ၏။ ရေနက်ကြီးစခန်းသို့ရောက်သောအခါခြေကုန်လက်ပန်းကျလျှက် မလှုပ်နိုင်၊ မရှားနိုင်ဖြစ်ကာ ရှားနာပြီး သေဆုံးကြရပြန်၏။

ထိုတာဝန်ကိုထောင်သား(၁၀၀)ဖွဲ့စီထားသောအဖွဲ့များက တစ်ရက်လျှင် တစ်ခွေတာဝန်ယူရ၏။ ပင်ပန်းလွန်းသဖြင့် ထိုအလုပ်ကို မလုပ်ချင်ကြ။

သို့သော် တစ်ခုကောင်းသည်က စခန်းသို့ ပြန်ရောက်လျှင် တစ်ရက်နားခွင့်ရ၏။ သို့ပင်ဖြစ်လင့်ကစား ထိုအလုပ်ကို မလုပ်ချင်ကြ။ အာဟာရမဖြစ်သော အစားအသောက်ကို စားနေရသဖြင့် ကိုယ်ခံအား ကျဆင်းနေကြသော ထောင်သားများမှာ ထိုအလုပ်ကိုမလုပ်ချင်သည်မှာ ဆန်းတော့ မဆန်းလှပေ။ သို့သော် မလုပ်လို့မရ။ ပျော့ပွဲစားထွက်လာကြခြင်းမဟုတ်၊ မဟုတ်တာလုပ်ခဲ့မိ၍ အပြစ်ဒဏ်ခံနေကြရခြင်းဖြစ်၏။ (ထောင်ပုံစံ)ဆိုသည်မှာ ဤကိစ္စရပ်များပင် ဖြစ်ချေ၏။ ကိုယ့်စိတ်နှင့် ကိုယ့်ခန္ဓာ နေခွင့်တော့ မရှိပေ။

တစ်ခုတော့ စဉ်းစားစရာရှိသည်။ အလုပ်ပင်ပန်း၍သေရသည်မှာမှန်သော်လည်း ဤသေဆုံးကြသောထောင်သားများထဲတွင် အရက်သမား၊ ဆေးသမားနှင့် ထောင်မကျမီက သွေးချို၊ ဆီးချိုသွေးတိုး၊ ကျောက်ကပ်ရောဂါသည်များလည်း ပါရှိလေရာ အသေအပျောက်များကြရခြင်းဖြစ်၏။

မောင်မောင်ဦးစီးသော ထောင်သား(၁၀၀)တို့က မောင်မောင်ကိုသတ်ချင်နေကြ၏။ ဤကြေးကြိုးသယ်ရသော အလုပ်မှာ ပင်ပန်းလွန်း၏။ မည်သည့်အဖွဲ့မှ မလုပ်ချင်သောကိစ္စကို မောင်မောင်က ကြေးကြိုးများ မကုန်မချင်းတာဝန်ယူမည်ဟု လက်မှတ်ထိုးခဲ့သောကြောင့်ဖြစ်၏။

သို့သော်လည်းတကယ်လက်တွေ့လုပ်ကြရသောအခါတွင် မောင်မောင်၏ အတွေးအခေါ် အမြော်အမြင်ကောင်းမှုအပေါ် မရိုးကျူးပဲ မနေနိုင်အောင် ဖြစ်ကြရတော့သည်။

မောင်မောင်သည် ကြေးကြိုးခွေကြီးကိုဆန့်ထုတ်လိုက်ရာ မီတာတစ်ရာရှည်၏။ ဆယ်မီတာလျှင် တစ်ယောက်၊ ထိုကြိုးခွေကို ထမ်းနိုင်း၏။ လူဆယ်ယောက်ထမ်းမိလျှင်မီတာတစ်ရာ၊ ကြိုးတစ်ခွေတ ပြီးသွား၏။

ထမ်းသည့်ဆိုရာတွင်လည်း ဝါးလုံးဖြင့် ထမ်းသွားခြင်းမဟုတ်၊ ကိုယ်ဝတ်လာသောပုဆိုးကိုချွတ်ကာ ကြေးကြိုး(၁၀)မီတာလျှင် တစ်ထည်ချည်စေပြီး ထိုပုဆိုးအား (ပခုံး)သိုင်းစွပ်ကာ ကြိုးကိုရှိုင်းကြားတွင်ထားကာလက်ဖြင့်ထိန်းပြီး လမ်းလျှောက်သွားစေခြင်းဖြစ်၏။ ကြေးကြိုးခွေကြီး ပါလာသည်တိုင်အောင် သူတို့မသိ၊ ပေါ့ပေါ့ပါးပါး၊ မပင်မပန်းဖြင့် စခန်းသို့ ရောက်ကြ၏။

တခြားအဖွဲ့များ တစ်ရက်သယ်ရသောကြိုးခွေကြီးမှာမောင်မောင်တို့အဖွဲ့က နေ့ဝက်ဖြင့် စခန်းသို့ ရောက်သဖြင့် တစ်ရက်ခွဲနားခွင့်ရကြလေတော့ရာ များမှ မောင်မောင်ကို ကျေးဇူးတင်ကြတော့သည်။

ကြေးနန်းကြိုးခွေကြီးများ ကိစ္စပြီးသွားပြန်တော့ ဆန်သယ်သည့်ကိစ္စ ပေါ်လာပြန်သည်။ ထောင်သားနှစ်ယောက်လျှင် ဆန်တစ်တင်း သယ်ရသည်။ ကိုယ့်တစ်ဖွဲ့သား (၁၀၀)အတွက် သယ်ကြရခြင်းဖြစ်၏။

ကြမ်းတမ်းလှသော ဤခရီးမှာလည်း ဆန်တစ်တင်း နှစ်ယောက်၊ ရှေ့နောက်ဝါးလုံး လျှို၍ထမ်းရသည်မှာ ဝင်ဝန်းရုံလှ၏။ ဗျားကြ၊ နာကြပြန်၏။ ဤကိစ္စကိုတခြားထောင်ကျအားလုံးက တာဝန်မယူလိုကြ။ သို့သော်လည်း အထက်က ချမှတ်သောလုပ်ငန်းဖြစ်၍ ရှောင်လွှဲ၍ မရ။

ထိုပင်ပန်းသောအလုပ်ကိုလည်း မောင်မောင်က တစ်ဖွဲ့တည်း လုပ်လိုကြောင်း အောင်းဆိုလိုက်ပြန်၏။ ဤကိစ္စကို တောင်းဆိုရခြင်းမှာ ထိုဆန်လှသောအဖွဲ့မှာ လှည်းကူးမြို့သို့ သွားရောက်ခွင့်ရှိသောကြောင့်ဖြစ်၏။

မောင်မောင်သည် လှည်းကူးစာတိုက်သို့ သွားရောက်ပြီး သောကြာနေ့တိုင်း မိမိတို့စာများ လာယူမည်ဖြစ်ကြောင်း၊ စာအိတ်ပေါ်တွင် ရေနက်ကြီးစခန်းဟု လိပ်စာပါပါက သိမ်းထားပေးရန် စာတိုက်ဝိုလ်နှင့် ညှိခဲ့ရာ ခြေလည်ခဲ့၏။

ဆန်များကိုမူ မိမိတို့ကိုနိုင်ငံတော်မှ ထုတ်ပေးထားသော အိပ်ရာခင်းစောင်များကို ယူလာစေပြီး လူတစ်ယောက်လျှင် ဆန်တစ်ခွဲကို နှစ်ပုံခွဲစေလျှက် ...

www.burmeseclassic.com

လာသောစောင်၏ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်တွင် ထည့်၍ထုပ်စေပြီး လည်ပင်းပေါ်တင်ကာ သယ်စေ၏။ ဆန်တစ်တင်းကိုရုစည်းစည်း သယ်သည်ထက် တစ်ယောက်တစ်ခွဲသယ်လိုက်ခြင်းဖြင့်သက်သာပေါ့ပါးသွားတော့၏။

စခန်းသို့ အပြန်တွင် ကြီးကြပ်သူများအတွက် အုန်းတောစီးကရက်ဘူးများဝယ်သွားခဲ့၏။ ထိုသို့ဝယ်နိုင်ခြင်းမှာ လှည်းကူးမြို့ရှိ မီးသွေးကန်ထရိုက်များ၊ ထင်းကန်ထရိုက်များ၊ ကြိမ်ကန်ထရိုက်များနှင့် တွေ့ဆုံခဲ့ပြီး စရန်ငွေများ ရယူလာခြင်းကြောင့် ဝယ်ခဲ့နိုင်ခြင်းဖြစ်၏။

မင်းတွန်းစခန်းသို့ရောက်သော် (၅၀၀၀)ကျပ်ပေးရသော နွားတစ်ကောင် ဝယ်ယူသွားခဲ့ပြီး ရေနက်ကြီးစခန်းသို့ရောက်သော်ထိုနွားကိုသတ်၍အသား မစားရသည်မှာ ကြာပြီဖြစ်နေသော ထောင်ကျများနှင့် ထောင်အမှုထမ်းတို့ကို ဝေခြမ်းပေးခဲ့၏။

တစ်ကောင်ရှည်သော ထင်းပေါက်ခြမ်းတစ်ခြမ်းလျှင် ထောင်ကျများထံမှ (၄)ကျပ်ဖြင့် ဝယ်၏။ လှည်းကူးမြို့ကုန်သည်ထံသို့ ထိုပေါက်ခြမ်းတစ်ခြမ်းကို (၈)ကျပ်ဖြင့် ရောင်းခဲ့၏။ မိမိအတွက် (၄)ကျပ် ကျန်၏။

ထို(၄)ကျပ်ထဲမှ သာရေးနာရေးအတွက် တစ်ကျပ်၊ ထောင်အရာရှိနှင့် ဝန်ထမ်းများအတွက် နှစ်ကျပ်၊ မိမိက တစ်ကျပ်ယူ၏။

သစ်ပင်များ ခုတ်လှဲရာမှ ကျန်ရစ်သော သစ်ပင်အမြစ်များကို တူးဖော်ပြီး မီးသွေးဖုတ်၏။ ထိုမီးသွေးများကို တစ်တွင်းလျှင် ကျပ်တစ်သောင်းဖြင့် ရောင်းပြီး အရှုံးကျ ခွဲယူ၏။

ကြိမ်များကိုလည်း ခုတ်ယူပြီး ကားတစ်စီးတိုက်ရတိုင်း ပြန်ရောင်းရာတွင် တွက်ချေကိုက်လှ၏။ ဤသို့အကြံအဖန်ကောင်းလှသော မောင်မောင်ကိုထောင်အရာရှိများက ချစ်ခင်ယုံကြည်ကြသဖြင့် နားလည်မှုဖြင့် အိမ်ပြန်ရန် ခွင့်ပေးခဲ့ခြင်းဖြစ်၏။

"မင်းတို့ထောင်ကျတာက နှစ်စေ့ရင် အိမ်ပြန်ရဦးမယ်။ ငါတို့ထောင်ဝန်ထမ်းဆိုတာက ပင်စင်မထွက်မချင်း အလုပ်မပြုတ်မချင်း ထောင်ကျနေရမှာကွ။ တစ်သက်လုံးထောင်ကျနေမှာ —"

ဟုမကြွေးမှ ပြောင်းလာသော တစ်ကြပ်ဦးလှအုန်းက ပြောဖူး၏။

ပြောမည်ဆိုလည်း ပြောထိုက်သည်။ ထောင်အရာထမ်း၊ အမှုထမ်းများကိုယ်တိုင်လည်း လူသူမနီးသော

အဆက်အသွယ်မရှိသော ဤတောကြီးထဲတွင် ငတ်ငတ်ပြတ်ပြတ်ဖြင့် ထောင်သားများနည်းတူ နေထိုင်ကြရသူများဖြစ်၏။

မောင်မောင်၏ စွမ်းဆောင်ချက်ကြောင့် ထောင်ကျများအိမ်သို့ ငွေပြန်ပို့နိုင်၏။ ထောင်ဝန်ထမ်းများ ချောင်ချောင်လည်လည်ဖြစ်လာကြ၏။

"ထောင်ပိုစံ"မှာ ဤရန်ကုန်မွှေလေးနှင့် နေပြည်တော်အမြန်လမ်းဖောက်သောတောထဲတွင် နည်းနည်းများပျောင်းသွား၏။ မြို့ပေါ်တွင်ရှိသော ထောင်ဆဲမှာကဲ့သို့ မတင်းကြပ်တော့။ ထင်းကြပ်လို့တလည်း မလွယ်။

ထောင်အမှုထမ်း၊ တစ်ရာလျှင် ထောင်ကျတစ်ထောင်လောက် အုပ်ချုပ်နေရလေရာ လူဦးရေက မမျှတ၊ မြို့နှင့်ဆက်သွယ်မှုကလည်း မလွယ်။ ပုန်ကန်မှုအချိန်မရွေးဖြစ်နိုင်၏။ ထို့ကြောင့် ထောင်းကြပ်ခြင်းဖြစ်သည်။

အစားဆင်းရဲ၊ အနေဆင်းရဲ၊ မိုးတွင်းကျပြန်တော့ မိုးက မရပ်တမ်း ရွာသည်။ ဆောင်းကျပြန်တော့ နှင်းက တရစပ်ကျနေသည်။ တစ်နေကုန် အဝေးထည်ချွတ်ရ၊ နွေကျတော့ ကျောက်တုံးထောင်မှ အရည်ပျော်အောင်ပူဖွယ်၊

ထိုသို့သော ခုတွေ့အခြေအနေ ထောင်ကျများနှင့်အတူ တာဝန်ထမ်းဆောင်နေရသော ထောင်အမှုထမ်းတို့မှာလည်း ခါးစည်းပြီး ခံစားနေကြရလေရာ ထောင်သားများကို လူဆိုးများဟု မခြင်ရဲတော့ပဲ ညီအစ်ကိုများသဖွယ် ချစ်ခင်ကြသည်။ အရေးကြီးတော့ သွေးနီး ချစ်ခင်ကြ၏။

အလုပ်ကလည်း တစ်နေ့ရာတည်း ဖောက်ရပြီးလုပ်ရသောလုပ်ငန်းမဟုတ်။ ထောင်သား ဆယ်ယောက် တစ်ရုအတျယ်၊ ဆယ်ပေ၊ အရှည်သုံးရာမိုင်းဆယ်အတွင်းရှိသော သစ်ပင်၊ အကြီးအငယ်များကို ခုတ်ရခြင်းဖြစ်၏။

ဤနေရာတွင်ပြီးသွားပါက တခြားနေရာသို့ပြောင်းကြရပြန်၏။ ထို့ကြောင့် အိမ်ခြေယာခြေအတည်တကျမရှိရရာ သစ်ကိုခုတ်ပြီး ယာယီတဲထိုးရသည်။ မိုးမလုံ၊ လေမလုံ။ အင်ဖက်ကို အမိုးမိုး အင်ဖက်ကိုခင်းပြီး အရာထမ်းအမှုထမ်းရော ထောင်သားများပါ အသက်ရှူတို့ကို စတေးပြီး ဤနေပြည်တော်အမြန်လမ်းကြီးကို စတင်အကောင်အထည်ဖော်ကြရခြင်းဖြစ်၏။

နေပြည်တော် လမ်း သစ်ကြီးဖောက်လုပ်ရန် သစ်ပင်များခုတ်တွင်ရှင်း

www.burmeseclassic.com



နွယ်ကြိုးများပေါ်သို့ ကျသွားရာတွင် မြားတစ်ချောင်းကို လေးကြိုးထဲ ထည့်၍ ပစ်လိုက်သကဲ့သို့ အရှိန်ပြင်းစွာဖြင့် မြောက်တက်လာပြီး ဆန့်ကျင်ဘက်ဖြစ်သော တောင်ဘက်သို့ လဲကျလာတော့လေရာ ကိုက်တစ်ရာခန့်ကို ရောင်နေသူများ လွတ်ကြပြီး ကိုက်ငါးဆယ်တွင် ရပ်နေသော "မျောက်ရှုံး" ဆိုသူမှာ လွတ်အောင် မပြေးနိုင်တော့ပဲ ...

လင်းလာသည်မှာပြီးလုနီးပြီဖြစ်၍မောင်မောင်သည်ထောင်သုံးနှစ်ကျရာ ထောင်ထဲတွင် လေးလသာ နေခဲ့ရပြီ။ ဤရေ့တန်းသို့ရောက်လာသည်မှာရက်ပေါင်း (၇၂၀)ရက်ကြာမြင့်ခဲ့ပြီဖြစ်၏။

မိုးသားခြင်း၊

ကြိုးစားခြင်း၊

သစ္စာရှိခြင်း၊

တောင်းမွန်စွာ ဦးဆောင်နိုင်ခြင်း။

အစရှိသည့်အကြောင်းအကြောင်းတို့ကြောင့် မောင်မောင်တစ်ယောက် (၆)လလျော့ရက်ရလေ၏။ မောင်မောင်တဒီတစ်လ တာဝန်ထမ်းဆောင်ပြီးလျှင် ထောင်က လွတ်တော့ပေမည်။

စုန်း၊ နတ်၊ ကဝေ၊ ဇော်ဂနီ၊ ဇော်တနက်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရေစောင့်နတ်၊ မြေစောင့်နတ်၊ ရုက္ခစိုး စသည်တို့ရှိခြင်း၊ မရှိခြင်းကို ယုံကြည်သူရှိသကဲ့သို့ မယုံကြည်သူများလည်း ရှိ၏။

အထူးသဖြင့်ထောင်ကျလုပ်ကိုင်များက မယုံကြည်မှုများကြ၏။



မင်းမိန့်အာဏာဖြင့် ခုတ်ထွင်ရှင်းလင်းသောကြောင့် ဤသစ်တောများကို စောင့်ရှောက်တော်မူကုန်သော ရုက္ခစိုးများ၊ မြေစောင့်နတ်များ၊ တောစောင့်နတ်များကို ရှိသေရမှန်းမသိ၊ ကိုင်းရှိုင်းရမှန်းသိ၊ မင်းမိန့်အာဏာကို အားကိုးကာ ထေိမဲ့မြင်လုပ်ကြ၏။

ကျင်ကြီးကျင်ငယ်ကို နေရာမရွေး၊ စည်းကမ်းမရှိစွန့်ကြ၏။ ကြမ်းတမ်းသော စကားကို ဆိုကြ၏။ ထိုသို့ပြုလုပ်သူများသည် သစ်ငုတ်စူးခြင်း၊ မြွေ၊ ကင်းကိုက်ခံရခြင်း၊ ချော်လဲ၍ ခြေပွတ်တိုင်လယ်ခြင်း စသည့်ဘေးဒုက္ခအမျိုးမျိုး ခံကြရ၏။

မောင်မောင်သည် သစ်ကြီးဝါးကြီးများကို ခုတ်ထွင်ရှင်းလင်းရတော့မည်ဆိုလျှင် -

တွမ်း၊

ဆေး၊

လက်ဖက်၊

တို့ဖြင့် တင်မြှောက်ပြီးမှ ခုတ်ဝေသဖြင့် ဘေးဒုက္ခကြီးကြီးမားမား မတွေ့ကြုံခဲ့ရ။

သို့သော် ယနေ့တော့ မောင်မောင်တစ်ယောက် သတိလက်လွတ်ဖြစ်ခဲ့သည်။

ထောင်က လွတ်တော့မည်ဖြစ်ကြောင်း သိရသည့်နေ့မှစ၍ စိတ်နှင့်ကိုယ်မှန် မတပ်။ မိမိတစ်ကိုယ်လုံး အမျှော်တွေ ဖုံးနေ၏။

လူသုံးယောက် လက်ဆန့်တန်း၍ ဖက်မှသာ ဖက်မိသော ထုထည်ရှိကြီးမားပြီး သက်ရင့်သစ်ဝင်ကြီးဖြစ်သည့် သစ်ဆိမ့်ပင်ကြီးအား ခုတ်ရာတွင် မိမိလုပ်နေကျ၊ တင်မြှောက်နေကျ တွမ်း၊ ဆေး လက်ဖက်တို့ဖြင့် သစ်ဆိမ့်ပင်ကြီးတို့ စောင့်ရှောက်နေသည့် ရုက္ခစိုးအား ထုံးစံအတိုင်း မတပ်မမြှောက်မိခဲ့။

သစ်ပင်ကြီးတဲ့ မိုးထိအောင် အမြင့်ဆောင်နေ၏။ သစ်ကိုင်းသစ်ခက်တို့ကဝေဆာနေပြီး ကိုက်တစ်ရာဝန်းလည်းရှင်းအခက်အလက်တို့ဖြင့် မလွတ်နိုင်။

တစ်ခုရှိသည်က သစ်ပင်ကြီးသည် မြောက်ဘက်သို့ ယိမ်းယိုင်နေ၏။ တောင်ဘက်မှ ခုတ်ပါက လွယ်လွယ်ကူကူပင် မြောက်ဘက်သို့လဲကျ၍သွားနိုင်၏။ ထို့ကြောင့် မိမိ၏ လုပ်သားအယောက်ကို သစ်ပင်၏တောင်ဘက်မှ ခုတ်ရန်ပြောဆိုခဲ့၏။

ထောင်ကျတစ်ယောက်မှ အချက်ငါးဆယ် ခုတ်ဝေ၏။ မြောက်ပါ



www.burmeseclassic.com

www.burmeseclassic.com

ထယ်ပြည့်တိုင်းတစ်ယောက်ပြောင်းစေ မိမိပါမနေ၊ လူဆယ်ယောက်အလှည့် ချခုတ်ခဲ့ရာပင်စည်တစ်ဝက်သို့ရောက် အောင် နှစ်ရက်ခုတ်ယူရ၏။

သစ်ဆိမ့်ပင်ကြီးမှာနှစ်ပေါင်းမည်မျှ ကြာတော့ ပေါက်ခဲ့သည်မသိ၊ သစ်ပင်၏ အနှစ်နေရာသို့ရောက်သော် ပုဆိန်များ ကျိုးခဲ့ပျက်စီးသဖြင့် အသစ်လဲခဲ့ရသည် မှာလည်း အရေအတွက်ပေါင်းမရေတွက်နိုင် တော့။

တစ်ဝက်မျှကြာသော် အပင်မှာ တချွတ်ချွတ်မြည်လျက် မြောက်ဘက်သို့ လဲကျတော့မည်ဖြစ်နေ၏။

"တိုင်း - ငါ့လူတို့ - ဝေးဝေးရှောင် ကြတော့၊ အပင်လဲတော့မယ် - လာကြ"

ဟု ပြောကာ မောင်မောင်သည် သစ်ပင်၏ တောင်ဘက်အရပ်၊ အရှေ့ အရပ်၊ အနောက်ဘက်အရပ်သို့ သွားနေ ကြရန် တိုက်တွန်းပြီး မိမိကိုယ်တိုင်လည်း သစ်ပင်နှင့် ကိုက်တစ်ရာအကွာသို့ ရှောင်ခဲ့၏။

"ဖျစ် - ဖျစ် - ဖျစ်"

"မြောက် - မြောက် - မြောက်"

"ဖျစ် - ဖျစ် - ဖျစ်"

သစ်ပင်ကြီးက မြောက်ဘက်သို့ လဲကျရန်အတွက် အသံမျိုးစုံထွက်ကာ အားယူနေ၏။

"ဟေ့ကောင် - မျောက်ရှုံး - ဒီကို လာခဲ့လေကွာ၊ ကိုင်းများ၊ ကိုင်းနားနဲ့ လွတ်အောင်ဝေးဝေးရှောင်စမ်းပါကွ"

ဟု သစ်ပင်၏ တောင်ဘက်ခြမ်း၊ ကိုက်ငါးဆယ်အကွာလောက်တွင် ရပ် နေသော ထောင်ကျတစ်ဦးကိုလှမ်းပြော ၏။

"ဟာ - အာစရိကလည်းဗျာ - သစ် ပင်ကြီးက မြောက်ဘက်ကို လဲနေမှန်း သိလျက်နဲ့ ဘာစိုးရိမ်နေတာလဲဗျ၊ အနေ သာကြီးပါ - လွတ်ပါတယ်"

ဟု ပြန်ပြောကာ မြောက်ဘက်သို့ လဲကျရန် အားယူနေရာမှ အပေါ်မှ သစ် ကိုင်းသစ်ခက်တို့၏ လေးပင်မှုကြောင့် ဝုန်းခနဲ အသံမြည်ကာ မြောက်ဘက်သို့ အရှိန်ပြင်းစွာဖြင့် ကျသွားလေ၏။

"ဝိုး - ဝိုး - ဝိုး"

"ဟာ - ဘာဖြစ်တာလဲဟ"

"ပြေးဟေ့ - ပြေးဟေ့"

"လွတ်အောင်ပြေးကြ"

"ဝုန်း"

"ဖြောင်း"

"ဖြောင်း"

"အောင်မယ်လေး - သေပါပြီဗျ"

"ကယ်ကြပါဦး - ကျုပ်တော့သေပါ ပြီ"

"ကျုပ်ကို ပိနေပြီ - ကယ်ကြပါဦး"

သစ်ပင်ကြီးက အရှိန်ပြင်းစွာ မြောက်ဘက်သို့ လဲကျသွားခဲ့သည်၊ သို့သော် မြောက်ဘက်တွင် တစ်ပင် နှင့်တစ်ပင် ယှက်နွယ်နေသော နွယ်ပင် ကြီးများက ခံနေ၏။

နှစ်ပေါင်းများစွာကြာမြင့်စွာ ပေါက် နေသော နွယ်ပင်များကလူတစ်ယောက် ၏ပေါင်လုံးခန့် တုတ်နိုင်မာကြောနေရာ လေးကြိုးပမာ ဖြစ်နေ၏။

အရှိန်ပြင်းစွာကျလာသော သစ်ပင် ကြီးမှာ ထိုနွယ်ကြိုးများပေါ်သို့ ကျသွား ရာတွင် မြားတစ်ချောင်းကို လေးကြိုးထဲ ထည့်၍ ပစ်လိုက်သကဲ့သို့ အရှိန်ပြင်းစွာ ဖြင့် မြောက်တက်လာပြီး ဆန့်ကျင်ဘက် ဖြစ်သော တောင်ဘက်သို့ လဲကျလာ တော့လေရာ ကိုက်တစ်ရာခန့်ကို ရှောင် နေသူများ လွတ်ကြပြီး ကိုက်ငါးဆယ် တွင် ရပ်နေသော "မျောက်ရှုံး" ဆိုသူမှာ

လွတ်အောင်မပြေးနိုင်တော့ဘဲ သစ်ကိုင်း တစ်ခုက မျောက်ရှုံး၏ခါးကိုရိုက်ချလိုက် ရာ လွင့်စဉ်သွားလေတော့၏။

"တောက် - ငါ့အမှားပါကွာ၊ ငါ အပျော့လွန်ပြီး ဒီသစ်ပင်ကျရာ ရှေ့ကိုတို မတင်မပြောက်မိခဲ့ဘူးကွ"

"ဒါတွေနဲ့ မဆိုင်ပါဘူး - အာစရိ ရယ်၊ ဒီကောင်က မထိလေးစားလုပ်လို့ ဖြစ်တာပါ"

ဟု ပြောလျက် ကိုယ်တစ်ပိုင်းသေ သွားသော မျောက်ရှုံးကို စောင်ပုခက်စင် လုပ်၍ (၇) မိုင်ဝေးသော မင်းတွန်းစခန်း သို့ သယ်ဆောင်ခဲ့ရာ လမ်းတစ်ဝက်တွင် အသက်ထွက်သွားလေတော့၏။

ဤသို့ပင် မထင်မှတ်ခဲ့သော မတော် မှန်းခဲ့သော တိစ္ဆာများဖြင့် သေဆုံးခဲ့ရသူ များ မနည်းခဲ့၊

ယခုအချိန်တွင် နေပြည်တော်လမ်း ကြီးလည်း ပြီးဆုံးသွားခဲ့သဖြင့် လူအများ ပျော်ရွှင်စွာ သွားလာလျက် ရှိကြသည်။

သို့သော် ထူးခြားသော အဖျက်တစ် ဖျက်ရှိ၏၊ လူအများ သတိထားမိကြပါ လားမသိ၊ ရေးသူတော့ သတိထားမိ သည်။

www.burmeseclassic.com

ထိုနေပြည်တော်လမ်းပေါ်တွင် အသေအပျောက် တော်တော်များခဲ့သည်၊ ထိုသူများကို ကြည့်လိုက်ပါက ပိုက်ဆံချမ်းသာသူများ၊ ကိုယ်ပိုင်ကားစီးနိုင်သူများနှင့် ရာထူးကြီးသောအမှုထမ်းများများသည်ကို တွေ့ရသည်၊

တောစောင့်နတ်၊ တောင်စောင့်နတ်များသည် ပိုက်ဆံတန်ခိုးနှင့် ကြီးစိုးနေသူများ၊ အာဏာအရှိန်အဝါဖြင့်ကြီးစိုးနေသူများကို ကျေနပ်ပုံမပေါ်၊ ထိုသူတို့ကြောင့် သစ်ပင်တွေ အခုတ်ခံရပြီး နေထိုင်စရာမရှိဖြစ်ခဲ့ရသော ရုက္ခစိုးများက ဒေါက်ခတ်နေသည်ဟုပင် ထင်၏၊

မည်သို့ပင်ဆိုစေ၊ ဤထောင်ပုံစံထောင်းပါးကို ဖတ်ရသူများ ထောင်ဆိုသည်မှာ လူကောင်းတွေရောက်သော နေရာမဟုတ်ကြောင်းနှင့် ထောင်ထဲတွင် အသက်ရှုရန် မလွယ်ကြောင်း သိစေနိုင်ရန်တစ်ကြောင်း၊


ထောင်ဆိုသည်မှာ ကြောက်စရာနေရာဖြစ်သဖြင့် မိမိကိုယ်ကို ကောင်းအောင်နေကြပါ" ဟု တိုက်တွန်းရင်းဖြင့်၊

သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ

▶ မကွေး ညီစိမ့်

## ရှေးထုံးလည်း မပယ်နှင့်
## ရှေးသုံးလည်း မလွယ်နှင့်

* အိမ်ရှေ့မျက်နှာစာကို ကျောခိုင်းမထားရ၊
* အိမ်ရှေ့တံစက်မြိတ်အောက်မှာ သားစိမ်းငါးစိမ်း မလှန်း
* ကောင်းပါ၊
* ဥပုသ်နေ့မှာ ခေါင်းမလျှော်ရ၊



www.burmeseclassic.com

# ကိုသော်

အဝို့ သည်လမ်း သည်စရိုးက မျက်[ချ]စိမ်းဖြစ်သည်၊ သို့တိုင် ညီရင်းအစ်ကို[နှ]ယ် ခင်မင်ခဲ့သည့် သူငယ်ချင်း ကံထူး[မ]ောင်တ သူတာဝန်ကျရာမြို့ကလေးသို့ [အ]မြဲမနေလာခဲ့ရန် အတန်တန်ဖိတ်ခေါ်မှုကြောင့် ကိုသော် လာခဲ့ရသော်လည်း စိတ်ထထင့်ထင့် ခံစားနေမိသည်။

ကြည့်လေ၊ တောင်ကုန်းတောင်တက်လမ်းနှင့် အတူ နက်ရှိုင်းသည့် ချောက်ကမ်းပါးကြီးများနှင့် တောင်ပေါ်ကားလမ်း၊ ကိုသော်စီးလာသည့်ကားလေးက ကွေ့ကောက်သည့်ကားလမ်းပေါ်တွင် အရှိန်ဖြင့်သွားနေဆဲဖြစ်သည်၊ ကိုသော် လက်ကနာရီကို ကြည့်လိုက်မိသည်၊ ညနေ့ခြောက်နာရီတိတိ၊ ဘယ်နေရာကြည့်ကြည့် ညအမှောင်ထုက လွှမ်းခြုံထားဆဲဖြစ်သည်၊

ကံထူးမောင် တာဝန်ကျရာ မြို့ကလေးသို့ပုံမှန်အတိုင်း မောင်းနှင်နေသည့် ခရီးသည်တင်ကားက ညနေခြောက်နာရီဆိုအချိန်မှန်ဆိုက်ရောက်နေကျဖြစ်သည်၊ နေ့တော့ လမ်းတွင် ကားဘီးပေါက်၍ပြင်ဆင်မှုကြောင့် မြို့ကလေးသို့ ညဆယ်နာရီအချိန်မှ ရောက်မည်ဖြစ်ကြောင်း သိလိုက်ရ၍ ကိုသော် အလိုလိုစိတ်ပျက်သွားမိသည်၊

ထိုစဉ် အရှိန်ဖြင့် ပြေးနေသည့်ကားလေးသည် ရုတ်တရက်ရပ်တန့်လိုက်မှုကြောင့် ကိုသော်အပါအဝင် ခရီးသည်များ ယိမ်းထိုးလှုပ်ရှားပြီး ကြောက်လန့်တကြီး ဖြစ်သွားကြသည်၊ ကားရပ်ပြီး ဒါရိုင်ဘာက ကားပေါ်မှဆင်းပြီး ကားလေးကို အတန်စစ်ဆေးကြည့်ရှုသည်၊

“ခရီးသည်များ ခင်ဗျား –ကားကတော့ လေးကျိုးသွားလို့ပြင်ဆင်ဖို့အချိန်အတော်ကြာဦးမှာပယ်၊ စောင့်နိုင်ရင်စောင့်ပါ၊ မစောင့်နိုင်ရင်လည်း ဒီကားအတိုင်းသွားရင် နှစ်နာရီလောက်ဆို မြို့ကလေးကို ရောက်မှာပါ”


ကားဒါရိုင်ဘာ၏ စိတ်ပျက်လက်ပျက်စကားသံကြောင့် ကိုသော် ကားပေါ်မှဆင်းခဲ့သည်၊ ကျန်ခရီးသည်များ ကားပေါ်က ဆင်းပြီးနေသော်လည်း ရှေ့ဆက်သွားမည့်သူ မရှိဘဲ ကားပြင်ဆင်ပြီးမှ သွားမည်ဟု သိရသည်၊ ကိုသော် စဉ်းစားမရနိုင် အောင်ဖြစ်မိသည်၊ ကားပြင်ဆင်ပြီးချိန်စောင့်နေရလျှင် လေးငါးနာရီထက်မနည်း ကြာမြင့်မည်မှာ သေချာသည်၊

ကိုသော် ကားပြင်ဆင်ချိန်ကို စောင့်ချင်တော့၊ ကံထူးမောင်ကားဂိတ်တွင် ကြိုထင်စောင့်နေမည်မှာ သေချာသည်၊ ကိုသော်အားရှိသွားသည်၊ သည်လမ်းအတိုင်း နှစ်နာရီလျှောက်လျှောက်လျှင် မြို့ကလေးသို့ ရောက်နိုင်သည်ဆိုသည့် ကားဒါရိုင်ဘာစကားကြောင့် ဖြစ်သည်၊

ကိုသော် ကျောပိုးအိတ်ကိုလွယ်ပြီး လရောင်မှုန်ဝါးဝါးအောက်တွင် ဖယောင်းမရှား တွေ့မြင်နေရသည့် တွေ့တောက်သည့်ကားလမ်းအတိုင်း တရွေ့ရွေ့လာမိသည်၊ ကားလမ်းဘေးရှိ သစ်ပင်ကြီးငယ်များနှင့် သဘာဝအလှကို တွေ့မြင်နေရ၍ စိတ်ထဲတွင် လန်းဆန်းသွားမိသလို ခံစားမိသော်လည်း တစ်ယောက်တည်းလာခဲ့မိ၍ ကိုသော်စိတ်ထဲ ရှိန်နေမိသည်၊

ဘယ်နေရာကြည့်ကြည့် အမှောင်ထုဖုံးလွှမ်းနေသော်လည်း လရောင်မှုန်ဝါးဝါးရှိနေ၍ တော်သေးသည်၊ ကိုသော် တရွေ့ရွေ့အားတင်းလျှောက်လာမိသည်။ အချိန်မည်မျှကြာမြင့်ခဲ့သည်မသိ၊ ကိုသော်တစ်ကိုယ်လုံး ချွေးများပြန်လာမိသည်၊ တိတ်ဆိတ်နေသည့်တောင်တန်းကျင်အနေအထားရှိသော လမ်းတစ်ခါတစ်ရံတိုးဝှေ့လိုက်သည့် လေပြင်း





ကြောင့် လမ်းဘေးသစ်ပင်ကြီးများမှ သစ်ရွက်လှုပ်ခတ်သံက ကိုသော်အဖို့ ထိတ်လန့်စရာဖြစ်နေသည်။

ကိုသော် အားတင်းပြီး လှမ်းနေရသော်လည်း တစ်နေ့တာလုံး ကားစီးလာခဲ့ရ၍ ပင်ပန်းမှုနှင့်အတူ ကံထူးမောင်ဆီရောက်မှ အားရပါးရ ထမင်းစားမည်ဟု တင်းထားသည့်စိတ်ကို ဝမ်းဗိုက်ဆာလောင်မှုက လှုပ်နှိုးနေ၍ အခက်တွေ့နေမိသည်။

နှစ်နာရီကျော်ကျော် လမ်းလျှောက်လျှင်မြို့တလေးသို့ရောက်မည်ဟုသောစကားအတိုင်း ကိုသော်တစ်ယောက်တည်းလာခဲ့မိခြင်းက မှားယွင်းနေပြီလားဟုစိတ်ကိုယ်မိမိသံသယဖြစ်လာမိသည်။ ကြည့်လေ၊ ကိုသော်တစ်ခါဖူးမျှမရောက်ခဲ့သည့်ဒေသစိမ်း၊ မတတ်သာတော့ သွားပါများ ခရီးရောက်ဆိုသည့်စကားအတိုင်းကိုသော်စိတ်အားတင်းပြီးလာခဲ့မိသော်လည်း ခန္ဓာကိုယ်ပင်ပန်းမှုက စိတ်ဆန္ဒကို မလိုက်နိုင်တော့။

ထို့ကြောင့်ကိုသော်ကားလမ်းဘေးတွင် တွေ့မြင်လိုက်ရသည့် သစ်မြစ်ဆုံပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချပြီး အနားယူလိုက်မိသည်၊ ကိုသော်အနားယူရင်း ငိုက်မြည်းသွားမိသည်၊ ကိုသော်ကမန်းကတန်းမိမိကိုယ်မိမိ သတိထားပြီး ပတ်ဝန်းကျင်အနှံ့သို့ ကြည့်လိုက်မိသည်၊

ထူးထူးခြားခြား လမ်းဘေးမနီးမဝေးရှိ ယာခင်းဆီမှ အိမ်တစ်လုံးကို လရောင် မှုန်ဝါးဝါးအောက်မှ တွေ့လိုက်ရ၍ အံ့အားသင့်သွားမိသည်၊ ကိုသော်လာခဲ့စဉ်က ထိုအိမ်ကိုမတွေ့ခဲ့၊ ကိုသော်အနားယူပြီးမှ တွေ့မြင်လိုက်ရ၍ စဉ်းစားမရနိုင်အောင် ဖြစ်သွားမိသည်၊

ကိုသော် အမောဖြေနေရာမှ စိတ်အားတင်းပြီး ထလိုက်မိသည်၊ သို့တိုင် ပင်ပန်းနွမ်းနယ်မှုက ဖိစီးနေသလို ဆာလောင်မွတ်သိပ်မှုကြောင့် ရှေ့ဆက်ပြီးသွားရန် မဖြစ်နိုင်ကြောင်းကိုအလိုလိုသိလိုက်သည်၊ မတတ်သာတော့၊ ကိုသော်လရောင်မှုန်ဝါးဝါးဖြင့် တွေ့မြင်နေရသည့် အိမ်တွင် တစ်ညတာအိပ်ခွင့်တောင်းပြီး မိုးလင်းမှ ကံထူးမောင်ရှိရာမြို့ကလေးသို့ အရောက်သွားရန် စိတ်ဆုံးဖြတ်လိုက်သည်၊ စိတ်ဆုံးဖြတ်ချက်အတိုင်း ကိုသော်အိမ်ဆီသို့ လှမ်းလိုက်သည်၊ သို့တိုင် အိပ်ချင်သည့်စိတ်ကို တိမ်းမတ်၍မရနိုင်တော့၊

"ရှင် - ခုမှလာတယ်နော်"

ကိုသော်အိမ်တံခါးပေါက်ကိုခေါက်ပြီး အသံပေးလိုက်သည်၊ အတန်ကြာမှ အမျိုးသမီးတစ်ဦး တံခါးဖွင့်ပြီး ကိုသော်ကိုတွေ့တွေ့ချင်း ပြောလိုက်သည့်စကားကြောင့် ကိုသော် အံ့အားသင့်သွားမိသည်။

"ဟုတ်ပါတယ် ခင်ဗျား၊ ကျွန်တော် လာတဲ့ကားလမ်းမှာပျက်လို့ဒီမှာ တစ်ညတည်းခွင့်တောင်းဖို့ လာတာပါ"

"ကြော် - ရှင်တစ်ယောက်တည်းလား"

အမျိုးသမီး ကိုသော့်ကိုအကဲခတ်နေသ လိုအတဲ့ခတ်ကြည့်နေ၍ကိုသော် ရှက်အမ်းအမ်းကြီး ဖြစ်သွားမိသည်၊ သည်လိုအရပ်ဒေသတွင် ထူးထူးခြားခြားတွေ့မြင်ရသည့်မိန်းမချော၊ မိန်းမလှတစ်ဦးကြောင့် ကိုသော် မှင်သက်မိနေသည်၊

"အိမ်ထဲကို ဝင်ပါဦးရှင်၊ ကျွန်မတော့ ဒီအိမ်ရဲ့အိမ်ကြီးရှင်ပါ"

ကိုသော် မည်မျှရှန်းကန်နေမိသည်မသိ၊ မွန်းကြပ်သည့်ဝေဒနာနှင့်အတူ အမျိုးသမီးမျက်နှာကို အနီးကပ်တွေ့လိုက်ရသည်၊ အမျိုးသမီးမျက်နှာတစ်ခုလုံး မီးလောင်ထား၍ ရုပ်ပျက်ဆင်းပျက်မျက်နှာ၊ ကိုသော် ကြောက်လန့်တကြားအော်လိုက်သံနှင့်အတူ မျက်နှာပေါ်သို့ ထိရှလာသည့်

66 ပူလောင်မှု၊







www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီး၏စကားကြောင့် ကိုသော် အိမ်ထဲသို့ ဝင်လိုက်စဉ် အံ့ဩသွားမိသည်။ အိမ်ထဲတွင်အသုံးအဆောင် ဘာမှမတွေ့ရဘဲ ခြေကြီးများခင်းထားသည်ကိုသာ တွေ့လိုက်ရသည်။

"ရှင်အခန်းထဲမှာအိပ်ဖို့ ကျွန်မပြင်ထားတယ်။ ရှင် ဘာမှမကြောက်နဲ့နော်၊ ကျွန်မ ဒီအိမ်မှာ တစ်ယောက်တည်းနေလာတာ ကြာပြီ"

အမျိုးသမီးစကားကြောင့် ကိုသော် စိတ်ထဲတွင်ထူးထူးခြားခြားခံစားလိုက်မိသည်။ ထို့ကြောင့် အမျိုးသမီးပြသည့် အခန်းထဲသို့ဝင်လိုက်သည်။

"အခန်းက မှောင်နေပါလား"

"မှောင်ဆို - ဒီအခန်းကို ကျွန်မ ဘယ်သူ့ကိုမှ အဝင်မခံခဲ့ဘူး၊ ရှင့်ကို ကျွန်မအိပ်ခွင့်ပေးခဲ့တာ"

"ကျေးဇူးတင်ပါတယ်ဗျာ"

အမျိုးသမီးစကားကို ကိုသော် ထုံ့ဖြန်ပြောရင်းကျောပိုးအိတ်ထဲမှလက်နှိပ် ဓာတ်မီးကိုထုတ်ပြီး မှောင်နေသည့် အခန်းထဲသို့ ထိုးကြည့်လိုက်သည်။ ဖုန်မှုန့်များအလိပ်လိုက်ကပ်နေသည့်ခုတင်၊ ကိုသော် ဖုန်မှုန့်များကို မဖယ်ရှားနိုင်တော့၊ ကျောပိုးအိတ်ကို ခုတင်ပေါ်တင်ပြီး ခေါင်းမှီမှေးလိုက်သည်။

ရုတ်တရက် ကြားလိုက်ရသည့်ခြေသံ၊ ကိုသော် မေးနေရာမှ နားစွင့်လိုက်သည်၊ ကိုသော် ကြားနေရသည့်ခြေသံက အပြင်က မဟုတ်၊ ကိုသော်နေသည့် အခန်းထဲက ဖြစ်၍ ကမန်းကတန်း လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

"ဟင် - ခြေရာတွေပါလား"

ကိုသော် ပါးစပ်များမှ အံ့ဩတကြီး ထွက်သွားမိသည်၊ ကြည့်လေ၊ ဖုန်မှုန့်များ ထူထပ်နေသည့်အခန်းကြမ်းပြင် နေရာတွင်ကိုသော်ခြေရာနှင့်အတူယှဉ်လျက် အထင်သားတွေ့လိုက်ရသည့် မိန်းမခြေရာ။

ကိုသော်ခြေရာကိုကြည့်ရင်း တွေးလို့မရအောင် ဖြစ်သွားမိသည်၊ သည်အခန်းထဲသို့ ကိုသော်တစ်ယောက်တည်းသာ ဝင်ခဲ့သည်၊ ဘာကြောင့် မိန်းမခြေရာကို တွေ့နေရပါလိမ့်၊ သည်အိမ်က အမျိုးသမီးတော့ မဖြစ်နိုင်၊ ကိုသော် တွေးနေစဉ် ရှာပုပ်နံ့စူးစူး ပေါ်လာသည်၊ ကိုသော် အခန်းထဲ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်မိသည်၊ အသေကောင်ဆို၍ ရှာမတွေ့၊ ကိုသော် ဘာရှည်မတွေးနိုင်တော့၊ အိပ်ချင်စိတ် သီးလာ၍ ပြန်မှေးလိုက်သည်။

"မောင့်အနားမှာ ကျွန်မ အမြဲတမ်း နေချင်ပါတယ်၊ မောင်က ကျွန်မကို စိမ်းကားပစ်ခွာသွားတာ၊ ခု - မောင်ပြန်လာတော့ ကျွန်မ - ကျွန်မ - ဝမ်းသာတယ်"

ကိုသော် မေးနေရာမှ ရုတ်တရက် ကြားလိုက်ရသည့် စကားသံကြောင့် ကြည့်လိုက်မိသည်၊ အိမ်ကြီးရှင်အမျိုးသမီးက ငိုရှိုက်ပြောရင်း ကိုသော့်ကို ကြည့်နေ၍ အံ့အားသင့်သွားမိသည်၊ အမျိုးသမီးက ကိုသော့်ကိုကြည့်ပြီး တအွှအွှတိုးကပ်လာ၍ကိုသော်အံ့အား သင့်သွားသည်။

"ခင်ဗျားကို မသိဘူး - မသိဘူး"

ကိုသော့်ထံမှ ကြောက်လန့်တကြီးဖြင့် ဗလုံးဗထွေးထွက်သွားမိသည့် စကားသံ။

"မောင်က ကျွန်မကို မသိတော့ဘူး တဲ့လား"

ကိုသော်၏ ငြင်းပယ်မှုစကားသံကြောင့် အမျိုးသမီးမျက်နှာသည် ခက်ထန်သွားပြီး ကိုသော့်လည်ပင်းကို လက်နှစ်ဖက်ဖြင့် ညှစ်လိုက်သည်။

"ခင်ဗျား - လွှတ် စမ်း - လွှတ် လွှတ်"

ကိုသော် မှင်တက်မိနေရာမှ ရုတ်တရက်သတိရပြီး အမျိုးသမီးရဲ့လက်ကို လွှတ်မြောက်ရန် ရုန်းကန်လှုပ်ရှားလိုက်သည်၊ ကိုသော် မည်မျှရုန်းကန်နေမိသည်မသိ၊ မှုန်းကြပ်သည့်ဝေဒနာနှင့် အတူ အမျိုးသမီးမျက်နှာကို အနီးတစ် တွေ့လိုက်ရသည်၊ အမျိုးသမီးမျက်နှာ တစ်ခုလုံးမီးလောင်ထား၍ ရုပ်ပျက်ဆင်း ပျက်မျက်နှာ၊ ကိုသော် ကြောက်လန့်တ ကြီးအော်လိုက်သံနှင့်အတူ မျက်နှာပေါ် သို့ ထိရှလာသည့် ပူလောင်မှု။

ကိုသော် ရုန်းကန်လှုပ်ရှားရင်း သတိရပြီး လူးလဲထလိုက်သည်။ ကိုသော် ထူးထူးခြားခြားတွေ့ရသည်က မီးလောင်ပြင်နေရာ၊ မီးသွေးခဲများနှင့် မီးလောင်သစ်ငုတ်များ။ ကိုသော် မိမိ အဖြစ်ကို ပြန်တွေးရင်း မယုံနိုင်အောင် ဖြစ်သွားမိသည်၊ ကြည့်လေ၊ ညက ကိုသော် မှတ်မှတ်ရရ အိပ်ခဲ့သည်က အခန်းထဲက ခုတင်ပေါ်တွင် ဖြစ်သည်။

ကိုသော် မီးလောင်ပြင်နေရာကို ကြည့်ပြီး ညက ကြုံတွေ့ခဲ့ရသည်က တကယ်လား၊ အိပ်မက်လား မခွဲခြ

www.burmeseclassic.com

အောင် ဖြစ်နေမိသည်၊ ကိုသော့်မျက်စိထဲတွင် ထူးထူးခြားခြား မြင်ယောင်နေမိသည်က ရုပ်ပျက်ဆင်းပျက်မျက်နှာဖြင့် ကိုသော် အိပ်လို့မရအောင် ခြောက်လှန့်ခဲ့သည့်အမျိုးသမီး။

၇၇

"မင်း၊ ညက ကြုံခဲ့ရတဲ့အဖြစ်ကို ကြားရတော့ ငါ အံ့ဩမိတယ် - သူငယ်ချင်း။ တော်ဒီက ဒိုင်ယာရီစာအုပ်လေးကို ကြည့်စမ်း - ကိုသော်"

ကံထူးမောင် စကားကြောင့် ကိုသော် ဒိုင်ယာရီစာအုပ်ဟောင်းလေးကိုယူပြီး ဖွင့်ကြည့်လိုက်သည်။

"တင် - ဒါ - ငါ - ငါ"

"တုတ်တယ် - ကိုသော်၊ အစက ဒိုင်ယာရီပိုင်ရှင်ရဲ့အဖြစ်အပျက်ကို မသိခင်တာ မင်းနဲ့ ရုပ်ချင်းခွဲမရလို့ ငါ အံ့ဩခဲ့တယ်၊ ဝါလည်း မယုံနိုင်တဲ့ အဖြစ်ကြောင့် စုံစမ်းကြည့်တော့ ဒီဒိုင်ယာရီအုပ်ဟောင်းလေးရဲ့ပိုင်ရှင်က ကိုဇော်ဆိုတဲ့လူပဲ - ကိုသော်"

ကံထူးမောင်က ဒိုင်ယာရီစာအုပ်ဟောင်းလေးကို မယုံနိုင်သည်အကြည့်နှင့် ကြည့်နေသည့် ကိုသော့်အဖြစ်ကို တွေ့လိုက်ရ၍ စကားဆက်လိုက်သည်။

"ကိုဇော်က ပင်လယ်ကူးသင်္ဘောသားတစ်ယောက်ပဲ - ကိုသော်၊ သင်္ဘောမထွက်ခင် သူ့သူငယ်ချင်းကတစ်ဆင့် သူ့ချစ်သူကို အမှတ်တရလက်ဆောင်ပို့ခဲ့တာပါ။ အဲဒီ့အချိန်မှာ ဝတီက အဖြစ်ဆိုးနဲ့ ကြုံတွေ့ခဲ့လို့ အဲဒီ့လူက ငါ့ကို ပေးထားခဲ့တာ ငါလည်း မင်းဓာတ်ပုံကိုတွေ့ပြီး အံ့ဩလို့ မင်းကို ခေါ်လိုက်ရတာပဲ သူငယ်ချင်း"

"ဒါနဲ့ - ဝတီဆိုတာက ဘယ်သူလဲ ကံထူးမောင်"

"ဝတီဆိုတာက ကိုဇော်ရဲ့ချစ်သူလေ၊ ကိုဇော်က ဝတီကိုလက်ထပ်ဖို့ ကတိကဝတ်ပြုပြီး သင်္ဘောထွက်သွားရင်း မှန်တိုင်းမိပြီး ဆုံးပါးခဲ့တာ ဝတီက မသိရှာဘူး။ ကိုဇော် ပြန်လာနိုးနဲ့စောင့်ရင်း ဝတီတို့ ဓားပြတိုက်ခံရပြီး အိမ်ကို မီးရှို့ခံရလို့ ဝတီ မီးထဲပါခဲ့တာ၊ ပြီးတော့ မကျွတ်မလွတ်ရှာတဲ့ဝတီက သူ့ချစ်သူကိုဇော် ကားနဲ့ ပါလာနိုးနဲ့ ကားတွေကို တားတားနေတာ၊ အဲဒီအချိန်မှာ မင်းက ကိုဇော်နဲ့ ရုပ်ချင်းဆင်တော့ မင်းကို ဝတီက ကိုဇော်မှတ်ပြီး ခြောက်လှန့်ခဲ့တာပဲ ဖြစ်မယ်"

ကံထူးမောင်စကားကြောင့် ကိုသော် ညက ကြုံတွေ့ခဲ့သည့်အဖြစ်ကို ပြန်တွေးမိရင်း ကြက်သီးအလိုလို ထသွားမိသည်။ ကြည့်လေ၊ ခန္ဓာကိုယ်တစ်ခုလုံး မီးသင့်ဒဏ်ရာဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့်ဝတီ။ ချစ်သူကိုဇော်ကို အစွဲအလမ်းကြီးစွာဖြင့် ဘယ်ဘဝအထိ စောင့်မျှော်နေရှာမည်မသိရေး။

"အေးကွာ - ငါနဲ့မှ တိုက်တိုက်ဆိုင်ဆိုင်တွေ့ရတယ်ကွာ၊ ငါကလည်း ခရီးကပန်း၊ ဗိုက်ကလည်းဆာတော့ မျက်စိထဲမှာ တွေ့ရတဲ့အိမ်ကိုသွားပြီး ညအိပ်ခွင့်တောင်းခဲ့တာ"


ကိုသော်က သူ့အဖြစ်ကိုပြောရင်း ဒိုင်ယာရီစာအုပ်လေးကို တစ်ရွက်ချင်းလှန်ကြည့်လိုက်သည်၊ ကိုဇော်နှင့်ဝတီ ကြည်ကြည်နူးနူး တွဲရိုက်ထားသည့် ဓာတ်ပုံနှင့် ဝတီ၏ လှပကျော့ရှင်းသည့် မျက်နှာလေးကို ငေးကြည့်ရင်း ဥဝါဒါန်ကြောင့် ဘဝ မကျွတ်မလွတ်ရှာသည့် ဝတီအဖြစ်ကိုသက်သေပြသည့်ဒိုင်ယာရီစာအုပ်လေးကို လွှင့်ပစ်လိုက်လေတော့သည်။

▶ ဂျွန်ကျော်ဦး

## ရှေးထုံးလည်း မပယ်နှင့်
## ရှေးသုံးလည်း မလွှယ်နှင့်

- ညအခါ ကိုယ်ဝန်ဆောင်များ အိမ်ပြင်မထွက်ရ။
- ညမှောင်မှောင်တွင် ကလေးကို ချီမသွားရပါ။
- ညဦးအချိန် အိမ်ပြင်မှာ ဆံပင်မဖြီးရ။
- ညဥ့်နက်ချိန် အသားစိမ်း၊ ငါးစိမ်းကို အိမ်တွင်းသို့ မယူရ။
- ပြောင်သားကို မီးမဆိုက်ကောင်း။
- တစ်ချိန်တည်း (သို့) တစ်နှစ်တည်းမှာ နှစ်မင်္ဂလာ၊
- သုံးမင်္ဂလာ မလုပ်ရပါ။
- ထမင်းချက်ရင် သီချင်းမဆိုရ။

www.burmeseclassic.com




အကျဉ်းစခန်း
ရွှေပြောင်း၍ သင်္ဘောစီး
စိတ္တဇရောဂါသည်၊ လူသေမှု
ဖြစ်ပွား၍ကြမ္မာငင်သောခရီးစဉ်ဟု
အမည်မှည့်ခေါ်သည့်အတိုင်း...

၁၉၈၆-ခုနှစ်

ကာကျွန်တော်ကော့သောင်းမြို့နယ်၊ အောက်ချိုင့်ခြံ ဆီအုန်းစခန်းမှ ရန်ကုန်မြို့သို့ ပြန်လည် ပြောင်းရွှေ့ရန် အမိန့် ရောက်ရှိလာပါသည်။ ကော့သောင်း၊ ဆီအုန်းစခန်းများမှာ တနင်္သာရီရိုးမ တောင်ခြေနှင့် ဘင်္ဂလားပင်လယ်အော် ကြီးအကြား၌တည်ရှိသောစခန်းများဖြစ် သောကြောင့်တောတောင်များနှင့်ဆက် စပ်ပြီး တောတွင်း၌ နေထိုင်ရသလိုပင် နေရေးထိုင်ရေး၊ စားရေးသောက်ရေး အလွန်ထင်းရဲလှပါသည်။ သို့သော် (ဝ) နှစ်ခန့် အကျွံခံရပြီးနောက်ပိုင်းတွင်အခြေ ကျ၍နေပျော်လာပါသည်။ ကျွန်တော်၏ ဝါသနာမှာအမဲလိုက်ခြင်း၊ သစ်ခွပန်းများ ရှာဖွေခြင်းနှင့် ဆေးဖက်ဝင်သစ်ဝင်များ အား လေ့လာခြင်းဖြစ်သောကြောင့် နောက်ပိုင်းတွင် တောပျော်မုဆိုးဖြစ်လာ ပြီးနေသာထိုင်သာဖြစ်လာသည်တုနေ သားဖော်ပြရခြင်း ဖြစ်ပါသည်။

ကျွန်တော်၏စခန်းအား လွှဲပြောင်း ပေးရန်အတွက် လူစားလဲလာသော ထောင်မှူးကြီးမှာ ကျွန်တော်တို့နှင့် အပတ်စဉ်တူသူငယ်ချင်းထောင်မှူးကြီး ဦးကျော်ကျော်လွင်ဆိုသူ ဖြစ်သည်။ ထို့ကြောင့်လည်း တစ်ဦးနှင့်တစ်ဦး ဆီအုန်း

www.burmeseclassic.com

ခြံကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ စခန်းနှင့်ပတ်သက်၍လည်းကောင်း၊ ဝန်ထမ်း ရဲဘက်များနှင့်ပတ်သက်၍ လည်းကောင်း၊ လွှဲပြောင်းကြရာ၌ ပြဿနာတစ်စုံတစ်ရာ မရှိပါ၊ တခြားစခန်းများတွင် ထိုသို့လွှဲပြောင်းရာတွင် ဆီအုန်းပင်များ လျော့နည်း၍ ပျက်စီးမှုများကိုလစဉ်(Ripe-out)ခေါ်မီးစာရင်း (ပျက်စီး)စာရင်း မတင်သောကြောင့် ပြဿနာဖြစ်ကြရသည်၊ ကျွန်တော်တို့ စခန်းတွင်တော့ ထိုကိစ္စကို အလေးထား ပြီး ဆီအုန်းပင်ဧက(၁၀၀)ကျော်အား နေ့စဉ်ပုံမှန် ချုံနွယ်ရှင်းလင်း၍ သန့်ရှင်းရေးလုပ်သောကြောင့် တောတိရစ္ဆာန်များ၏ သဘာဝဘေးအန္တရာယ်မှ ကာကွယ်ထားသဖြင့် အပျက်အစီးလည်း နည်းပါသည်။

ထို့အပြင် ကျွန်တော်က အပျက်အစီးများရှိလျှင် တဆေးစိုက်ပျိုးရန်အတွက် ပျိုးပင်ပေါက်များကိုလည်း သီးခြားစိုက်ကွက်တွင် စိုက်ပျိုး၊ ပျိုးထောင်ထားပြီး တောတိရစ္ဆာန်များ၏ ဖျက်ဆီးခြင်းခံရသော ဆီအုန်းပင်များအား ချက်ချင်းအစားထိုး စိုက်ပျိုးထားသဖြင့် မူလခြံပိုက်ဧက (၁၀၀)ကျော်အတွင်း၌ ဆီအုန်းပင်များ လျော့နည်းမှု မရှိသည့်အပြင် အရေအတွက် ပိုလျှံ၍ပင် နေပါသေးသည်။

၁၉၈၇ - ခုနှစ်၊ နှစ်စပိုင်း ကျွန်တော် အောက်ချိုင့်ခြံစခန်းသို့ တာဝန်ခံအနေဖြင့် ပြောင်းရွှေ့လာရစဉ်က ခြံတာဝန်ခံ ထောင်မှူး ဦးကိုလေး၏ လက်ထဲမှ အရေးပေါ်လွှဲပြောင်းယူခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က ဆီအုန်းပင်စိုက်ဧက (၁၀၀)ကျော်တွင် မြေနိမ့်ပိုင်းရေဝပ်သော တောင်ကြားဒေသနှင့် တနင်္သာရီရိုးမတောင်ခြေအနီးရှိ ဆီအုန်းပင်များမှာ ပေါင်းမြက်ရှင်းလင်းခြင်းကို နိုင်အောင် မလုပ်နိုင်သောကြောင့် အပျက်အစီး အလွန်များခဲ့သည့် ဆီအုန်းပင်များအား မိုးရာသီတွင် ပုံမှန်မြေဩဇာကျွေးခြင်း၊ ပေါင်းမြက်ရှင်းခြင်းများ မလုပ်ဆောင်နိုင်ခဲ့သောကြောင့်လည်း အပင်များမှာ တစ်နေရာနှင့်တစ်နေရာ ကြီးထွားမှုနှုန်း မတူညီဘဲ ဖြစ်ခဲ့ရသည်။

ကျွန်တော်၏လက်ထက်တွင် ဌာနက ထုတ်ပေးသော ရိုးရိုးပေါင်းရှင်းဓားများအပြင် ဒေသထွက် ပသျှူးဓားကောက်ကြီးများအား လက်တိုင်အရိုးရှည်တပ်၍ ရဲဘက်များအား ရှင်းလင်းစေရာ ယခင်က တစ်ဧကလျှင် လူ(၄)ယောက်နှုန်းဖြင့် (၁)ရက်၊ (၂)ရက် ရှင်းရသော်လည်း လက်ကိုင်အရိုးရှည်တပ်၊ ပသျှူးဓားကောက်ကြီးများကြောင့် တစ်ဧကကို ရဲဘက်(၂)ယောက်တည်းနှင့် (၁)ရက်တည်း ပြီး စီးပြောင်စင်အောင် ရှင်းလင်းနိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့စခန်း တောင်ကုန်းပေါ်မှကြည့်လျှင် ပေါင်းမြက်များ ကင်းရှင်းနေသောကြောင့် ဆီအုန်းပင်များအား အတန်းလိုက် လှပစွာ တွေ့မြင်ရပါသည်။ အစိမ်းရောင် ဆီအုန်းပင်များအနောက်တွင် တနင်္သာရီရိုးမတောင်တန်းကြီးက ကာဆီးထားသောကြောင့် မနက်ပိုင်းနှင့် ညနေ နေဝင်ဆည်းဆာအချိန်တို့တွင် မည်သည့်နေရာကိုကြည့်ကြည့် ဆီအုန်းပင်တန်းများကို လှပညီညာစွာ တွေ့မြင်ရပါသည်။ ကျွန်တော် ရောက်စက အောက်ချိုင့်ဆီအုန်းခြံမှ ပါဆယ်၊ ပါခြမ်း ဆီအုန်းခြံနှင့် အော်ကြီးဟပ်စတင်း စသော ဆီအုန်းစခန်းစိုက်ကွက်များသို့ ဆီအုန်းမျိုးပင်များစိုက်ပျိုး၊ ပျိုးထောင်ပြီး ပေးဝေရသော ယာယီစခန်းသာ ဖြစ်သည်။ ထို့ကြောင့်လည်း အရာရှိဝန်ထမ်း ရဲဘက်များအတွက် နေထိုင်စရာ အဆောက်အအုံများမှာ ဓနိမိုး၊ ဝါးကြမ်းခင်းသော ယာယီတဲများသာဖြစ်ကြသည်၊ ထို့ကြောင့် ကျွန်တော်၏လက်ထက်တွင် အရာရှိအိမ်အချို့နှင့် ဝန်ထမ်းဘားတိုက်များ၊ ရဲဘက်သားတိုက်တို့အား ဓနိမိုးသော်လည်း ပျဉ်ခင်း၍ဝါးထရံကာသော သန့်ရှင်းသပ်ရပ်သည့်နေအိမ်များအဖြစ်သို့ ရောက်ရှိရန် အတော်ကြိုးစားခဲ့ရပါသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ အောက်ချိုင့်ခြံစခန်းမှာ လွန်စွာသန့်ရှင်း သပ်ရပ်၍ စခန်းအတွင်း၌ အမှိုက်တစ်စ ပင်မရှိပါ၊ ကျွန်တော်နေထိုင်သော အုပ်ချုပ်ရေးရုံးကိုလည်း ပျဉ်ထောင်(၂)ထပ်ရုံးအိမ်ကြီးအဖြစ် ဆောက်လုပ်လိုက်ပြီး ရုံးရှေ့တွင် အလံတိုင်ကိုလည်း အစိုးရရုံးနှင့်တူအောင် စိုက်ထူထားသည့် နေ့စဉ် ညစဉ်ပွဲ အလံတင်၊ အလံချ တာဝန်ကျသော ခေါင်းဆောင်တပ်ကြပ်ကြီးများနှင့် ဝန်ထမ်းများက စနစ်တကျ စုပေါင်း၍ လုပ်ဆောင်ကြပါသည်၊ ထို့ကြောင့် ကျွန်

www.burmeseclassic.com

တော် စည်းကမ်းရှထားသော အောက်ချိုင့်မြို့စခန်းမှာ စည်းလုံးညီညွတ် သာယာလှပပြီး လာသမျှသောဧည့်သည်များက ချီးမွမ်းပြောဆိုရသောစခန်းဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျွန်တော်ပြည်မသို့ပြန်ရန်လာရောက်လွှဲပြောင်းယူသော ထောင်မှူးကြီး ဦးကျော်ကျော်လွင်အား မျက်နှာပန်းလှလှဖြင့် လွှဲပြောင်းပေးနိုင်ခဲ့ပါသည်။ အပတ်စဉ်တူ သူငယ်ချင်းဖြစ်သောကြောင့်လည်း သူက ကျွန်တော်တည်ဆောက်ထားသောစခန်းအပြင် ကျွန်တော့်ကိုယ်ပိုင်ပစ္စည်းများဖြစ်သော ဆက်တီစားပွဲခုံအပြင် ကျွန်တော် ကိုးကွယ်ထားသော ဓနု၊ မိုး၊ ဆောင်းဘုရားနှင့် ကျောင်းဆောင်ပစ္စည်းများအပြင် ဧည့်သည်မပြတ်သော ကျွန်တော်တို့စခန်းအတွက် ကျွန်တော် ဝယ်ယူစုဆောင်းထားသော မီးဖိုချောင်သုံးပစ္စည်းများကအစ ငွေဖြင့်ကာ အလှူခံသောကြောင့် ပေးခဲ့ရပါသည်။ ဆီအုန်းပင်များမှာ လိင်စုံပင်ဖြစ်သည်။ တစ်ပင်တည်း၌ပင် အဖိုနိုင်နှင့် အမနိုင်ဟူ၍ (၂)မျိုးထွက်သည်။ အဖိုနိုင်မှာ ထန်းနို့နှင့်တူပြီး အမနိုင်မှာ ဓနိပင်သီးနိုင်နှင့် အလွန်တူသည်။ သို့သော် ဆီအုန်းပင်အသီးနိုင်က ဓနိပင်အသီးနိုင်နှင့်(၄၊၅)ဆိုကြီးပါသည်။ သတ်တမ်း (၃)နှစ်တွင် အသီးစတင်၍ သီးပြီး သက်တမ်း(၅)နှစ်တွင် စီးပွားဖြစ်ဆီးကြိတ်ခွဲရန်အဆင့်သို့ ရောက်ပါသည်။ ထို(၃)နှစ်မှ (၅)နှစ်အတွင်းကာလတွင် သီးပွင့်ကြသော ဆီအုန်းသီးများမှာ အလဟဿဖြစ်ပြီး တောကောင်များနှင့် ရဲဘက်အကျဉ်းသားတို့၏ စမ်းသပ်စားသောက်ခြင်းကို ခံရသည်။

ဆီအုန်းသီးမှာ အခွံဆီနှင့်အဆံဆီဟူ၍ (၂)မျိုးထွက်သည်။ အခွံဆီမှာ ယနေ့ ကျွန်တော်တို့ ဝယ်ယူစားသုံးနေကြသော ဆီအုန်းဆီဖြစ်သည်။ အဆံမှာ အုန်းဆီနှင့် အတူတူပင် ဖြစ်ပါသည်။ ဆီအုန်းဆီထုတ်လုပ်ရမည့်အချိန်တွင် စက်ရုံများတည်ဆောက်ပြီး ဆီအုန်းသီးများအား ပေါင်းခံ၍ အခံဆီနှင့် အခေါ့ဆီတို့အား ခွဲခြား၍ ကြိတ်ခွဲဆီထုတ်ရခြင်းဖြစ်ပါသည်။

— — —

ကျွန်တော် အောက်ချိုင့်မြို့ ဆီအုန်းစခန်းအား ထောင်မှူးကြီး ဦးကျော်ကျော်လွင်သို့ လွှဲပြောင်းပေးပြီးနောက် အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။ သီးပွင့်နေသော ဆီအုန်းပင်ကြီးများနောက်ခံနှင့် တနင်္သာရီရိုးမတောင်တန်းကြီးနောက်ခံရှုခင်းများလည်း ပါဝင်ပါသည်။ ထိုစဉ်အခါက ဓာတ်ပုံရိုက်တုန်း မပါမရှိဓာတ်လိုက်လုပ်သူများကတော့ ကျွန်တော်၏ အမဲလိုက်ခွေး(၂)ကောင်ဖြစ်ကြသော ရွှေဝါနှင့် ရွှေနီတို့ ဖြစ်ကြသည်။

၎င်းခွေး(၂)ကောင်က ကျွန်တော်နှင့်အတူ ပြည်မသို့ ပြောင်းရွှေ့ရမည့်ဝန်ထမ်းများ၊ လွတ်လူရဲဘက်များနှင့်လည်း လက်မလည်အောင် တွဲ၍ဓာတ်ပုံအရိုက်ခံသည့် ခွေး(၂)ကောင်မှာ ဓာတ်ပုံရိုက်လျှင် ပါဝင်နေကျဖြစ်သောကြောင့် လူစုဝေး၍ နေရာယူပြီး ဓာတ်ပုံဆရာက ကင်မရာချိန်သည်နှင့် ခွေး(၂)ကောင်က ဓာတ်ပုံအရိုက်ခံမည့်လူများအရှေ့တွင် ဆောင့်ကြောင့်ထိုင်ပြီး နေရာယူတတ်ကြသည်။

တကယ်တမ်း ကျွန်တော်တို့စခန်းကအပြီးအပိုင်ပြောင်းရွှေ့ရမည်ဆိုတော့လည်း မိမိကိုယ်တိုင်အပင်ပန်းအဆင်းရဲခံ၍ ပြုစုပျိုးထောင်ခဲ့သောစခန်းနှင့် ဆီအုန်းပင်များ ကျန်ရစ်ခဲ့ကြမည့် အရာရှိဝန်ထမ်း၊ ရဲဘက်များအပြင် ရွှေနီ၊ ရွှေဝါညီနောင်ခွေး(၂)ကောင်ကိုလည်း လွမ်းဆွတ်သတိရမိပါသည်။

ထို အချိန် ကာလက မတ်လအလယ်ပိုင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ နွေဦးကာလလည်း ဖြစ်ပါသည်။ ကော့သောင်းမြို့မှာ အီကွေတာရာသီဥတုရှိသဖြင့်တစ်နှစ်ပတ်လုံးမိုးရွာတတ်သည်။ ဆောင်းရာသီမရှိပါ။ နွေရော၊ မိုးရောအပူချိန်က မြင့်သည်။ နွေကာလ၌လည်းမိုးကရွာတတ်သေးသည်။ ထိုနေ့က ကျွန်တော်တို့ ပြောင်းရွှေ့ကြမည့်အဖွဲ့များစခန်းမှ လိုက်ပို့သည်။ ဟီးနိုး (TE) ကားကြီးဖြင့် ကော့သောင်းမြို့သို့ ဆင်းလာခဲ့ကြသည်။ ကျွန်တော်တို့စခန်းမှ (၁၀)မိုင်ရွာအထိ မြေလမ်း၊ တောင်ဆင်းတောင်တက် တောလမ်းခရီးကြမ်းကြီးဖြစ်ပြီး (၁၀)မိုင်ရွာမှကော့သောင်းမြို့သို့ ကတ္တရာလမ်းရှိပါသည်။ ကျွန်တော်တို့ ဆင်းလာသောအချိန်မှာ မနက်ပိုင်းဖြစ်၍ ကော့သောင်းမြို့ရောက်မှ အမှတ်တရပစ္စည်းများ ဝယ်ရင်း နေ့လယ်စာ

www.burmeseclassic.com

စား၍ ရန်ကုန်မှလာမည့်သင်္ဘောကြီးကို စောင့်ဆိုင်းကြရပါသည်၊ ထိုစဉ်က ကမ်းရိုးတန်းသွား ပင်လယ်ကူးသင်္ဘောကြီးများမှာ မြစ်ကြီးနား၊ ဟားခါးနှင့် တောင်ကြီးဟူသော သင်္ဘောကြီးများ ဖြစ်ကြပါသည်၊

ကျွန်တော်တို့အကျဉ်းဦးစီးဌာနက ထိုသင်္ဘောကြီးများအား အသွားအပြန် စင်းလုံးငှားပြီး အလာတွင် ဝန်ထမ်း၊ ရဲဘက်များနှင့် ရိက္ခာပစ္စည်းများအား တင်ဆောင်ဝင်လာလေ့ရှိပြီး အပြန်တွင် ကော့သောင်းစခန်းများမှ ပြည်မသို့ ပြန်လည်ပြောင်းရွှေ့ကြရမည့် အရာရှိ ဝန်ထမ်းနှင့်လွတ်လူရဲဘက်များ၊ မကျန်းမာသောရဲဘက်များအား ပြန်လည်ခေါ်ဆောင်သွားလေ့ရှိပါသည်၊

ထိုနေ့က မြစ်ကြီးနားသင်္ဘောကြီးဖြစ်သည်၊ ကျွန်တော် ကော့သောင်းမြို့သို့ ပြောင်းရွှေ့လာရစဉ်တုန်းကလည်း မြစ်ကြီးနားသင်္ဘောကြီးကိုပဲ စီးခဲ့ရပါသည်၊ မွန်းလွဲ (၁) နာရီခန့်အချိန်တွင် မြစ်ကြီးနားသင်္ဘောကြီး ကော့သောင်းဆိပ်ကမ်း၊ ရေလယ်တွင် ကျောက်ချရပ်နားဆိုက်ရောက်ပြီး ကဲ့လေ့ကြီးများဖြင့် ဝန်ထမ်း၊ နှင့် ရဲဘက်များအား ကြိုဆို ပြီးနောက် ရိက္ခာများ၊ သယ်ဆောင်ရ သည်၊ ညနေ (၄) နာရီခန့်မှ ပြီးစီးသ ကျွန်တော်တို့အဖွဲ့ သင်္ဘောပေါ်သို့ တ ၍ နေရာယူကြရသည်၊

ရဲဘက်များက သင်္ဘောဝမ်းဗိုက အတွင်းရှိခုံများ၌ လွတ်လပ်စွာ နေရာ ကြပြီး မကျန်းမာသောရဲဘက်များ တော့ သီးသန့် နေရာပေးထားရသ ကျွန်တော်တို့ အရာရှိများအဖွဲ့က အပေါ်ထပ်တွင် အိပ်ခန်းများဖြင့် နေ ရပါသည်၊ အစားအသောက်များ လည်း သင်္ဘောစားသောက်ခန်းမှ စီစဉ်ပေးပါသည်၊

ထို့ကြောင့် ကျွန်တော်နှင့် တပ များ အားလပ်နေသောကြောင့် အချ ဂစ်တာတီး၍ သီချင်းဆိုကြသည်၊ အ က ဖဲရိုက်ကြသည်၊ ကျွန်တော်က သင်္ဘောကြီး၏ ပဲ့ စင်ပေါ်သို့ တက် ပင်လယ်ပြင်သဘာဝအလှကို ခံစား တတ်ပုံရိုက်ယူနေမိပါသည်၊ ညနေ ( နာရီအချိန်ခန့်နေဝင်ဆည်းဆာပင်လ ပြင်သဘာဝအလှမှာ ရွှေအိုရောင် ပ ဖြန်းထားသောသဘာဝအလှဖြစ်သ

ပင်လယ်ပြင်ကြီးသာမက တောတောင် များ၊ ကျွန်းများနှင့် မိုးကောင်းကင်ကြီး တစ်ခုလုံး ရွှေအိုရောင်လွှမ်းခြုံသည့် လွန်တာရာလှပသောမြင်ကွင်း ဖြစ်ပါ သည်၊ နေလုံးကြီးမှာ တဖြည်းဖြည်းဖြင့် အနောက်ဘက် ပင်လယ်ကြီးထဲသို့ ဝင် ရောက်ငုပ်လျှိုးနေပြီဖြစ်သည်၊

ထိုသို့ကျွန်တော် သဘာဝပတ်ဝန်း ကျင်မြင်ကွင်းအား ခံစားနေစဉ်အတွင်း ပင်လယ်အတွင်းသို့ "ဝုန်း" ဟူသော အသံကြီးနှင့်အတူကျရောက်သွားသော အသံကို ကြားလိုက်ရသည်၊ လူအများ လည်း -


"ဟာ - ကျသွားပြီ၊ လူတစ်ယောက် ပင်လယ်ထဲ ကျသွားပြီ" ဟူ၍လည်း ကောင်း၊ "သင်္ဘောကြီး - ရပ်ပါ - ရပ်ပါ" ဟူ၍လည်းကောင်း ဆူညံစွာ အော်ဟစ် နေကြသည်၊ သင်္ဘောအနောက်ဘက် ပန်ကာကြီးမှ ခုတ်မောင်းသော ရေပွက် ရေစီးကြောင်းအတွင်းသို့တစ်စုံတစ်ခုက ပေါ်ပေါ်ဝင်ရောက်လာပြီး ငုပ်ရှိ၊ ပေါ်ရှိ

ဖြင့် အဝေးသို့ ပါသွားတော့သည်၊ သင်္ဘောကပ္ပတိန်လည်း ထူးခြားဖြစ်စဉ်ကိုသိ၍ သင်္ဘောကြီးကို အရှိန်လျှော့၍ ရေလယ်ကောင်း၌ပင် ကျောက်ချရပ်နားသည့် သင်္ဘောသားများကလည်း အရေးပေါ်အသက်ကယ်လှေကိုချ၍ ရေထဲကျသွားသူကိုကယ်ဆယ်ရန် အလျင်အမြန်လှုပ်ရှားနေကြတော့သည်၊ ထို့ကြောင့် ကျွန်တော် မေးမြန်းစုံစမ်းပြီး လူစစ်ကြည့်တော့ ကျွန်တော်နှင့်အတူ ပြည်မသို့ ပြောင်းရွှေ့ရန် ရေတံခွန်ဆီအုန်းခြံစခန်းမှလိုက်ပါလာသော ရှင်းထောင်မှူး ဦးဆွန်ဇာဝုန်း ဆိုသူဖြစ်ကြောင်း သိရသည့် ယင်းထောင်မှူးမှာလည်း ကျွန်တော်တို့နှင့် အပတ်စဉ်တူ သူငယ်ချင်း ဖြစ်ပါသည်၊

လွန်စွာရိုးအ၍ မကြိုးစားသော ကြောင့် ရာထူးက မတက်ပါ၊ အခုလည်း ကော့သောင်းစခန်းများမှငှက်ဖျားရောဂါ ရရှိလာပြီး စိတ်ကြောင်၍ ပင်လယ်ထဲသို့ ခုန်ချသွားခြင်းဖြစ်သည်ဟု သိရပါသည်၊ အမှောင်ထုက ပတ်ဝန်းကျင်ကို တဖြည်းဖြည်း ဝါးမျိုပြီး မည်းမှောင်လာသည်၊ သင်္ဘောကြီးက ဆလိုက်မီးကြီးဖြင့်

www.burmeseclassic.com

ဒါ–ခင်ဗျားတို့ လိမ်ထားတာပဲ။
လူနာက သေသွားတာ ကြာပြီမဟုတ်လား။
(Drip) ချိတ်ထားတာ ဆေးရည်တောင် စီးမဝင်တော့ဘူး။
ကျုပ်တို့သင်္ဘောပေါ်မှာ လူသေရင် ချက်ချင်း ပင်လယ်ထဲ
ပစ်ချရတယ်။ အဲဒါ သင်္ဘော သားထုံးစံပဲ။ ❞



အနောက်ဘက်သို့ မီးထိုးပြနေသည့် အသက်ကယ်လှေမှာ စက်ပါသောကြောင့် မကြာမတင်တွင် ရေထဲကျသူအားကယ်ဆယ်ရရှိကြောင်းအကြောင်းကြားလာပါသည်။

ထို့ကြောင့် ကျွန်တော်တို့စိတ်အေးရပါသည်။ သင်္ဘောကြီး ရပ်နားထားရာဒေသမှာ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်များအစပ် ပုလောပလိုင်းကျွန်းများအနီးတွင်ဖြစ်ပါသည်။ သင်္ဘောကပ္ပတိန်ကြီးကတော့ လွန်စွာ ဒေါ[…] နေသည်၊ သူ၏အခန်းမှ ကျွန်တော်[…] နေသည့်အခန်းသို့ ဆင်းလာပြီး–

"ဒီကိစ္စမှာ တာဝန်ရှိသူ၊ ဘယ်[…] လဲ" ဟုမေးသည်။

ကျွန်တော်က ဒီအပြန်ခရီးမှာ "ကျ[…] တော်တာဝန်ခံပါ။ ရေထဲ ခုန်ဆင်းတဲ့[…] က ငှက်ဖျားရောဂါဖောက်ပြီး စိ[…] ကယောင်ချောက်ချားဖြစ်ပြီး ခုန်ဆ[…] တာပါ" ဟု ဖြေသောအခါ သင်္ဘော ကပ္ပတိန်ကြီးက–

"ဆရာဝန်တွေ မပါဘူးလား" ဟု မေးပြန်သည်။ ထို့ကြောင့် ကျွန်တော်က–

"ပါပါတယ်ခင်ဗျား။ အကျဉ်းထောင်ဆရာဝန် ဒေါက်တာစိုးကြည်နှင့် ဒေါက်တာထွန်းလွင်တို့ပါ"

"သူတို့အခုဘယ်မှာလဲ" ဟုမေးပြန်သည်။

"အောက်ထပ်မှာပါ ခင်ဗျား၊ ပြောင်းရွှေ့အကျဉ်းသားတွေ နေမကောင်းလို့ ပြုစုစောင့်ရှောက်နေကြပါတယ်"

"အဲဒါဆိုရင် ဒီကိစ္စကို ခင်ဗျားတို့ ဘယ်လိုအရေးယူကြမှာလဲ၊ ကျုပ်တို့ သင်္ဘောကြီးက အချိန်ကိုက်သွားနေရတာ၊ အခုတော့–ခရီးစဉ်နှောင့်နှေးပြီး ထူးခြားဖြစ်စဉ်တင်ပြီး အပိုအလုပ်တွေ လုပ်ရတော့မယ်"

ထိုသို့ ဒေါနဲ့မောနဲ့ ပြောဆိုပြီး သင်္ဘောကပ္ပတိန်ကြီး သူ၏စက်ခန်းသို့ ပြန်တက်သွားပါသည်။

ကျွန်တော်လည်းသင်္ဘောသားများ ရေထဲမှ အသက်မသေဘဲ ပြန်လည်ဆယ်ယူရရှိလာသည့် သူငယ်ချင်းဖြစ်သူ ထောင်မှူး ဦးထွန်းဝုန်းအား အဝတ်အစားများ လဲလှယ်ပေးပြီး ဆေးကုသရန်အတွက် ဆရာဝန်တစ်ဦးအား အခေါ်လွှတ်ရသည်။ အကျဉ်းထောင်ဆရာဝန် ဒေါက်တာ ထွန်းလွင် အပေါ်ထပ်သို့ တက်လာပြီး ထောင်မှူး ဦးထွန်းဇာဝုန်းအား ဆေးထိုးဆေးတိုက်ပြုလုပ်ရင်း ကျွန်တော့်အား–

"ကိုသိန်းဝင်းရေ–အောက်ကရဲဘက်တစ်ယောက် အခြေအနေ မကောင်းဘူးဗျ။ ကျွန်တော်တို့ (Drip) ချိတ်ထားပြီး ကုသနေပေမယ့် နှလုံးခုန်နှုန်းမမှန်တော့ဘူးဗျ။ အဲဒါဘယ်လိုလုပ်ကြမတုန်း"

"ဆရာ နှုတ်လုံပါစေ၊ အဲဒီအကျဉ်းသား အသက်ထွက်သွားရင်တောင် (Drip) ချိတ်ထားတာကို မဖြုတ်ပါနဲ့၊ ဟန်မပျက်နေပါ"

"ဘာဖြစ်လို့တုံး–ကိုသိန်းဝင်းရဲ့"

"ဆရာ–ကျွန်တော်ကြားဖူးတယ်။ သူတို့သင်္ဘောထုံးစံက သင်္ဘောပေါ်မှာ အသက်ထွက်ဆုံးသွားရင် သံတိုသံစတွေနဲ့ အဲဒီလူသေကို ပတ်ရစ်ပြီး သင်္ဘောပေါ်ကနေ ပင်လယ်ထဲကိုပစ်ချရလေ့ရှိတယ် တဲ့၊ အဲလိုလုပ်လိုက်ရင် ရန်ကုန်ရောက်

www.burmeseclassic.com

တာနဲ့ ကျွန်တော် တာဝန်ခံတစ်ယောက်အနေနဲ့ (DE, PE) အစစ်ဆေးခံရတော့မယ်"

"အဲဒီတော့လည်း ဘာဖြစ်သေးလဲဗျာ။ ကျွန်တော်တို့ ဆေးဘက်ဆိုင်ရာဆရာဝန်တွေပါတာပဲ၊ ခင်ဗျားဘက်ကလိုက်ပြီး ထွက်ဆိုပေးပါ့မယ်"

"ဆရာရယ် - ဒီအတိုင်းထားပြီး ရန်ကုန်ဆိပ်ကမ်းရောက်တော့မှ မကျန်းမာတဲ့ရဲဘက်တွေနဲ့ ဗရာပြီး အောက်ကိုချရင် မကောင်းဘူးလား။ သင်္ဘောပေါ်မှာပြဿနာအဖြစ်မခံချင်လို့ပါ။ သင်္ဘောကပ္ပတိန်ကြီးက အပေါက်ဆိုးတယ်ဗျ။ စောစောကတောင် ကျွန်တော့်အပြင် ဆရာဝန်တို့ကိုပါ ရောယောင်ပြီး ကြိမ်းဝါးသွားသေးတယ်၊ အခုတစ်ခါပြဿနာဖြစ်ရင်တော့ အတော်မလွယ်ဘူး ဆရာ"

"ထားစမ်းပါဗျာ - ဒီလိုကိစ္စမျိုးကို ဘယ်သူက အရွင်လုပ်မှာလဲ၊ ဘာမှပူမနေနဲ့၊ ဖြစ်လာသမျှ ရှင်းရုံပဲရှိတယ်"

သို့နှင့် ကျွန်တော် ရေထဲကျသွားသည့် ထောင်မှူး ဦးဆွန်ဝုန်အား ရွှေးထွေးစွာ ပြုစုနေရင်း ထိုထောင်မှူးမှ ချမ်းသည်၊ အရက်သောက်ချင်သည်ဟု ဆိုသဖြင့် ဆရာဝန်များက အကြောင်းကြား၍ ဝန်ထမ်းများထံမှ အရက်ရှာပေးရပါသည်၊ ထောင်မှူး ဦးဆွန်ဇာဝုန်မှာ အရက်အလွန်ကြိုက်တတ် သူဖြစ်ကြောင်း ယခုမှ သတိရမိတော့သည်။ ထိုစဉ်တွင် "ဝုန်း - ဝုန်း - ဒိုင်း - ဒိုင်း" ဖြင့် အော်ဟစ်ဆူပူပြီး သင်္ဘောကပ္ပတိန်ကြီး အပေါ်ထပ်မှ ဆင်းလာပြန်သည်၊ ကျွန်တော့်အား အတင်းခေါ်သဖြင့် သူနှင့်အတူ အောက်ထပ်သို့ လိုက်သွားရာ မကျန်းမာသောရဲဘက်များအား ပြုစုနေသည့် အခန်းကျယ်ထဲ၌ (Drip) ချိတ်လျက် တန်းလန်းဖြင့် သေဆုံးနေသော ရဲဘက်တစ်ဦးအား လက်ညှိုးထိုးပြပြီး -

"ဒါ - ခင်ဗျားတို့ လိမ်ထားတာပဲ။ လူနာက သေသွားတာ ကြာပြီမဟုတ်လား။ (Drip) ချိတ်ထားတာ ဆေးရည်တောင် စီးမဝင်တော့ဘူး၊ ကျုပ်တို့ သင်္ဘောပေါ်မှာ လူသေရင် ချက်ချင်း ပင်လယ်ထဲ ပစ်ချရတယ်၊ အဲဒါသင်္ဘောသားထုံးစံပဲ" ဟု ပြောဆိုတာ သူ၏ သင်္ဘောသားများအား သေဆုံးသွားသည့် အကျဉ်းသားအလောင်းအား အဝတ်ဖြူပတ်၍ သံတိုသံစများဖြင့် ချည်နှောင်ပြီး ရေထဲပစ်ချရန် အမိန့်ပေးတော့သည်။ ကျွန်တော်လည်း တောင်းပန်၍ ရမည်မဟုတ်သောကြောင့် ငြိမ်နေရတော့သည်၊ သက်သေခံမှတ်တမ်းအဖြစ်တော့ ဓာတ်ပုံများ တဖျတ်ဖျတ် ရိုက်ထားရတော့သည်၊

အလုံးစုံကိစ္စများစီစဉ်ပြီးသောအခါ သင်္ဘောသားများက သေဆုံးသူ ရုပ်အလောင်းအား သင်္ဘောပဲ့ပိုင်းမှနေ၍ ပင်လယ်ထဲသို့ ပစ်ချကြသည်၊ ကျွန်တော်ကတော့ အစီအစဉ်အတိုင်း သက်သေခံဓာတ်ပုံများ ရရှိရန် ဓာတ်ပုံရိုက်ကူးနေရပါသည်၊ ကျွန်တော်တို့သင်္ဘောကြီးမှာ ကြမ္မာဝင်သောခရီးစဉ်သင်္ဘောဟု ဆိုရမည်လားမသိပါ။ နေ့ခေါင်ခေါင်၌ပင် နောက်တစ်နေ့မနက်ပိုင်း မှတ္တမ ပင်လယ်ကွေ့သို့အဝင်တွင် လေပွေလှိုင်းမိပြီး သင်္ဘောကြီးမှာ လူးလိမ့်သွားရာ ခရီးသည်များ မူးဝေပြီး အော့အန်ကြသည်၊ တော်ပါသေးသည်၊ (၁၅) မိနစ်ခန့်သာ အကိုက်အတန့်ဖြစ်သောကြောင့် အန္တရာယ်တော့မရှိပါ။ သို့နှင့်ဆက်လက်ခုတ်မောင်း၍ ရန်ကုန်မြစ်အတွင်းသို့ ဝင်ရောက်လာသည်၊ မွန်းလွဲ (၂) နာရီအချိန်ခန့်တွင် ပန်းဆိုးတန်း ဆိပ်ခံဇေတဝံဘားသို့ ညှိဆွဲပြီး ဝင်ရောက်ဆိုက်ကပ်ရပ်နားပါသည်၊ ကြိုတင်အကြောင်းကြားထားသဖြင့် အင်းစိန်ထောင်မှ ကျွန်တော်တို့ ပြောင်းရွှေ့ဝန်ထမ်းများနှင့် လွတ်လူရဲဘက်များ မကျန်းမာသည့် အကျဉ်းသားများအား သယ်ဆောင်ရန်အတွက် ကားများ ရောက်ရှိ၍ စောင့်ဆိုင်းနေပါသည်၊

ကျွန်တော်တို့အဖွဲ့တစ်လှည့်စီ ဆိပ်ကမ်းသို့ ဆင်းပြီး ဇော်ယာပေါ်၌ ကျွန်တော်တို့ပြောင်းရွှေ့သယ်ဆောင်လာသော သေတ္တာများ၊ အထုပ်အပိုးများကို အကောက်ခွန်ဌာနမှ ဝန်ထမ်းများ စစ်ဆေးနိုင်ရန် တန်းစီထားကြသည်၊ သို့သော် အကောက်ခွန်ဝန်ထမ်းများက ကျွန်တော်တို့ပြောင်းရွှေ့ဝန်ထမ်းများ၏ သေတ္တာများ၊ အထုပ်အပိုးများအား အသေအချာစစ်ဆေးခြင်းမပြုဘဲ (pass) ပေးသည်၊ သူတို့ အဓိကထားသည်က သင်္ဘောပေါ်တွင် အကျဉ်းထောင်ဆရာဝန်များ စီးပွားဖြစ် သယ်ဆောင်လာကြသည့်နိုင်ငံခြားဆေးမျိုးစုံကို ဖမ်းရန်အတွက် ဖြစ်ပါသည်၊





www.burmeseclassic.com


www.burmeseclassic.com

ထိုနေ့က ကျွန်တော်တို့ ပြောင်းရွှေ့ဝန်ထမ်းများနှင့်မတူနိုင်သောဘက်များ အင်းစိန်ဝပိုအကျဉ်းထောင်အတွင်း၌ သတင်းပို့ပြီးနေရာချထား၍အနားယူခွင့်ရသော်လည်း အကျဉ်းထောင်ဆရာဝန် (၂)ဦးပြန်မလာကြသေးပါ။ နောက်ပိုင်းမှ သိရှိရသည်မှာ သက်ဆိုင်ရာလူကြီးများ၏ ထောင်းပန်မှုကြောင့် ဆရာဝန်များ ယူဆောင်လာသည့် နိုင်ငံခြားဆေးဝါးများအား အကောက်ခွန်မဲ့၊ ပိုင်ရှင်မဲ့ ပစ္စည်းများအဖြစ် သိမ်းဆည်းပြီး ဆရာဝန်များအား ပြန်လည်လွှတ်လိုက်ပါကြောင်း သိရှိရပါတော့သတည်း။

**ထောင်မှူးကြီး သိန်းဝင်း**

## ရှေးထုံးလည်း မပယ်နှင့်
## ဈေးသုံးလည်း မလွယ်နှင့်

* ထမင်းစားသောက်ရင်း သီချင်းမဆိုရ။
* နှစ်ဆန်းတစ်ရက်နေ့မှာ ပိုက်ဆံမသုံးရ။
* နတ်အုန်းဆွဲသည့်အခန်းတွင် လင်စုံမယားဖက် မအိပ်ရ။
* နံနက်စောစော လက်သည်း၊ ခြေသည်း မညှပ်ရ၊ မလှီးရ။
* ပြာသိုလနှင့် တပေါင်းလမှာ နေအိမ်မပြောင်းရ။
* ဘုရားပြောင်ရေအိုး စုံမထားရ။
* မျက်ရည်စမ်းပါသူကို အိမ်ထောင်မပြုရ။
* မီးဖိုထဲနှင့် ထမင်းစားပွဲမှာ အိပ်မက်အကြောင်း မပြောရ။




**နာနာဘာဝ ဝတ္ထုတိုများ**

**ဒဂုန်ရွှေမျှား**

www.burmeseclassic.com

www.burmeseclassic.com



ယုံမှတ်၍ အချစ်ကို
ပုံအပ်မိသည့် အငိုလွယ် အရှက်ကြီးသည့်
အရွယ်လွန် မိန်းမတစ်ယောက်၏
ဇာတ်လမ်း ..




ဒေါ်မျိုးမြင့်မြတ်

# ကျော့အချစ်ကြမ်း

**ကိုယ်လုံးပေါ်** မှန်ကြီးထဲမှ သူ့ရုပ်သွင်ကို အခါခါကြည့်နေမိရင်း ဒေါ်မျိုးမြင့်မြတ်တစ်ယောက် တစိမ့်စိမ့် ပီတိဖြစ်၍ နေလေသည်။ ပညာကုန်ခြယ်သထားသော မှန်နန်းသာတို့ကို ပွတ်၍တို့၍တစ်မျိုး၊ အဝတ်အစားတို့ကို ဆွဲကာဆန့်ကာဖြင့်တစ်ဖုံ၊ ကိုယ်လုံးကလေးကို ဘယ်စောင်းကြည့်လိုက်၊ ညာစောင်းကြည့်လိုက်၊ နောက်လှည့်ပြီး သမင်လည်ပြန်ကြည့်လိုက်ဖြင့် တစ်လီ၊ ပြုံးပြုံးပြုံးမြှမ်းမံ၍မဆုံးနိုင်အောင် ဖြစ်နေရလေသည်။ ကျေနပ်သွားပြီဆိုတော့မှ မှန်ရှေ့တွင် ကြည့်တည့် ရပ်ကာ ကိုယ့်ရုပ်ကို စိမ်းစိမ်းစိုက်ကြည့်နေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"အင်း - ဒီလိုဆိုတော့လည်း ငါ့အလု တွေက သိသိသာသာ လျှော့ပါးသွားတာမျိုး မရှိသေးပါဘူး"

အသံတိတ်ရေရွတ်လိုက်မိခြင်းဖြစ်သည်၊ စိတ်အေးသွားရခြင်းနှင့်အတူ သက်ပြင်းတစ်ချက်ကိုလည်း ခပ်မျှင်းမျှင်း ချလိုက်မိသည်၊

တစ်လောတမျက်ခွံတွေတွဲကျလာတာကို သတိပြုမိရာမှ သူ ထိတ်လန့်တကြားဖြစ်သွားရသည်၊ အရင့်အရင်ကလည်း မေးစေ့နစ်ထပ်ယောင်ယောင်ဖြစ်လာတာ၊ လက်မောင်းသားတွေ ပျော့တွဲလာတာ၊ ဝမ်းပျဉ်းနေရာက မို့မို့ဝန်းဝန်းဖြစ်လာတာတို့ကို သူ သတိပြုမိခဲ့သားပဲ၊ သို့သော် ထိုစဉ်က သူ သိပ်မကြောက်ခဲ့၊ မျက်ခွံတွေ တွဲလာတာမြင်တော့မှသာ သူ အလန့်ကြီး လန့်မိရခြင်းဖြစ်သည်၊ ဖရာက စပြီးတံခါးခေါက်လေပြီ၊ လေးဆယ်တည်းဟူသော အသက်အရွယ်က ခြိမ်းခြောက်လေပြီဟူ၍လည်း သူ စိတ်အဆင်းရဲကြီး ဆင်းရဲသွားခဲ့ရသည်၊

ခုမှပဲ စိတ်သက်သာရာရတော့သည်၊ ဘဝင်ကျရတော့သည်၊ နောက်ဆုံးပေါ်နည်းပညာတွေကို အစွမ်းကုန်အသုံးချပြီး ပြုပြင်မွမ်းမံလိုက်သည်တွင် သူ့တစ်ကိုယ်လုံးပေါ်က အပြစ်အနာ အဆာမှန်သမျှ ပျောက်တွယ်သွားခဲ့ရလေပြီ၊ တစ်လျှောက်လုံး စဝ့်ထည်လာခဲ့သော သူ့အလှတရားသည်လည်း ယခင်အတိုင်း တောက်ပနေမြဲသာဟု ရှင်လန်းအားရခြင်းဖြစ်နေမိလေသည်၊

"မမကြီး - အိမ်ရှေ့မှာ ရိုပ်သာကလူတွေ ရောက်နေပြီ၊ မေမေကြီးအတွက် ပစ္စည်းတွေ ထည့်ပေးလိုက်ရမလားဟင်"

အိမ်ဖော်ကောင်မလေး၏အသံက အခန်းတွင်းသို့ လွင့်ပျံလာလေသည်၊ သူက ခန်းဆီးကိုအသာလှပ်၍အပြင်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်၊ အိမ်ရှေ့၌ ယောဂီဝတ်စုံနှင့် လူတချို့ကို တွေ့ရသည်၊ သူ လှမ်းပြောလိုက်သည်၊

"နိုင်နိုင်ရေ - ထည့်ပေးလိုက်ပေါ့၊ ပစ္စည်းတွေကို သေချာအပ်နော်"

"ဟုတ်ကဲ့ - မမကြီး"

နိုင်နိုင်က ပစ္စည်းပစ္စယတွေ ထည့်ထားသော ခြင်းတစ်ခြင်းကို ဆွဲလျက် အိမ်ရှေ့သို့ ထွက်သွားလေသည်၊

မေမေက အင်းကြင်းမြိုင်ရိပ်သာ၌ တရားစခန်းဝင်နေသည်၊ တစ်လစခန်းဖြစ်သည်၊ ရိပ်သာတွင် ဝေယျာဝစ္စ ဆောင်ရွက်သောအဖွဲ့က သီးသန့်ရှိသည်၊ ထိုအဖွဲ့က စခန်းဝင်ယောဂီများ၏ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးသည်၊ အိမ်သို့ မှာကြားစရာများရှိပါက ထိုအဖွဲ့ကတစ်ဆင့် ပြုလုပ်နိုင်သည်၊ သူတို့က အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးကြသည်၊

❀❀❀

"မမကြီး - ဖုန်းလာတယ်၊ အန်တီ သီသီစိုးဆီက"

နိုင်နိုင့် အသံကြောင့် ကျောက်ကလေးများကို ဇာဂနာဖြင့် တစ်လုံးချင်း ရွေးနေရာမှ လှပ်လက်စကိုရပ်ပြီး အပြင်သို့ ထွက်လာခဲ့သည်၊

နိုင်နိုင်က ဖုန်းခွက်ကို လှမ်းပေးသည်၊ သူယူပြီး နားထောင်လိုက်သည်၊ ဖုန်းထဲမှ အစ်မတစ်ဝမ်းကွဲ ဒေါ်သီသီစိုး၏ အသံကို ကြည်လင်စွာ ကြားရသည်၊

"မျိုးမျိုးလား"

"ဟုတ်ကဲ့ - မမစိုး"

"နင့်ဆီကို ကိုသန်းဇော်လွှတ်လိုက်မယ်ပြောတဲ့ ကျောက်ကုန်သည်ဆိုတာ ရောက်ပြီလား၊ ဒါမေးမလို့ပါ"

"မရောက်သေးဘူး - မမစိုး၊ မနက် (၁၀)နာရီလောက် ဒီကိုလွှတ်လိုက်မယ် ပြောလို့ညီမလည်း စောင့်နေတာပဲ၊ ခုထိ ရောက်မလာသေးဘူး"

"အေးပါ - ရောက်လာရင်ကျောက်ကြည့်ပြီးတာနဲ့ ငါ့ဆီကို ချက်ချင်းလာခဲ့ဖို့ ပြောမလို့ပါ၊ ဒီမှာ နယ်ဝယ်လက်တွေက ရောက်လာတော့မှာ"

"ဟုတ်ကဲ့ - မမစိုး - စိတ်ချပါ"

"အေး - အေး - ဒါပဲ - ဒါပဲ"

သူ ဖုန်းပြန်ချလိုက်သည်၊ ပြီးတော့ တံမြက်စည်းကိုင်တာ သူ့ကို ငေးကြည့်နေသော နိုင်နိုင်ကိုယခုလိုပင် လှမ်းပြောလိုက်သည်၊

"နင် ငါ့ကို တစ်ချိန်လုံး ငေးကြည့်နေတာ ငါမြင်တယ်၊ ဘာလို့ငေးကြည့်နေတာလဲ"

နိုင်နိုင်က ဖက်ကလေးပုံ၍ မျက်နှာကို အောက်ချလိုက်သည်၊

"မမကြီးက တအားလှလို့ပါ၊ မမကြီးရလိုအလှပြင်ထားပုံမျိုး ကျွန်မ တစ်ခါမှ မမြင်ဖူးဘူး"

အသံတိမ်တိမ်ကလေးနှင့်ပြောပြီး တံမြက်စည်းကို ဆက်လှည်းနေလေသည်၊ နိုင်နိုင့်စကားကြောင့် သူ့အစ်

www.burmeseclassic.com

ကိုယ်လုံး ဗီတိသွေးများဖြင့် ရွှန်းရွှန်းစို သွားရသည်။ ပြီးတော့ - တစ်အိမ်တည်း အတူနေသူ၊ အမြဲတမ်း ကိုယ့်ကိုမြင်နေသူတစ်ဦးကတောင် ငေးကြည့်ပြီး ရီးမွှမ်းနေရမှတော့ အပြင်လူ သူစိမ်းတစ်ရံဆံအတွက်ဆိုလျှင် ဘာပြောစရာလိုတော့မည်နည်း။ မိမိအလှက ရာနှုန်းပြည့်ပဲဖြစ်ရပေမည်ပေါ့ဟု တွေးလိုက်မိရင်း မနော အဖွေ့ကြီး ဖွေ့သွားရလေသည်။

❀❀❀

တက္ကစီတစ်စီးက အိမ်ရှေ့သို့ ထိုးဆိုက်လာသည်။ ဟွန်းသံကိုလည်း နှစ်ချက်သုံးချက် မြည်ပေးလိုက်သည်။ နိုင်နိုင်က အပြေးကလေးသွားကာ တံခါးကို ဖွင့်ပေးလိုက်လေသည်။

လူငယ်တစ်ဦးက ကားပေါ်မှ ဆင်းလာသည်။ အိတ်တစ်လုံးကို ဆွဲလျက် အိမ်ထဲသို့ဝင်လာသည်။ ထိုလူငယ်မှာ ဆံပင်ကိုအလယ်ခွဲမကျတကျခွဲထားပြီး နောက်မျက်မှန်တစ်လက်ကိုတပ်၍ထားသည်။ သူ၏ဖြူဖွေးသော အသားအရေနှင့်လိုက်ဖက်စွာ ဖောရိန်းရုပ်ကွက်ဆန်းလက်တိုနှင့် ဘောင်းဘီရှည်တို့ကို သားနားစွာ ဝတ်ဆင်ထားလေသည်။

အသင့်ရပ်စောင့်နေသော ဒေါ်... မြင့်မြတ်နှင့်အိမ်ရှေ့မှာပင်ဆုံမိကြသည်... နေကာမျက်မှန်ကို ဟန်ပါပါချွတ်ရင်း... လူငယ်က အံ့အားသင့်ဟန်ဖြင့် စကား... ဆိုလိုက်သည်။

"ဒေါ်မျိုးမြင့်မြတ်ဆိုလို့အသက်ကြ... ပြီမှတ်နေတာ၊ ကျွန်တော့်မမအရွယ်... ရှိပါသေးလား"

သွားစွယ်ကလေးပေါ်အောင်ပြုံး... ပြောလိုက်သော ထိုကောင်လေးက... ဒေါ်မျိုးမြင့်မြတ် ချက်ချင်းပင် မေ့သွား... သွားသည်။ အပြုံးတစ်ပွင့်အား လိုက်... လိုက်လှဲလှဲ ပြန်ပေးလိုက်ပြီးနောက်... က ဦးဆောင်ကာ ဧည့်ခန်းဆီသ... လျှောက်လာခဲ့ကြသည်။

မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ... သည်။ လူငယ်က သူ့အိတ်ကို စားပွဲပေ... သို့အသာတင်သည်။ ဒေါ်မျိုးမြင့်မြတ်က... စကားစလိုက်သည်။

"မောင်လေးကိုမနက်ကတည်းက... စောင့်နေတာ၊ ကိုသန်းဇော်က မနက်... (၁၀)နာရီလောက် လာလိမ့်မယ်လ... ပြောထားတာကိုး"

"ဆောရီး - မမရာ၊ ဝယ်လာ... အသစ်တစ်ယောက်တ ဒီမနက်ကျမှ... ဆီ အရင်လာပြပါဦးလို့ အတင်းခေါ်...



တာမို့ မမဆီ အရောက်နောက်ကျသွားတာ၊ ဒါထက် - ကျွန်တော့် နာမည် ကျော်ကိုကိုတဲ့၊ အိမ်မှာတော့ ကျော်ကျော်လို့ပဲ ခေါ်ကြပါတယ်၊ ပစ္စည်းကြည့်တော့မလား - မမ"

"ကောင်းသားပဲ - ကြည့်တာပေါ့"

ကျော်ကိုကိုက ဖစ်ကိုဆွဲ၍အိတ်ကို ဖွင့်ပြလိုက်သည်။ ထိုအခါ ဝင်းဝင်းတောက်နေသော ကျောက်မျက်ပန်းခင်းကြီးက မျက်မှောက်တွင် ဘွားခနဲပေါ်လာခဲ့လေသည်။ ဖြူနီစိမ်းပြာ ရောင်စုံကျောက်များကို သူ့ဘူးကလေးနှင့်သူ သီးသန့်စီ ထည့်၍ထားလေသည်။

"ဒီကျောက်တွေက မမသိပြီးသားတွေဖြစ်မှာပါ၊ ဒါက နီလာခေါ်ကြီးရေးတွေ၊ ဒီဘက်က မြင့်စိန်နဲ့ စလင်းဖြူ၊ ဒါက မဟူရာ၊ ဒါက နဝရတ်၊ ဒီဘက်ကအစိမ်းတွေကတော့ ထိုင်းမ်ကလာတာ၊ တရုတ်စိမ်းတွေပေါ့၊ ဒီဟာလေးတွေကတော့ မိုးကုတ်ကွက်သစ်မှာထွက်နေတဲ့ မှန်ညင်းရည်အစိမ်းနုကလေးတွေ"

"ဟင်း - မင်းကျောက်တွေက အောက်တျောက်တွေပဲ များနေပါလား၊ ဒီထက်သာတာတွေ မရှိတော့ဘူးလား"

"ရှိတာပေါ့ - မမရဲ့ ပြမှာပေါ့"

ပြောပြီး ကျော်ကိုကိုက ခါးပတ်ပိုက်ဆံအိတ်ထဲမှ အိတ်မည်းမည်းတစ်လုံးကိုဆွဲထုတ်လိုက်လေသည်။ တစ်ဖန် ထိုအိတ်ကိုဖွင့်ကာ အတွင်းမှ စက္ကူထုပ်ကလေးဆယ်ထုပ်ခန့်ကိုထုတ်ယူလိုက်သည်။ စက္ကူထုပ်ကလေးများကို တစ်ခုစီ ဖြေပြလိုက်သည်။ ဤတွင် ဒေါ်မျိုးမြင့်မြတ် မျက်နှာတစ်ခုလုံး ဝင်းလက်သွားသည်။

"ဟာ - ဟုတ်ပြီ - မမကြည့်ချင်တာ ဒါတွေပဲ"

"ဒီကောင်တွေက ဒီအိတ်ကြီးထဲ ရောထည့်ထားလို့ မဖြစ်ဘူး - မမရဲ့၊ မသကာ အစစ်အဆေး အဖမ်းအဆီးနဲ့ တွေ့ခဲ့ရင် ပါမသွားနိုင်အောင် သီးသန့်ခွဲထားရတာ"

"အင်း - တုတ်ပါတယ်၊ ဒါနဲ့ - ဖော ဒီနီလာလုံးရောတွေက ဘယ်လောက်တဲ့လဲ၊ ဒီအနီ တာပလာတွေ ကရော ဘယ်ဈေးရှိလဲ"

"ဒီကုံးရောတွေက ဒီနောက်ပိုင်း တော်တော်ရှားသွားပြီ - မမရဲ့ ဒီကောင်တွေတစ်လုံးကို တစ်သိန်းနှစ်သောင်းမျှ တယ်၊ ဒီဘက်က ဟာလေးတွေကတော့



www.burmeseclassic.com

www.burmeseclassic.com

တိမ်ကလေး နည်းနည်းပါသွားတာမို့ ဈေးနည်းနည်းလျှော့ပါတယ်၊ တိုးသောင်းလောက်နဲ့ရနိုင်တယ်၊ ဒီတာပလာတွေကတော့ တစ်ရတီစီ ရှိတယ်၊ တစ်လုံးကို နှစ်သောင်းပါပဲ"

"ဟာ - ဈေးတွေကတော့အမြင့်ကြီးတွေချည်းပဲ"

ဒေါ်မျိုးမြင့်မြတ်က နှုတ်ခမ်းကို အသာတွန့်ကာ ပြောလိုက်သည်။ ကျော်ကိုကိုက ဟက်ခနဲ တစ်ချက်ရယ်သည်။ ပြီးတော့ - ဒေါ်မျိုးမြင့်မြတ်မျက်နှာကို ရှုံ့မဲ့ရဲရဲစိုက်ကြည့်ကာ ပြောလိုက်သည်။

"ရတနာရှိရာ ရတနာလာတာပေါ့ မမရာ၊ ဘယ်အရာမဆို လုလေ၊ အရည်အသွေးကောင်းလေ၊ တန်ဖိုးရှိလေပဲ မဟုတ်လား။ မမလှလှဆီကိုကျောက်လှလှတွေပဲ ရောက်လာရမှာပေါ့ - အဟင်းဟင်း"

"အမြောက်ကောင်းတယ်ကွာ၊ ဒါနဲ့ပဲ - ကျောက်ဝယ်ရတော့မှာပေါ့"

ဘဝင်ခိုက်သွားသောအပြုံးနှင့် အတူ ပြန်ပြောလိုက်သည်။ ထို့နောက် ကျောက်ထုပ်များကို စိတ်ကြိုက်ရွေးချယ်နေမိသည်။

"ကဲ - ဟောဒီအထုပ်နှစ်ထုပ်ကို အစမ်းယူထားကြည့်လိုက်မယ်၊ မမရဲ့ အစ်မတစ်ယောက်ကိုလည်း ဆက်ပြကြည့်မယ်၊ သူက လက်ကြီးသမား၊ မမထက် ခွင်ကျယ်တယ်၊ ဖောက်သည်များတယ်၊ ဒီတော့ - သန်ဘက်ခါလောက် မောင်လေး ပြန်လာခဲ့ပါလား၊ အခုယူထားတာတွေ ဖွဲ့ရင်ဖွဲ့သလောက် အဲဒီကျမှ ငွေရေးကြေးရေး ရှင်းကြတာပေါ့"

"ရတယ် - မမ၊ ဒီကြားထဲ လိုအပ်တာရှိရင်လည်း ကျွန်တော့်ဆီ ထပ်ပြီး ဖုန်းဆက်ပေါ့၊ ဒီမှာ - ကျွန်တော့်ဖုန်းကတ်"

ကျော်ကိုကိုက တတ်ပြားလေးတစ်ခုကို လှမ်းပေးသည်။ သူက လှမ်းအယူ ကျော်ကိုကို့လက်ချောင်းကလေးများနှင့်ထိကာ ပွတ်ဆွဲသလိုဖြစ်သွားသည်မို့သူ့တစ်ကိုယ်လုံးရှိန်းခနဲဖြစ်သွားသည်။

ထို့နောက် အိတ်ကို သိမ်း၍ ကျော်ကိုကိုက ထိုင်ရာမှထလိုက်သည်။ အပြုံးဖြင့်လည်း နှုတ်ဆက်သည်။

"ကျွန်တော် ပြန်ဦးမယ် - မမ၊ မမ အဆင်ပြေမှာပါ"

နှစ်ယောက်သားလျှောက်လာခဲ့ကြသည်။ ဒေါ်မျိုးမြင့်မြတ်က အိမ်ရှေ့အထိ လိုက်ပို့လိုက်သည်။ အပြင်ရောက်သည်နှင့်ကျော်ကိုကိုက ကားပေါ်တက်သည်။ ထို့နောက်ကားကမောင်းထွက်သွားလေသည်။

နိုင်နိုင်ကတံခါးကိုပြန်ပိတ်ပြီးသည်နှင့် ဒေါ်မျိုးမြင့်မြတ်၏မျက်နှာကို တစ်ချက်ကြည့်ကာ မရဲတရဲလေးပြောလိုက်သည်။

"ချောတယ်နော် - မမကြီး၊ ကိုရီးယားမင်းသားလေးကျနေတာပဲ"

"ချောတော့ - ဘာဖြစ်သလဲ၊ နင်က သဘောကျသွားပြီလား"

"မဟုတ်ပါဘူး"

နိုင်နိုင်က မျက်နှာလေး ရဲသွားသည်။ ထို့နောက် မျက်လုံးကလေးဝင့်ကာ ဒေါ်မျိုးမြင့်မြတ်ကို ကြည့်၍ပြောလိုက်သည်။

"သူကဖြင့် မမကြီးကိုပဲ တစ်ကြည့်ထဲကြည့်နေတာ၊ မမကြီး ကျောက်ရွေးနေတဲ့အချိန်မှာ ငေးကြည့်နေလိုက်တာများ မျက်တောင်တောင်မခတ်ဘူး"

"ဟယ် - ဒီကောင်မလေး - ပေါက်ကရတွေ"

နိုင်နိုင်စကားကြောင့် ရှက်သွေးများ ရဲခနဲ တက်သွားခဲ့ရသည်၊ နိုင်နိုင်က လျှာကလေးတစ်လစ်ထုတ်ရင်း သူ့ရှေ့မှ ထွက်သွားသည်။

သို့သော် နိုင်နိုင့်စကားတို့က သူ့အသည်းနှလုံးကို အညှာမှ ကိုင်လှုပ်ပစ်လိုက်တာတော့ အမှန်၊ ထိုအပြောကြောင့် ကျေနပ်မိရခြင်းနှင့်အတူ ရင်အခုန်မြန်သွားမိရတာလဲ အမှန်။

သူ့မျက်စိထဲမှာ ကျော်ကိုကို၏ပြောပုံ၊ ပြုံးပုံ၊ ချောပုံ၊ နပုံကလေးများက ဓာတ်ပုံရိုက်ထားသကဲ့သို့ ကွက်ကွက်ကွင်းကွင်းမင် ပြန်ပေါ်လာခဲ့လေသည်။

❀❀❀

နောက်တစ်နေ့နံနက်ရောက်သည်နှင့် ဒေါ်မျိုးမြင့်မြတ်က ပေးထားသော ဖုန်းနံပါတ်အတိုင်း ကျော်ကိုကိုအား ဖုန်းဆက်၍နေလေပြီ။

တစ်ဖက်မှ ဖုန်းကိုင်လိုက်သံ ကြားရသည်နှင့် -

"ကျော်ကိုကိုလားဟင်"

"မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော် သူ့ညီပါ၊ ဘာကိစ္စရှိပါသလဲ"

www.burmeseclassic.com

“ကျော်ကိုကိုက ဘယ်သွားနေလဲ ဟင်”

“သူ ရေချိုးနေပါတယ်၊ သူနဲ့ ပြောမှာမို့လား၊ ခဏလေးစောင့်လိုက်နော်၊ ပြီးတော့မှာပါ”

“ကောင်းပါပြီ”

ဖုန်းခွက်ကို အသာလှန်၍ ချထားလိုက်ပြီး ဒေါ်မျိုးမြင့်မြတ်က ဆက်တီပေါ် ပြန်ထိုင်နေလိုက်သည်၊

မနေ့ညနေပိုင်းက အစ်မဖြစ်သူ ဒေါ်သီသီစိုးအိမ်သို့ သူသွားသည်၊ သူရောက်သွားချိန်တွင် ဒေါ်သီသီစိုးတို့စည်သည်နှစ်ယောက်နှင့် အတူတွေ့ရသည်၊ ဒေါ်သီသီစိုးက ကျောက်တွေကို ဧည့်သည်များအားထုတ်ပြနေသည်၊ သူကပါ ပါလာသည့်ကျောက်များအား ဧည့်သည်တွေကို ထုတ်ပြလိုက်သည်၊

တဲကောင်းလှသည်၊ ဧည့်သည်တွေက သူပြသောကျောက်တွေကို မြင်မြင်ချင်းပင် ကြိုက်သွားကာ တစ်လုံးမကျန် အကုန်လုံးပင် ဝယ်ယူလိုက်သည်၊ ကျောက်ဖိုးကိုပါ တစ်ခါတည်း ငွေချေသွားသည်၊

ဧည့်သည်တွေ ပြန်သွားပြီးမှ ညီအစ်မနှစ်ယောက် အားတက်သရော တွက်ကြချက်ကြသည်၊ ကျော်ကိုကိုအား ပေးရမည့်ကျောက်ဖိုးငွေ နုတ်အပြီး လက်ကျန်အမြတ်ငွေကို ကြည့်လိုက်တော့ တော်တော်လေး မြိုးမြိုးမြက်မြက် ကျန်နေတာ တွေ့ရသည်၊ နှစ်ဦးသား ဝမ်းသာလိုက်ရခြင်းဖြစ်ခြင်း၊

ပြီးတော့ – သူက ဒေါ်သီသီစိုးကို ထိုကျောက်များ ကျော်ကိုကို့လက်ထဲတွင် တော်တော်များများ ရှိနေသေး ကြောင်းကို ပြောပြလိုက်သည်၊ ထိုအခါ ဒေါ်သီသီစိုးက ထိုကျောက်များကို ကျော်ကိုကိုထံမှ ရနိုင်သလောက် အမြန်ဆုံးထပ်ယူထားရန်၊ ထိုကျောက်များမှာ ယခုတလော ဈေးကွက်အဝယ်လိုက်နေသော ကျောက်များဖြစ်ကြောင်းနှင့် သည်ရက်ပိုင်းအတွင်း ထပ်မံရောက်လာမည့် ဝယ်လက်များအား အချိန်မီ ပြနိုင်အောင် လုပ်ထားဖို့လိုကြောင်းတို့ကို ပြောလေသည်၊ ထို့ကြောင့် –

“တော် – တီး – တီး – တော်၊ တော် တီး – တီး – တော်”

ဖုန်းသံက မြည်လာခဲ့လေပြီ၊ သူ ရုတ်ခနဲထကာ ဖုန်းကို ကောက်ကိုင် လိုက်သည်၊

“ဟလို – မမ မဟုတ်လား”

“ဟုတ်တယ်၊ ဟင် – သူက ကြိုပြီး သိနေပါလား”

“သိတာပေါ့၊ အမျိုးသမီးတစ်ယောက်ဆိုကတည်းက မမမှန်း ကျွန်တော်သိလိုက်ပြီးသားပေါ့၊ ကျွန်တော်က မမကိုပဲ စိတ်စွဲနေတာကိုး – ဟဲ ဟဲ၊ ကဲ ပြောပါဦး – မမ”

လေသံနှင့် ပြောပုံဆိုပုံကကို တကယ့်ရင်ခုန်ချင်စရာကြီး၊ သူ့အသံကို ထိန်းပြီး ပြန်ပြောလိုက်သည်၊

“မောင်လေးအားရင် မမဆီ လာခဲ့ဦးလေ၊ ချိန်းထားတာကတော့ မနက်ဖြန်မှပဲ၊ ဒါပေမဲ့ – မောင်လေးဆီက ကျောက်တွေ မနေ့က အကုန်လုံး စွံသွားတယ် သိလား၊ အဲဒါ ထပ်ပြီးရချင်သေးလို့”

“ဟုတ်လား – ဝမ်းသာစရာပေါ့၊ ကြည့်ရတာ မမ မြတ်သွားပြီထင်တယ်၊ ဟုတ်တယ်မဟုတ်လား – ဟဲဟဲ”

“ဟုတ်တယ် – မြတ်တယ်၊ အတော်အသင့်ပေါ့ – အဟင်း ဟင်း”

အပြန်အလှန် ရယ်သွမ်းသွေးကြသည်၊ ခေတ္တမျှ စကားပြတ်သွားသည်၊ ပြီးတော့မှ – ကျော်ကိုကိုက ညည်းသံလိုလို၊ ညုသံလိုလိုဖြင့် ပြောလာသည်မှာ –

“အမြတ်ရလို့ မမပျော်နေတယ် မဟုတ်လား၊ မမပျော်ရင် ကျွန်တော်လဲ ပျော်ပါတယ် – မမရယ်၊ ရှေ့ဆက်ပြီးလဲ အမြဲတမ်း မမကို ပျော်နေတာပဲ ကျွန်တော် မြင်ချင်တယ်၊ ခုချက်ချင်း ကျွန်တော် လာခဲ့မယ်နော် – မမ”

❀❀❀

ကားရပ်သံ ကြားရကတည်းက ဒေါ်မျိုးမြင့်မြတ် ရင်ခုန်နေလေပြီ၊

ကျော်ကိုကိုက ကားပေါ်မှ ဆင်းလာပြီး သူ့ဆီသို့ တန်းတန်းမတ်မတ်ပင် လျှောက်လာသည်၊ လူက မရောက်ခင် မွှေးကြိုင်သောရနံ့က ဦးစွာရောက်လာသည်၊ ထိုရနံ့ကပင် ဒေါ်မျိုးမြင့်မြတ်ကို စတင်ယစ်မူးစေလေပြီ၊

နှစ်ဦးသား အပြုံးချင်း ဖလှယ်ကြသည်၊ ထို့နောက် ဧည့်ခန်းဆီသို့ လျှောက်လာခဲ့ကြသည်၊ အသီးသီးထိုင်ပြီးကြသည်နှင့် ကျော်ကိုကိုက ထုံးစံအတိုင်းရှေ့ကျောက်အိတ်ကို ဖွင့်သည်၊

ကျော်ကိုကို ကျောက်ထုပ်များကို ဖြည်နေစဉ် ဒေါ်မျိုးမြင့်မြတ်က ကျောက်ကို စိတ်ဝင်စားရမည့်ထက် ကျော်ကိုကို

www.burmeseclassic.com

တစ်ကိုယ်လုံးကိုသာ သိမ်းကြုံးပြီးကြည့်နေမိသည်။ ထိုအခါ သန်မာတောင့်တင်းသော လူလုံးလူဖန်နှင့် ချောမောပြေပြစ်သော မျက်နှာပြင်တို့က သူ့အား ရင်တလှပ်လှပ် ဖြစ်သွားစေခဲ့လေသည်။ မောသလိုလို ဖြစ်လာခြင်းနှင့်အတူ ပင့်သက်တစ်ချက်ကိုပါ မိုး၍ရှိုက်လိုက်မိသည်။

ကျော်ကိုကိုက ပြောသည်။

"ဪ - မမ - မမလိုချင်တဲ့ကျောက်က ဒီနှစ်ထုပ်ပဲ ကျန်တော့တယ်။ နှစ်ထုပ်ပေါင်းလုံးရေနှစ်ရာကျော်ကျော်လောက်တော့ ရှိလိမ့်မယ်။ မမ စစ်ကြည့်လိုက်လေ"

ကျော်ကိုကို့လက်ထဲမှ ကျောက်ထုပ်ကိုလှမ်းယူလိုက်သည်။ ပြီးကျောက်ပုံထဲကိုလက်ညှိုးတလေးဖြင့်ထိုးမွှေကာ အသာဖြန့်ကြည့်လိုက်သည်။ ထူးထူးထွေထွေတော့ စစ်ဆေးမနေတော့ပါ။ သူ့စိတ်ကလည်း ကျောက်ဆီမှာမှ သိပ်မရှိတော့သည်ပဲ။

ကျော်ကိုကိုက ပြောပြန်သည်။

"ဒီအပြာလုံးချော်လေးတွေကိုပါပြကြည့်ပါဦးလား - မမ။ ဒီကောင်တွေကို အထင်မသေးနဲ့။ မမလုံးဝမြတ်စေရမယ် ကျွန်တော် အာမခံတယ်"

"သေချာလား - မောင်လေး။ ပြကြည့်တာက ဖြစ်ပါတယ်"

ကျော်ကိုကိုလက်ထဲက အပြာလုံးကလေးတို့ လှမ်းယူလိုက်သည်။ အပေါ် မြှောက်၍လည်း ထောင်ကြည့်လိုက်သည်။ ဤတွင် ကျော်ကိုကိုက -

"ကျောက်ကိုအဲလိုမကြည့်နဲ့ - မမ။ ကျောက်ရဲ့အရည်အသွေးကို ကောင်းကောင်းမမြင်နိုင်ဘူး။ ကျွန်တော်ပြမယ်"

ဟုပြောကာ ထိုင်ရာမှထလာပြီး ဒေါ်မျိုးမြင့်မြတ်ဘေးသို့ကပ်ထိုင်ချလိုက်သည်။ ဒေါ်မျိုးမြင့်မြတ် လက်ထဲမှ ကျောက်ကိုပြန်ယူကာ ဤသို့ပြောလိုက်သည်။

"ဒီမှာကြည့် - အလင်းရောင်ကို တည့်တည့်ခံကြည့်လိုက်တော့ အမြင်ရှင်းပြီးကျောက်သားပေါ်မလာဘူးလား။ စေစေစာက မမကြည့်တော့ မှုံမှုံကြီး မဟုတ်လား"

"အင်း - အင်း"

ကျော်ကိုကိုပြောတာကို နားသာ ထောင်နေရသည်။ သူ့စိတ်တွေက မလောင်ဆူနေလေပြီ။ ရင်တွေက တဒိန်းဒိန်း ဆောင့်ခုန်နေလေပြီ။ ကြည့်လေ - နှစ်ဦးသား၏အနေအထားက ပေါင်သားချင်း ထိတွေ့နေသလို လက်မောင်းသားချင်းလည်း ထိတစ်လျှက်ရှိသည်။ ပြီးတော့ - ကျော်ကိုကိုကပြတင်းပေါက်ဘက်တို့ နည်းနည်းစောင်းပြီး ကျောက်ကို အပြ၊ ကျော်ကိုကို နှာဝမှ ထွက်သက်ပြင်းပြင်းတွေက သူ့ပါးပြင်ပေါ်ကို ထိတွေ့ရိုက်ခတ်သွားခဲ့လေသည်၊ ဒေါ်မျိုးမြင့်မြတ် ရှုးရှင်မိရပြီတည်း။

ထို့နောက် ကျော်ကိုကိုက မူလနေရာတွင် ပြန်ထိုင်သည်။ သူ့လက်ကျန်ကျောက်များကိုလည်း ပြန်သိမ်းနေသည်။

"ကျွန်တော်ပြန်ဦးမယ် - မမ။ သရဇီဟိုတယ်မှာ ပွဲစားတချို့နဲ့ ချိန်းထားတာရှိသေးတယ်"

"ငွေကိုတော့ပြီးမှပေါင်းပြီးရှင်းတာပေါ့နော်။ ရတယ်မဟုတ်လား။ မောင်လေးလည်း သေသေချာချာမှတ်ထားပေါ့"

"ရပါတယ် - မမ၊ ဒါတွေက မိုင်နာတွေပါ။ မမသာ အဆင်ပြေအောင် ဆက်လုပ်ပါ"

ပြောပြီး ထိုင်ရာမှ ထလိုက်သည်။ ဒေါ်မျိုးမြင့်မြတ်က သည့်တစ်ခါတော့ ကျော်ကိုကိုအား တံခါးဝရောက်သည် အထိလိုက်ပို့ပေးလိုက်သည်။ ကားထွက်သွားတော့မှ အိမ်ထဲပြန်ဝင်လာပြီး ဆိုဖာပေါ် ဝုန်းခနဲ ပစ်လှဲချလိုက်သည်။

နဖူးပေါ် လက်တင်ကာ မျက်စိကို တင်းတင်းမှိတ်ထားလိုက်သည်။ သူ့တစ်ကိုယ်လုံး ကတုန်ကယင်ကြီးနှင့် အားအင်ကုန်ခန်းသလိုဖြစ်နေကာ ပျော့ခွေ၍နေလေသည်။ သို့သော် ကျော်ကိုကို့ပုံရိပ်ကိုတော့ သူ့မျက်လုံးထဲက ဘယ်လိုမှ ဖျောက်မရနိုင်။

ကျော်ကိုကိုအား သူနှင့်ယှဉ်တွဲပြီး မြင်ယောင်ကြည့်မိသည်။ အသက်ကလေးက နှစ်ဆယ့်ခွန်၊ နှစ်ဆယ့်ရှစ် အရွယ်မို့ မိမိထက်တော့ အတော်လေး ငယ်သား။ သို့သော် အရွယ်တင်ပြီးလှပသော မိမိနှင့်က သိပ်ပြီးသိသာမည် မဟုတ်ပါ။ ရှေ့သွားနောက်လိုက်ညီပြီး သားဖြစ်မှာပါ။ အရေးကြီးသည်က အချစ်သာ ဖြစ်သည်။ အချစ်နှင့်သာ ဖုံးအုပ်လိုက်ပါက မည်သည့်အရာမဆို လွင့်ပြယ်သွားရမြဲမဟုတ်လား။ စသည် စသည်ဖြင့်လည်း တောင်တောင် အီအီ လျှောက်တွေး၍နေမိသည်။

www.burmeseclassic.com

အချစ်နှင့် သူ့ဘဝအကြောင်းကို စဉ်းစားလိုက်မိပြန်တော့ သက်ပြင်းရှည်ကြီးတစ်ခုကို ချမိရသည်၊ တကယ်တော့ သူ့ဘဝတစ်လျှောက်လုံးမှာ ချစ်ချင်သူတွေနှင့် မပြတ်မလပ် ကြုံတွေ့ခဲ့ရသည်သာဖြစ်သည်၊ အထူးသဖြင့်တက္ကသိုလ်ကျောင်းသူ့ဘဝတုန်းတဆို ချူချင်သူတွေက ဝိုင်းဝိုင်းကို လည်နေခဲ့တာမှ လား။ သည်တုန်းကတော့တစ်ယောက်စ နှစ်ယောက်စ ချစ်သူအဖြစ်ထားပြီး ရင်အခုန်မြန်ကြည့်ခဲ့သေးသည်၊ သို့သော် အိမ်ထောင်ရေး နယ်နိမိတ်ထဲ ရောက်သည်အထိတော့ သူ စဉ်းလည်း မစဉ်းစားသလို ဖရီးလည်း မဆက်ဖြစ်ခဲ့၊

ဖေဖေမဆုံးခင် နှစ်နှစ်လောက်တတော့ သူ့ကို သတိပေးခဲ့သေးသည်၊ သည်တုန်းက ညွှန်ကြားရေးမှူးဘဝမှ ဖေဖေ အငြိမ်းစားယူပြီးတာ ငါးနှစ်မျှ ရှိလေပြီ၊ ဖေဖေ့ကျန်းမာရေးက သိပ်မကောင်းချင်တော့၊ အိမ်မှာ တစ်ဦးတည်းသာ ကျန်နေတော့သည်၊ သမီးအချိုကြီးအား သူ မျက်စိမမှိတ်ခင် စိတ်ချလက်ချ ဖြစ်သွားစေချင်ဟန်တူသည်၊ ရည်ရွယ်ပြီးသားရှိပါက အိမ်ထောင်ပြုရန် ဖေဖေက သတိပေးသည်၊

သည်တုန်းကလည်းဟိုလိုလိုသည်လိုလိုနှင့်သာ သူက လုပ်နေခဲ့သည်၊ အိမ်ထောင်ရေးကိစ္စကို လေးလေးနက်နက် မရှိခဲ့၊ ထိုစဉ်တုန်းက သူ ကျောက်လောကထဲ ဝင်ခါစအချိန် ဖြစ်နေသည်၊ ထို့ကြောင့် ကျောက်ကိုသာ အားသန်နေမိသည်၊ ကျောက်ဘတ်ကိုသာမဲပြီး လိုက်နေမိသည်၊

အခုသည် နောက်ပိုင်းရောက်တော့မှ တဖြည်းဖြည်း ကြောက်စိတ်ဝင်လာမိခြင်းဖြစ်သည်၊ တရွေ့ရွေ့အသက်ရလာခြင်းနှင့်အတူ တစ်ကိုယ်တည်းဘဝ၊ အပျိုကြီးဘဝဖြင့် အရိုးထုတ်ရမည့်အရေးကို တွေးမိလာပြီး စိုးရိမ်စိတ်ဝင်လာရသည်၊ တစ်ပြိုင်တည်းလိုလိုပင် အချစ်ကိုတောင့်တသော၊ အချစ်ကို ဝတ်မွတ်သောစိတ်များတပါ သူ့တွင် အပြင်းအထန် ဖြစ်ရှိလာခဲ့ရသည်၊

ခုတော့ - အချိန်တန်ပြီထင်သည်၊ ဖူးစာရေးနတ်ကမိုးလင်းခါနီးမှမိမိထံသို့ မျက်စိလည်ပြီး ရောက်လာခဲ့ပြီထင်သည်၊ ကြည့်၊ တွေ့မယ့်တွေ့တော့လည်း တကယ့်ကို နုနု၊ ချောချော၊ သန့်သန့်၊ အသက်တန်းကျကျလေးနှင့်မှ လာတွေ့ နေရလေပြီ၊ ဘယ်မှာ သူ့ကံဆိုးလို့လဲ

သူ့ သေရာပေါက်ပင် ပြောနိုင်သည်၊ ကျော်ကိုတို့မျက်လုံးတွေထဲမှာ အချစ်တွေ ရှိကိုရှိသည်၊ ကျော်ကိုကို့နှလုံးသားတွေလည်း မိမိလိုပင် ခုန်ကို ခုန်နေရမည်၊

တွေးရင်းတွေးရင်းနှင့် ဒေါ်မျိုးမြင့်မြတ်တစ်ယောက် မောဟိုက်၍လာခဲ့ရလေသည်၊ ရင်ပူ၍လာခဲ့ရလေသည်၊ ရေငတ်သူကဲ့သို့ဖြစ်လာခဲ့ရလေသည်၊

"ဟဲ့ - မျိုးမျိုး - နေမကောင်းဘူးလား"

အဒေါ်ဖြစ်သူဒေါ်ခင်ကြီးကသူ့အားတွင်ရပ်တာ မေးလာခဲ့သည်၊ သူက ဘာမှုပြန်မဖြေ၊ ထိုအခါ အဘွားကြီးက တစ်စုံတစ်ရာ ဆက်မမေးတော့ဘဲ ခြေတုန်လက်တုန်နှင့်ပင် ဘုရားခန်းထဲ ဝင်သွားသည်၊ အိမ်ဖော်မလေး ခိုင်ခိုင်ကမူ ဒေါ်မျိုးမြင့်မြတ်အခြေအနေကို တစ်နေရာမှ မသိမသာ အကဲခတ်လျက် ရှိလေသည်၊

❀❀❀

ပထမတော့ ခပ်ဖွဖွလေး ဆုပ်ညှစ်နေရုံမျှသာ။ နောက်တော့ - တဖြည်းဖြည်းကြမ်းလာသည်။ ခပ်တင်းတင်း ခပ်နာနာလေး ညှစ်လာသည်။ သူ့ လက်ကို ရုန်းဖယ်ခြင်း မပြုမိ။ လူကတော့ အသက်ရှူမှားစ ပြုနေပြီ။ ခဏကြာလျှင် သူ့လည်ကုပ်ဆီမှ စွတ်စိုပူနွေးသော အထိအတွေ့ကို ကောင်းကောင်းကြီး ခံစားလိုက်ရသည်။ တစ်ကိုယ်လုံး စိမ့်တက်သွားတော့သည်။

66



www.burmeseclassic.com

နီညိုရောင်မှန်တံခါးကြီးပွင့်ဟသွားပြီးနောက် ဟိုတယ်ဝန်ထမ်းလူငယ်တစ်ယောက်က အခွင်းသို့ ဝင်ရောက်လာသည်။ ပြီးလျှင် – ဘီလ်စာရွက်ကလေးအား ကျော်ကိုကိုသို့ ခါးကလေးကိုင်း၍ ပေးလေသည်။ ကျော်ကိုကိုက တစ်ချက်မျှ ကြည့်လိုက်ပြီး ကျသင့်ငွေကို ချက်ချင်းပင် ထုတ်ရှင်းပေးလိုက်လေသည်။ ဝန်ထမ်းလူငယ်က ပြန်ထွက်သွားသည်။

ဒေါ်မျိုးမြင့်မြတ်က လက်ပွေ့အိတ်ထဲမှ မှန်ဗိုင်းကလေးထုတ်၍ကြည့်ကာ မျက်နှာဆံပင်တို့ကို ပြုပြင်လိုက်သည်။ ထို့နောက် ကျော်ကိုကိုအား ပြောလိုက်သည်။

"တဲ – ပြန်ကြဖို့ပဲ မဟုတ်လား မောင်လေး"

"အာ – ဘယ်ကလာပြန်ရမှာလဲ။ အချိန်အစောကြီးရှိသေးတယ်"

"ဒါဖြင့် – ဘာလုပ်စရာရှိသေးလို့လဲ"

"ဘာဖြစ်ရမလဲ – ရုပ်ရှင်ကြည့်မှာပေါ့။ ကျွန်တော်က ထားကို တစ်နေကုန်အပြတ်ငှားလာတာ – မမရဲ့ တန်ဖိုးကတော့ မီးရမှာပဲ၊ ကျွန်တော်တို့ တစ်နာရီခွဲပွဲ ဝင်ကြည့်ရအောင် – မမ"

"ဟာ – ရုပ်ရှင်တော့ မကြည့်ချင်ပါဘူးကွာ"

"ကျွန်တော် ပြောထားပြီးသားနော် မမ၊ ငြင်းမယ်မကြံနဲ့၊ အိမ်မှာတုန်းက မမ ကျွန်တော့်ကို ဘာပြောခဲ့လဲ – မှတ်မိသေးလား"

သူ ပခုံးကို တစ်ချက်တွန့်လိုက်သည်။ အိမ်မှာတုန်းက ကျော်ကိုကိုအား တတိမ်းခဲ့မိသည်၊ ယနေ့ ကျောက်ဗိုဒ်ငွေစာရင်းရှင်းသောနေ့၊ တစ်နည်းအားဖြင့် သူတို့နှစ်ဦးစလုံး၏အောင်ပွဲနေ့သည့်အတွက် နေ့လယ်စာကို ဟိုတယ်တွင် အတူစားမည်၊ ပြီးလျှင် – တစ်နေကုန်လည်ကြ ပတ်ကြမည်၊ ဒါကို မိမိကသဘောတူခဲ့သည်။

"ကျွန်တော် မနက်ဖြန် မိုးကုတ်ပြန်ဆင်းမယ်၊ မမလိုချင်တဲ့ကျောက်တွေအများကြီးပါလာစေရမယ်၊ သန်ဘက်ခါ မမဆီ ပြန်ရောက်မယ်၊ မမအတွက်ဆို ကျွန်တော်က ဘာမဆိုပေးဆပ်ဖို့အသင့်ပဲ၊ မမကျတော့ ကျွန်တော့်အပေါ် သိပ်လိုက်လျှော့လုပ်လို့ မရှိသလိုပဲ"

ကျော်ကိုကိုက ငေါ့သံကလေးနှင့် ပြောသည်၊ သူ ချက်ချင်းပင် ပျာယာခတ်သွားသည်။

"ဒီလိုတော့ မပြောပါနဲ့ကွာ၊ ကဲကဲ – ကိုယ်တော်လေးသဘောပါ၊ ကြည့်ပါမယ် – ကြည့်ပါမယ်"

တစ်ချက်သာ ခွေ့လိုက်ရသည်၊ ဒေါ်မျိုးမြင့်မြတ် ပျော့ကျသွားရပြီတည်း။

❀ ❀ ❀

ရုပ်ရှင်ရုံထဲရောက်တော့ ပြချိန်ကကျော်လျက်ရှိလေပြီ၊ ရုံထဲ၌ လူက ကျဲတောက်တောက်မျှသာရှိသည်၊ များသောအားဖြင့် သူတို့လို ဒွိယ ဒွိယစုံတွဲတွေကိုသာ ဟိုနားတစ်တွဲ သည်နားတစ်တွဲဆိုသလို တွေ့ရသည်။

ထိုင်ခုံတွင်နေရာယူပြီးကြစဉ်နှင့် ပိတ်ကားပေါ်တွင် နိုင်ငံတော်အလံကပေါ်လာလေတော့သည်၊ သူတို့ မတ်တတ်ရပ်လိုက်ကြသည်၊ နိုင်ငံတော်အလံပျောက်သွားတော့မှ ပြန်ထိုင်လိုက်ကြသည်၊ မကြာမီပင် ရုပ်ရှင်ရုံတစ်ခုလုံး အမှောင်ချလိုက်လေပြီ။

ပိတ်ကားပေါ်တွင် ကြော်ငြာဇာတ်ကားတွေကို စ၍ထိုးပြသည်၊ ဖြစ်ချင်တော့ ထိုကြော်ငြာထဲမှ ဇာတ်ကွက်တစ်ခုကမင်းသားနှင့်မင်းသမီးပင်လယ်ကမ်းခြေကျောက်ဆောင်ပေါ်မှာ တစ်ဦးကိုတစ်ဦး အသည်းအသန် အနမ်းပွင့်ခြွေနေသည့်အခန်း ဖြစ်နေသည်။

ရေကူးဝတ်စုံနှင့် မင်းသမီး၏ခါးကို တင်းတင်းဖက်၍ မင်းသားက အငမ်းမရ အနမ်းပေးနေတာတွေ့ရတော့ ဒေါ်မျိုးမြင့်မြတ် ဒိန်းဒလိန်း နတ်ဝင်ပူးခြင်းကို ခံရလေပြီ၊ ထိုအချိန်မှာပင် သူ့လက်ပေါ်သို့ တရွရွတက်လာသော အထိအတွေ့ကို စပြီးသိလိုက်ရသည်၊ မကြာမီ သူ့လက်ကို ကျော်ကိုကို၏ လက်က အပေါ်မှ မိမိရရအုပ်ကိုင်မိလျက်သား ဖြစ်နေလေပြီ။

ပထမတော့ ခပ်ဖွဖွလေး ဆုပ်ညှစ်နေရုံမျှသာ၊ နောက်တော့ – တဖြည်းဖြည်းကြမ်းလာသည်၊ ခပ်တင်းတင်း ခပ်နာနာလေး ညှစ်လာသည်၊ သူ့လက်ကိုရုန်းဖယ်ခြင်း မပြုမိ၊ လူတစ်ယောက်တော့ အသက်ရှူများစပြုနေပြီ၊ ခဏကြာလျှင် သူ့လည်ကုပ်ဆီမှ စွတ်စိုပူနွေးသော အထိအတွေ့ကို ကောင်းကောင်းကြီး ခံစားလိုက်ရသည်၊ တစ်ကိုယ်လုံး စိမ့်တက်သွားတော့သည်။

ကျော်ကိုကိုက သူ့နားတွင် ကပ်ပြီး တိုးတိုးပြောသည်၊

www.burmeseclassic.com

"စိတ်မဆိုးပါနဲ့ - မမရယ်၊ ကျွန်တော်မအောင့်နိုင်တော့ဘူး၊ မမကိုသိပ်ချစ်တာပဲ၊ မမလည်း ကျွန်တော့်ကိုချစ်တာပဲမဟုတ်လား၊ ပြောပါနဲ့ မမရယ်၊ ဘယ်နည်းနဲ့မှ ကျွန်တော် မမကို မခွဲနိုင်ဘူး"

ဘာပြန်ပြောရမှန်းမသိ၊ လောလောဆယ် ရင်ထဲမှာ တမ္ဘာပျက်သလို ဆူပွက်နေသည်ကိုသာ သူသိသည်၊ ထိုအတောအတွင်း ကျော်ကိုကို၏ လက်တစ်ဖက်က သူ့ပုခုံးပေါ်သို့ ဖက်တင်၍ လာခဲ့လေပြီ၊

"အမြန်ဆုံးလက်ထပ်ချင်တယ် မမရယ်၊ အိမ်ရောက်ရင် ကျွန်တော် ဖေဖေနဲ့မေမေကို တစ်ခါတည်းဖွင့်ပြောလိုက်တော့မယ်၊ ကျွန်တော့်ဘဝမှာ ရွှေလည်းမလိုဘူး၊ ငွေလည်း မလိုဘူး၊ မမသာ အရေးအကြီးဆုံးပဲ၊ နော် - မမ"

ဆလိုလိုခေါင်းညိတ်ပြမိလျက်သားဖြစ်သွားသည်၊ ဤတွင် ကျော်ကိုကိုက သူ့ပုခုံးကို စေးတင်းတင်း ဖက်ညှစ်လိုက်သကဲ့သို့ သူကလည်း ကျော်ကိုကို၏ လက်ကို ဆုပ်နယ်ပေးနေမိလျက်သားဖြစ်၍နေလေသည်၊

❀❀❀

ယခန့ အိမ်၌ ဒေါ်မျိုးမြင့်မြတ်တစ်ယောက်သာ ရှိနေသည်၊ အဖေါ်ဖြစ်သူကမေမေရှိရာရိပ်သာသို့ရောက်သွားလည်းချင်သည်ဟုဆိုကာ မနက်ကတည်းကထွက်သွားသည်၊ အိမ်ဖော်ကောင်မလေး နိုင်နိုင်ကတော့ မနေ့ ကပင် အလုပ်မှ ကတိုက်ကရိုက် ထွက်သွားသည်၊ ဗဟသာတရှိမိခင်ဖြစ်သူ အသည်းအသန်ဖြစ်နေ၍ သာကြောင့်အမြန်သွားရပါမည်ဟု ဆိုလေသည်၊

ဘုရားသောက်တော်ရေလဲနေရင်း ဒေါ်မျိုးမြင့်မြတ်က မရိုးမရွဖြစ်နေသည်၊ အိမ်ရှေ့ကိုလည်း လှမ်းလှမ်းပြီးကြည့်နေမိသည်၊ ထို့ပြင် မနေ့ည အိမ်ရာဝင်ခါနီး ကျမှ ဖုန်းထဲက လှမ်းပြောလိုက်သော ကျော်ကိုကို၏အသံကိုလည်းထပ်ကာထပ်ကာ ပြန်ကြားယောင်နေမိသည်၊

"ပြန်ရောက်ပြီ - မမရေ၊ အခု ရောက်ရောက်ချင်း လှမ်းဖုန်းဆက်လိုက်တာပဲ၊ ကျွန်တော်တော့ ရောက်ချင်လွန်းအားကြီးလို့လားမသိဘူး၊ ကိုယ်စီးလာတဲ့ကားကိုနေးတယ်ချည်းထင်နေမိတာပဲ၊ ဒီကြားထဲကားကလမ်းမှာတစ်ခါပျက်လိုက်သေးတယ်၊

တော်ပြီ - မမရာ၊ ကိုယ်ပိုင်ကား တစ်စီးလောက်တော့ ဆွဲမှဖြစ်တော့မယ်၊ ဒါမှ - ကိုယ်သွားချင်သလို စိတ်ကြိုက်သွားရမှာ၊ မနက်ဖြန်မနက် ကားဝိုင်းကိုကားသွားကြည့်မယ်၊ အဲဒီကနေ တစ်ဆက်တည်း မမဆီ ဝင်ခဲ့မယ်၊ ချစ်တယ် - မမရယ်"

နောက်ဆုံးစကားကိုညည်းသံလေးပြုကာ ပြောသွားခဲ့သည်၊

ဆိုရသော်ရုပ်ရှင်ရုံထဲမှာနှစ်ဦးသား ပွင့်လင်းမိကြပြီးနောက်ပိုင်း သူ့အရှုး အမဲသားအကျွေးခံရသလိုဖြစ်နေသည်၊ ကျော်ကိုကို့အပေါ် အစွဲကြီး စွဲသွားခဲ့ရသည်၊ စားလည်း သည်စိတ်၊ အိပ်လည်း သည်စိတ်ဖြစ်နေရသည်၊ ကျော်ကိုကို မိုးကုတ်ပြန်သွားသည့် (၃)ရက်တာ ကာလကလေးတိုပင် (၃) နှစ်မက ကြာမြင့်လှသည်ဟုထင်မြင်နေမိသည်၊ မနေ့ညက ဖုန်းထဲမှာ ကျော်ကိုကို့အသံလေး ပြန်ကြားရတော့မှ နေသာထိုင်သာ ရှိသွားတော့သည်၊ ထို့ကြောင့် မနက်စောစောကတည်းကပင် သူ့ အစွမ်းကုန် အလှပြင်ကာ ယခုကဲ့သို့ -

"တီတီ - တီတီ - တီတီ - တီတီ"

ကြားရလေပြီ၊ သူ့အကြားချင်ဆုံး အသံကို ကြားရလေပြီ၊ ထိုင်ရာထကာ အပျိုဖြန်းမလေးသဖွယ် အပြေးသွားလိုက်မိသည်၊ ကျော်ကိုကိုက အဆင့်ဖွင့်ထားပေးသော ခြံတံခါးမှ သွတ်လက်စွာဝင်လာသည်၊ တိုက်ရှေ့တံခါးဝမှာပင် ပက်ပင်းဆုံမိကြသည်၊ ခြံဝတွင်မှ အဝါရောင်ကားလှလှလေးတစ်စီးကို တွေ့ရသည်၊

ကျော်ကိုကိုက ရွှန်းရွှန်းစားစား ကြည့်နေသည်၊ သူကလည်း မမိုတ်မသုန်ပင် ပြန်ကြည့်နေမိသည်၊ ထို့နောက်ကျော်ကိုကိုက အိမ်တွင်းသို့တစ်ချက်အကဲခတ်လိုက်သည်၊ အိမ်တွင် လူမိုမရှိမှန်းသိလိုက်သည်နှင့်ဒေါ်မျိုးမြင့်မြတ် လက်တစ်ဖက်ကို ဆတ်ခနဲ ကိုင်လိုက်ကာတံခါးအကွယ်နေရာသို့ဆွဲခေါ်သွားသည်၊ ထို့နောက်တွင်တော့ -

"အို - ကျော်ကျော်ရယ်"

မှန်တိုင်းထန်သွားရလေပြီ၊ ကျော်ကိုကို့ရင်ခွင်ထဲတွင် လောကကြီးတစ်ခုလုံးကိုမေ့သွားရလေပြီ၊ အတန်ကြာမှပင် မောလျှနွမ်းသံလေးဖြင့်ကျော်ကိုကိုအားပြောရသည်၊




www.burmeseclassic.com

www.burmeseclassic.com

"တော် - တော်ပါတော့ - ကျော်ကျော်ရယ်၊ လူတွေလာနေမှဖြင့်"

"ချစ်တယ် - မမရယ်၊ သိပ်ချစ်တယ်၊ မမနဲ့ခွဲသွားရတဲ့ရက်တွေကို တစ်ကမ္ဘာလောက်ကြာတယ်တောင် ထင်မိတယ်၊ မမရော ဟင်"

"မမလည်း ကျော့်လိုပါပဲ၊ လွမ်းရတာပါပဲ"

"အမြန်ဆုံး လက်ထပ်ချင်တယ် မမရယ်၊ အတူနေချင်ပြီ၊ အခု မမလိုချင်တဲ့ကျောက်တွေ ကျွန်တော် အများကြီး ယူလာခဲ့တယ်၊ ကားလည်း ဝယ်ဖြစ်တယ်၊ ဟိုမှာကြည့်လေ - မမ်"

"ဝမ်းသာပါတယ် - ကျော်ရယ်"

ထို့နောက် အသီးသီးထိုင်မိကြသည်၊ ကျော်ကိုကိုက အိတ်ကိုဖွင့်ကာ စက္ကူထုပ်ကလေးများကို ထုတ်ယူလိုက်သည်၊ အထုပ်တစ်ထုပ်ကို ဖြေ၍လည်း ဒေါ်မျိုးမြင့်မြတ်ကို အားတက်သရော ပြလိုက်သည်၊

"ဒီမှာတွေ့လား - မမ၊ မမအကြိုက်တာပလာတွေ၊ အလုံးရေငါးရာကျော်လောက်တောင်ရှိမယ်၊ မမအတွက် ဝယ်ရှယ်ယူလာတာ"

သူက တစ်ချက်ဝဲကြည့်သည်၊ သို့သော် စိတ်က ကျောက်ဆီသို့ လုံးဝမရောက်ချင်တော့၊ ပြောရလျှင် သူ့ယာခုတိုင် ကတုန်ကယင်ကြီး၊ မောသလိုလိုကြီး ဖြစ်နေသေးသည်၊

ကျော်ကိုကိုက စက္ကူထုပ်ကို မူလအတိုင်း ပြန်ထုပ်ထားလိုက်သည်၊ ထိုအခိုက် ရှန်းဓါသံက မြည်လာခဲ့လေသည်၊ ကျော်ကိုကိုက ဖုန်းလေးကို ဆွဲထုတ်ကာ နားထောင်လိုက်လေသည်၊

"ဟုတ်တယ် - ကျော်ကိုကိုပါ"

"× × × × × × × × × × × × × × × × × × × × ×"

"ဟာ - ဘယ်လိုဖြစ်သွားရတာလဲ၊ ပြောတော့ ခင်ဗျားပဲ ရပါတယ်ဆို၊ ခုဘယ်လိုလုပ်မလဲ၊ ကျောက်က ရောင်းတောင် မရောင်းရသေးဘူး"

"× × × × × × × × × × × × × × × × × × × × × × ×"

"ခက်ပြီဗျာ - ခင်ဗျားတို့လောကကလည်း အမျိုးမျိုးပါပဲလား၊ ဒါဖြင့် ခင်ဗျားကားကို ပြန်ယူမလား၊ ပိုက်ဆံတော့ မရှိသေးဘူး"

"× × × × × × × × × × × × × × × × × × × × ×"

"ဟုတ်ပြီ - ဟုတ်ပြီ - ပြီးတာပဲ"

ကျော်ကိုကိုက ဖုန်းကို ပြန်ပိတ်လိုက်သည်၊ မျက်နှာကလည်း ခပ်မှုန်မှုန်ဖြစ်သွားသည်၊ ဒေါ်မျိုးမြင့်မြတ်က စိတ်ဝင်စားစွာ ဝင်မေးလိုက်သည်၊

"ဘာကိစ္စလဲ ဟင် - ကျော်ကျော်"

"ဘာကိစ္စရမလဲ၊ ကားကိစ္စပေါ့ဗျာ၊ အခု - ကျွန်တော်ယူလာတဲ့ကားပေါ့"

"ဘယ်လိုဖြစ်တာလဲ ဟင်"

"ကားဖိုးက ကျွန်တော် တစ်ဝက်ပဲ ချေခဲ့ရသေးတယ် - မမရဲ့၊ ကျန်တာကိုတော့ တစ်ပတ်လောက်ခြားပြီး ချိန်းထားတာ၊ အခုပွဲစားက ငွေကို ချက်ချင်းရချင်တယ်ပြောနေလို့၊ ကားရောင်းတဲ့သူက နိုင်ငံခြားထွက်ဖို့ ငွေကို အရမ်းလိုနေလို့တဲ့"

"အဲဒါ ဘယ်လိုလုပ်မလဲ ဟင်"

"ဘာတတ်နိုင်မလဲ၊ ကားပဲပြန်ပေးလိုက်ရတော့မှာပေါ့၊ ကျွန်တော့်လက်ထဲမှာလည်း လောလောဆယ်ငွေက ပြန်မှမပေါ်သေးပဲ"

"အဲဒီလိုတော့ မကောင်းပါဘူး ကျော်ကျော်ရယ်၊ ဝယ်ပြီးသားလေး အဖတ်တင်ပါစေတော့လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ကားက ကားကောင်းလေး၊ ဈေးကလည်း တော်တော်သင့်တယ်၊ ဒါပေမဲ့ - ဘာတတ်နိုင်တော့မလဲ - မမရဲ့"

"ဒီလို လုပ်လေ - ကျော်ကျော်အဆင်ပြေအောင် ကျောက်ဖိုးကို မမအခုချေပေးလိုက်မယ်၊ ကျောက်ဖိုးက အားလုံး ဘယ်လောက်လဲ၊ ကျော်ကျော့်ကားဖိုးကိုရော မီရဲ့လား"

"မီတယ် - မမရဲ့၊ ကားဖိုးက ရှစ်ဆယ်လောက်ထပ်ပေးရမှာ၊ ကျောက်ဖိုးကတော့ အားလုံး သိန်းတစ်ရာဖိုးလောက် ရှိတယ်"

"ဒါဖြင့် - မမ ချက်ရေးပေးလိုက်မယ်၊ ကားကိစ္စ ကျော်ကျော် အရင်သွားရှင်းလိုက်ဦးလေ"

"ဒါဆိုလည်း ပိုအဆင်ပြေသွားတာပေါ့ - မေရယ်"

ကျော်ကိုကိုက စိတ်သက်သာရာရသွားဟန်ဖြင့် ပြောလိုက်သည်၊ သူ့မျက်

www.burmeseclassic.com

နာတွင်မှ အကြီးအကျယ် ဝမ်းသာသွားဟန်ဖြင့် ဝင်းလက်နေလေသည်။ ထို့နောက် ဒေါ်မျိုးမြင့်မြတ်က အတွင်းခန်းသို့ဝင်ပြီး ချက်တစ်စောင်ကို ရေး၍ ယူလာခဲ့လေသည်။ ထိုချက်လက်မှတ်အား ကျော်ကိုကိုထံသို့ လှမ်းပေးလိုက်သည်။

ကျော်ကိုကိုက ချက်ရပြီးနောက် လှပ်မြန်စွာ ထလိုက်သည်။ နှုတ်မှလည်း အလောသုံးဆယ် ပြောလိုက်သည်။

"ကျွန်တော်ပြန်ဦးမယ် - မမ။ ဒီပြင်ကိစ္စလေးတွေလည်းရှိသေးတယ်။ ကျွန်တော် မနက်ဖြန်မှပဲ မမဆီ ပြန်လာတော့မယ်"

ထို့နောက် နှစ်ယောက်သား အတူ လျှောက်လာခဲ့ကြသည်။ ဒေါ်မျိုးမြင့်မြတ်က မြို့ဝအထိ လိုက်ပို့ပေးလိုက်သည်။ ကျော်ကိုကိုက ကားပေါ်တက်၍ စက်နှိုးပြီးသည်နှင့်ပြုံးလျက် လက်တစ်ဖက်ကို မြှောက်ပြသည်။ သူကလည်းပြန်မြှောက်ပြလိုက်သည်။ ထွက်ခွာသွားသော ကားလေးကိုလည်း မျက်စိတစ်ဆုံး ငေးကြည့်နေမိသည်။

အတန်ကြာတော့မှ သတိရကာ နာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ အဒေါ်ဖြစ်သူက ညနေစောင်းလောက် တွင်မှ ပြန်ရောက်လိမ့်မည်ထင်သည်။ အဒေါ် ပြန်ရောက်သည်နှင့် ဒေါ်သီသီစိုး ထံ သူ့ ကျောက်ပြရန် သွားရမည်။

❀❀❀

အဖြစ်အပျက်တွေဟာမြန်ဆန်လွ လှသည်။ တိုတောင်းလှသော အချိ အတွင်းမှာပင်မမျှော်လင့်သောအပြော အလဲတွေက ဆက်တိုက်ဝင်ရောက်သွား သည်။

ကျော်ကိုကို ပြန်သွားပြီးနောက် မွန်းလွဲနှစ်နာရီခန့်တွင် အဒေါ်ဖြစ်သူ ပြ ရောက်လာသည်။ အဒေါ်က မေမေ အဖျားနည်းနည်းဝင်နေကြောင်း၊ ရိပ်သာ ဆရာဝန်နှင့်ပြနေရကြောင်းပြောသည်။ ထို့ကြောင့်သူ့ကျောက်ထုပ်တွေကိုယူ ပထမ ဒေါ်သီသီစိုးအိမ်သို့ သွားသည် ကျောက်ထုပ်တွေကို ထိုးအပ်ခဲ့ပြီး ရိ

သာသို့ ကတိုက်ကရိုက် ဆက်ထွက်ခဲ့သည်။ ရိပ်သာရောက်တော့ မေမေက သက်သာလျက်ရှိလေပြီ။ ထို့ကြောင့် ရိပ်သာတွင် စကားနေပြီး နောက် သူ့ အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်၍ ထိုင်ပင် မထိုင်ရသေး။ ဖုန်းခေါ်သံကမြည်လာလေတော့သည်။ သူ ဖုန်းကို ထုတ်၍ နားထောင်လိုက်သည်။ ဒေါ်သီသီစိုးအသံက ပေါ်လာသည်။

"ဟဲ့ - မျိုးမျိုးလား"

"ဟုတ်တယ် - မမစိုး"

"နေပါဦး - ငါ မေးပါဦးမယ်။ နင် ငါ့ဆီ ထားခဲ့တဲ့ကျောက်တွေက ဘာကျောက်တွေလဲ"

"တာပလာတွေလေ - မမစိုး။ ငွေတောင်တစ်ခါတည်းရပြီးယူထားလိုက်တာ။ ဘာဖြစ်လို့လဲ"

"သေဟဲ့ - ဘယ်ကတာပလာတွေရမှာလဲ၊ အဲဒါ ဖန်စီးတွေဟဲ့၊ ဖန်စီးတွေ။ မိမျိုး နင်တော်တော်အူပါလား။ ကျောက်ပွဲစားလုပ်နေပြီး ဒါလေးတောင် ခွဲခြားပြီး မသိရအောင် နင် ဘာဖြစ်နေတာလဲ"

"ဟုတ် - ဟုတ်ရဲ့လား - မမစိုးရယ်။ သေသေချာချာလည်း ပြန်ကြည့်ပါဦး"

"တောက် - နင်သာ မျက်စိကန်းချင်ကန်းမယ်။ ငါ မကန်းဘူး။ သိရဲ့လား ကောင်မရဲ့၊ နင် အလိမ်မိပြီ။ နားလည်လား။ နင် ဘယ်မှမသွားနဲ့။ ငါ အခုလာခဲ့မယ်။ ရဲအုပ် ကိုမောင်မောင်ဇော်ကိုပါ တစ်ခါတည်း ခေါ်ခဲ့မယ်"

တစ်ကိုယ်လုံးကျောက်ရုပ်ဖြစ်သွားသည်။ အသက်ရှူဖို့မေ့နေသလို မျက်တောင်ခတ်ဖို့ကိုလည်း သတိမရတော့။ တောင့်တောင့်ကြီးဖြစ်ကာ ကြောင်နေ၊ ငေးနေသည်။ ထိုအချိန်မှာပင်ဖုန်းခေါ်သံက ထပ်ပြီးပေါ်လာပြန်သည်။ ကယောင်ကတမ်းနှင့်ပင်ဖုန်းကိုနားတွင်ကပ်လိုက်သည်။

"ဟာလို - မမျိုးလား"

"ဟုတ် - ဟုတ်ပါတယ်"

"ကျွန်တော် သန်းဇော်ပါ။ မနေ့ညကမှ မော်လမြိုင်က ပြန်ရောက်တာ။ ဒါနဲ့ မမျိုး၊ ကျွန်တော် မော်လမြိုင် မသွားခင် ခင်ပျားဆီကို လွှတ်လိုက်တဲ့ ကျောက်ကုန်သည်က ကျွန်တော့်ကို လာပြောနေတယ်။ ခင်ပျားဆီမှာ ကျောက်မိုးဖွေ မရသေးလို့တဲ့"





www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်က အဲဒီကားသူခိုးတွေရဲ့ လှုပ်ပုံပန်းသဏ္ဌာန် ကျွန်တော်က မေး ကြည့်တယ်။ ပြီးတော့–ရာဇဝင်ရှိဖူးသူ တွေရဲ့ ဓာတ်ပုံမှတ်တမ်းဟောင်းတွေ ကိုလည်း ကျွန်တော်က သူ့ကို ထုတ်ပြ တယ်။ ထုတ်ပြတော့ ဓာတ်ပုံတစ်ပုံကို လည်းတွေ့ရော တက္ကစီသမားက ဒီလူပဲ ဒီလူပဲဆိုပြီး ထောက်ပြတော့တာပဲ။ သူ ထောက်ပြတဲ့ဓာတ်ပုံကတော့ ဟောဒီဓာတ်ပုံပဲဗျ။

# ၆၆

"ဘယ်ကကျောက်ကုန်သည်လဲ ကိုသန်းဇော်၊ ကျွန်မ ဘယ်သူ့ဆီမှ ငွေ မကျန်ဘူး"

"ဦးမြိုင်လေး - မိုးကုတ်ကကျောက် ကုန်သည် ဦးမြိုင်၊ သူပြောတာကတော့ ခင်ဗျားဆီမှာ ကျောက်ဖိုး သုံးပုံနှစ်ပုံ လောက် ရစရာကျန်နေသေးတယ်တဲ့"

"ဦးမြိုင် - ဘယ်ကဦးမြိုင်လဲ၊ ကျွန်မ လည်း မသိပါလား - ကိုသန်းဇော်"

"ဟုတ်တယ် - ဦးမြိုင်ကလည်း ပြောတယ်၊ ခင်ဗျားအိမ်ကို သူရောက် တုန်းက ခင်ဗျားနဲ့ မတွေ့ဘူးတဲ့၊ ခင်ဗျား မောင်နဲ့ပဲ တွေ့တယ်တဲ့၊ ခင်ဗျားမောင် က ခင်ဗျား ခရီးသွားနေတယ်၊ အခု အိမ် မှာမရှိဘူး၊ ကျောက်ကိစ္စဆိုရင် ခင်ဗျား ကိုယ်စား သူနဲ့ပဲစိတ်ချလက်ချလုပ်ပါလို့ ပြောတယ်တဲ့"

"နေပါဦး - ကိုသန်းဇော်၊ ကျွန်မမှာ လည်း မောင်မရှိဘဲနဲ့၊ ဘယ်က ကျွန်မ မောင်လဲ၊ ဒါကို - ကိုသန်းဇော်လည်း အသိပဲမဟုတ်လား"

"ဟုတ်ပါတယ် - သိပါတယ်၊ ကျွန် တော်လည်း အဲဒါကိုမရှင်းလို့ အခု လှမ်း မေးလိုက်တာပေါ့၊ နေဦး - သူပြောတာ ကို ဆက်နားထောင်ဦး၊ ဒါနဲ့ ဦးမြိုင်က အဲဒီခင်ဗျားမောင်ဆိုတဲ့သူကို ကျောက် တွေ အပ်ခဲ့သတဲ့ဗျ၊ သူ့လိပ်စာတွေ၊ ဖုန်း နံပါတ်တွေကိုလည်း ပေးခဲ့သတဲ့၊

ဒါနဲ့ - နောက်သုံးရက်လောက်ကြာ တော့ ခင်ဗျားမောင်ဆိုတဲ့သူက ဦးမြိုင် တည်းနေတဲ့အိမ်ကို ရောက်လာတယ် တဲ့၊ အရင်ထားခဲ့တဲ့ကျောက်တွေစွံကုန် ပြီဆိုပြီး ကျောက်ဖိုးငွေတချို့ကို လာရှင်း ပေးသတဲ့၊ နားထောင်နော် - မမျိုး၊ အဲဒီနောက် ခင်ဗျားမောင်ဆိုတဲ့သူက ကျောက်ရှိသေးရင် ပြပါဦး၊ ယူသွားချင် သေးတယ်လို့ ပြောတာနဲ့ ဦးမြိုင်က ကျောက်တချို့ကိုတောင် ထပ်ထုတ်ပေး လိုက်သေးတယ်တဲ့ဗျ၊

နောက်လေးငါးရက်လောက်ရှိရင် ကျောက်ဖိုးတွေအားလုံး လာရှင်းပေး မယ်၊ အိမ်ကို လိုက်မလာပါနဲ့၊ စိတ်ချ လက်ချနေပါလို့ ခင်ဗျားမောင်က မှာပြီး တော့ ပြန်သွားသတဲ့၊ အဲဒီကတည်းက ပျောက်သွားလိုက်တာ ချိန်းတဲ့ရက်ကို ကျော်လာပြီး ဒီနေ့အထိ ပေါ်မလာတော့ ဘူးတဲ့၊ ဒါနဲ့ - ဦးမြိုင်က ခင်ဗျား အိမ်ကို လိုက်သွားဖို့လုပ်နေတုန်းမှာ ဒီမနက် ကျွန်တော်နဲ့ပြန်တွေ့လို့ အကြောင်းစုံကို ပြောပြတာပဲ၊ နားလည်ပြီလား - မမျိုး"

"ဟင့်အင်း - ကျွန်မတော့ ဘာမှကို မသိတော့ဘူး၊ တအားကိုရှုပ်နေတာ ပဲ"

"ဟုတ်တယ် - ဒီကိစ္စအရေးကြီး တယ်၊ ကျွန်တော်ကိုယ်တိုင် ဦးမြိုင်ပြော တာတွေကို နားမရှင်းဘူး၊ အထူးသဖြင့် ကြားလူ ခင်ဗျားမောင်ဆိုတာကိုပေါ့၊ ဒီလိုလုပ် - ကျွန်တော် ခုချက်ချင်းလာခဲ့ မယ်၊ ဦးမြိုင်ကိုပါ တစ်ပါတည်း ခေါ်လာ ခဲ့မယ်၊ ဟုတ်ပြီလား - မမျိုး"

ကိုသန်းဇော်က စကားကို အဆုံး သတ်လိုက်သည်၊ ဒေါ်မျိုးမြင့်မြတ်က ငိုင်မြဲငိုင်နေမိသည်၊ သို့သော် တစ်စုံ တစ်ခုကို သတိရလိုက်သည်မို့ ကိုသန်း ဇော်အား အလျင်အမြန်ပင် လှမ်းမေး လိုက်မိသည်၊





www.burmeseclassic.com

www.burmeseclassic.com

"ကိုသန်းဇော် - အဲဒီ ကျွန်မမောင်ဆိုတဲ့သူက ဘယ်သူတဲ့လဲ၊ ဦးမြိုင်က နာမည်မပြောဘူးလား"

"ပြောပါတယ် - ကျော်ကိုကိုတဲ့ဗျ"

"ဟင်"

"ဒေါက်"

လက်တွင်းမှဖုန်းက အောက်သို့ ပြုတ်ကျသွားသည်၊ ခေါင်းထဲ၌လည်း လောကကြီးတစ်ခုလုံးလည်း ချာချာလည်သွားသည်၊

❀❀❀

ဒေါ်သီသီစိုးနှင့် ရဲအုပ်မောင်မောင်ဇော်တို့ကတစ်တွဲ၊ ကိုသန်းဇော်နှင့် ဦးမြိုင်တို့ကတစ်တွဲ ရှေ့ဆင့်နောက်ဆင့်ပင် ရောက်လာကြသည်၊

ရဲအုပ်မောင်မောင်ဇော်က ဒေါ်မျိုးမြင့်မြတ်အား ယနေ့ဖြစ်ပုံပျက်ပုံ အလုံးစုံတို့ကို ဦးစွာမေးမြန်းသည်၊ ဒေါ်မျိုးမြင့်မြတ်က ရှင်းပြလိုက်သည်၊ ထို့နောက် မောင်မောင်ဇော်က ဦးမြိုင်အား ဆက်၍မေးသည်၊ ဦးမြိုင်က -

"ကျွန်တော်လည်း ကိုသန်းဇော် ပြောတဲ့အတိုင်း ဒေါ်မျိုးမြင့်မြတ်အိမ်ကို လာခဲ့ပါတယ်၊ ကိုသန်းဇော်က မနက် (၁၀) နာရီလောက် သွားလိုက်ဖို့ ပြောထားပေမယ့် ကျွန်တော်က စိုးရိမ်လွန်ပြီး မနက် (၈) နာရီလောက်မှာ ရောက်လာခဲ့တယ် ခင်ဗျ၊ အဲဒီမှာတင် - ဒေါ်မျိုးမြင့်မြတ်နဲ့ မတွေ့ရပဲ ကျော်ကိုကိုနဲ့သာ တွေ့ခဲ့ရတယ်၊ သူနဲ့အတူ သူ့ဘေးမှာ ကောင်မလေးတစ်ယောက်ကိုပါ တွေ့ရပါတယ်၊ ကျွန်တော်က လာရတဲ့အကြောင်း ပြောပြတော့ သူ့အစ်မ မရှိတဲ့အကြောင်း၊ အရေးပေါ်ကိစ္စတစ်ခုကြောင့် ချက်ချင်း ခရီးထွက်သွားရကြောင်း၊ သူ့ကို အလုပ်တွေလွှဲအပ်ထားခဲ့ကြောင်း၊ သူနဲ့ အလုပ်လုပ်ရင်လည်း ရတဲ့အကြောင်း ပြောပါတယ်၊ သူ့ဘေးက ကောင်မလေးကိုလည်း သူ့မိန်းမဖြစ်တဲ့အကြောင်း ပြောပြပါတယ်"

"ခဏ - ခဏလေး - ဦးမြိုင် ဒီကို ရောက်တော့ ဒေါ်မျိုးမြင့်မြတ်ကို မတွေ့ရဘူးနော်၊ အဲဒီအချိန်မှာ ဒေါ်မျိုးမြင့်မြတ်က ဘယ်သွားနေလဲ၊ ပြန်စဉ်းစားကြည့်ပါဦး"

"ကျွန်မလည်း ကိုသန်းဇော်က မနက် (၁၀) နာရီလောက်မှာ ကျောက်ကုန်သည်တစ်ယောက် ကျောက်လာပြလိမ့်မယ်လို့ပြောထားတော့ မနက် (၁၀) နာရီမတိုင်ခင် ဒီပြင့်လုပ်စရာရှိတာလေးတွေ လုပ်ဖြစ်ပါတယ်၊ ရိပ်သာက မေမေ မှာလိုက်တဲ့ပစ္စည်းတွေဝယ်ဖို့ ဈေးကို အဒေါ်နဲ့ အတူသွားပါတယ်၊ ဈေးဝယ်ပါတယ်၊

ပြီးတာနဲ့ စက်ချုပ်ဆိုင်တစ်ဆိုင်ကို ဝင်ပါတယ်၊ သဘက်ကလေးတွေမှာ တံဆိပ်ပိုင်းကလေးတွေ တပ်ပေးဖို့ စက်ဆိုင်မှာ အလုပ်အပ်ပါတယ်၊ မေမေက ရိပ်သာမှာ သူ ဒါနလုပ်ချင်လို့ဆိုပြီး မှာထားလို့ပါ၊ ကျွန်မတို့ ထိုင်စောင့်နေပါသေးတယ်၊ နောက်တော့ - ဧည့်သည်နဲ့ ချိန်းထားတာ နောက်ကျမှာစိုးတာနဲ့ အဒေါ်ကို စက်ဆိုင်မှာထားခဲ့ပြီး ကျွန်မက အိမ်ပြန်ခဲ့ပါတယ်"

"ဒေါ်မျိုးမြင့်မြတ်တို့တူဝရီး ဈေးကို ထွက်လာတော့ အိမ်မှာ ဘယ်သူကျန်ခဲ့သလဲ"

"အိမ်ဖော်လုပ်တဲ့ နိုင်နိုင်တစ်ယောက်ပဲ ကျန်ခဲ့ပါတယ်"

"ဟုတ်ပြီ - ဟုတ်ပြီ၊ ဒီတော့တာ ဦးမြိုင်က ပါလာတဲ့ကျောက်တွေ ကျော်ကိုကိုကို ပြရောဆိုပါတော့"

"ပြရုံဘယ်ကမလဲ - ဆရာရယ်၊ ကျောက်တွေ တော်တော်များများကို သူ့လက်ထဲ ထိုးအပ်လိုက်တာပေါ့၊ ကျွန်တော်လည်း ကိုသန်းဇော်က အာမခံထားတာဆိုတော့ ယုံမိတာပေါ့ဗျာ"

ကိုသန်းဇော်က ဝင်ပြောသည်၊

"ဟုတ်ပါတယ် - ကျွန်တော်လည်း ကိုယ့်အရင်းရင်း အကြောင်းသိတွေချင်းဆိုတော့ အာမခံလိုက်တာပေါ့၊ ခုဟာက ကြားကလူတစ်ယောက်က..."

"ဒါတွေ ခဏထားဦး၊ ဒေါ်မျိုးမြင့်မြတ်ကိုပဲ ကျွန်တော် ပြန်မေးဦးမယ်၊ ဒီမနက် ဒီကိုကျော်ကိုကိုလာတော့ ကားတစ်စီးဝယ်လာတယ်လို့ပြောတယ်နော်၊ အဲဒီကားက ဘာအရောင်လဲ၊ ခင်ဗျား မှတ်မိလိုက်လား"

"မှတ်မိပါတယ်၊ အဝါရောင်ဝင့် ကားလေးပါ"

"ဟုတ်ပြီဗျို့ - ဟုတ်ပြီ၊ ကျွန်တော် ထင်တဲ့အတိုင်း ဖြစ်နေပြီထင်တာပဲ၊ ကျွန်တော်ပြမယ်"

ထိုသို့ပြောကာ မောင်မောင်ဇော်က သူနှင့်အတူ ပါလာသော ဖိုင်တွဲကြီးအား အမြန်လှန်လှော၍နေလေသည်၊ ပါးစပ်မှလည်း စကားပြောမရပ်ပေ၊

www.burmeseclassic.com

"မနေ့ညက ကားခိုးမှုတစ်ခုဖြစ်တယ်ဗျ။ ဖြစ်ပုံက တက္ကစီတစ်စီးကို စုံတွဲတစ်တွဲက ငှားသွားတယ်။ ငှားသွားပြီးမြို့ပြင်တစ်နေရာရောက်တော့ တက္ကစီသမားကိုမေ့ဆေးနဲ့အုပ်၊ လမ်းဘေးတွန်းချထားခဲ့ပြီး ကားကို မောင်းပြေးသွားတယ်။

တက္ကစီသမားက သတိရလာတော့မှ စခန်းကို လာတိုင်ချက်ဖွင့်တယ်။ အခိုးခံရတဲ့သူ့ကားက ဗင်ကားအဝါရောင်တဲ့။ ဒီတော့ – ဒေါ်မျိုးမြင့်မြတ်ဆီကို ကျော်ကိုကိုစီးလာတဲ့ကားနဲ့က တစ်ပုံစံတည်းဖြစ်မနေဘူးလား။ ဒါက ပထမတစ်ချက်ပေါ့။

နောက်တစ်ချက်က အဲဒီကားသူခိုးတွေရဲ့ လှုပ်ပုံပန်းသဏ္ဌာန် ကျွန်တော်က မေးကြည့်တယ်။ ပြီးတော့ – ရာဇဝင်ရှိုးသူတွေရဲ့ဓာတ်ပုံမှတ်တမ်းဟောင်းတွေကိုလည်း ကျွန်တော်က သူ့ကို ထုတ်ပြတယ်။ ဆုတ်ပြတော့ ဓာတ်ပုံတစ်ပုံကိုလည်းတွေ့ရော တက္ကစီသမားက ဒီလူပဲ ဒီလူပဲဆိုပြီး ထောက်ပြတော့တာပဲ၊ သူထောက်ပြတဲ့ဓာတ်ပုံကတော့ ဟောဒီဓာတ်ပုံပဲဗျ"

မောင်မောင်ဇော် ချပြသောဓာတ်ပုံကိုတစ်ပြိုင်နက်လိုလိုကြည့်လိုက်မိကြသည်။ ဤတွင် ဒေါ်မျိုးမြင့်မြတ်တစ်ယောက်ခေါင်းထဲတွင်မိုက်ခနဲဖြစ်သွားရလေတော့သည်။

"ဟာ – ဒါကျော်ကိုကိုတို့လင်မယားပဲ"

ဦးမြိုင်ထံမှအာမေဋိတ်သံထွက်ပေါ်လာခြင်းဖြစ်သည်။ ဒေါ်သီသီစိုးကလည်း ဓာတ်ပုံထဲ၌ ကျော်ကိုကိုနှင့်အတူ ယှဉ်တွဲလျက်မြင်ရသော မိုင်နိုင့်ပုံကို မြင်ရသည်နှင့် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ဒေါ်မျိုးမြင့်မြတ်ကိုလည်း လှမ်းကြည့်လိုက်လေသည်။ ဒေါ်မျိုးမြင့်မြတ်ကမူ ခေါင်းကိုသာ ငုံ့၍ထားလေသည်။

"ဒါဆို – သေချာပြီပေါ့။ ဒီကောင့်နာမည်ရင်းက မင်းမောင်တဲ့ဗျ။ နာမည်ကြီး ဖိုးတွမ်တီးသမားတစ်ယောက်ပဲ၊ ကားခိုးတယ်၊ ငွေလိမ်တယ်၊ ကျောက်လိမ်တယ်၊ အစုံလုပ်တယ်။ ဒီကောင်မလေးကတော့ သူ့မိန်းမ နနထွေးပဲ၊ ဒီဓာတ်ပုံက အရင်ကားခိုးမှုတစ်ခုတုန်းက ရိုက်ယူထားတဲ့ မှတ်တမ်းဓာတ်ပုံပဲ၊ ဒီတော့ကာ –"

မောင်မောင်ဇော်က စကားဖြတ်၍ စဉ်းစားနေသည်။ ထို့နောက် –

"ဟုတ်ပြီ၊ ကျွန်တော် သဘောပေါက်ပြီ ဒီလိုဗျ။ အရင်ကားခိုးမှုတုန်းက မင်းမောင်က ထောင်(၃)နှစ်၊ ကြံရာပါ နနထွေးက ထောင်(၁)နှစ် ကျသွားတယ်။ နနထွေးက ထောင်က အရင်ပြန်လွတ်လာပြီး ဒေါ်မျိုးမြင့်မြတ်ဆီ အိမ်ဖော်လာလုပ်ပါလိမ့်မယ်။ ဒီနောက် မင်းမောင်က ထောင်က လွတ်လာပြီး သူ့မိန်းမရှိရာ ဒီအိမ်ကို လိုက်လာရာကနေ အိမ်မှာ သူတို့နှစ်ယောက်ရှိနေတုန်း ဦးမြိုင်ရောက်လာတာနဲ့ကြုံသွားပါလိမ့်မယ်။ ဒီမှာတင် သူ့ကိုယ်သူ ဒေါ်မျိုးမြင့်မြတ်ရဲ့မောင်ပါဆိုပြီးတော့ ပုံမှားရိုက်ပြီး ဖျက်ကျသွားတာပဲဗျ။ လင်မယားနှစ်ယောက် အသေအချာအကွက်ချပြီးတော့ကို လုပ်သွားတာ။ ဒီကောင်က လိမ်သွားတာမှ နှစ်ဖက်ချွပြီး လိမ်သွားတာ၊ ဦးမြိုင်ကိုရော၊ ဒေါ်မျိုးမြင့်မြတ်ကိုရော တစ်ချက်တည်း ရိုက်သွားခဲ့တာ။

ဒီကြားထဲ ကားခိုးမှုကိုပါ တျူးလွှန်သွားလိုက်သေးတယ်၊ ကားကိုတော့ ပြန်ရပါပြီ၊ ဝင်းပလာဇာရှေ့မှာ ပြန်ထိုးထားခဲ့တာ၊ ဒီကောင့်ကြည့်ရတာ ဒေါ်မျိုးမြင့်မြတ်ဆီရော၊ ဦးမြိုင်ဆီကပါ ငွေတွေတော်တော်ပွသွားတာဆိုတော့ စိတ်ပြောင်းပြီးကားကိုမယူတော့ဘဲပြန်ထားခဲ့တာဖြစ်ရမယ်၊ အမြန်ဆုံး ကိုယ်လွတ်ရုန်းပြေးတဲ့ သဘောပဲ။ ခုလောက်ဆို သူတို့ တော်တော်ခရီးရောက်သွားလောက်ပြီ၊ ကျွန်တော်တို့ တတ်နိုင်သလောက်တော့ ကြိုးစားကြည့်မယ်လေ၊ ကိုင်း – အမှုဖွင့်ရအောင် ဦးမြိုင်နဲ့ ဒေါ်မျိုးမြင့်မြတ် စခန်းကို ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

မောင်မောင်ဇော်နှင့် ဦးမြိုင်တို့က ထိုင်ရာမှ ထလိုက်ကြသည်၊ ဒေါ်မျိုးမြင့်မြတ်ကမူ ဒေါ်သီသီစိုးကို လှမ်းပြောလိုက်သည်၊

"မမစိုးမဲ့ လိုက်သွားလိုက်ပါ၊ ညီမ နေမကောင်းချင်လို့"

ဒေါ်သီသီစိုးက သူ့ကို မျက်စောင်းတစ်ချက်လှမ်းခဲပြီး ထိုင်ရာမှထ၍ မောင်မောင်ဇော်နှင့် လိုက်ပါသွားလေသည်၊ နှစ်ယောက်တည်းကျန်တော့မှ ကိုသင်းဇော်က စကားစသည်၊





www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်က အပိုင်လုပ်သွားတာ ပဲဗျ"

"ဟုတ်တယ် – ကျွန်မလည်း ပထမ တစ်ကြိမ် တော်တော်မြတ်လိုက်တော့ ယုံလိုက်မိတယ်"

"ဒါပေမဲ့ – ဒီဗီးတျောက်တွေနဲ့ လိမ် သွားတာကိုတော့ ကျွန်တော် အံ့ဩလို့ မဆုံးဘူး။ ဒီကျောက်မျိုးတွေက ပန်းထိမ် ဆိုင်တွေမှာကော ကျောက်ပိုင်းတွေမှာပါ ပေါပေါပဲပဲ ရနိုင်တဲ့ဟာတွေပဲ"

ဒေါ်မျိုးမြင့်မြတ်က စကားသံ တိတ် နေသည်။

"ဒီ ကျောက် တွေ က ကျောက် တောင်းတွေနဲ့ ဆင်တူရိုးမှားရှိတယ် ပြောနိုင်ရုံလောက်ပါပဲ။ မြင်တာနဲ့ သိသာ ပါတယ်။ မမျိုး သေသေချာချာ မကြည့် ဘူးလား"

ဒေါ်မျိုးမြင့်မြတ်က မဖြေ၊ ခေါင်းကို သာ အောက်ငုံ့ထားသည်။

"အရည်အသွေးအားဖြင့် လည်း ကျဲကျဲတောက်တောက်ကြီးတွေ။ ဟို ကျောက်တွေလို အရည်အသွေးရှိတာ လည်း မဟုတ်ဘဲနဲ့၊ ကျွန်တော်တော့ ခင်ဗျားခံလိုက်ရတာကို ဘယ်လိုမှကို နားမလည်နိုင်ဘူး"

ဒေါ်မျိုးမြင့်မြတ်က ငုတ်တုတ်ပင်၊ နောက်ဆုံးတွင် ကိုသန်းဇော်က ဘာမျှ မပြောတော့ဘဲ သူ့ကို တစ်ချက်ကြည့်၍ နှုတ်ဆက်ကာ ထပြန်သွားလေတော့ သည်။

လူရှင်းပြီဆိုတော့မှ အခန်းထဲဝင် ကာ တံခါးကိုပိတ်၊ ခုတင်ပေါ်ပစ်လှဲ၊ ခေါင်းအုံးပေါ် မျက်နှာအပ်၍ ရှိုက်ကြီး တငင် ငိုရှိုက်လေတော့သည်။ ဟုတ်လှပါ ပေ၏၊ မှန်လှပါပေ၏၊ ဒေါ်သီသီစိုးတို့ ကိုသန်းဇော်တို့မည်သို့မျှ နားမလည်နိုင် သော ဤကျောက်လိမ်ခံရမှုကြီးကို အသိဆုံး၊ နားအလည်ဆုံးမှာ မိမိသာဖြစ် ပါသည်၊ အဖြစ်မှန်အတိုင်း ထုတ်မပြော ဝံ့သည့် မိမိအဖြစ်ကိုလည်း မိမိသာ အသိ ဆုံးဖြစ်ပါသည်။ တကယ်တော့ ကျောက် တွေကို သေသေချာချာ မကြည့်ခဲ့ရုံမျှ မက တချို့ကျောက်ထုပ်တွေကိုဆို ဖွင့် တောင်မှမကြည့်ဘဲ သည်အတိုင်း ယူ ထားလိုက်တာပဲဟာ။ ပြောရလျှင် ထို အချိန်က သူ့အာရုံတွေက လည်း ကျောက် ထုပ်တွေဆီမှာမှ မရှိခဲ့ပဲဟာ။

ခုတော့ – မိမိအဖြစ်က ရောဂါရှိပါ လျက် ဆရာဝန်မပြရဲသကဲ့သို့ ဖြစ်နေရ လေပြီ။ သို့ဆိုလျှင် ဤဝေဒနာကို မိမိဘာ

သာ ကြိတ်ကာ၍ရော ရနိုင်ပါမည်လော။ ပါလည်း သိပ်မလွယ်ပါ၊ ဒဏ်ရာက ကြီး မားလှသလို ရိုက်ချက်က ပြင်းထန်လွန်း လှသည်။ ယခုပင်ကြည့်ပါ၊ လူတစ်ကိုယ် လုံး လောင်မီးကျသကဲ့သို့ ခံစားနေရ သည်။ ဖြေဆေးမရှိသော အဆိပ်ကိုမျိုမိ သကဲ့သို့ ဖြစ်နေရသည်။

ဖြစ်နိုင်လျှင် ချက်ချင်း အသက် ထွက်လိုက်ချင်ပါသည်ဟု အောက်မေ့ လျက် အိပ်ရာပေါ်တွင် တလူးလူးတလိမ့် လိမ့်လုပ်ရင်း ဒေါ်မျိုးမြင့်မြတ် မျက်ရည် မိုးရွာနေရလေသတည်း။

▶ ရဲမြတ်တင်

## ရှေးထုံးလည်း မပယ်နှင့်
## ဈေးသုံးလည်း မလွယ်နှင့်

* မင်္ဂလာဆောင်မှာ အိုးခွက်ပန်းကန် မကွဲရ။
* မင်္ဂလာဆောင်တွင် မုဆိုးမ၊ တစ်ခုလတ် မပြင်ရ။
* မင်္ဂလာဆောင်သို့ ကိုယ်ဝန်ဆောင် မသွားရ။
* ယောက်မနှင့် ထမင်းအိုးကို မရိုက်ရ။
* လင်၏ လက်ျာဘက် နေ မအိပ်ရ။
* လှေကားထစ်ကို စုံမထားရပါ။
* ဝါတွင်း အိမ်ထောင်မပြုရ။
* ဝါတွင်း အိမ်မပြောင်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com

ခိုးဝေ

# တန်းစီးမှဲ့ကြီး ခင်ခင်နှင့် ကျောက်ကျင်းမှ သောက်ခင်းများ



ဖြစ်ဒက်ကြောင့် ချွေးသွေးဖြင့် ပေးဆပ်ခဲ့ကြရသည့် အမျိုးသမီး ထောင်ကျများ၏ ကြမ်းတမ်းသောဘဝ၊ ခက်ထန်သော ကျောက်ထုလုပ်ငန်းများရှိ လုပ်သားအမျိုးသမီးများအခြေအနေ ..

**တန်းစီးမှဲ့ကြီး**

ခင်ခင်တို့လို နှစ်ကြီးအကျဉ်းသူများအဖို့ ထောင်ထဲတွင် ကာလရှည်ကြာစွာ နေထိုင်ခွင့် မရှိပေ။ နိုင်ငံတော် စီမံကိန်း၊ဝင်လုပ်ငန်းကြီးများဖြစ်သော လမ်းဖောက်လုပ်ခြင်း၊လုပ်ငန်း၊ ဆည်တာတမံတည်ဆောက်ခြင်း၊လုပ်ငန်း၊ တံတားကြီးများ ချဉ်းကပ်လမ်း၊တည်ဆောက်သည့်နေရာမှာ လုပ်အားပေး တည်ဆောက်ရန် ရဲဘက်အကျဉ်းသူများကို ကျောက်ထုတ်လုပ်ငန်းခွင်သို့ ရဲဘက်အဖြစ် ပို့ဆောင်ကာ ခိုင်းစေခြင်း ခံရသည်။

အထက်ပါနိုင်ငံတော်၏ စီမံကိန်း၊ဝင်လုပ်ငန်းကြီးများအတွက် လိုအပ်သော လမ်းခင်းကျောက်အရွယ်အစား အမျိုးမျိုး ရရှိရန် ကျောက်ထုတ်လုပ်ရေး အလုပ်စခန်းများကို အကျဉ်းဦးစီးဌာနမှ ဖွင့်လှစ်ထားလေသည်။

များသောအားဖြင့် ကျောက်ထုတ်လုပ်ရေးအလုပ်စခန်း၊ကြီးများတွင် ယောကျ်ား၊အကျဉ်းသားများကိုသာ အစပထမတွင်ဦးစား၊ပေးခိုင်းစေခဲ့ကြသည်။ နောက်ပိုင်း အကျဉ်းသူများကို အကျဉ်းထောင်ထဲတွင် နှစ်ကာလရှည်ကြာစွာ ထားရှိနေမည့်အစား ကျောက်ထုတ်

www.burmeseclassic.com

အလုပ်စခန်းမှတွင် တစ်ပိုင်တစ်နိုင်လုပ်ငန်းများကို လုပ်ကိုင်ခိုင်းစေခဲ့ကြသည်၊

အကျဉ်းဦးစီးဌာနလက်အောက်ရှိ ကျောက်ထုတ်လုပ်ရေးစခန်းများအနက် အမျိုးသမီးကျောက်ထုတ်လုပ်ရေးစခန်းများမှာ ရေဆင်း(အမျိုးသမီး) ကျောက်ထုတ်စခန်းနှင့် ထုံးဘို(တမာတောင်)အမျိုးသမီးကျောက်ထုတ်လုပ်ရေးစခန်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့လေသည်၊

ယင်းကဲ့သို့ အမျိုးသမီးကျောက်ထုတ်လုပ်ရေးစခန်းသစ်များကို တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းကြောင့် အကျဉ်းထောင်ထဲမှာ ပြစ်ဒဏ်ကျခံနေရသော ထောင်ကျအကျဉ်းသူများကို ယင်းစခန်းများသို့ ရဲဘက်အကျဉ်းသူအဖြစ် ထုတ်နုတ်ပြီး ပို့ဆောင်ကာ ခိုင်းစေခဲ့လေသည်၊

တတယ်တော့ အုတ်ရိုးလေးဖက်ကာရံထားသော အကျဉ်းထောင်ကြီးထဲတွင် နေထိုင်ကြရသော အကျဉ်းသူများမှာ တစ်နေ့ထက်တစ်နေ့ အုတ်ရိုးညည်းမည်းကြီးကိုသာ ငေးမောကြည့်ရှုနေကြရင်း ထောင်ဖွင့်လိုက်၊ ထောင်ပိတ်လိုက်ဖြင့် သံသရာလည်နေကြရသည်၊

ယခုလိုရဲဘက်အလုပ်စခန်းများကို ဖွင့်လှစ်လိုက်သောကြောင့် ထောင်ထဲမှာ မွန်းကြပ်ပိတ်လှောင်ခံနေရမည့်အစား ထောင်အပြင်ဘက်ထွက်ပြီး နေရာသစ်၊ ဒေသသစ်မှာ လွတ်လွတ်လပ်လပ် နေထိုင်ကာ လေကောင်းလေသန့်ကိုရှူပြီး အချိန်ကုန်ဆုံးချင်ကြပေသည်၊

ဒါကြောင့်လည်း တန်းစီး မဲ့ကြီး ခင်ခင်လိုအကျဉ်းသူတစ်ယောက်အနေဖြင့် အကျဉ်းထောင်ထဲမှာ တန်းစီးဆိုသော နေရာတစ်နေရာကို ပိုင်ပိုင်ရထားပြီးခဲ့ပေမယ့် အေးအေးဆေးဆေး မနေချင်တော့ဘဲ ရဲဘက်ထုတ်မည့်ကျောက်ထုတ်အလုပ်စခန်းဆီသို့ ဦးဆောင်လိုက်ပါလာခဲ့လေသည်၊

တန်းစီးမဲ့ကြီး ခင်ခင် ဦးဆောင်သော အကျဉ်းသူ (၅၀)ယောက်ခန့် ပါလာသော အကျဉ်းဦးစီးဌာနပိုင် တီအီးကားအစိမ်းရောင်ကြီးသည် အမျိုးသမီး(ရေဆင်း)ကျောက်ထုတ်လုပ်ရေးအလုပ်စခန်းဆီ ရောက်ရှိလာခဲ့ကြသည်၊

သက်ဆိုင်ရာ အလုပ်စခန်းတာဝန်ခံများမှာလည်း မိမိတို့စခန်းသို့ အကျဉ်းထောင်မှ ပို့ပေးလိုက်သော အကျဉ်းသူ(၅၀)တို့ ဘူးဝတံခါးမှ ဆီးကြိုလက်ခံနေကြသည်၊ အကျဉ်းသူ (၅၀)လုံး ဘူးဝ

တံခါးကြီးထဲသွင်းပြီး လက်ခံပြီးချိန်တွင် ထောင်မှူးမ အေးသီတာမှ ထောင်ရန် ရှောင်ရန်နှင့် ပတ်သက်သည့် အလုပ်စခန်းစည်းကမ်းများကို အောက်ပါအတိုင်း ပြောပြနေသည်၊

"နင်တို့အားလုံး - မှတ်ထားကြ၊ ဒီကျောက်ထုတ်စခန်းကို ရောက်ရှိလာချိန်မှာ ထောင်ထဲမှာ နေလာသလို အေးအေးသက်သာနေရမယ်လို့ မမှတ်ထင်ထားကြနဲ့၊ ဒီနေရာ၊ ဒီဒေသဟာကျောက်ထုတ်လုပ်ရေးစခန်းဖြစ်တာနှင့်အညီ နေ့စဉ် နိုင်ငံတော်စီမံကိန်းဝင်လုပ်ငန်းကြီးတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊ ရထားလမ်းခင်းကျောက်လုပ်ငန်း၊ စည်ပင်သာယာလုပ်ငန်းတွေအတွက်ကျောက်အရွယ်အစားအမျိုးမျိုးကို ထုခွဲပုံပိုးနေရတဲ့ ကျောက်ထုတ်လုပ်ငန်းခွင်ဖြစ်တယ် - ကြားရဲ့လားဟေ့"

"ကြားပါတယ်"

"အေး - အဲဒီလုပ်ငန်းတာဝန်တွေက ခက်ခဲကြမ်းတမ်းမယ်၊ ကျောက်ထုခွဲရမယ်၊ ကျောက်လာသယ်တဲ့ကားတွေကို ကျောက်တင်ပို့ပေးရတယ်၊ နေပူကြဲကြဲအောက်မှာ လုပ်ငန်းလုပ်နေရတော့ ပင်ပန်းဆင်းရဲဒဏ်ကိုအနည်းနှင့်အများ ခံစားကြရမှာမလွဲဘူး၊ ဒီလိုပင်ပန်းဆင်းရဲမှုဒဏ်ကို မခံနိုင်လို့ စခန်းထဲကနေ ထွက်ပြေးမယ်၊ ကြံစည်မယ် ဆိုရင် နောက်မှထပ်တိုးတာပဲအဖတ်တင်မယ်၊ လွတ်မြောက်လိမ့်မယ်လို့ မထင်ကြနဲ့၊ ကြားကြရဲ့လား"

"ကြားပါတယ်"

"ဒါကြောင့် - နင်တို့အားလုံး အထူးမှာလိုတာက စိတ်ပင်ပန်း၊ လူပင်ပန်းလို့ တောင်တောင်အီအီ စိတ်တွေ မမွေးကြနဲ့၊ ထောင်ထဲကနေ တရားဝင်ရပိုင်ခွင့်ရှိတဲ့ ထောင်လျှော့ရက်တွေကို ခံယူရင်း တရားသောနည်းလမ်းနဲ့ ထောင်ထဲက လွတ်မြောက်ဖို့ စောင့်မျှော်ကြပါ၊ လုံးဝ ထွက်ပြေးဖို့စိတ်မကူးစေချင်ဘူး"

ထောင်မှူး မအေးသီတာတစ်ယောက်ယနေ့မှအလုပ်စခန်းဆီလူသစ်ရဲဘက်အဖြစ် ရောက်ရှိလာကြသော အကျဉ်းသူများကို ကြပ်ကြပ်မတ်မတ် လိုက်နာနေထိုင်စေရန် ဆိုဆုံးမပြောပြနေခြင်းဖြစ်သည်၊





www.burmeseclassic.com

www.burmeseclassic.com

"နင်တို့အားလုံး - နားလည်သဘောပေါက်ထားဖို့က ဘဝမှာအရေးကြီးတဲ့အစိတ်အပိုင်းတစ်ခု ရှိတယ်၊ အဲဒါ ဘာလဲဆိုတော့ ငွေကြေးလည်း မဟုတ်ဘူး၊ ပညာလည်း မဟုတ်ဘူး၊ အောင်မြင်ခြင်းဆိုတာလည်း မဟုတ်ဘူး၊ အဲဒါကတော့ အခြေခံစိတ်ဓာတ်ကောင်းဖို့က အဓိကပဲ၊ အဲဒီလို အခြေခံစိတ်ဓာတ်လေးကောင်းလာကြရင် ဘဝရဲ့အလင်းစက်ကို မြင်တွေ့နိုင်လိမ့်မယ်၊ ဒါကြောင့် ကိုယ့်ပြစ်မှုပြစ်ဒဏ်နဲ့ ထောင်ကျလာကြတဲ့အချိန်အတန့်မှာ နိုင်ငံတော်အပေါ်အလုပ်အကျွေးပြုရင်းပြစ်မှုကြွေးကို ချေးဖြင့် ပေးဆပ်စေချင်တာပဲ"

ဘုံးဝတ်ခါးကြီးထဲတွင် တံခါးတာဝန်ခံထောင်မှူး မအေးသီတာ၏ အောင်မြင်ခန့်ညားဖွယ်သော အသံကျယ်ကျယ်ဖြင့် ပြောဆိုသတိပေးနေခြင်းကို အကျဉ်းသူအားလုံး တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေခဲ့ကြသည်။

"ကဲ - တန်းစီး - ဟောဒီအကျဉ်းသူတွေကို နှစ်ယောက်တစ်တွဲစီတွဲပြီး အိပ်ဆောင်ထဲကို ခေါ်သွားလိုက်ပါ၊ အိပ်ဆောင်နှစ်ဆောင်ရှိတာမို့တစ်ဆောင်ကို အစိပ်ဆီ ခွဲထည့်လိုက်ပါ၊ ဒီနေ့စခန်းကို ပထမဆုံးရောက်လာတာမို့အလုပ်မခိုင်းသေးပါဘူး၊ လောလောဆယ် အိပ်ဆောင်ထဲမှာပဲ နားနားနေနေ နေကြပါ၊ နက်ဖြန်နံနက်မှ စပြီး အလုပ်ခိုင်းပါမယ်၊ ဒီနေ့တော့ထောင်တာရုံးတာဝန်ခံထောင်မှူးက လူအဆစ်မှတ်ပုံတင်ပါလိမ့်မယ်၊ ကဲ တန်းစီး - ခေါ်သွားတော့"

ထို့နောက် တန်းစီး မုံ့ကြီး ခင်ခင်မှ ဦးဆောင်ကာ အကျဉ်းသူ(၅၀)ယောက်ကို ဆူးကြိုးဝင်းထဲရှိ အိပ်ဆောင်ဆီ ခေါ်ဆောင်သွားလေသည်။

အမျိုးသမီးအိပ်ဆောင်ဝင်းကြီးတစ်ခုလုံးကို သံဆူးကြိုးနှစ်ထပ်ဖြင့် ကာရံထားခြင်းဖြစ်သည်။ အကျဉ်းထောင်တွေလို အုတ်ရိုးလေးဖက်မြင့်မြင့် ကာရံထားခြင်းမျိုးမဟုတ်ဘဲ ဆယ်ပေကျော်ခန့် မြင့်သော သံဆူးကြိုးဖြင့် နှစ်ထပ်ကာရံထားခြင်းဖြစ်သည်။ အုတ်ရိုးကာရံထားမှု မရှိ၍ ပြင်ပနေရာ ပတ်ဝန်းကျင်ကို ထင်ထင်လင်းလင်းမြင်နေရသည်။

အိပ်ဆောင်ကြီးမှာ နှစ်ဆောင်ရှိပြီး ပေ(၆၀)ရှည်လျားပြီး ပေ(၂၀) ကျယ်ဝန်းသည်။ အိပ်ဆောင်များကို ခနီမိုး၊ ထရံကာထားသည်။ ရပ်ခွဲဘားတိုက်ပုံစံမျိုးဖြစ်ပြီး အိပ်ဆောင်တစ်ဖက်တစ်ချက်စီမှာ ဝါးကြမ်းခင်းပြီး နှစ်ပေခွဲအမြင့်ရှိသည်။ ဝင်ပေါက်နေရာမှာ တံခါးထားရှိခြင်းမရှိဘဲ ဟင်းလင်းဖွင့်ထားသည်။ အိပ်ဆောင်ဘေးတွင် ပေ(၁၀)ခန့် ရှည်လျားသော အမြင့်(၃)ပေ၊ အကျယ်(၃)ပေခန့် ရေကန်ငယ်တစ်လုံးစီဆောက်လုပ်ထားသည်။

နံ

ယနေ့မှ ရေဆင်းကျောက်ထုတ်လုပ်ရေးစခန်းဆီသို့ ရဲဘက်အကျဉ်းသူအဖြစ် ပြောင်းရွှေ့ရောက်ရှိလာကြသော တန်းစီး မုံ့ကြီး ခင်ခင် ဦးဆောင်သည့် အကျဉ်းသူ(၅၀)ဦးမှာ နေရာသစ်၊ ဒေသသစ်ဖြစ်နေ၍ အထူးအဆန်း ဖြစ်နေသည်။

ပတ်ဝန်းကျင်ရှခင်းအလှများကို ပြတ်ပြတ်သားသား မြင်တွေ့နေရပြီး တောင်စောင်းမှတိုက်ခတ်လာနေသော လေတဖြူးဖြူးကို ရှူရှိုက်ကာ အားရကျေနပ်နေကြသည်။ အမျိုးသမီးရဲဘက်အလုပ်စခန်းမှာ ရေဆင်းတောင်ကုန်း၏ ဆင်ခြေလျှောနေရာမှာ တည်ဆောက်ထားပြီး တောင်ပေါ်ဘက်ပိုင်းမှာ အမျိုးသားကျောက်ထုတ်စခန်းက ရှိနေသည်။

အိပ်ဆောင်များကို လုံခြုံရေးအရ သံဆူးကြိုးဖြင့် နှစ်ထပ်ကာရံထားပြီး အလယ်မှာ ကင်းစစ်ဆေးသည့်လမ်းကြောင်းရှိပြီး ဆူးကြိုး အနောက်ဘက်ထောင့်နေရာမှာ မျှော်စင်နှစ်ခု ဆောက်ထားသည်။ မျှော်စင်ကင်းသမားများမှာ ယောကျ်ားထောင်မှ လာရောက်စောင့်ပေးရပြီး ညထောင်ပိတ်ပြီးချိန်မှ ကင်းသမားများကို မျှော်စင်ပေါ် တင်ထားရသည်။

အမျိုးသမီးများရှည်၊ စုဝေးထားသည့်အဆောင်မို့အမျိုးသားများ အနားကပ်နိုင်ခွင့်မရှိပေ။ ညဘက်အိပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ဖောက်ပြီး ထွက်ပြေး လွတ်မြောက်နိုင်မှု မရှိစေရန် မျှော်စင်တင်းမှာ သေနတ်ကို ဝန်ထမ်းတစ်ယောက်စီ တာဝန်ချထား ပေးသည်။

"လူသစ်တွေ - မှတ်ပုံတင်ဖို့တန်းစီ မယ်"

အိပ်ဆောင်အပြင်ဘက်မှ တာရာ အကျဉ်းသူ၏အော်ဟစ်သံကြောင့် အိပ်ဆောင်ထဲမှာ လွတ်လွတ်လပ်လပ် နား နေကြသော အကျဉ်းသူသစ်များမှာ လဲ နေရာမှ လူးလဲထလိုက်ပြီး အိပ်ဆောင်ဝ နေရာဝယ် နှစ်ယောက်စီ တန်းစီထိုင်နေ ကြသည်။

ထို့နောက် နှစ်ယောက်စီတွဲကာ ဘူးဝရုံးခန်းဆီ သွားခဲ့ကြလေသည်၊ ဘူးဝရုံးခန်းထဲသို့ အကျဉ်းသူတစ် ယောက်ချင်းစီဝင်သွင်းကာ လူသစ်မှတ် ပုံတင်နေကြသည်။

ထောင်ကျရုံးတာဝန်ခံ ထောင်မှူး မဒေအးမြကြူမှ တစ်ဦးချင်းစီ၏ အမည်၊ မှတ်ပုံတင်၊ မိဘ၊ အလုပ်အကိုင်၊ နေရပ် လိပ်စာအပြည့်အစုံနှင့် ဖြစ်မှုဖြစ်ပွားလာ သည့်ပုဒ်မ၊ ပြစ်ဒဏ်ကာလများကို ထောင်ပုံစံ (၂၀၀) ခေါ် ထောင်ကျမှတ်ပုံ တင်စာအုပ်ထဲမှာ ရေးသွင်းမှတ်သားနေ သည်။

အကျဉ်းသူအသစ်များကို တန်းစီး မဲ့ကြီး ခင်ခင်မှ တစ်ဦးချင်းစီ ခေါ်ကာ လူ သစ်မှတ်ပုံတင်စေပြီး စခန်းဝင်မှတ်ပုံ တင်နံပါတ်အသစ်ကို ပေးနေသည်၊ အကျဉ်းသူသစ်များမှာ တန်းစီးမဲ့ကြီး ခင်ခင်က နာမည်ခေါ်လိုက်သည်နှင့် ထောင်မှူးမ စားပွဲရှေ့မှာ လက်ပိုက်ရပ် နေကာ မေးသမျှတစ်ခုချင်းဖြေကြားနေ ရသည်၊ ယင်းသို့မှတ်ပုံတင်ခြင်းလုပ်ငန်း ပြီးစီးသွားမှ အိပ်ဆောင်သို့ ပြန်ခေါ်လာ ကာ ညစနေရေချိုးခွင့် ပေးလေသည်။

၄၄

"ဝုန်း"

မိုင်းကွဲသံကြီးက ကြောက်မက်ဖွယ် ရာ ကျယ်ကျယ်လောင်လောင် မြည် ဟည်းပေါက်ကွဲသံကြောင့် စခန်းသစ် အတွေ့အကြုံမရှိသေးသော အကျဉ်းသူ သစ်များမှာ ရေမိုးချိုးပြီး အိပ်ဆောင်ဘေး လမ်းသလားနေကြစဉ်မိုင်းခွဲလိုက်သံကို ကြောက်ရွံ့ပြီး အိပ်ဆောင်ဘေး၏ မြေ ပြင်ပေါ် ဝမ်းလျားမှောက်ဝပ်နေသူက ဝပ်၊ အိပ်ဆောင်ထဲကိုပြေးဝင်သူကပြေး ဝင်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေ သည်။

"မကြောက်ပါနဲ့ - အဲဒါအပေါ်ဘက် ယောက်ျားထောင်ဘက်က ကျောက်နံရံ ကို မိုင်းခွဲချလိုက်တဲ့အသံပါ"

"ဟင် - ကြောက်စရာကြီးနော်၊ ဘာ ဖြစ်လို့ မိုင်းခွဲရတာလဲ"

"နက်ဖြန် - ထုခွဲဖို့ ကျောက်တွေရဖို့ ရလို ညနေပိုင်းဆို မိုင်းခွဲပြီ"

"နေ့တိုင်း မိုင်းခွဲတာလား"

"မဟုတ်ပါဘူး - နှစ်ရက်တစ်ခါ လောက် ခွဲနေတာပါ"

အထက်ပါအတိုင်း အတွေ့အကြုံ မရှိသေးသော အကျဉ်းသူသစ်၏ မေး မြန်းနေမှုကို အိပ်ဆောင်စည်းကမ်းထိန်း သိမ်းရေးဘက်မှ တာရာ မြသီက ရှင်းပြ ပြောဆိုနေသည်။

ညနေ မှောင်ရီပျိုးစအချိန်ဝယ် ကျောက်ထုတ်လုပ်ငန်းခွင်မှ လုပ်ငန်း သိမ်းပြီးပြန်လာကြသောအကျဉ်းသူများ အိပ်ဆောင်ထဲ တဖွဲဖွဲ ဝင်လာနေကြ သည်။

ကျောက်ထုတ်လုပ်ငန်းခွင်မှာ တာဝန်ကျနေသော အကျဉ်းသူများ သည်နံနက်ခင်းအလုပ်ထွက်သွားစဉ်က ဖီးလိမ်းသွားသော မျက်နှာပြင်ပေါ်မှ သနပ်ခါးများမှာ ချွေးစေးများဖြင့် ဟိုတစ် ကွက်ဒီတစ်ကွက် ဖြစ်နေသည်။

တချို့အကျဉ်းသူများမှာ ခန္ဓာကိုယ် ပေါ်မှာ ဝတ်ဆင်ထားသော ယောကျ်ား ရှပ်အင်္ကျီလက်ရှည် အကြောင်အကျား ပေါ်ဝယ် ကျောက်မှုန့်၊ ဖုန်မှုန့်များ ပေကျံ လာပြီး ခေါင်းမှ ဆံပင်များမှာ ကျောက် မှုန့်များဖြင့် ဖွေးဖွေးလှုပ်နေသည်။

အကျဉ်းသူအသစ်များမှာတော့ အကျဉ်းသူ ထောင်ကျဟောင်းများ၏ ပုံပန်းသဏ္ဌာန်သွင်ပြင်ကို မြင်တွေ့ကာ နက်ဖြန် လုပ်ငန်းခွင်ထဲ ဝင်ရမည်ကို စိုးရိမ်ထိတ်လန့်နေကြသည်။

အကျဉ်းသူဟောင်းများမှာ တစ်နေ့ တာလုံးကျောက်ထုတ်လုပ်ငန်းခွင်ထဲမှာ ပင်ပင်ပန်းပန်း လုပ်ဆောင်လာခဲ့ကြ သော်လည်းအိပ်ဆောင်ဘေးရှေ့နမှာ





www.burmeseclassic.com

www.burmeseclassic.com

တဗွမ်းဗွမ်းဖြင့် ရေကို တစ်ဝချိုးကာ သီချင်းတကြော်ကြော် ပျော်မြူးနေကြလေသည်။

အကျဉ်းသူအားလုံးကို ညနေ ငါးနာရီခွဲလောက်မှာ ထမင်းကျွေးလေသည်။ ထမင်းချက်ဖိုကြီးရှေ့ရှိထမင်းစားခုံရှည်ကြီးပေါ်မှာ ဗိုခေါင်းထည့်ပေးသော ထမင်းနှင့် ဟင်းပုံစံကိုယူပြီး အားရပါးရ စားသောက်နေကြသည်။

ယနေ့ ညနေပိုင်း ကျွေးမွေးသော တာလပေါဟင်းရည်နှင့် ငါးပိပုံစံကို စားပြီး အကျဉ်းသူသစ်များမှာ စားမဝင်နိုင်ဖြစ်နေရှာသည်။ မိမိတို့အိမ်အသီးသီးမှ လာရောက်တွေ့ဆုံနိုင်ခြင်း မရှိသေးသောကြောင့် ထောင်ဝင်စာ မလာသေး၍ဖြစ်သည်။

လူဟောင်းအကျဉ်းသူများမှာတော့ အိမ်ကထောင်ဝင်စာလာရောက်တွေ့ဆုံထားသဖြင့်အိမ်မှပို့ပေးသောငါးပိကြော်၊ ငါးခြောက်ကြော်များကိုဘဝတူအကျဉ်းသူသစ်များကို ဝေမျှကျွေးမွေးနေကြသည်။

ညနေ ထောင်ပိတ်ချိန်မှာ အိပ်ဆောင်အလိုက် တန်းစီနေကြရသည်။ အိပ်ဆောင်တန်းစီးက အိပ်ဆောင်ဝမှ ရပ်ကာ လူပေါင်းစာရင်းပေးပို့သည်ကို ထောင်မှူးမ ဦးဆောင်သည့်အဖွဲ့မှ အိပ်ဆောင်ထဲ လူပေါင်းဝင်ရောက်ရေတွက်ကာ လက်ခံစစ်ဆေးနေသည်။

အားလုံးလူပေါင်းကိုက်ညီမှုရှိသွားသဖြင့် ထောင်ပိတ်တာဝန်ခံ ထောင်မှူးကြီးမှ လူပေါင်းကိုက်ညီသွားကြောင်း ထောင်ပိတ်သံချောင်း ခေါက်စေသည်။ ရုံးကြီးဘူးတံခါးဝအနီးရှိသံချောင်းရှည်ကိုဝန်ထမ်းမတစ်ဦးမှသံချောင်းတီးခတ်လိုက်သည်။

"ဒေါင် - ဒေါင် - ဒေါင် - ဒေါင်"

ယင်းသို့ ထောင်ပိတ်ပြီးစီးသွားသည့်သံချောင်းခေါက်သံပေါ်ထွက်လာသောအခါ အိပ်ဆောင်ထဲမှ အကျဉ်းသူများသည် မိမိတို့ အိပ်ဆောင်အလိုက် တန်းစီးမှူးဦးဆောင်ကာ ညဘက် ဘုရားရှိခိုးကြလေသည်။

ညရေးညတာလုံခြုံရေးစစ်ဆေးနိုင်ရန်အတွက် ရုံးကြီးဝဘူးတံခါးမှာ ည



တာဝန်ကျ တာဝန်မှူးမှ ညတင်းတာဝန်ကျ ဝန်ထမ်းနှစ်ဦးနှင့်အတူ အိပ်ပြီး ညဘက်ပိုင်းကင်းစစ်ဆေးမှုဆောင်ရွက်လေသည်။

သည်ချိန်ရောက်မှ တန်းစီး မဲ့ကြီး ခင်ခင်လည်း မိမိအိပ်ရာနေရာလေးမှာ ထောင်မှ ထုတ်ပေးသော ဂုန်နီဖျဉ်လေးကို ဖြန့်ခင်းကာ တိုလီမိုလီ ထည့်ထားသောကျွတ်ကျွတ်အိတ်အထုပ်လေးပေါ် ပုံစံခေါင်းခေါက်တင်ပြီး လဲလျောင်းအိပ်စွင့်ရလေသည်။

အိပ်ဆောင်များမှာ ညဘက်အဖွင့် အဝိတ်တံခါးမရှိဘဲ ဟာလာဟင်းလင်းဖွင့်ထားကာ လုံခြုံရေးအတွက် ညကင်းတာရာအကျဉ်းသူများက တစ်ဦးစီ အလှည့်ကျ ကင်းလှဲလှယ်ကာ တစ်ညလုံး ကင်းစောင့်နေကြသည်။ အမျိုးသမီးရေဆင်းအကျဉ်းသူများ၏ အိပ်ဆောင် ပတ်ဝန်းကျင်ဝယ် ဘူးတံခါးမှ နာရီသံချောင်းခေါက်သံနှင့်အတူ ညကကင်းတာရာများ၏ ငါးဆစ်ပိုင်းကိုတုတ်တံဖြင့် တတောက်တောက် ခေါက်နေသံတတိတ်ဆိတ်နေရာမှ ဖောက်ထွက်လာနေသည်။

၊၊

နံနက်ငါးနာရီကျော်မှာ ထောင်ဖွင့်သည့် အဖွဲ့ ဝင်လာပြီး ထောင်မှူးမ ဦးဆောင်လျက် ညက ထောင်ပိတ်သွားခဲ့သော အိပ်ဆောင်များမှာ လူပေါင်းစာရင်း မှန်၊ မမှန် လိုက်လံစစ်ဆေးရေတွက်နေလေသည်။

အကျဉ်းသူအားလုံးအိပ်ဆောင်ထဲရှိ ဝါးကြမ်းခင်းပေါ်မှာ နှစ်ယောက်တစ်တွဲစီ ပုံစံထိုင်နေကြရသည်။ ဝန်ထမ်းများမှ တစ်ဆောင်ဝင် တစ်ဆောင်ထွက် လူပေါင်းစာရင်းကို လိုက်လံရေတွက် စစ်ဆေးနေကြသည်။ လူပေါင်းကိုက်ညီသွားသောအခါ ထောင်ဖွင့်သံချောင်းခေါက်ပြီး ထောင်ဖွင့်ခဲ့လေသည်။

အိပ်ဆောင်ထဲမှာ အကျဉ်းသူများသည် အပြင်ဘက်ထွက်လာပြီး အဆောင်ဘေး ရေကန်မှာ မျက်နှာသစ်နေကြသည်။ တချို့ကလည်း အိမ်သာဆောင်ဘက် သွားတာ အပေါ့အလေးကိစ္စ ဆောင်ရွက်နေကြသည်။

အားလုံး ကိစ္စဝိစ္စ ပြီးစီးသွားသူများက အိပ်ဆောင်အနောက်ဘက်ရှိ စားဖိုကြီးမှာ ဂံဇီခေါ် ဆန်ပြုတ်ရည်ကျဲကို သောက်နေကြသည်။ နံနက်စာ စား



www.burmeseclassic.com

www.burmeseclassic.com

သောက်ပြီးသူများက ရေကန်သေးမှာ အိမ်က ပါလာသော ရွှေပြည်နန်းသနပ်ခါးခဲလေးကို လက်ဖဝါးပေါ် ရေတင်ကာ သွေးပြီး မျက်နှာပြင်ပေါ် ခပ်ကြမ်းကြမ်း ပွတ်လူးနေကြသည်။

ယင်းသို့ သနပ်ခါးထူထူပျစ်ပျစ် လိမ်းထားပါမှ နေအဏ် လေဒဏ်ကို ကာကွယ်နိုင်ရန် ဖြစ်သည်။ ကိုယ်ပေါ်မှာ ရှပ်အင်္ကျီလက်ရှည်များကို ဝတ်ဆင်ထားကြသည်။ အကျဉ်းသူအသစ်များမှာ စခန်းသို့ စရောက်ခါစဖြစ်၍ အဆင်သင့်မဖြစ်ပဲ ပုံစံအင်္ကျီ၊ ပုံစံလုံချည်အဖြူသာ ဝတ်ထားသည်။

တန်းစီး မဲ့ကြီး ခင်ခင် ဦးဆောင်သော အကျဉ်းသူအသစ်များမှာ လုပ်ငန်းသဘော နားမလည်သေးသောကြောင့် လုပ်ငန်းလိုအပ်သည့် နေရာ အရေအတွက်ပေါ်မှာ မူတည်ပြီး၊ ခိုင်းနေရသည်။ လုပ်ငန်းတာဝန် အတိအကျ မချမှတ်ရသေးမဲ့ သောက်လုပ်ငန်းကိုသာ လုပ်ကိုင်နေကြရသည်။

အကျဉ်းသူဟောင်းများမှာတော့ သတ်သတ်မှတ်မှတ် ဘုတ်ခွဲပြီး လုပ်ကိုင်နေရသဖြင့် မိမိတို့ တာဝန်ကျနေသော ကျောက်ခွဲဘုတ်မှ အကျဉ်းသူများသည် နှစ်ပေါင်တူဖြင့် (၆လက်မ × ၉လက်မ) အရွယ်အစား ကျောက်တုံးကို သီချင်း တကြော်ကြော် အော်ဆိုရင်း ပျော်ရွှင်စွာ ရိုက်ခွဲနေကြသည်။

အကျဉ်းသူအသစ်များမှာတော့ လုပ်ငန်းကောင်းစွာ မကျွမ်းကျင်သေးသဖြင့် သောက်လုပ်ငန်းဖြစ်သော ကျောက်တုံးသယ်မပေးရခြင်း၊ ကျောက်တင်ကားများပေါ် ကြိမ်ခြင်းတောင်းဖြင့် ရွက်သယ်ကာ တင်ပို့ပေးရခြင်း စသည့် အလုပ်ကြမ်းများကိုသာ လုပ်ကိုင်နေကြရသည်။

မိမိတို့ တစ်ခါမျှ အတွေ့အကြုံမရှိသေးသော ကျောက်ထုတ်လုပ်ငန်းခွင်ထဲမှာ ပင်ပင်ပန်းပန်းဖြင့် ချွေးသံ တရွှဲရွှဲ နေပူရောင်အောက်မှာ နဖူးမှ ချွေး ခြေမကျသည်ထိ ပင်ပန်းဆင်းရဲဒဏ်ကို အလူးအလဲ ခံစားနေကြရသည်။

ဤကဲ့သို့ အကျဉ်းသူသစ်များမှာ လူဟောင်းအကျဉ်းသူများလို သတ်မှတ် ပုံစံမရှိဘဲ အလုပ်ကို ဖယ်ဆတ်သလို လုပ်ကိုင်နေကြရသည်၊ ထိုစဉ် -

"အောင်မလေး - အား"

ဟူသော စူးစူးဝါးဝါးအော်ဟစ်လိုက်သံကြောင့် ကျောက်ထုခွဲနေကြသော အကျဉ်းသူများ လှမ်းကြည့်လိုက်သောအခါအကျဉ်းသူသစ်တစ်ဦးမှာ (၆လက်မ × ၉လက်မ) အရွယ်အစား ကျောက်တုံး တစ်တုံးကိုကျောက်ထုခွဲနေသောနေရာဆီ သယ်ယူလာစဉ် လက်မှ လွတ်ကျသွားပြီး ခြေဖမိုးပေါ် ကျသွားသော နာကျင်စွာ အော်ဟစ်ရင်း မျက်ရည်ပေါက်ပေါက် ကျလာသည်။

"ဟဲ့ - ဘာဝေးကြည့်နေကြတာလဲ၊ ဆေးခန်း မြန်မြန်ခေါ်သွားကြလေ"

တာဝန်ကျဝန်ထမ်းမမှ အခြေအနေမှန်ကို သိရှိသွားကာ သေးမှ အကျဉ်းသူတစ်ဦးကို လှမ်းသတိပေးနေသည်၊ တန်းစီး မဲ့ကြီး ခင်ခင်လည်း၊ မိမိတို့ လူသစ်အုပ်စုမှ အကျဉ်းသူတစ်ဦးကို ထိခိုက်ဒဏ်ရာရသွားသဖြင့် အကျဉ်းသူတစ်ဦးနှင့် ဖေးမဝင်တွဲကာ စခန်းဆေးခန်းဆီ ခေါ်ဆောင်သွားလေသည်၊

"ခင်ခင် - ညည်းဘုတ်က အကျဉ်းသူတို့အလုပ်ဆိုဒ်ထဲ မနိုင်းနဲ့တော့၊ အိပ်ဆောင်မှာ ပြန်နားခိုင်းလိုက်"

"ဟုတ်ကဲ့ - ဆရာမ"

66 တစ်နေ့တာလုံး လုပ်ငန်းခွင်ထဲမှာ နေပူကျဲကျဲအောက်ဝယ် ချွေးတလုံးလုံးဖြင့် ကျောက်ထုခွဲနေကြသူမှာလည်း လက်ဖဝါးသွေးချေဥသည်အထိ ကြမ်းကြမ်းတမ်းတမ်း မာကျောလာသလို ကျောက်သယ်ပေးရသည့် သူများမှာလည်း လက်ဖဝါးကွဲပြဲသည့်ထိ ကျောက်စကျောက်နှ ပွန်းရှမှုကို ခံစားနေကြရသည်။



www.burmeseclassic.com

တန်းစီး မဲ့ကြီး ခင်ခင်က အကျဉ်းသူလေးတို့တွဲကာ အိပ်ဆောင်ထဲသို့ပြန်ပို့ထားလိုက်သည်၊ အကျဉ်းသူအသစ်မှာ ခိုးမှုဖြင့် ထောင်သုံးနှစ်ကျလာသော မစန်းဆိုသူဖြစ်ပြီး ကျောက်သယ်သည့်ဘုတ်တွင် တာဝန်ပေးခိုင်းစေရာမှ အကျ်ရာရသွားခြင်းဖြစ်သည်။

ကျောက်ထုတ်လုပ်ငန်းခွင်ထဲဝယ်ကျောက်အရွယ်အစားအမျိုးမျိုးကို ထုခွဲပေးနေရခြင်းဖြစ်သည်။ ကျောက်များကို (၆ လက်မ × ၉ လက်မ) အရွယ်အစားဖြစ်အောင် အမျိုးသားဆောင်မှ မိုင်းခွဲကျလာသော တိုစီတုံးခေါ် ကျောက်တုံးအရွယ်အစားကြီးမှ ဆယ့်ခြောက်ပေါင်တူဖြင့် ကျောက်ဖန်ကာ (၆ လက်မ × ၉ လက်မ) အရွယ်အစားရအောင် ထုခွဲပေးရသည်။

ယင်းကျောက်အရွယ်အစားများကို အမျိုးသမီးကျောက်ထုလုပ်ငန်းခွင်သို့ ကားဖြင့် သယ်ပို့ပေးခဲ့သည်။ အမျိုးသမီးဆောင်မှ အကျဉ်းသူများက ယင်းကျောက်တုံးကို နှစ်ပေါင်တူလေးဖြင့် ရိုက်ခွဲကာ (၂ လက်မ × ၄ လက်မ) အရွယ်အစားထိရအောင် ထုခွဲပေးရသည်။ ဒေးစဉ်ထွက်လာသည့်ကျောက်အမျိုးအစားများထဲမှ (၁ လက်မ × ၁ လက်မခွဲ) ကျောက်အမျိုးအစားများကို မီးရထားဌာနမှ ဖလီးဖားတုံးခင်းကျောက်အဖြစ် လာသယ်သည်၊ ချိုပင်ခေါ်ကျောက်စရစ်အရွယ်ကျောက်သေးများကို လမ်းခင်းရာဝယ် စည်ပင်မှ သုံးသည်၊ (၂လက်မ × ၄ လက်မ) ကျောက်အရွယ်အစားကို ရေထိန်းနံရံခင်းရန် ဆည်မြောင်းဌာနမှ သယ်ယူလေသည်။

တစ်ပတ်ခန့်ကြာသောအခါ ထောင်ကျအကျဉ်းသူသစ်များကို သတ်မှတ်ရာဘုတ်အသီးသီးမှ တာဝန်ခွဲဝေချထားလိုက်သည်၊ ထိုအခါ ကျောက်ပုံစံပြည့်ရရှိနိုင်အောင် ဘုတ်အလိုက် တာဝန်ယူဆောင်ရွက်ကြရသည်၊

ယင်းမှာ ကျောက်ထုခွဲဘုတ်မှာတာဝန်ကျသူသည် ငါးယောက်တစ်ကျင်းနှုန်းရအောင်တစ်နေ့တာထုခွဲပေးရသည်။ ဘုတ်အလိုက် ခွဲဝေထားပြီး ဆယ်ယောက်လျှင် ဘုတ်တစ်ဘုတ်သတ်မှတ်လုပ်ကိုင်ရသည်။ ဆယ်ယောက်တစ်ဘုတ်သည် တစ်နေ့တာအတွက် ကျောက်ကျင်းတစ်ကျင်းရအောင် ထုခွဲပေးရသည်၊

ကျောက်တစ်ကျင်းမှာ ဆယ်ပေပတ်လည်ရှိပြီး အမြင့်တစ်ပေဖြစ်သည်၊ ယင်းကျောက်ပုံစံခွက်အတိုင်း ပြည့်မီအောင်ထုနိုင်မှကျောက်ကျင်းတစ်ကျင်းသတ်မှတ်လေသည်၊

ဒါကြောင့် အကျဉ်းသူဆယ်ယောက်တစ်ဘုတ်မှာ ငါးယောက်က ကျောက်ထုခွဲနေစဉ် သုံးယောက်က (၆ လက်မ × ၉ လက်မ) ကျောက်ပုံမှ ကျောက်ကို သွားရောက် သယ်ယူပို့ပေးရသည်၊ ကျန်နှစ်ယောက်က ကျောက်တစ်ကျင်းပုံစံခွက်ပြည့်မီအောင် သယ်ပို့စီထပ်ပေးရသည်၊

ဤနေရာတွင် ကျောက်တစ်ကျင်းဟု ဆိုရာ၌ (၂ လက်မ × ၄ လက်မ) အရွယ်အစားကျောက်တို့ အမိတထားထုခွဲဖန်နေစဉ် ဒေးစဉ်ထွက်သွားသော ကျောက်အမျိုးအစား အမျိုးမျိုးကို ကျောက်စီသူက သပ်သပ်စီ ပုံထားရသည်၊ သို့မှသာ ညနေ ကျောက်ပုံစံလာစစ်ဆေးလက်ခံသောအခါ (၂လက်မ × ၄ လက်မ) ကျောက်အရွယ်အစား ငါးမူးခန့်ရနေသလို၊ (၁လက်မ × ၁လက်မခွဲ) အရွယ်အစားကတစ်ပတ်ခန့်ရနိုင်သည်၊ ထို့တူချိုပင်ကျောက်သေးကလည်းတစ်မတ်ခန့်ရနေလျှင် ကျောက်တစ်ကျင်းအဖြစ် လက်ခံလေသည်၊

ဒါကြောင့် ကျောက်ထုတ်လုပ်ရေးအလုပ်စခန်းတွင် ပြစ်ဒဏ်ကျခံနေရသော ထောင်ကျအကျဉ်းသူများသည် အလုပ်တာဝန် ကြမ်းတမ်းမှုကို အလူးအလဲခံနေကြရလေသည်။ မိုးလင်းအလုပ်ဆင်းထဲရောက်ကတည်းမှညနေအလုပ်သိမ်းချိန်ထိတိုင်အောင် အလုပ်နှင့်လက် မပြတ်တမ်း လုပ်ကိုင်နေကြရသည်။

မိမိတို့ ကျူးလွန်လာခဲ့သော ပြစ်မှုများအတွက်ပြစ်ဒဏ်ကာလတိုကျောက်ထုတ်လုပ်ငန်းခွင်ထဲမှာ ပြစ်မှုကြွေးကို

www.burmeseclassic.com

ရွေးဖြင့်ပေးဆပ်နေကြရခြင်းဖြစ်ပါသည်။ တစ်နေ့တာလုံး လုပ်ငန်းခွင်ထဲမှာ နေပူကျဲကျဲအောက်ဝယ် ချွေးတလုံးလုံးဖြင့် ကျောက်ထုခွဲနေကြသူမှာလည်း လက်ဖဝါးသွေးရှဲဥသည်အထိ ကြမ်းကြမ်းတမ်းတမ်း မာကျောလာသလိုကျောက်သယ်ပေးရသည့်သူများမှာလည်း လက်ဖဝါးကွဲပြဲသည့်ထိ ကျောက်စကျောက်နပွန်းရှမှုကို ခံစားနေကြရသည်။

ယခုလို ကျောက်တုံးများကို ထုခွဲလို့ရနိုင်ရန် အမျိုးသား ကျောက်မိုင်းဘက်မှ ကျောက်ဆောင်နံရံကြီးကိုယမ်းကြီးဆင်ပြီး မိုင်းခွဲချပေးရလေသည်။

ယင်းသို့ မိုင်းခွဲခြင်းလုပ်ငန်းမဆောင်ရွက်မီ လွန်ကိုင်ယမ်းကိုင်အဖွဲ့မှ ကျောက်ဆောင်နံရံကြီး မျက်နှာပြင်ပေါ်ဝယ် စလွန်ချောင်းကိုကျောက်ဖောက်စက်(ဂန်း)မှာတပ်ဆင်ပြီးကျောက်သားမာကြောသည့် မျက်နှာပြင်ပေါ်မှာထောက်ပြီး လွန်ပေါက်ဖောက်ပေးရသည်။

စလွန်ချောင်းအချွန် တပ်ဆင်ထားသော ဂန်းစက်ကို လေပိုက်ဖြင့် ဆက်သွယ်ထားပြီး လ(၄၀)အင်ဂျင်စက်မှာတပ်ဆင်ကာ စက်မောင်းပေးရသည်။ လေပိုက်အရှိန်ဖြင့် ဂန်းစက်ကို ဖွင့်ပြီးချွန်ထက်သော စလွန်ချောင်းအားကျောက်သားမျက်နှာပြင်မှာအားဖြင့်ထိုးစိုက်ထားကာ ဂန်းစက်ခလုတ်ကိုဖွင့်ထိုးရသည်။

မာကြောသောကျောက်သားမျက်နှာပြင်ပေါ်မှာ စလွန်ချောင်း ခုန်ပျံနေသည်ကိုဂန်းစက်အားလှုပ်ရှားကိုယ်အားဖြင့်ဖိထားပေးရသည်။ ယင်းသို့ကျောက်သားမျက်နှာပြင်မှာ စလွန်ချောင်းထိုးဖောက်နေစဉ် လွန်ပေါက်ဖောက်သူသည်ထွက်ရှိလာသောကျောက်မှုန့်များနှာခေါင်း၊ ပါးစပ်၊ မျက်လုံးထဲမဝင်စေရန်ခေါင်းပေါ်မှလုံချည်အုပ်မိုးကာ ခက်ခက်ခဲခဲ ထိုးနေရသည်။

ယင်းသို့ စလွန်ချောင်းဖြင့် လွန်ပေါက်ဖောက်ထားသည့်လွန်ပေါက်များမှ တစ်တွင်းနှင့်တစ်တွင်း မတူညီပေ၊ တစ်တွင်းလျှင် (၂)ပေတွင်းမှ (၅)ပေတွင်းအထိ ဖောက်ရသည်၊ စုစုပေါင်းလွန်ပေ(၁၀၀)ပြည့်မှသာ ကျောက်ထုတ်လုပ်မှုစံနှုန်းပြည့်မီသည်။

ဂင်းလွန်ပေါက်ပေ (၁၀၀)ဖောက်ထားသည့်တွင်းပေါက်လေးထဲသို့ဒီဇယ်ရောစပ်ထားသော အမိုးနီးယမ်းကိုပလတ်စတစ်အိတ်ငယ်မှာ ထည့်ပြီးတွင်းပေါက်ထဲ ထည့်ရသည်။ ထိုသို့ယမ်းထုပ်ကိုတွင်းထဲမထည့်မီကော့ဒက်ယမ်းကြိုး နှစ်ပေခွဲ၊ သုံးပေခွဲအရှည်ဖြတ်တောက်ပြီးမှ ကော့ဒက်ကြိုးအပေါ်ယမ်းထုပ်ဖိသိပ်ပေးရသည်။

ယင်းကဲ့သို့ တွင်းပေါက်ထဲမှ ယမ်းကြိုးကို ကြွစ်နေအောင် ယမ်းထုပ်အားဖိညှပ်ထည့်ထားပြီး အပေါ်မှရေခဲချောင်းထုပ်လို ထုံးမှုန့်ထုပ်ကို ဖိသိပ်ကာ ပါးရိုးကျူတံဖြင့် ဆောင့်သိပ်ပေးရသည်။ ထိုသို့ယမ်းကြိုးကြွစ်သွားမှ တွင်းပေါ်လက်တစ်ထွာခန့်အစထုတ်တာထားရသည်။ အားလုံးကို ထိုနည်းအတိုင်း ပြုလုပ်ပြီးစီးသွားပါက ကျောက်သားမျက်နှာပြင်ပေါ်မှ အစထုတ်ထားသော ယမ်းကြိုးအားလုံးကော့ဒက်ယမ်းကြိုးအရှည်ဖြင့်တစ်တွင်းချင်းကြိုးချည်ကာ ဆက်သွယ်ပေးရသည်။

ယင်းသို့ ယမ်းကြိုးအားလုံး ချိတ်ဆက်ပြီးသွားပါက ကော့ဒက်ယမ်းကြိုး၏ အစအား ဒီတိုနေတာ တပ်ဆင်ထားသော တစ်ပေခွဲခန့် ယမ်းကြိုးနှင့် ချိတ်ဆက်ပေးရသည်၊ အားလုံး အဆင်သင့်ဖြစ်သွားသောအခါ ဒီတိုနေတာ တပ်ဆင်ထားသော ယမ်းကြိုးအား ဆေးပေါ့လိပ်မီးကို ရဲနေအောင် ဖွာပြီး မီးရှို့ပေးရသည်၊

ကျောက်ကျင်းထဲမှာ လူအားလုံးကိုဘေးကင်းရာနေရာသို့ရှောင်ဖယ်စေပြီးလူသူရှင်းလင်းသွားမှ မိုင်းခွဲချမည့်သူသည် စောစောတ တင်ပြခဲ့သလို ယမ်းကြိုးကို မီးတို့ပြီး လောင်ကျွမ်းနေစဉ်-ဘေးလွတ်ရာ တောင်စောင်းပေါ် လွတ်အောင်ပြေးတက်ပုန်းရှောင်ရလေသည်၊

ဤကဲ့သို့ ယမ်းကြိုးကို မီးကူးစက်လောင်ကျွမ်းသွားနေရာမှ လွန်ပေါက်များမှာ ချိတ်ဆက်ထားသော ကော့ဒက်ယမ်းကြိုးများ အဆင့်ဆင့် ကူးစက်လောင်ကျွမ်းသွားပြီးနောက်-

"ဝုန်း"

www.burmeseclassic.com

ဆိုသော ကျယ်လောင်ပေါက်ကွဲသွားသည့်အသံကြီးနှင့်အတူ ကျောက်တောင်နံရံပေါ်မှ ကျောက်စိုင်၊ ကျောက်တုံးကြီးများသည်မှိုပွင့်သဏ္ဍာန် ကောင်းကင်ယံပေါ်ဝယ် ဖုန်မှုန့်များ ရောထွေးပေါက်ကွဲ လွင့်စဉ်ကျလာလေသည်။

ထိုသို့ပေါက်ကွဲအားအရှိန်နှင့်အတူ လွင့်စဉ်ထွက်လာသောကျောက်တုံးကြီးများမှာ အရွယ်အစားအမျိုးမျိုး ရှိလေသည်။လူတစ်ဖက်သားသားကြီးမားသည့်တိုင်စီတုံး၏ ကျောက်တုံးကြီးများသည် တောင်းကင်ယံမှအရှိန်နှင့်လွင့်စဉ်ထွက်ပြုတ်ကျလာသဖြင့်ကျောက်ကျင်းထဲသို့ တဝုန်းဝုန်းနှင့် ဆူညံစွာ ပြိုကျလာလေတော့သည်။

"အင်း - အပေါ်ကျောက်မိုင်းက နလိုမိုင်းခွဲရလိုက်ပြီဆိုနက်ဖြန်တို့အမျိုးသမီးဆောင်ဆီ ကျောက်တွေ ပို့လာဦးမှာပဲ"

"ဟုတ်တယ်နော် - ခင်ခင်၊ဒီလိုမိုင်းခွဲပေးမှလည်း ငါတို့လို ကျောက်ထုခွဲရတဲ့သူတွေ ထုခွဲရ သက်သာမှာနော်"

ညနေ ထောင်မပိတ်မီ စခန်းဝင်းထဲမှာအကျဉ်းသူများနားနားနေနေနေထိုင်ခွင့်ရချိန်မို့ လွတ်လွတ်လပ်လပ် အနားယူနေကြသည်။တန်းစီးမှူးကြီးခင်ခင်နှင့်တရာ မြသီတို့နှစ်ဦးသည် အိပ်ဆောင်ဘေး ရေအုတ်ကန်ပေါင်ပေါ် ထိုင်ကာ လေညင်းခံရင်း စကားစမြည် ပြောနေကြခြင်း ဖြစ်ပါသည်။

ညနေပိုင်း အလုပ်သိမ်းပြီးချိန်မှာတော့အိပ်ဆောင်ဘေးနားတစ်ဝိုက်ဝယ် အလှပန်းလေးများ ဝေဖြာပွင့်လန်းနေကြသည်။ မိန်းမတို့ သာသာဘာဝ အကျဉ်းသူလေးများသည် လုပ်ငန်းခွင်ထဲမှာလိုမျက်နှာကြောင်ကျား၊ ဗိုသီဖတ်သီအဝတ်အစားမျိုးနှင့်မဟုတ်ပဲ အကျီဒီဖိုင်းပုံစံ ရောင်စုံဝတ်ဆင်ထားကြသည်။

အကျဉ်းသူများပင် ဖြစ်လင့်ကစား ပူပင်သောကစိတ်များ ပျံလွင့်ကာ မျက်နှာပြင်ပေါ်ဝယ် ကာလာစုံ ခြယ်သထား သည်မှာ ညနေခင်းနေဝင်ဆည်းဆာချိန်အောက်မှာ လှချင်တိုင်း လှနေကြလေသည်။ ရောင်စုံလိပ်ပြာလေးများနှယ် ကိုယ်ပိုင်အဝတ်အစားများတို့ ဖီးလိမ်း ခြယ်သ ဝတ်စားဆင်ယင်ထားသည်မှာ မြင်သူ ငေးလောက်ပေသည်။

အကယ်၍များ သင်ကြုံကြိုက်လို့ တစ်ခေါက်လောက်များ လှေ့လာခွင့်ရမည်ဆိုလျှင် ကျောက်စခန်းဝင်းထဲမှာ ညနေဆည်းဆာ နေညိုရိုန်အောက်မှာ တောက်ပဝင့်ကြွားစွာ အလှနတ်မိမယ်လေးများကို ရုတ်တရက်မြင်တွေ့ခဲ့လျှင် ရှင်မဟာရဋ္ဌသာရ၏ ပျို့ကဗျာထဲမှာလို မှတ်ထင်သွားပေမည်။

မည်သို့ပင်ဖြစ်စေ၊ပြစ်မှုပြစ်ဒဏ်တို့ ကျူးလွန်ခဲ့ကြသူများ၏ ဘဝပုံရိပ်ကို တစ်စေ့တစ်စောင်း မြင်တွေ့ခဲ့လျှင် သနားဂရုဏာ ပိုမိုကြမည်ထင်ပါသည်။ သို့သော်လည်း သူမတို့အားလုံးသည် နိုင်ငံတော်၏တည်ဆဲဥပဒေများကိုကျူးလွန်ဖောက်ဖျက်လာခဲ့ကြသော အာဂ သတ္တိခဲဒုစရိုက်သမားများ ဆိုသည်ကိုတော့ သတိချပ်သင့်ပေသည်။

▶ စိုး၀၀

## ရှေးထုံးလည်း မပယ်နှင့်
## ရှေးသုံးလည်း မစွယ်နှင့်


- ✶ သစ်နှစ်ချပ်ကြား၊ ဝါးမညှပ်စကောင်း။
- ✶ အသုဘကို ရက်စုံမထားရ။
- ✶ အလကားနေရင်း သန်းဥမဆွဲရ။
- ✶ အိပ်ရာထ မျက်နှာမသစ်ဘဲ အစာမစားရ။
- ✶ အိမ်သားတစ်ဦးဦး နေမကောင်းလျှင် ခေါင်းမကျော်ရ။
- ✶ အိမ်သားတစ်ဦးဦး ခရီးထွက်လျှင် ခေါင်းမလျှော်ရ။
- ✶ အိမ်ရှေ့ငှက်ပျောပင် မစိုက်ရ။
- ✶ အိမ်ရှေ့မျက်နှာစာတွင် ထမီမလှန်းရ။

www.burmeseclassic.com




ဝိညာဉ်လောက

ဒဂုန်ရွှေမျှား





စိတ်၊ ဝိညာဉ်၊

လျှို့ဝှက်ဆန်းကြယ်

ဒဂုန်ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com




ရွှေစင်နတ်ဘုရား

ဒဂုန်ရွှေမျှား




www.burmeseclassic.com

www.burmeseclassic.com

# မြှိမ်းရောင်

**ရခိုင်ပြည်နယ် တောနက်ကြီးထဲတွင် အမဲလိုက်ရင်း ကြမ်းတမ်းခက်ထန်သည့် တောတိရစ္ဆာန်များနှင့်တွေ့ရ တောသဘာဝကို နားလည်သော မုဆိုးများက ပရိယာယ်ဖြင့် ရှောင်တိမ်းရင်း ..**

တောင်တန်းကြီးအထက်မှ တောင်ထွတ်ကြီးသည် မိုးမြင့်ပြင်သို့ စွင့်စွင့်ဝင့်ဝင့်တက်လျက်ရှိ၏။

မြင့်မားသော ကညင်၊ အင်ကြင်းစသည့် အပင်ကြီးများကား နေပြောက်မထိုးအောင် မှိုင်းအုပ်လျက်ရှိပြီး သစ္စာဝါများအစနေဖြင့် ယင်းသစ်ရိပ်ဝါးရိပ်အောက်တွင် ပျောက်ကွယ်လျက် ရှိနေတော့၏။

အချိန်ကား နံနက် (၈) နာရီဖြစ်သည်။

လူတစ်စုသည် တောင်ထွတ်ကြီး၏ တောင်ခြေတိရစ္ဆာန်သွားလမ်းအတိုင်း သွားလျက်ရှိသည်၊ လူတစ်စုဆိုလင့်ကစား လူသုံးယောက်တည်းသာ ဖြစ်သည်။

ထိုနေရာသည် အမ်းမြို့နှင့် မြေပုံမြို့ အကြား ဂန္ဓာမည်သော တောင်ကြီးနှင့် တောင်တန်းဖြစ်၏။

သူတို့အထဲတွင် ခေါင်းဆောင်လုပ်လာသူကား မုဆိုးကြီး ထန်လီမ်းဖြစ်ကာ အဖွဲ့ဝင်အဖြစ် ဗိုလ်မင်းဆွေနှင့် ရခိုင်မျိုးချစ်ပြောက်ကျားခေါင်းဆောင်တစ်ဦး ဖြစ်သည့် ဗိုလ်သာတျော်တို့ဖြစ်၏။

အထူးသဖြင့် ကျောက်လက်ဝါးလွင်ထဲတွင် ပြောင်နှင့် တောဆိတ်အချို့ ကျက်စားနေကြောင်း သတင်းရသဖြင့် အမဲပစ်ရန် ထွက်လာကြခြင်းဖြစ်၏။

ဗိုလ်မင်းဆွေမှာ ဗမာ့တပ်မတော်မှ ရခိုင်မျိုးချစ်ရဲဘော်များနှင့် ဆက်သွယ်ရန် ရောက်နေခြင်းဖြစ်၏။

အချိန်အခါမှာ ၁၉၄၄ - ခုနှစ်အတွင်းဖြစ်သည်။ ဂျပန်စစ်တပ်များ အင်ဖာစစ်မြေပြင်မှ ဆုတ်ခွာနေရသလို ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်းတောဘက်တွင်လည်း ဂျပန်တပ်မ အမှတ်(၅၄)နှင့် ဗြိတိသျှတပ်မအမှတ် (၁၅)နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေသော အချိန်ပင်ဖြစ်သည်။

ကျောက်လက်ဝါး...

ဤရိုးမကြီးအတွင်းတွင်ရှိသော ကျောက်တောင်ကြီးတစ်ခုဖြစ်သည်။ ကျောက်နံရံမှာ လက်ဝါးလက်ရောင်းပမာ ရှိနေသဖြင့် "ကျောက်လက်ဝါး" ဟုခေါ်ကြ၏။ တောကျွမ်းကျင်သော ရခိုင်၊ မြန်မာ၊ ချင်းအမျိုးသားပင် မသိကြချေ။

နံနက် (၈) နာရီခွဲလောက်တွင် တောင်ခြေကို ကွေ့ပတ်သွားရသည့် တောင်ခါးပန်းလမ်းသို့ ရောက်လာ၏။ တောင်ခါးပန်းလမ်းမှာ လူတစ်ယောက် တိရစ္ဆာန်တစ်ကောင်လျှောက်နိုင်သည့် လမ်းဖြစ်သည်၊ တျောက်တုံးတျောက်သားများ ဆောက်ဝအလျောက်စာည်ရှိနေပြီး တစ်ဖက်တွင် တောင်နံရံကြီးဖြစ်လျက် တစ်ဖက်က အလွန်နက်သော ချောက်ကြီးဖြစ်သည်၊ ချောက်ကြီးအောက်မှ ဝါးရုံနှင့် သစ်ပင်များကိုင်းများများက ထိုလမ်းကလေးတစ်ဖက်တွင် ရောက်ရှိနေ၏၊ မျောက်အော်သံများ ကြားနေရသည်။

"မိတ်ဆွေကြီးရေ - ဒီလမ်းကနေပြီး အမဲတစ်ကောင် ရရင်တောင် ဖျက်ယူဖို့ မလွယ်ပါလား"

ဗိုလ်မင်းဆွေက ပြောလိုက်သဖြင့် မုဆိုးကြီး ထန်လီမ်းက "ဒီလမ်းက တစ်ကွေ့လောက်သွားပြီး တောင်မကြီး တောင်ကြောလမ်းကို ရောက်မှာပါ" ဟု ထန်လီမ်းက ပြောလိုက်၏။

ထန်လီမ်းသည် ချောက်အစ် တောင်ပမာ ရှေ့မှအလျင်အမြန်သွားနေသဖြင့် အမဲပစ်လက်နက်ကြီးများပါသော ဗိုလ်မင်းဆွေတို့အဖို့ အသည်းတယားယားဖြင့် အဝေးပစ်ကြီးစားကာ နောက်မှ လိုက်နေရ၏။

မုဆိုးကြီး ထန်လီမ်းပြောလိုက်သော တစ်ကွေ့မှာ အဆင်းအတက်များ ပြီး နှုတ်ဂိုက်ကျော် ကျော်သွားပြီးမှ တောင်ကြောလမ်းကျယ်နှင့် စမ်းချောင်းကြီးတစ်ချောင်း ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

မုဆိုးကြီး ထန်လိမ်းက -

"ဒီစမ်းချောင်းကဖော်နဲ့မျောသွားရင်း ကျောက်ဖလူးနားကို ရောက်မှာတယ်၊ လမ်းသိအောင်ဖြတ်လမ်းက ခေါ်လာတာပါ"

ယင်းနောက် ကျောက်လက်ဝါးတောင်ကြီးကို လက်ဖြင့် ညွှန်ပြလိုက်သည်၊ တောင်ကြီးကို လက်ဖြင့် ညွှန်ပြလိုက်သည်၊

လက်ချောင်းများပမာ တောင်နံရံတွင် ထိုးထိုးထောင်ထောင် ရှိနေသည့် ကျောက်လက်ဝါးတောင်ကြီးပင်ဖြစ်သည်၊

"အစ်ကို - အင်္ဂလိပ်တွေ လျှို့ဝှက်ထားခဲ့တဲ့ လက်နက်တွေ ဒီကျောက်လက်ဝါးနားမှာ ရှိတယ်ဆိုတာ သိရတယ်၊ အစ်ကို - တွေ့ဖူးသလား"

ဗိုလ်သာကျော်က မုဆိုးကြီး ထန်လိမ်းအား မေးလိုက်သဖြင့် -

"ကျုပ်လည်း ကြားတာပဲရှိတယ် အစ်ကို၊ ဒီလက်နက်တွေကို အင်္ဂလိပ်တွေစစ်ဆုတ်တဲ့အခါမြင်းတပ်နဲ့ဒီဘက်ကို လမ်းပြတစ်ဦးက လမ်းပြရင်း ရောက်ခဲ့တာတဲ့၊ လက်နက်တွေကို ကျောက်လက်ဝါးဂူတစ်ဂူထဲ မြှုပ်ထားခဲ့တယ်လို့ ပြောတယ်"

သူတို့သည် တောင်ကြားလမ်းအတိုင်းလာရာက ကျောက်လက်ဝါးတောင်ခြေသို့ ရောက်လာကြသည်၊ ကျောက်လက်ဝါးဆိုသည့် အတိုင်း သဘာဝအလျောက်မိုးရေတိုက်စားရာမှ လက်ဝါးလက်ချောင်းများပမာ ဖြစ်ပေါ်နေခြင်းဖြစ်၏၊

သူတို့သည်တောင်ခြေစမ်းချောင်းအထက် ကိုက်ငါးဆယ်ခန့်ရှိ ကျောက်လက်ဝါးတောင်အောက်ခြေတွင် စခန်းချလိုက်၏၊ ယခုအခါမှ စိတ်ရောကိုယ်ပါ အနားယူလိုက်ရသလို နံနက်စာစားထားသည့်ထမင်းဟင်းများပျောက်၍ဆာလောင်လာတော့သည်၊

ယင်းအချိန်မှာပင် မုဆိုးကြီး ထန်လိမ်းက ကျောက်လက်ဝါးလျှောင်ထဲသို့ ရောက်လာသည့် ပြောင်နှင့်ဗိုင်းအုပ်တစ်အုပ်အား ညွှန်ပြလျက် -

"ပြောင်နဲ့ဗိုင်ကိုနှစ်ကောင်လောက်စီ ပစ်ယူပြီး - အေး - အေး - ဆေးဆေး ပြန်ကြတာပေါ့"

ယင်းသို့ပြောကာ အလျင်အမြန် ကျောက်လက်ဝါးအထက် ကျောက်တုံးများအား တွယ်တက်ပြီးနောက် ပျောက်သွားသည်၊ မကြာမီ ကျောက်လက်ဝါးအထက်ဆီမှ ခြင်းကြီးတစ်လုံး ကြိုးဖြင့်ကျလာရာ ဗိုလ်သာကျော်က လှမ်းယူလိုက်သည်၊

ခြင်းကြီးထဲတွင် အမဲခြောက်များ၊ ပြောင်းဖူးများ၊ ဝါးဘူးနှင့် ထည့်ထားသည့် ဆားပါလာသည်၊ ဗိုလ်သာကျော်က ဗိုလ်မင်းဆွေကို ပြောလိုက်သည်၊

"မုဆိုးကြီး ထန်လိမ်းက တောထဲမှာ အနေများတော့ သူတို့ရိက္ခာတွေကို နေရာအနှံ့ ခွဲထားတယ်ဗျ၊ ကျောက်လက်ဝါးဟာ သူ့ရဲ့ရိက္ခာထားတဲ့စခန်းလည်းဖြစ်တယ်၊ အမဲလိုက်ရာမှာလည်း ဒီနေရာက ပိုလွယ်တယ်ဗျ"

ယင်းအခိုက် "ဝူး - ဝူး" ဟူသော အချက်ပေးသံ ထွက်လာသည်၊

"ဝူ - ဝူ - ဝူ"

ကျောက်လက်အထက်ဆီမှ ပြန်လည်အချက်ပေးလိုက်သည့်အသံ ပေါ်ထွက်လာသည်၊ ဗိုလ်သာကျော်က ခြင်းကြီးထဲမှ ရိက္ခာများယူပြီးနောက် ကြိုးကို လှုပ်လိုက်ရာ ခြင်းကြီးသည် တရွေ့ရွေ့ အပေါ်သို့ တက်သွားတော့၏၊

ယင်းအခိုက်အသက်(၁၈)နှစ်ခန့်ရှိ လူငယ်တစ်ဦး တောင်ကြောလမ်းအတိုင်း ပေါ်ထွက်လာသည်၊ သူသည် မုဆိုးကြီး ထန်လိမ်း၏သား ကေဆန်းပင်၊

ကေဆန်းသည် ရိက္ခာနှင့် ပစ္စည်းထည့်ခြင်းကြီးတစ်လုံး ကျောတွင် လွယ်၍ထားသည်၊ ယင်းအခိုက် ထန်လိမ်းတစ်ယောက် ကျောက်လက်ဝါးတောင်ကပြန်မှ အလျင်အမြန် ဆင်းလာသည်၊

"ကေဆန်း - မင်း ဘာရလာသလဲ"

ကေဆန်း၊ အနားရောက်လာသည်နှင့် မုဆိုးကြီး ထန်လိမ်းက မေးလိုက်ခြင်းဖြစ်သည်၊ ကေဆန်းသည် သူ၏ကျောတွင် လွယ်ထားသော ခြင်းကြီးကို ဖြုတ်လိုက်ပြီး အထဲမှ သတ္တဝါတစ်ကောင်ကို ဆွဲထုတ်လိုက်၏၊ ခြင်းကြီးထဲမှ ဆွဲထုတ်လိုက်သော သတ္တဝါမှာ ထူးထူးခြားခြား ရရှိလာသည့် တောင်လိပ်ကြီးတစ်ကောင် ဖြစ်သည်၊

"သူ့ကို လမ်းမှာတွေ့လို့ ကျွန်တော် ကောက်ယူလာတာ - အဖေ"

"တို့မှာ စားစရာတွေ ရှိပါတယ်ကွာ လွှတ်ပစ်လိုက်ပါ"

တောင်လိပ်ကြီးသည် ဗက်လက်လှန်ထားသဖြင့် ယက်ကန်၊ ယက်ကန်နှင့်ဖြစ်နေသည်၊

ကေဆန်းက တောင်လိပ်ကြီးကိုဆွဲယူကာ ချုံကြီးတစ်ချုံဘေးသို့ ချထားလိုက်သည်၊ လိပ်ကြီးသည် အလျင်အမြန်ပင် တောအတွင်းသို့ ဝင်ရောက်သွားတော့၏၊





www.burmeseclassic.com

www.burmeseclassic.com



တောရိုင်းကောင်များအဖို့ တစ်ကောင်ပြေးမိလျှင် အုပ်စုလိုက် ပြေးတတ်သည်။ အုပ်စုခေါင်းဆောင်က ဦးဆောင်တိုက်လျှင်လည်း အသေခံ တိုက်ခိုက်တတ်သည့်သတ္တဝါများဖြစ်။ ယှဉ်တွေ့ရသည့် ပြောင်နှင့်စိုင်၊ ကျွဲရိုင်း များသည်မှ အဆိုးဆုံးသော အရိုင်း သတ္တဝါများဖြစ်သည်။

# ၆၈

"ကေဆန် - ပြောင်းဆန့်နဲ့ အသား တွေ မြှုတ်ထား၊ ငါတို့ ပြောင်သွားလိုက် ဦးမယ်"

ထန်လီမ်းက သူ့သားအား မှာထား ကာ ဗိုလ်သာကျော်နှင့် ဗိုလ်မင်းဆွေကို ခေါ်၍ ကျောက်လက်ဝါးမြောက်ဘက် လွင်ပြင်သို့ ထွက်လာသည်။ ကျောက် လက်ဝါးတောင်နှင့် တောင်တန်းသည် ဂန္ဓာတောင်တန်းအတွင်းတည်ရှိနေခြင်း ဖြစ်သည်။

ပေပေါင်းငါးထောင်ကျော်မြင့်သည့် တောင်တန်းကြီးဖြစ်ပြီး တောတောင် အတွင်း၊ သစ်ပင်ကြီးများ မြင့်မား သလောက် တောကောင် သားကောင် များ ပေါများလှသည်။

ဗိုလ်မင်းဆွေသည်ဗြိတိသျှဒသသမ ၃၀၃ ရိုင်ဖယ်နှင့်ဒသသမ ၄၅ ခြောက်လုံး ပြူးတစ်လက်၊ ရှစ်ပေခွဲရှိသည့်ဓားမြှောင် တစ်ချောင်းပါသလို ဗိုလ်သာကျော်က လည်း ဗြိတိသျှ ဒသသမ ၃၀၃ ရိုင်ဖယ်၊ ကိုးမီလီမီတာ ပစ္စတိုတစ်လက်၊ အမဲ လိုက်ဓားမြှောင်၊ လျှော်ကြိုးခွေတစ် ချောင်းပါသည်။ မုဆိုးကြီး ထန်လီမ်းမှာ ဒူးလေးနှင့် အမဲပစ်ဓားတိုတစ်ချောင်း ပါရှိ၏။

လွင်သို့ရောက်ရန်တဖြည်းဖြည်းမှ အောက်သို့ ဆင်းလာရသည်။ ကျောက် ကမ်းပါးနံဘေးမှ ကွေ့ဆင်းလာတော့ တောင်ကြောလမ်းအတိုင်း အောက်သို့ ဆင်းလာစဉ် မုဆိုးကြီးထန်လီမ်းက ဗိုလ် သာကျော်တို့အား အသံပြုလိုက်၏။

လူလောက်နီးပါးရှိသည့် ဝက်ဝံကြီး နှစ်ကောင်တောင်ကမ်းပါးယံလမ်းကွေ့မှ ပေါ်ထွက်လာခြင်းဖြစ်၏၊ ဝက်ဝံကြီးများ တလည်း ထန်လီမ်းတို့အား ရင်ဆိုင်တွေ့ လိုက်ရပြီးနောက် အော်လိုက်၏။

"ဝူး - ဝူး"

ထန်လီမ်းသည် ကျောက်ကမ်းဝါး ယံကြီးပေါ်ပြေးတက်သွား၏။ ထန်လီမ်း ကိုဝက်ဝံကြီးများက မော့ကြည့်လိုက်ကြ သည်။

"ဂရူး - ဂရူး - ဝရူး"

ဝက်ဝံကြီးများက အော်လိုက်ခြင်း မဟုတ်၊ ထန်လီမ်းက အော်လိုက်ခြင်း ဖြစ်၏၊ ဝက်ဝံကြီးများသည် အလျင် အမြန်ပင် ကျောက်ကမ်းပါးကြီးအောက် သို့ ဆင်းသွားကြသည်။

ဗိုလ်သာကျော်က -

"ထန်လီမ်းဟာ ဝက်ဝံကြီးတွေ လမ်းပြောင်းသွားအောင် လုပ်နိုင်တာ တော့ချီးကျူးစရာပဲဗျို့၊ သူက တောထဲမှာ အနေများတော့ သားကောင်အကြောင်း သိထားတာများတယ်"

ယင်းအခိုက် ထန်လီမ်း ကျောက် ကမ်းပါးမှ ဆင်းလာလျက်ပြောလိုက်၏။

"ဝက်ဝံတွေဟာ ကျောက်ကမ်းပါး တသူတို့အသံမျိုးပေးလိုက်ရင်းရန်သူကို ရှောင်သွားတတ်တဲ့ အကောင်မျိုးဗျ၊ တတယ်တော့ - သူတို့က မလွှဲသာမှ အန္တရာယ်ပြုတာပါ"

မုဆိုးကြီး ထန်လီမ်းက ပြောလိုက် စဉ် ကျောက်တမ်းပါးယံအောက် တောင် ကြောလမ်းဆီမှ အသံများပေါ်ထွက်လာ သည်၊

တောဆင်ရိုင်းများ အသံများပင်၊

တောဆင်ရိုင်းအကောင်သုံးဆယ် အုပ်သည် ဝါးတောကြီးအတွင်း တိုးဝင် သွားကာ ဝါးညွန့်များကို တဖြောင်း ဖြောင်းနှင့် ချိုးစားနေကြ၏၊

ပြောင်အုပ်နှင့် စိုင်အုပ်အချို့လွင်ထဲ မှနေ၍ ချောင်းဘက်သို့ ဆင်းသွားသည်၊

မုဆိုးကြီး ထန်လီမ်းနှင့် ဗိုလ်သာ ကျော်၊ ဗိုလ်မင်းဆွေတို့သည် ကျောက် ကမ်းပါးလမ်းမှ တောင်ကြောအောက် ခြေအထိ ဆင်းလာလျက် ပြောင်နှင့် စိုင် အုပ်များ ရေသောက်ရေကစားနေသည့် နေရာနှင့် ပေသုံးရာအကွာလောက်တွင် နေရာယူလိုက်ကြသည်၊





www.burmeseclassic.com

www.burmeseclassic.com

စမ်းချောင်းအတွင်းရေချိုးနေသော ပြောင်ပေါက်သုံးကောင်အနက် တစ်ကောင်ကို ဗိုလ်သာကျော်က ပစ်လိုက်သလို ပြောင်အုပ်နှင့် ကိုက်ဝါးဆယ်တွာတွင်ရှိသည့် စိုင်အုပ်ထဲမှ စိုင်တစ်ကောင်အား ဗိုလ်မင်းဆွေက ပစ်လိုက်၏။ ရှိုင်ဖယ်သံများက တစ်တောလုံး ဟိန်းသွားသည်။

ဗိုလ်သာကျော်ပစ်လိုက်သည့် ပြောင်ပေါက်ကြီးသည် စမ်းချောင်းဘေးမှာပင် တုံးခနဲ လဲကျသွားသည်။ ပြောင်များ တရုန်းရုန်းဖြင့် ထွက်ပြေးသလို စိုင်များလည်း ထွက်ပြေးသွားသည်။

ဗိုလ်မင်းဆွေပစ်လိုက်သည့် စိုင်ပေါက်ကြီးမှာ ဒယီးဒယိုင်ဖြင့် လဲကျသွားစဉ် ဝါးတောကြီးအတွင်းမှ ဆင်ရိုင်းများ အသံက ရှုည့်စွာ ပေါ်ထွက်လာတော့၏။

တောဆင်ရိုင်းများသည် ဝါးတောကြီးမှ တရုန်းရုန်းထွက်လာကာ အနောက်ဘက် ပေါက်တောင်တန်းဘက်သို့ ဆင်းသွားတော့၏။

ယင်းအခိုက် အော်သံအချို့ကြားလိုက်ရသည်။

ဗိုလ်သာကျော်နှင့် ဗိုလ်မင်းဆွေအား မုဆိုးကြီး ထန်လီမ်းက အလျင်အမြန်ပင် တောင်တမ်းပါးယံအပေါ်သို့ ကျောက်တုံးများ၊ သစ်ပင်များဖွဲ့၍တက်ခဲ့ပြီး အစွန်းထွက်နေသည့် ကျောက်ဆောင်ကြီးပေါ်တက်ခဲ့ကြ၏။

"ကျွဲ-ဖူး-ဖူး"

ထိုအသံနှင့်အတူ မည်းနက်သည့် သတ္တဝါကြီးများ တဝုန်းဝုန်းဖြင့် ဗိုလ်သာကျော်တို့နေခဲ့သော တောင်ကြားလမ်းအတိုင်း ပြေးဆင်းလာကြ၏။ အကယ်၍ တောင်ကမ်းပါးယံအထက်သို့ မတက်မိပါက ထိုသတ္တဝါရိုင်းများနှင့် တိုးမိမည်ဖြစ်၏။

ယင်းသတ္တဝါများကား ကျွဲရိုင်းကြီးများဖြစ်ပြီး ကောင်ရေတစ်ရာကျော် ဖြစ်သည်။

"ဒိုင်း..."

ဗိုလ်သာကျော်က ကျွဲရိုင်းတစ်ကောင်အား ပစ်ခတ်လိုက်၏။ ပစ်ခတ်ခံရသော ကျွဲရိုင်းသည် ပြေးလွှားရာမှ တုံးခနဲဖြစ်သွားပြီး ဝုန်းခနဲ လဲကျသွားသည်။ ကျွဲရိုင်းများသည် ခပ်ဝေးဝေးက လွင်တစ်ဖက်တောထဲတွင် ရှိနေ သည်။ သေနတ်သံကြောင့် ပြေးထွက်လာခြင်းဖြစ်၏။

တောရိုင်းတောင်များအဖို့ တစ်ကောင်ပြေးမိလျှင်အုပ်စုလိုက်ပြေးတတ်သည်။ အုပ်စုခေါင်းဆောင်ကဦးဆောင်တိုက်လျှင်လည်း အသေခံတိုက်ခိုက်တတ်သည့်သတ္တဝါများဖြစ်၏။ ယခုတွေ့ရသည့် ပြောင်နှင့်စိုင်၊ ကျွဲရိုင်းများသည် အဆိုးဆုံးသော အရိုင်းသတ္တဝါများဖြစ်သည်။

မကြာမီထန်လီမ်း၏သားကေဆန်း လိုက်လာရာ ရရှိထားသော ပြောင်တစ်ကောင်နှင့် စိုင်၊ ကျွဲတို့အား အလျင်အမြန်ဖျတ်လိုက်၏။ ကေဆန်းသည် ပြောင်းနှင့် အမဲခြောက်များ ရောပြုတ်ထားသည့်အိုးကြီးကိုပါ ယူလာသဖြင့် စမ်းချောင်းဘေးမှာပင် လေးယောက်သား စားလိုက်ပြီးနောက် ရရှိသော အမဲ ရိက္ခာများသယ်ရန်အတွက်ထန်လီမ်းက ဝါးဖောင်လုပ်ရာ ဗိုင်းကူလိုက်သဖြင့် မကြာခင်ပြီးစီးသွားသည်။

ယင်းအချိန်တွင် ကေဆန်းက အသားများအား မြစ်းကြီးနှစ်ခြင်းတွင် ထည့်နေစဉ်လွင်ကြီးတစ်ဖက်ဝါးနှင့်ကျူတောကြီးအတွင်း "ဖူး-ဖူး-ဖူး" ဟူသော အသံများကြားလိုက်ရသည်။

"ဝုန်း-ဝုန်း-ဝုန်း"

ရုတ်တရက် ကျူတောကြီးအတွင်းမှ မည်းနက်သည့် သတ္တဝါကြီးများ အလျင်အမြန် ပြေးထွက်လာလေသည်။

"ဟာ-ကျွဲရိုင်းအုပ်"

မုဆိုးကြီး ထန်လီမ်း ပြောရင်း-

"ဖောင်ပေါ် မြန်မြန်တက်-အစ်ကိုရှု ဒီအုပ်က ပထမကျွဲရိုင်းအုပ်နဲ့ ဒုတိယအုပ်ပေါင်းပြီး တိုက်ခိုက်ရအောင် လာတာပဲ"

လွင်အတွင်းတွင် မြေမှုန့်များ တထောင်းထောင်းထလျက်ရှိသည်။ မြေမှုန့်နှင့်မည်းနက်သည့်အရောင်သည် ရောထွေးလျက်ရှိကာ ရှေ့ဆုံးကျွဲရိုင်းအုပ်ခေါင်းဆောင်မှာ လူတစ်ရပ်ကျော်ခန့် ရှိမည်ထင်ရသည်။

"ဖူး-ဖူး"

ကျွဲရိုင်းများ နှာခေါင်းမှုတ်သံ၊ "ကျွဲ" ခနဲအော်သံ ရှုည့်လျက်ရှိသည်။ အလျင်အမြန်ပင် အသားခြင်းများကို ဝါးဖောင်ပေါ်တင်လျက် ဖောင်ကို တမ်းမှ ထိုးဝါးဖြင့် တွန်းထုတ်လိုက်ကြ၏။

စမ်းချောင်းသည် ပေတစ်ရာကျော်ခန့်ကျယ်၍ ရေစီးသန်သည်။ အလျင်အမြန်ပင် ဝါးဖောင်မှာ ရေစီးဖြင့် မျောဆင်းလာသည်။ ကျွဲရိုင်းအုပ်ကြီးနှင့်ကား လွတ်မြောက်သွားပါလေသည်။ ရေစီးသန်သလို ကျောက်ဆောင်များအား မုဆိုးကြီး ထန်လီမ်းက ထိုးဝါးဖြင့် တွန်းကာ ရှောင်၍လာကြ၏။

စမ်းချောင်းသည် ကျောက်လက်ဝါးခံတောင်ခြေတွင် တွေ့ပုတ်စီးနေသလို တစ်နေရာတွင် သတ္တဝါကြီးအချို့အား တွေ့လိုက်ရသဖြင့် မျက်လုံးများ ပြူးသွားရသည်။

www.burmeseclassic.com

ယင်းသတ္တဝါများမှာ အလွန်ရှားပါးလှသည့် ကြံ့ကြီးသုံးကောင်တစ်အုပ်နှင့် မလှမ်းမကမ်းတွင် တောဆင်ရိုင်းဆယ်ကောင်အုပ်ဖြစ်သည်။

"သူတို့ထွက်ပြေးအောင် သေနတ်သံ ပေးလိုက်ရမလား"

ဗိုလ်သာကျော်က ထန်လိမ်းအား မေးလိုက်ရာ -

"ဟာ - မလုပ်နဲ့ - အစ်ကို၊ ကျုပ်လုပ်ပြမယ်၊ သူတို့မိတ်ဖွေမှန်းသိအောင် ကျုပ်ပြမယ်"

ထန်လိမ်းကပြောရင်း ပါးစပ်ကို လက်ဝါးဖြင့်အုပ်၍အော်လိုက်သည်။

"ဂူ - ဝေ - ဝေ - ဝေ"

"ငူ - ဝေ - ဝေ - ဝေ"

အသံမှာ ငှက်တစ်ကောင်၏ သာယာသောအသံနှင့် ခပ်ဆင်ဆင်တူလှသည်။ ကြံ့ကြီးသုံးကောင်နှင့် တောဆင်ရိုင်းအုပ်သည် တဖြောင်းဖြောင်းဖြင့် ရေကို ရိုက်ပုတ်ကစားနေရာမှ ခေါင်းမော့လျက်ရှိသည်။

အလျှင်အမြန် ပြေးလွှားနေသည့် ဝါးဖောင်နှင့်လူတစ်စုမှာ အရိုင်းသတ္တဝါများရှေ့မှပင် ကျော်ဖြတ်သွားခဲ့ကြ၏။

"ဖြောင်း - ဖြောင်း - ဖြောင်း"

ဆင်ရိုင်းအုပ်မှ ရေပြင်ကို နှာမောင်းရိုက်ကာ နှုတ်ဆက်လိုက်သေးသည်။

ကောင်းကင်ပြင်တွင် ရုတ်တရက် မိုးရိပ်များ တက်လာကာ လေကတိုက်လာသည်။

"မိုးလေထဲမကျခင် ကျောက်ဖလူးရောက်ဖို့လိုတယ် - အစ်ကို"

ဗိုလ်သာကျော်က ပြောလိုက်သည်။

စမ်းချောင်းသည် အောက်သို့ နိမ့်ဆင်းလာကာ ရေစီးက မြန်လာသည်။ စမ်းချောင်းအတွင်းမှ ကျောက်ဆောင်ကြီးနှစ်ခုကို မြင်လာရသည်၊ ထိုနေရာတွင် ရေစီးကြမ်းကာ လှိုင်းထန်လျက်ရှိ၏။

မုဆိုးအဖွဲ့ စီးလာသောဖောင်ကလေးသည် ထိုကျောက်ဆောင်ကြီးနှစ်ဆောင်ကြားမှ ဝင်သွားရမည်ဖြစ်၏။ ထန်လိမ်းက သတိပေးထားခဲ့၏။

🙞🙞🙞

"ဝုန်း - ဝုန်း"

မုဆိုးတစ်သိုက်စီးလာသည့်ဖောင်ကလေးသည် ကျောက်ဆောင်ကြီးနှစ်ဆောင်အကြားထိုးဖြောက်ကာမျောလာခဲ့၏။

ထိုကျောက်ဆောင်ကြီးနှစ်ဆောင်မှကျော်လာသည်နှင့် မိုးနှင့်လေကျလာတော့၏။ စမ်းချောင်းသည် အောက်သို့ ပို၍နိမ့်ဆင်းလာသဖြင့် မုဆိုးတစ်စု စီးလာသော ဖောင်ကလေးမှာ ဝါးလုံးထိုးမျောလာတော့၏။ ဘေးနှစ်ဖက်ရှိ သစ်ပင်ကြီးများငယ်များမှ လေထန်သဖြင့် တကျွမ်းကျွမ်းမြည်နေသည်။

စမ်းချောင်းမှတစ်ဆင့် ချောင်းရေပြင်ကျယ်သို့ ရောက်လာသည်၊ မိုးနှင့်လေကြောင့်ဖောင်ကလေးမှာ ခုန်လျက်ရှိသည်၊ မုဆိုးကြီး ထန်လိမ်းက ဖောင်ကလေးအားတမ်းခြေသို့ကပ်ရန် ဝါးလော်တက်ဖြင့် လော်ခတ်ပဲ့ကိုင်ပေးသည်။

ကေဆန်းကလည်း ရှေ့မှလော်ခတ်နေရာကမ်းသို့ရောက်လာသည်၊ ထိုနေရာသည်မုဆိုးကြီးထန်လိမ်းပြောဆိုချက်အရ ကျောက်ဖလူးရွာနှင့် နီးသည်၊ စမ်းချောင်းမှတက်၍ တောင်ခြေကြာပေါ်သို့ မရောက်မီ ရုတ်တရက် မျှော်လင့်ခဲ့ တောကောင်ကြီးတစ်ကောင်တလှုတစ်ဦးအားလည်းကုပ်မှကိုက်ဆွဲချီလာသည်ကို ပက်ပင်းတိုးကြသည်။

"ဟာ - ကျောက်ဖလူးရွာသား ဆလိုင်းခမ်းပါလား"

တောကောင်ကျားကြီးမှာလည်း အံ့အားသင့်သွားပုံရသည်၊ သူဆွဲချီလာသော ဆလိုင်းခမ်းအလောင်းကို ချ၍ မာန်တစ်ချက် သွင်းလိုက်၏။

"ဝေါင်း"

"ဒိုင်း - ဒိုင်း"

လက်မြန်သော ဗိုလ်သာကျော်နှင့် ဗိုလ်မင်းဆွေက လျှပ်တစ်ပြက်ဖြင့် တောကောင်ကြီးများ ဝါးလုံးထိုးပင် ဒသမ ၃၀၃ ဖြင့် ပစ်လိုက်၏။

သေနတ်သံကတော့တစ်တောလုံး ဟိန်းသွားသည်၊ တောကောင်ကြီးမှာ မြောက်တက်ကာ မြေပေါ်သို့ကျ၍ အသက်ထွက်သွားသည်။

ဗြိတိသျှရိုင်ဖယ်ဒသမ ၃၀၃ ကျည်ဆန်သည် ချက်ကောင်းကို ထိပါမှ အမဲကြီးပစ်ရိုင်ဖယ်များကဲ့သို့ တုံးခနဲ လဲကျသွားစေနိုင်သည်။

"ဂူ - ဝေ့ - ဂူ - ဝေ့"

အချက်ပေးသံနှင့်အတူ ကျောက်ဖလူးရွာသားအချို့အား ရွာခေါင်းကြီး ခေါင်းဆောင်၍ရောက်လာသည်၊ မုဆိုးကြီးထန်လိမ်းနှင့်ဗိုလ်သာကျော်တို့အား တွေ့သဖြင့် ဝမ်းသာအားရ ပြောလိုက်၏။

"ထန်လိမ်းနဲ့ အစ်ကိုသာကျော်ရေ၊ ဆလိုင်းခမ်းကို ယာထဲမှာ ဒီကောင်ကြီး ဆွဲသွားတာကွာ၊ အခုလိုသတ်လိုက်ရို့ ပေါ့၊ မသတ်နိုင်ရင် နောက်ထပ် ဘယ်နှဦး စားဦးမယ်မသိဘူးကွာ"

ယင်းအချိန်တွင် မိုးနှင့်လေမှာ အနည်းငယ် ငြိမ်သွားပြီဖြစ်၏။

ကျောက်ဖလူးရွာအပြန်တွင် အမဲစုံးကိုသလို တောကောင်ကြီးနှင့် ဆလိုင်းခမ်းအလောင်းပါထမ်းပြန်လာရတော့သည်။

▶ မြဝင်း



www.burmeseclassic.com

www.burmeseclassic.com

ပူသားစားသည့်
အလျားပေ(၃၀)ကျော်
ရောမမိကျောင်းကြီးကို
အချိန်ယူ စွန့်စွန့်စားစား
ဖမ်းဆီးသတ်ဖြတ်ပုံကို
ရင်တမမ ဖတ်ရှုရမည့် ။





## မိချောင်းဘုရင် ဗိုလ်အောင်ဒင်

(ဒေခ ဆ လူ့ပြည်)

ကျွန်ုပ် စာရေးသူသည် မြန်မာနိုင်ငံတွင် ဗီဒီယိုဇာတ်ကားများ ပေါ်ဦးစအချိန်ကာလက
ကျောင်းဘုရင် ဗိုလ်အောင်ဒင်" အမည်ရှိ မိကျောင်းကားကြီးတစ်ကားကို ရုပ်ရှင်ဖလင်
က်ပြားပေါ်တွင် မရိုက်ကူးနိုင်ခဲ့၍ ဗီဒီယိုတိတ်သားများ ခေတ်နှင့်အညီ ပေါ်ထွက်လာခဲ့၍
ယိုစီစစ်ရေးလည်း နိုင်ငံတော်အစိုးရမှ ကော်ပိုရေးရှင်းတစ်ခုအနေဖြင့် ဖန်တီးပေးသော
ည့်အတွက် ကျွန်ုပ်သည် "မုန်တိုင်းဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး" ဟူသော နာမည်ဖြင့် တစ်
က ဗီဒီယို ထုတ်လုပ်ဖြန့်ချိရေးတစ်ခု လျှောက်ထား၍ ဗီဒီယိုဇာတ်ကားထုတ်လုပ်ဖြန့်ချိရေး
စ်ခု တည်ထောင်ခဲ့ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ထုတ်လုပ်ရေးမှ ပထမဆုံး ဖြန့်ချိသော ဗီဒီယို ဇာတ်ကားမှာ မိကျောင်းဘုရင်ဗိုလ်အောင်ဒင်အမည်ရှိမိကျောင်းကြီးတစ်ကောင်အကြောင်းပင် ဖြစ်၏။

၎င်းမိကျောင်းဘုရင်ဗိုလ်အောင်ဒင် ဇာတ်ကားကြီးကို ကွယ်လွန်ခဲ့ပြီဖြစ်သောအကယ်ဒမီတစ်ဆုရှင်ထရမ်းပက်ဝင်းဦးမှ နောက်ခံတေးဂီတကို ဂီတမှူးအဖြစ်တီးခတ်၍စိန်ရွှေဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ အောက်မြန်မာပြည်ကို ဖြန့်ချိခဲ့တာ အထက်မြန်မာပြည်ကို V.H.S ကို စိန်မြင့်မှ ဖြန့်ချိခဲ့လေ၏။

၎င်းမိကျောင်းဘုရင်ဗိုလ်အောင်ဒင်အမည်ရှိမိကျောင်းကြီးသည်အာရှတိုက်၌ ရှင်ဗမွှေးလွှန်း၊ မင်းနန္ဒာတို့ချစ်သူနှစ်ဦးနှင့်ပတ်သက်ခဲ့သော သိကြားမင်းဦးမာယ၏ သိကြားရေစင်တစ်စက် သောက်ကာကြီးပြင်းခဲ့သော ငမိုးရိပ်မိချောင်းကြီးအလား ဖြစ်နေလေ၍ဖြစ်၏။

အဆယ် ကြောင့် ဆိုသော် မိကျောင်းကြီး၏အရှည်သည် သုံးဆယ့်ခြောက်ပေတိတိရှိကာ အာရှတိုက်၌အကြီးဆုံး မိကျောင်းမျိုးရင်း၊ မျိုးစိတ်များကို ALLighors ဟု ခေါ်၏။

မိကျောင်းခေါ်းတို့၊ မျိုးစိတ်မျိုးရင်း ဖြစ်ပေ၏။

အာဖရိကာမိကျောင်းခေါင်းရှည်ကြီးများနီးပါးရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ညက်နီညက်နက်များ၍လှည့်ပတ်တတ်ခြင်းဟူသော ပရိယာယ်ဝေဝုဒ် များလှပေတော့၏။

အာဖရိက မိကျောင်းရှည်ကြီးများ၊ ကို CroCodie ဟု ခေါ်၏။ ၎င်း၊ CroCodies မိကျောင်းကြီးများသည် အာရှတိုက်ရှိ ALLighor ဟု ခေါ်သော ခေါင်းတိုမိကျောင်းများထက် အလုံးအထည် ကြီးမားသလို ပို၍လည်း ရှည်လျားလေ၏။ ညက်နီညက်နက်လည်း ပို၍ များလှလေ၏။

ယခုကျွန်ုပ်ရေးသားမည့်မိကျောင်းကြီးသည် မြန်မာမိကျောင်း ALLighor များထဲ၌ ရှားရှားပါးပါး ထူးထူးခြားခြား လူဆယ့်နှစ်ယောက် ကျော်ကျော်ကို ကိုက်ဖြတ်ဝါးမျိုစားသောက်ခဲ့ပြီးဖြစ်သလို လွန်စွာ ကြောက်ရွံ့ဖွယ်ကောင်းသောမိကျောင်းကြီးတစ်ကောင်လည်း ဖြစ်ပေ၏။

၎င်းမိကျောင်းကြီးသည် လူများကို ကိုက်ဖြတ်ဝါးမျိုစားသောက်မှုများလွန်လှသောကြောင့် ကြေးမုံသတင်းစာ မှာပင် လွှန်ခဲ့သော နှစ်သုံးဆယ်ကျော်ခန့်က သတင်းအဖြစ် ဖော်ပြခြင်း ခံခဲ့ရသော မိကျောင်းကြီးတစ်ကောင် အကြောင်းပင် ဖြစ်ပေတော့သည်။

၎င်းမိကျောင်းကြီး၏ ဆိုးသွမ်းမှုကြောင့် တစ်ခေတ်တစ်ခါက မြန်မာ့ဂန္ထဝင်မြောက်ရုပ်ရှင်၊ ဗိုလ်အောင်ဒင်ဟူသည့်လူဆိုးဗိုလ်ကြီးအဖြစ်ပင် ပုံနှိုင်းခြင်း ခံခဲ့ရလေ၏။

ကျွန်ုပ်စာရေးသူသည်ရက်စက်ဆိုးဝါး သောင်းကျန်းလွန်းလှသော ရုပ်ရှင်ဒါရိုက်တာကြီး ရွှေဒုံးဘီအောင်၏ဂန္ထဝင်မြောက်ရုပ်ရှင် ဗိုလ်အောင်ဒင်ပြန်လာပြီကို ကတ်ဆက်ဇာတ်လမ်းအဖြစ် မြန်မာတစ်ပြည်လုံးကြားအောင် အသံဇာတ်လမ်းအဖြစ် ဖန်တီးခဲ့ပြီးဖြစ်သလို ယခုတစ်ဖန် ချောင်းများ၊ မြစ်များအတွင်း လွန်စွာဆိုးသွမ်းခဲ့သော အဖြစ်မှန် မိကျောင်းကြီးဗိုလ်အောင်ဒင်အကြောင်းကို ဂမ္ဘီရလောက လစဉ်ထုတ်မဂ္ဂဇင်းမှ ရေးသားတင်ပြပေးလိုက်ပါ၏။

ကျွန်ုပ်၏မိတ်ဆွေကြီး ဝေလွှင်မြင့်မောင်၏တောင်းဆိုမှုကြောင့်လည်း ရေးသားခြင်းဖြစ်ကြောင်း ဝန်ခံ၏။

၎င်းတွင်မြန်မာစာသတ်ပုံကျမ်းတွင် မိကျောင်းဟူသော ဝေါဟာရကို မ,ရေးလုံးကြီးတင်,မိ ဟု ဖော်ပြ၍ ကျောင်းကို သဝေထိုးကကြီး,ယပင့်,ရေးချ.(သတ်) ကျောင်း,ဝစ္စနှစ်လုံးပေါက်,ကျောင်းဟု အသံထွက်၏။

သို့သော် ကျွန်ုပ်ရေးသားသော ၎င်းဝတ္ထု၏ ခေါင်းစီးပါ မိကျောင်းကြီးကို ချွေးရပင်းရေးချ,ငသတ်ချောင် ... ဝစ္စပေါက်နှစ်လုံးထည့်၍ ချောင်းထားပါသည်။

၎င်း၌ ကျွန်ုပ် စာရေးသူအားလည်း စောဒကတက်ခွင့်ပြု၍ ရေးသားခွင့်ပြုစေလိုပါသည်၊ မြန်မာစာပေလောကတွင် ငလက်တိုနှင့် ညို့ဟူသော စကားကတ်ဖွဲ့ပြောတတ်သော ပညာရှိနှစ်ဦးပေါ်ပေါက်ခဲ့ဖူးလေ၏။

တစ်နေ့သ၌ ငလက်တိုနှင့် ညိုတို့ ကလေးနှစ်ယောက်သာဝတွင် ဘုန်းကြီးကျောင်းပေါ်၌ အိမ်မြှောင်တစ်ကောင်ကို တွေ့မြင်ကြရာ ငလက်တိုသည် အိမ်မြှောင်ကို အိမ်မှာတွေ့၍ အိမ်မြှောင်ဟု ခေါ်ဆိုလျှင် ယခု ကျောင်းမှာတွေ့သော အိမ်မြှောင်ကို ကျောင်းမြှောင်ဟု ခေါ်သင့်ကြောင်း အဆိုတင်သွင်းလေရာ





www.burmeseclassic.com

www.burmeseclassic.com

ညို့သည့် အိမ်မှာတွေ့လျှင် အိမ်မြှောင် ဟုခေါ်၍ ကျောင်းမှာတွေ့လျှင် ကျောင်းမြှောင်ဟုခေါ်ဆိုပါက ယခုလက်တွင်းမှာ တွေ့သောအိမ်မြှောင်ကို လက်မြှောင်ဟုပင် ခေါ်ဆိုကြောင်း။ အိမ်မြှောင်တစ်ကောင်တည်းကို အိမ်မြှောင်၊ ကျောင်းမြှောင်၊ လက်မြှောင်ဟူ၍ နာမည်သုံးမျိုး ပြောင်းလွှဲမှည့်ခေါ်သွားခဲ့လေ၏။

ယခုကျွန်ုပ်ရေးသားမည့်မိကျောင်းကြီးသည်လည်း ဧရာဝတီမြစ်ကြီး၏ အဆွယ်အပွား ချောင်းကြီးများအတွင်း၌သာ ဆိုးသွမ်းသောင်းကျန်းခဲ့လေသော ကြောင့်၊

မိချောင်းဘုရင် ဗိုလ်အောင်ဒင်

သခေတ္တထို၊ ခရွေးယပင် ရေးချသေတ် ချောင် - ဝမ္ဗနစ်လုံးပေါက်၍ ချောင်းလိုက်ရပါကြောင်း။

× × ×

"ထပေ့ဆိုးအကြိုင် မိချောင်းကြီး သောင်းကျန်းခြင်း"

ထိုကြောင့် ကျွန်ုပ် စာရေးသူသည်လည်း ဤဝတ္ထုခေါင်းစဉ်အစကို ဝင် မိချောင်းဘုရင် ဗိုလ်အောင်ဒင် ဟု အမည်နာမ တပ်လိုက်ရပေတော့သတည်း။

အချိန်ကား ရဟန်းသံဃာများ နေ့ဆွမ်းဘုဉ်းပေးသုံးဆောင်ရန် လွန်စွာနီးကပ်နေချိန် ဖြစ်၏။

အချို့သော ရဟန်းသံဃာတို့မှာ နေ့ဆွမ်းဘုဉ်းမပေးမီ ရေချိုးသူ ချိုး၏။ မချိုးသောရဟန်းသံဃာတို့မှာ ဆွမ်းခံပြန်၊ မောဇ်မာဖြင့် အပန်းဖြေကြကုန်၏။

နေရာကား ဖျာပုံခရိုင်၊ ဖျာပုံမြစ်ကြီး၏ မြစ်ဆွယ်မြစ်ပွား တစ်မြစ်၏ ချောင်းဆွယ်ကြီးတစ်ချောင်းဖြစ်သော မရမ်းချောင်းကြီးဆိပ်ကမ်း၊ ဇမ္ဗူသီရိဘုန်းတော်ကြီးကျောင်းကြီး၏ ရေချိုးဆိပ်၊ သင်္ကန်းလျှော်ဆိပ်တွင်ပင်ဖြစ်ပေတော့၏။

သင်္ကန်းလျှော်သော ကိုရင်ကြီးသောဘိတသည် လူပျို၊ ရဟန်းပျိုပီပီ ခွန်အားသန်စွမ်း၏။ ရေကူး၊ ရေငုပ်ကျွမ်းကျင်လှ၏။ ယခုကိုရင်ကြီးသောဘိတမှာ နေ့ဆွမ်းဘုဉ်းမပေးမီ သင်္ကန်းလျှော်ရင်း ရေချိုးနေ၏။

ရေချိုးဆိပ်၌ကိုရင်ကြီးသောဘိတမှာ မရမ်းချောင်းကြီးကို ကျောခိုင်း၍



သင်္ကန်းတစ်ထည်ကို တဖောင်းဖောင်း တဒိုင်းဒိုင်းဖြင့် ရိုက်နှက်လျှော်ဖွပ်နေလေ၏။

နေလုံးကြီးမှာလည်း ထက်ကောင်းကင်အဖျားထက်၌ သူ၏အပူရှိန်ကို အစွမ်းကုန် ထုတ်လွှတ်နေချေ၏။

ထိုအချိန်မှာပင် မရမ်းချောင်း ရေအလျဉ်သည်ရေတက်ဖြစ်သည့်အတွက် ချောင်းဖျားသို့အစွမ်းကုန်တိုးဝင်စီးဆင်းနေလေသည်။

ရေစီးနှင့်အတူ သစ်လုံးကြီးတစ်လုံးအလား မရမ်းချောင်းရေစီးကို မိတ္တယ်နိကပ်၍ လိုက်ပါလာလေသော သတ္တဝါကြီးတစ်ကောင်မှာ လွန်စွာလျင်မြန်သော အရှိန်အဟုန်ဖြင့် ရွေ့လျားလာနေသော်လည်း အသံမမြည်ဟည်းသလို ရေလှိုင်းဂယက်ထခြင်းလည်းမရှိလေ၍ သတ္တဝါကြီး၏လှုပ်ရှားမှုမှာ လွန်စွာလျင်မြန်သော်လည်း Silent Shot အသံတိတ်လျှပ်တစ်ပြက်လှုပ်ရှားမှုဖြစ်လေ၍ သင်္ကန်းလျှော်ဖွပ်နေသော ကိုရင်ကြီးသောဘိတမှာ လုံးဝအငိုက်မိလေတော့၏။

ကိုရင်ကြီး သောဘိတ သင်္ကန်းလျှော်နေရာ ရေချိုးဆိပ်အနီး ရောက်ရှိချိန်မှာပင် ရေသတ္တဝါကြီး၏ ကြီးမားသောအမြီးကြီးမှာ ရေထဲမှာ ဝုန်းဆို မြောက်တြွ၊ မ,တက်လာပြီးလျှင် ရေမှုန် ရေစက်များနှင့်အတူ သင်္ကန်းလျှော်ဖွပ်နေသော ကိုရင်ကြီး သောဘိတ၏ ညာဘက်နားထင်သို့ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဝင်ရောက်ရိုက်ချလိုက်လေရာ ကိုရင်ကြီး သောဘိတမှာ ဘာမှန်းညာမှန်းမသိဘဲ အုန်းဆို အရှိန်အဟုန်ဖြင့် ညာနားထင်မှာ မီးပွင့်ထွက်သွားပြီး ချောင်းရေပြင်ထဲသို့ ဝုန်းဆိုသောအသံကြီးဖြင့် ရေထဲသို့ ကျွမ်းပစ်ကျသွားလေ၏။

ရေ၏အေးမြမှုကြောင့် ကိုရင်ကြီးသောဘိတမှာ ရုတ်ခြည်းပင် သတိရ၏။ ထိုအချိန်မှာပင် ကိုရင်ကြီး ဘယ်ဘက်ပေါင်မှာ ပြင်းစွာနာကျင်မှုကို ခံစားလိုက်ရပြီး မိမိကိုယ်မိချောင်းကြီးတစ်ကောင်မှ အမြီးဖြင့် ရေထဲသို့ ရိုက်ချကာ ဘယ်ခြေထောက်တစ်ချောင်းကို ကိုက်ဖြတ်လိုက်လေမှန်း ဦးနှောက်တွင်းတွင် အတွေးပေါက်လိုက်လေ၏။

ရေတွင်း ဆွဲနစ်ခြင်း ခံလိုက်ရလေသော ကိုရင်ကြီးသောဘိတမှာ မိချောင်းကြီးရန်မှ လွတ်မြောက်ရန် ယမ်းရှော

www.burmeseclassic.com

လိုက်ရာ မိကျောင်းကြီး၏ ဝါဝါကျင်ကျင် မျက်လုံးကြီးနှစ်လုံးကို ကြည်တစ်လှည့်၊ နောက်တစ်လှည့် ချောင်းရေ ညစ်ထွေး ထွေးများ စီးဆင်းနေရင်းမှာပင် လျှပ်တစ်ပြက် တွေ့မြင်လိုက်ရာ မိချောင်းကြီး၏ အားအနည်းဆုံးနေရာဖြစ်မှန်းလည်း ရုတ်ခြည်း အတွေးပေါက်မိပြီး ကိုရင် သောဘိတမှာ သူ၏ သန်မာလှသော လက်နှစ်ဖက်ကို ရုတ်ခြည်းပင် မ,၍တင် လိုက်ပြီး မိချောင်းကြီး၏ ဦးခေါင်းကြီး အနား မျက်လုံးကြီးနှစ်လုံး အနီး အရောက်တွင်ပင် ရုတ်ခြည်းပင် ညာ တံတောင်ကို ပင့်မြောက်၍ တင်လိုက်ပြီး မိချောင်းကြီး၏ မျက်လုံးကြီးအား အစွမ်းကုန် အားအပြည့်ထည့်၍ ထုထောင်းချ လိုက်လေရာ မိချောင်းမှာ လွန်မင်းစွာ နာကျင်သွား၍ထင့်၊ ချောင်းရေပြင် အပေါ်သို့ ထိုးပင့် မ,တက်၍ သွားလေ တော့၏။

ထိုအချိန်မှာပင် ကိုရင်ကြီးသောဘိ တမှာ မိချောင်းကြီးအား အနားပေးခွင့် မပြုဘဲ ဆက်တိုက်ဆိုသလိုပင် နာသွားသော ဘယ်ဘက်မျက်လုံးနေရာသို့ပင် ညာတံတောင်တစ်ချက် ဆက်တိုက်ဖိ၍ ထောင်းချလိုက်လေရာ မိချောင်းကြီးမှာ ကိုရင်ကြီး သောဘိတ၏ ပေါင်တစ်ချောင်းကို ကိုက်ဖြတ်ဆွဲယူ၍ မရမ်းချောင်း၊ ချောင်းရေဆန်သို့ ကူးခတ် ဆန်တက်၍ ရေငုပ်ထွက်ပြေးသွားလေတော့ ၏။

ကိုရင်ကြီး သောဘိတမှာလည်း ချောင်းရေသွေးပြင်ထဲ၌ သတိလစ်မေ့ မျောကျန်ခဲ့လေ၏။

ကိုရင်ကြီး သောဘိတကိုလည်း ဗမ္ဗူသိရိ ဘုန်းတော်ကြီးကျောင်းမှ ခန်း နေ ဦးဇင်းများ ရောက်ရှိလာပြီး တွေ့မြင် သွားကာ ဈာပုံဆေးရုံကြီးသို့ အချိန်မီ တင်ပို့လိုက်နိုင်၍ အသက်ကို ကယ်တင် နိုင်ခဲ့လေ၏။

သို့သော် ကိုရင်ကြီး သောဘိတမှာ ပေါင်တစ်ချောင်း အဖြတ်ခံခဲ့ရလေ၏။

ဤသည်ပင် မိချောင်းဘုရင် ဗိုလ် အောင်ဒင်အမည်ရှိ မိကျောင်းကြီး၏ ဆိုးသွမ်းမှု ပထမဆုံးအကြိမ်ပင် ဖြစ်ပေ တော့၏။

ဗိုလ်အောင်ဒင် မိချောင်းကြီး၏ ဒုတိယအကြိမ် ရက်စက်မှုမှာ မရမ်းချောင်းကမ်းနဖူးတွင် ရွာတည်ထားသော မရမ်းခြံရွာ၊ တစ်လင်းစုရွာ ချောင်းကမ်း နဖူးနှစ်ဖက်ရှိ ရွာနှစ်ရွာမှ တံငါသည်များ ဖြစ်၏။

ထိုနေ့က လပြည့်ရက်ရှေဖြစ်၍ ရေ သည် မြစ်ကြီးထဲတွင် ရေတိုးကြမ်းနေ သလို မရမ်းချောင်းကြီးအတွင်းသို့လည်း တလှမန်းကြမ်းစီးဝင်နေလေ၏။

ကောင်းကင်တွင် လမင်းကြီးမှာ ဝိုင်းဝိုင်းစက်စက် သာနေသလို မြစ်ရေ ချောင်းရေတို့၌ ဘော်ငွေရောင်အဆင်း တို့သည်လည်း တဝင်းဝင်း တလက် လက် တောက်ပနေလေ၏။

ထိုအချိန်တွင် မရမ်းချောင်းရွာသား နှစ်ယောက်ဖြစ်သည့် အောင်အောင်နှင့် ဦးသဏ္ဍတို့ ပိုက်သမားနှစ်ယောက်မှာ ငါးသလောက်ပိုက် ချရန် ပိုက်များကို လှေပေါ်တွင် အသင့်ပြင်ဆင်ရင်း မရမ်း ချောင်းရေပြင်မှ မြစ်ကြီးထဲသို့ ထိုးထွက် ရန် ဘောက်တူလှေငယ်ဖြင့် နှစ်ယောက် သားတေးသီချင်းလေး တအေးအေးဖြင့် လှေကြီးကို နောက်ပိုင်း၌ အောင်အောင်

“ကိုရင်ကြီး သောဘိတ သက်နှင်း လျှော်နေရာ ရေချိုးဆိပ်အနီး ရောက် ရှိချိန်မှာပင် ရေသတ္တဝါကြီး၏ ကြီးမား သော အမြီးကြီးမှာ ရေထဲမှာ ဝှန်းဆို မြောက်ကြွ၊ မ,တက်လာပြီး လျှင် ရေမှုန်ရေစက်များနှင့်အတူ သင်္ကန်း လျှော်ဖွပ်နေသော ကိုရင်ကြီး သောဘိတ၏ ညာဘက်နားထင်သို့ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဝင်ရောက် ရိုက်ချလိုက်လေရာ …



www.burmeseclassic.com

က ပွဲကိုင်ရင်း လှော်စတ်လှေထိန်းရင်း လိုက်ပါလာနေလေ၏။

"× × ချစ်သူမလာသောညက × × ရွှေလသာပါတယ်၊ × × ချစ်သူ မလာသော ရည × × လမင်း ဘယ်ဆီရောက်နေသလဲကွယ် × × ငွေလ ဘယ်ဆီရောက်နေသလဲကွယ် × × ချစ်သူမှန်းလို့ × ×"

"ဝှန်း"

သီချင်းဆိုရင်း လှေနောက်ပိုင်းတွင် လှေလှော်ရင်း လှေပဲ့ထိန်းရင်း လိုက်ပါလာသော ကျော်ကျော်မှာ သီချင်းပင်ဆုံးအောင် မဆိုလိုက်နိုင်ရှာပါ။ ရေပြင်ထဲမှ ဧည်းနက်ဝါထိန်နေ့သော အမြီးကြီးတစ်ချောင်း ပြင်းစွာကျယ်လောင်သော အသံကြီးပေး၍ ရိုက်ချလိုက်လေရာ ငါးသလောက်ပိုက် သမားလေးမှာ ရေပြင်ကျယ်ကြီးထဲသို့ ဆောက်ထိုးပြုတ်၍ ကျသွားပြီး စုဝ်စ၊ မြုပ်စပင် ပေါ်မလာတော့ပါချေ။

လှေပဲ့နင်းလေး ကျော်ကျော်နှင့် ငါးသလောက်ပိုက် ပိုင်ရှင်၊ မရမ်းချောင်း ရွာသားကြီးတံငါသည်ဦးသံဗွားမှာလည်း အဖော်လိုက်ပါလာသူ ကျော်ကျော်တို ရေထဲမှာ ပဇာသို့သော အကောင်ကြီး မှန်းမသိ၊ ရေများနှင့်အတူ ဝုန်းဆို ထွက်ပေါ်လာတာ ကျော်ကျော်မှာ လှေပဲ့တွင် ထိုင်နေရင်း ပြုန်းဆို ပြုတ်ကျသွားသည်ကို ရိပ်စနဲ တွေ့လိုက်ရပြီး လှေဝမ်းဗိုက်ကျော်ကျော်ကို မတွေ့ရတော့သလို ရေပြင်သည်လည်း ငြိမ်ရျက်သားကောင်း စွာ နကိုအတိုင်း စီးဆင်းမြဲ စီးဆင်းနေသည်ကို မြင်တွေ့လိုက်ပြီး မရမ်းချောင်း ရွာဆီသို့ တလမန်းကြမ်း လှော်စတ်ရင်း ပြန်၍ပြေးလေတော့၏။

ထိုနောက်တွင်တော့ ဦးသဗ္ဗမှာ လှေသမားများ၊ ဆွေမျိုးများကို အဖော်အဖြစ်ခေါ်၍ မရမ်းချောင်းနှင့် မြစ်ကြီး တစ်ဝိုက် လှည့်ပတ်ရှာဖွေသော်လည်း ပိုက်သမားလေး ကျော်ကျော်ကို လုံးဝ ရှာဖွေ၍ မရကြတော့ပါချေ။

ဗိုလ် အောင်ဒင် ဟုခေါ်သော မိချောင်းကြီး၏လက်ချက်မှလွဲ၍အခြား ရေသတ္တဝါကြီး၏လက်ချက်မဟုတ်လေ မှန်း တဖြည်းဖြည်း တွေးမိကြလေတော့၏။

ဖျာပုံမြစ်ကြီးတစ်ကြောနှင့် မရမ်းချောင်းရိုးကြီးတစ်ဝိုက်တွင် မိကျောင်းကြီးတစ်ကောင် သောင်းကျန်းနေသည့် သတင်းသည် ရွာနီးချုပ်စပ်တွင် ဟိုးလေးတစ်ကျော်ဖြစ်၍နေသလို၊ တိုးတိုးတစ်ဖုံ ကျယ်ကျယ်တစ်မျိုးဖြစ်ပေါ်နေသော ရွာသူရွာသားများ မဆိုထားနှင့် တံငါသည် ပိုက်သမားများပင် ဖျာပုံမြစ်ကြီးနှင့်မရမ်းချောင်းထဲ၌ ရေချိုးမဆင်းရဲသလောက် ဖြစ်၍ပင်နေ၏။

ဤမိကျောင်းကြီးနှင့်ပတ်သက်၍ ရပ်ရွာလူကြီးတို့မှာ ပဇာသို့ ပြုလုပ်ဆောင်ရွက်ရမည်ကို ပြောဆိုဆွေးနွေးနေကြသော်လည်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်း မရှိကြချေ။

ဤသို့ဖြင့် နွေတပေါင်းလွန်၍တန်ခူးလသို့ ရောက်ခဲ့ပြန်လေ၏၊ တပေါင်း၊ တန်ခူးမှို နေသည် အတိုင်းအဆမဲ့ပူ၏။ တန်ခူးကဆုန် ဆွေ့ဆွေ့ခုန်၏။

မိကျောင်းကြီးသတင်းသည်လည်း စုပ်စ မြုပ်စ ပျောက်၍နေသည့်အတွက် မြစ်တမ်းနေ ကျေးရွာသားတို့မှာ တစ်စ တစ်စပြန်လည်အတင့်ရဲလာပြန်လေ၏။

တံငါသည်များ၊ ငါးသလောက်ပိုက် သမားများမှာလည်း ဖျာပုံမြစ်ကြီးတွင်း ပြန်လည်ပိုက်ချသူချ၊ ငါးရှာဖားရှာ၊ ပုစွန် ထုပ် ထောင်သူထောင်နှင့် ပြန်လည် အတင့်ရဲလာပြန်လေ၏။

သင်္ကြန်အချိန်အခါမို့ မရမ်းချောင်းနှင့် ဖျာပုံမြစ်ဆုံအနီးတွင် ရှာတည်ထားသော ရွှေးအခါက မွန်မြန်မာစစ်ပွဲတွင် အရေးနိမ့်၍ ထွက်ပြေးလာသော မွန်မင်းသမီး ဥဒယော တည်ထားခဲ့သည့် ရှေ့ပဟာင်းဘုရားကြီးနှင့် စေတီတော်ကြီး တည်ရှိသည့် မရမ်းရွာသည် မုန့်လုံးရေပေါ်၊ မုန့်ကြာစေ့တို့ဖြင့် ရဟန်းသံဃာတို့ကိုဆက်ကပ်လှူဒါန်းပေးကပ်နေသလို သက်ကြီးရွယ်အိုများကိုလည်းကျွေးမွေး ပေးကပ်လှူဒါန်းနေလေ၏။

ကလေးသူငယ်၊ လူရွယ်လူငယ်၊ ကာလသားသမီးတို့မှာလည်း မုန့်လုံးရေပေါ်မကျွှပ်နှင့် မရမ်းချောင်းကြီးအတွင်း ရေဆော့ကစားနေကြသလို မဏ္ဍပ်ရှေ့၌လည်း ဟန်ရေးပြလမ်းသလားသူ၊ ချစ်သူခင်သူများ အချစ်းရှင်း စကားပြောသူပြော၊ မုန့်လုံးရေပေါ် ကျွေးသူကျွေး၊ စားသူစားနှင့် လွန်စွာရှုပ်ထွေးနေလေ၏။

ရေဒီယိုနှင့် ဓာတ်ပြားအဆိုကျော် ရုပ်ရှင်မင်းသား ထွန်းတေးသိန်းတန်၏ "ကိုယ်ရယ်၊ မင်းရယ်၊ ပီတောက်ရယ်





www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပြားသီချင်းသံကလည်း ဆူညံပွတ်လောရိုက်၍နေ၏။

"× × ကန်ပတ်လယ်၊ ခရေရိပ်၊ ရွာထိပ်က ကျောင်းတော်သာ နံ့သားဝယ် × × ချစ်တယ်ဆိုတဲ့ ဒီစကား × × မေ့ပြီလားကွယ်အချစ်ရယ် × × အပြောမကြီးသလောက် × × ပျော်ဒီပီတောက်တွေပွင့်ရင် × × မောင်ကြီးစိတ်မှာ ဖြေသာပါတယ် × × ဒီဇာတ်လမ်းမှာကွယ် × × ကိုယ်ရယ် မင်းရယ် ပန်းပိတောက်ရယ် × ×"

တွဲတေးသိန်းတန်၏ ဓာတ်ပြားတေးသီချင်းသံက အလှူမဏ္ဍပ်ကြီးတစ်ဝိုက်နှင့် မရမ်းချောင်းကြီးအတွင်း သာယာစွာ စီးမျောနေလေ၏။

မရမ်းချောင်းရွာကြီး၏ကွမ်းတောင်တိုင် ပန်းတောင်ကိုင်နှစ်ယောက်ဖြစ်သည့် ရွာမျက်နှာဖုံး ဦးတိုင်းကျော် ဒေါ်မိုးမြင့်တို့၏ သမီးမြနှင်းမှုံနှင့်မြပန်းမှုံတို့နှစ်ယောက်ပင် အိမ်တွင်းပုန်း၍မနေနိုင်ကြတော့ချေ။

ဤနေရာ၌ မြနှင်းမှုံနှင့် မြပန်းမှုံတို့နှစ်ယောက်အကြောင်းကို ကြားဖြတ်၍ ကျွန်ုပ် စာရေးသူ တင်ပြလို၏။ ပဇာသို့သော အကြောင်းကြီးငယ်ရှိ၍ ကြားဖြတ်လိုပါနည်းဆိုသော်....။

မြနှင်းမှုံသည် လှ၏၊ ချော၏၊ သို့သော် စိတ်ထားက မနူးညံ့၊ မနူးညံ့ဆိုမြနှင်းမှုံသည်ဖခင်ကြီးနှင့်ဒိုးတူပေါင်ဖက်လယ်ထဲဆင်း၏၊ တစ်ခါတစ်ရံဖခင်ကြီး၏ နွားနှစ်ကောင်နှင့်ပင်လယ်မြေများကိုရှန်းကန်ထွန်ယက်၏။ အစပထမပိုင်းတွင် ဖခင်ကြီး ဦးတိုင်းကျော်မှ ရှုပ္ပတားမြစ်သော်လည်း သားယောကျ်ားလေးမရှိသည့်ဘဝတွင် သမီးမိန်းကလေးလယ်ထွန်သည်ကို မတားမြစ်တော့၊ တားမြစ်၍လည်း မရတော့ချေ။

ထိုကဲ့သို့ မြနှင်းမှုံက ယောကျ်ားလေးဆန်ဆန် ဝတ်စားတတ်သလိုယောကျ်ားလေးဆန်ဆန်ပြောဆိုတတ်သော်လည်းမြနှင်းမှုံ၏ညီမငယ်မြပန်းမှုံကျတော့ဖွေး၏၊ နု၏၊ ချော၏၊ လှ၏၊ ယဉ်၏၊ အထူးခြားဆုံးကားမြပန်းမှုံ၏ဆံပင်သည် လွန်စွာ နက်မှောင်ကျော့ရှင်း၏၊ ဖြန့်လိုက်လျှင်ခေတ်ဟောင်းအဆိုတော်ကြီး ကိုအံ့ကြီးသီချင်းထဲကလို မြပန်းမှုံသည်-

" × × ပိတုန်းရောင်ကေသာ × × ဖြန့်လိုက်ရင် တစ်ကိုယ်လုံးပြာပြာရီရွှဲဝါဝါရီလွှင် × × မင်းဂံဘုတ်ရွာသူများ အသားတော်ဝင်း × × ဝင်းလို့"

မြပန်းမှုံသည် ဆံပင်ရှည်တစ်ထွေးတစ်ပွေကြီးဖြင့် လွန်စွာချစ်စရာကောင်း၏။ တစ်ဖန် ပြုံးလိုက်လျှင် ပါးချိုင့်လေးနှစ်ဖက်မှာ လွန်စွာ ထွဲပြီးဖွယ်ကောင်း၍နေပြန်လေရာ မရမ်းချောင်းရွာကြီးတစ်ဝိုက်ဖြစ်သော ထန်းပင်၊ လျှော်ကား၊ ပိတောက်မြိုင်သော ရွာများတစ်ဝိုက်တွင် မြပန်းမှုံမပါလျှင် အလှူမမြောက်သလောက်ပင်ဖြစ်၍နေတော့၏။

ဤမျှလှသော မြပန်းမှုံမှာ ထူးခြားချက်နှစ်ခုရှိပြန်လေ၏။ တစ်ခုမှာ မြနှင်းမှုံမြပန်းမှုံတို့၏ ဖခင်ဖြစ်သူ ဦးတိုင်းကျော်နှင့် မိခင်ဖြစ်သူ ဒေါ်မိုးမြင့်တို့ အိမ်ထောင်ကျပြီး သမီးဦးလေး မြနှင်းမှုံ မွေးဖွားပြီးတစ်နှစ်ခွဲကျော်ကျော်အကြာ မြပန်းမှုံကိုယ်ဝန်မရှိပါဘဲလျက် ထူးခြားသောအိပ်မက် မက်လေ၏။

အိပ်မက်မှာ နံနက်စောစောစီးစီး ရွာဦးထိပ်မှ ဘုန်းတော်ကြီးကျောင်း အုန်းမောင်း မခေါက်မီ မက်သောအိပ်မက်ဖြစ်၏။

မရမ်းချောင်းကြီးအတွင်းမှ ယောကျ်ားကြီးတစ်ယောက်နှင့် မိန်းကလေးငယ်ငယ်တစ်ယောက်၊ နှင်းများ စိုစွတ်၍ ဒေါ်မိုးမြင့်တို့ အိမ်အတွင်း ဝင်လာကြကာ လက်တွင် ဆွဲလာသော မိန်းကလေးအား ပြ၍ ဒီမိန်းကလေးကို မွေးစားမလားဟု ပြော၏။

မိန်းကလေးမှာ ဖြူဖြူချောချောလေး ဖြစ်၍ အရွယ်နှင့်မလိုက်အောင် ဆံပင်ရှည်၏။

ထိုမိန်းကလေးကိုကြည့်ကာ ဒေါ်မိုးမြင့်မှာ ချစ်ခင်လေ၍ခေါ်ထားလိုက်လေ၏။ မိန်းကလေးကိုခေါ်ထား၍လိုက်ပို့သူယောကျ်ားကြီးမှာ မရမ်းချောင်းကြီးဘက်သို့ ပြန်လှည့်ဆင်းသွားပြီး ရေထဲရောက်ချိန်မှာတော့ လိုက်ပို့သူယောကျ်ားကြီးမှာ မရမ်းချောင်းကြီးဘက်သို့ ပြန်လှည့်ဆင်းသွားပြီး ရေထဲရောက်ချိန်မှာတော့ လိုက်ပို့သူယောကျ်ားကြီးမှာလှစင်စင်ကမိကျောင်းကြီးဖြစ်၍သွားကာ မရမ်းချောင်းထဲသို့ ကူးခတ်သွားလေ၏။ ထိုအဖြစ်ကို တွေ့မြင်သွားသူ ဒေါ်မိုးမြင့်မှာ ခေါ်ထားသော ဆံပင်ရှည်ရှည်နှင့် မိန်းကလေးကို မယူဘူး၊ မယူဘူးဟု အော်ထုတ်စဉ်မှာပင် အိပ်မက်မှ လန့်နိုးလာခဲ့၏။

ဤသည်ကား မြပန်းမှုံ ကိုယ်ဝန် မဆောင်မီကာလ မက်ခဲ့သောအိပ်မက်ဖြစ်၏။

www.burmeseclassic.com

ဤသည်ကား မြပန်းမှုံ၏ ပထမ ထူးခြားချက်ဖြစ်၏။

ဒုတိယထူးခြားချက်မှာ မြပန်းမှုံတွင် ချစ်သူရှိနေခြင်းဖြစ်၏။ မြပန်းမှုံ၏ ချစ်သူမှာ ဆင်းရဲ၏၊ သူများအိမ်မှ လယ်စာရင်းငှားဖြစ်၏။ တိတိကျကျဆိုရသော် မြပန်းမှုံ မိခင်ကြီး၏ အစ်မအရင်းအိမ်မှ လယ်စာရင်းဖြစ်၏။

နာမည်ကား ချစ်ထွေးမောင်ဖြစ်၏။ ရွာဦးဘုန်းတော်ကြီး၏ တူအရင်းခေါက်ခေါက်ဖြစ်၏။ ဘုန်းတော်ကြီးစာသာ တတ်၏။ ခေတ်စာမတတ်ချေ။ သို့သော် ချစ်ထွေးမောင်သည် အားခွန်ဗလ သန်မာ၏။ ထမင်းနှစ်လုံးချက်ကိုငါးပိရဖြင့် ပြုတ်ခနဲ တုန်အောင်စားနိုင်၏။ သို့သော် ချစ်ထွေးမောင်သည် ရိုးသား၏၊ မဟုတ်မခံစိတ်တော့ အပြည့်ရှိ၏။

ထိုချစ်ထွေးမောင်နှင့်မှ မြပန်းမှုံက ရည်းစားသနာဖြစ်နေခြင်းဖြစ်၏။ တစ်ရွာလုံးမသိ၊ ယုတ်စွအဆုံး အစ်မအရင်းဖြစ်သူ မြနှင်းမှုံပင် မသိချေ။

ဤသည်ပင် မရမ်းချောင်းရွာသူ မြပန်းမှုံ၏ ထူးခြားချက်နှစ်ခုဖြစ်၏။

ထိုနေ့ကလည်း မြပန်းမှုံနှင့် အစ်မဖြစ်သူ မြနှင်းမှုံတို့ အိမ်ကြီးရှေ့တွင် မုန့်လုံးရေပေါ်မကျွပ်ကြီးထိုးပြီး မုန့်လုံးရေပေါ်ကျွေးနေ၍ အလှနှစ်ပါးအိမ်တွင်းပုန်း မနေသာတော့ချေ။

တိမ်ကြားက လမင်းကြီးနှစ်စင်း ထွန်းလင်းသောနေ့ဖြစ်၏။

ချစ်ထွေးမောင်မှာလည်း သကြန်အခါတော်မို့ လယ်ထဲ မဆင်းဘဲ မုန့်လုံးရေပေါ်မကျွပ်ရှေ့ရောက်ပြီး မုန့်များဝိုင်းလုံးပေးနေ၏။

ချစ်ထွေးမောင်နှင့် မြပန်းမှုံတို့နှစ်ယောက် တိတ်တဆိတ် အကြည့်ချင်းဆုံကာ ရင်ခုန်လိုက်ရခြင်းသည်သာ "ချစ်ထွေးမောင်နှင့်မြပန်းမှုံတို့ချစ်သူနှစ်ယောက်၏ အပြည့်စုံဆုံး ချစ်သူ့ဘာဝ ရင်ခုန်ခံစားမှုသာဖြစ်၏။

မရမ်းချောင်းကြီးအတွင်းမှာတော့ ကလေးသူငယ်များ၊ လူငယ်လူရွယ်များ လုံမငယ်များ ရေတဝုန်းဝုန်း ဆော့နေကြကုန်၏။

မြပန်းမှုံကိုယ်တိုင် မရမ်းချောင်း ရေဆင်းတံတားထိပ်အထိ ဆင်းကာ ရေဆော့ကစား၏၊ ချစ်ထွေးမောင်တို့ လူငယ်လူလသားတစ်သိုက်မှာ မြပန်းမှုံနှင့် မြနှင်းမှုံတို့ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်ညီအစ်မနှစ်ယောက်ကို နှစ်တစ်နှစ်၏ နောက်ဆုံးရက်မြတ်မဟာတွင် ရွှင်ရွှင်ပြုံးတုံ့၊ မပြုံးတုံ့ဖြင့် တွေ့မြင်နေကြရခြင်းဖြစ်၏။

ထိုအချိန်မှာပင် မရမ်းချောင်းကြီးအတွင်း မရမ်းချောင်းတစ်ရွာလုံး လူငယ်လူရွယ်များ ရေဆော့ကစားနေကြစဉ် မရမ်းချောင်းကြီး၏ ဗျိုက်တောစပ်နှင့် ဗေဒါဖုတ်များအတွင်း၌ အဝါရောင်မျက်လုံး၏အပေါ်ယံမျက်ကြည်လွှာ၊ မျက်လုံးရှာတာကြီးနှစ်ချပ် ပိတ်၍ ချလိုက်တာ ရေအောက်သို့ ငုပ်၍ချလိုက်လေသည်ကို တွေ့မြင်လိုက်ရလေတော့၏။

ထိုအချိန်မှာပင် မရမ်းချောင်းရွာသူ မအေးပုံမှာ ရေဆင်းတံတားနှင့် အတန်ငယ်လှမ်းသော ဗေဒါဖုတ်နှင့်ဗျိုက်တောစပ်ဆီသို့ ရေကူးနေစဉ် မျက်လုံးရှာတာကြီး ပိတ်၍ချကာ ရေထဲ ငုပ်လျှိုး၍လာသော မိကျောင်းကြီး၏ ခေါင်းနှင့် ရေထဲတွင် ဆုံတွေ့လေတော့၏။

ထိုအချိန်မှာပင် မိချောင်းကြီးသည် သူ၏ကြီးမား၍ပြန့်ကားသော ပါးစပ်ကြီးအား ဖြဲ၍ ဟကာ အစွယ်ကြီးလေးချောင်းနှင့် သွားဖုတ်တိုလေးဖြင့် အရှိန်အဟုန်ပြင်းစွာ ဖောင်း ဟူသော အသံကြီးပေး၍ ကိုက်မျိုလိုက်လေ၏။

မအေးပုံမှာ အသံထွက်အောင် အော်ဟစ်လိုက်ချိန်ပင် မရလိုက်ရှာပါ။

ထိုနေရာတစ်ဝိုက်တွင် သွေးများ ရဲရဲတောက်သွားလေ၏။

လက်လေးနှစ်ဖက် ယမ်းခါ၍ ရေအောက်သို့ ပါသွားလေတော့၏။ ရေဆော့ကစားနေကြသော မရမ်းချောင်းရွာသူရွာသား၊ လူငယ်နှင့်ကလေးသူငယ်အများတို့မှာ ကြောက်ရွံ့ထိတ်လန့်စွာ တံတားဝေါင်နှင့် ချောင်းကမ်းသို့ ကူးခတ်ပြေးလွှားကြလေတော့၏။ ကလေးသူငယ်တို့မှာ မိချောင်းကြီးကို တွေ့မြင်သွားကြပြီး–

"မိချောင်းကြီး – မိချောင်းကြီး"

ကြောက်ရွံ့စွာ အော်ဟစ်ကြကုန်၏။

မရမ်းချောင်းရွာသူ မြပန်းမှုံမှာ မိချောင်းကြီးဟူသောအသံကြောင့် ရေစပ်ဘက်သို့ လှည့်အကြည့် မိကျောင်းကြီးနှင့် မြပန်းမှုံမှာ အကြည့်ချင်းဆုံမိကြလေ၏–

မိကျောင်းကြီး၏ စိမ်းဖန့်ဖန့်ဝါတာတာမျက်လုံးကြီးနှင့် မြပန်းမှုံ၏ ဝန်းဝိုင်းမှေးစက်သောမျက်လုံးနှစ်လုံး ဆုံလိုက်

www.burmeseclassic.com

ချိန်မှာပင် မြပန်းမှုံမှာ လဲကျမေ့မြော သွားလေ၏။

ဘဝသံသရာ၊ ဝဲဂယက်၊ လွဲမထွက်သည့်ဆုံချက်၊ အသည်းအက်၍ မြင်းမိုရ်ကြွေအောင်၊ မိုက်မှောင်အတိ ...။

ရွာမြောက်ပိုင်းနေ အေးပုံ ကို မိချောင်းကြီး ဆွဲသွားသည့်သတင်း ကြားသွားသော အေးပုံ၏မိခင် မုဆိုးမကြီး ဒေါ်ဒေါင်းမှာ ထမိမနိုင်၊ ပုဝါမနိုင် မုန့်လုံးရေပေါ်မကျောပ်ရှေ့သမီးဖြစ်သူ အေးပုံအား မိချောင်းကြီး ဆွဲသွားသည့် ချောင်းရေထဲအရောက် လူးလိမ့်ငိုကြွေးရင်း -

"အမလေး - သမီးရယ် - သမီးသေမယ့်အစား အမေသေလိုက်ပါတော့လားကွယ်"

ရွာလူကြီးများနှင့် မြနင်းမှုံ၊ မြပန်းမှုံ တို့၏ ဖခင်ဖြစ်သူ ဦးတိုင်းကျော်မှာ ဤမိချောင်းကြီးအား အမြန်ဆုံး သုတ်သင်သတ်ဖြတ်ရန် မိချောင်းဖမ်း ရေမုဆိုးကြီးများ၏သတင်းကို အေးဒရဲ၊ ဗျာပုံ၊ မော်တွန်း မြို့ကြီးများသို့စုံစမ်း၍ ရွာမှ လူများကို စေလွှတ်ရန် တိုင်ပင်ကြ၏။ သူတို့ ကိုယ်တိုင်လည်း မြို့ကြီးများသို့ တက်ရောက်စုံစမ်းရန် စီစဉ်ကြ၏။

မရမ်းချောင်းရွာမှ အေးပုံ ကို မိချောင်းကြီး ဆွဲသွားသည့်သတင်းကို ကြားသိသွားကြကုန်သော ဆင်ပုန်ရွာ၊ လှော်ကားရွာ၊ ပိတောက်မြိုင်စသော မြစ်ကမ်းနားတွင် ရွာတည်ထားကြသည့် ရွာကြီးများမှ တံငါသည်များ၊ လှေများဖြင့် လုပ်ကိုင်စားသောက် သွားလာကြသည့် ရွာသူရွာသားတို့မှာ မြစ်ကြီးအတွင်း မဆင်းရဲသလောက်ပင် ဖြစ်၍ သွားကြကုန်၏။

အဆိုးဆုံးဖြစ်ရပ်မှာမိချောင်းဘုရင် ဗိုလ်အောင်ဒင်ဟု ကျော်စောသော အောက်ပါဖြစ်ရပ်ကြောင့်ပင် ဖြစ်ပေတော့၏။

မိကျောင်းဘုရင် ဗိုလ်အောင်ဒင် ဤဖြစ်ရပ်မှာ မရမ်းချောင်းရွာမှ အေးပုံကို မိချောင်းကြီး ဆွဲသွားပြီး တစ်လခန့်အကြာတွင် ဖြစ်ပွားရခြင်းဖြစ်၏။



ထိုနေ့က တန်ခူး၊ ကဆုန် လနှစ်လ ကုန်၍ နယုန်လတွင်းသို့ပင် ချဉ်းနင်းဝင်ရောက်ခဲ့ပြီမို့ မိုးရိပ်မိုးသားလေးများပင် ကောင်းကင်တစ်နို၌ ပြုပြုဝင်ဝင် မထင်မရှား ပြသနေပြီဖြစ်၏။

ဖြစ်ပွားသည့်နေရာမှာလည်း လှော်ကားရွာကြီးနှင့် ပိတောက်မြိုင်ရွာကြီးနှစ်ရွာအကြားတွင် ဖြစ်၏။

ပိတောက်မြိုင် ဟူသည့် ရွာကြီးသည် ရွာလူကြီး ဦးထွန်းစိန် လူကြီးအဖြစ်ဆောင်ရွက်သည့်အချိန်တွင် ပြောင်းလဲမှည့်ခေါ်ခဲ့သည့် ရွာနာမည် ဖြစ်၏။ ပိတောက်မြိုင် ဟု မမှည့်ခေါ်ခင်က ရွာနာမည်သည် မဆေးယ်ဆိပ်ဖြစ်၏။ မဆေးယ်ဆိပ်ခေါ် ပိတောက်မြိုင်ရွာကြီး၏ရှေ့တွင်ရှိသော မြစ်ကြီးအတွင်းတွင် ဘောက်တူလှေကြီးတစ်စင်း လာနေလေ၏။ လှေကြီးပေါ်တွင် အသံချဲ့စက်ကြီးနှစ်လုံးကို ရှေ့တစ်လုံး နောက်တစ်လုံးတင်ကာ အသံထိန်းစက်နှင့်ဘက်ထရီအိုးကိုလှေကြီး၏ဝမ်းဗိုက်တွင်းထည့်၍လူငယ်အနုပညာ နန္ဒဝင်းတော့်ခေါင်းစီးစဉ်ညွှန်ကြားသည့်စစ်ကြိုခေတ် ရုပ်ရှင်ဒါရိုက်တာကြီး ရွှေဒုံးဘီအောင် ရေးသားသည့် ဗိုလ်အောင်ဒင် ပြန်လာပြီ ကက်ဆက်ဇာတ်လမ်းကိုဖွင့်၍လာလေ၏။ အသံမင်းသားမှာ ဗိုလ်အောင်ဒင်အဖြစ် သရုပ်ဆောင်သည့် "ကောလိပ်ဂျင်နေဝင်း" ဖြစ်၏။ ဗိုလ်အောင်ဒင်သီချင်းကို သီဆိုသူမှာ အဆိုတော် ကိုမောင်မောင်ကြီး ဖြစ်၏။

" × × ဖောင်း ဟင်း ဟင်း × × ဟား ဟားဟားဟား × × ဗိုလ်အောင်ဒင် × × ဗိုလ်အောင်ဒင် × × ဗိုလ်အောင်ဒင် × × ဟေ့ ဗိုလ်အောင်ဒင် × × အချစ်ဆုံးကို လုယူခြင်းသည် ဥမ္မာ့တစ်ကာ ဗိုလ်အောင်ဒင် × × သူရဲကြီးဗိုလ်အောင်ဒင် × × အဆွေးဘုရင် × × အကြမ်းဘုရင် လူညီရော ရွှေမျက်မှန် ဗိုလ်အောင်ဒင် × × ဗိုလ်အောင်ဒင် လာပြီဟေ့ × × ဗိုလ်အောင်ဒင် × × "

အသံချဲ့စက်မှ ဗိုလ်အောင်ဒင် အဖြစ် သရုပ်ဆောင်သော အကယ်ဒမီ ကောလိပ်ဂျင်နေဝင်း၏ မိုးမခန့် ရယ်မောသံနှင့် အဆိုတော် ကိုမောင်မောင်ကြီး၏ အောင်မြင်ခန့်ညားသည့် သီချင်းသံတို့ ပေါ်ထွက်နေလေ၏။ ပိတောက်မြိုင်ရွာကြီးမှ ရွာသူရွာသားအပေါင်းတို့မှာလည်း မြစ်အတွင်းမှ ဗိုလ်အောင်ဒင် ဇာတ်လမ်းနားထောင်ရင်း မြစ်အတွင်းသို့ ထွက်၍ကြည့်နေကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com

အသံရဲ့စက်ပိုင်ရှင် ကိုထူးကျော်မှာလည်း ဤမြဲတတ်ဖတ်လမ်းနာမည်ကြီးလွန်းလှလေ၍ မော်ကျွန်းမြို့ရှိပါအထိ သွားရောက်ဝယ်ယူပြီး ကိုယ်ပိုင်လှေကြီးပေါ် အသံရဲ့စက်တစ်၍ ဖွင့်ကာ နေထိုင်ရာရွာသို့ ပြန်လာကြခြင်းဖြစ်လေ၏။

အသံရဲ့စက်တင်ကာ ဖွင့်လာသည့်လှေကြီး၏ပဲ့ကိုင်မှာ အသံရဲ့စက်ပိုင်ရှင် ဦးထူးကျော်၏ ဘူအရင်းဖြစ်သူ နမအရင်း၏သား မောင်မောင်ဒွေးဖြစ်၏။

တူအရင်း မောင်မောင်ဒွေးမှာ ယခုနှစ်မှ ဆယ်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ထားသူဖြစ်သည့်အတွက် တစ်မျိုးလုံး၊ တစ်ဆွေလုံးမှ တက္ကသိုလ်ပို့ရန် အားခဲထားသော လူငယ်လေးတစ်ယောက်လည်း ဖြစ်လေတော့၏။

ဗိုလ်အောင်ဒင် ပြန်လာပြီဇာတ်လမ်းကို ဦးလေးဖြစ်သူ ဦးထူးကျော်နှင့် တူဖြစ်သူ မောင်မောင်ဒွေးတို့နှစ်ယောက်မှာ လှေဝမ်းထဲတွင် တစ်ယောက်၊ လှေပဲ့တွင် တစ်ယောက် နားထောင်လှော်ခတ်ရင်း လိုက်ပါလာကြကုန်၏။

မြစ်တမ်းစပ်ရှိ နေထိုင်ကြကုန်သော လှော်ကားရွာကြီးမဆယ်ဆိပ်ခေါ်ပိတောက်မြိုင်ရွာကြီးတို့မှ ကျေးရွာသူကျေးရွာသားတို့မှာလည်း ဗိုလ်အောင်ဒင်ဇာတ်လမ်းကို နားထောင်ရင်း မြစ်ကမ်းစပ်သို့ထွက်၍ ကြည့်ကြကုန်၏။

အသံရဲ့စက်နှင့်ပြန်လာကြသည့်တူအရီးနှစ်ယောက်တို့မှာလည်း ပြန်လှန်လက်ပြနှုတ်ဆက်ရင်းဖောက်တူလှေကြီးနှင့် အတူပြန်လာကြလေရာဖောက်တူလှေကြီး၏အနောက်တွင် မိချောင်းကြီး သွားခနဲ ပေါ်လာလေရာ ကုန်းပေါ်တွင် ကြည့်နေကြသည့်လူအရှိမှာ မြစ်အတွင်းတွင် ဖောက်တူလှေကြီးအနောက်တွင် မိချောင်းကြီးပေါ်လာသည်ကို မြင်တွေ့သွားကြပြီး "ဟင် - တာ" ဖြစ်တုန်ကြ၏။

ထိုအချိန်မှာပင် မိချောင်းကြီးမှာ လှေပဲ့တွင်ထိုင်ရင်းလှော်ခတ်လာသည့် မောင်မောင်ဒွေးလေးအား မိချောင်းကြီး၏ အမြီးကြီးဖြင့် နောက်ပြန်ရိုက်၍ရိုက်ရာ အသံရဲ့စက်ဖွင့်ရင်း လိုက်ပါလာသည့်မောင်မောင်ဒွေးမှာ လှေပေါ်မှ ရေထဲသို့ ဝုန်းဆို ပြုတ်၍ ကျသွားလေ၏။

ကျွန်းပေါ်မှ လှမ်း၍ မြင်လိုက်ကြလေသော ရွာသူရွာသားတို့မှာ မိချောင်းကြီးနှင့် မောင်မောင်ဒွေးတို့အဖြစ်ကို လှမ်းမြင်လိုက်ကြရာ လွန်စွာအံ့ဩတုန်လှုပ်၍ ချောက်ချောက်ချားချား ဖြစ်ကုန်ကြလေတော့၏။

ရေထဲတွင်တော့ မိချောင်းကြီးမှာ သူ၏အစာဖြစ်သော မောင်မောင်ဒွေးကို စောင့်ကြိုး၍လင့်၍ အပိုင်ပင် ကိုက်ချီဝါးမျို၍ ရေထဲ ဆွဲနှစ်သွားလေတော့၏။

ရန်ကုန်တက္ကသိုလ် ဆက်တက်ရန် အားခဲထားလေသော မောင်မောင်ဒွေးမှာ မိချောင်းကြီးပါးစပ်တွင်း၌ ယက်ကန်ယက်ကန်ပြုရင်း မိချောင်းကြီး၏ ကိုက်ချီရာသို့ ပါသွားလေတော့၏။

လှေကြီးပေါ်တွင်တော့ ပဲ့ကိုင်သူ မဲ့နေလေ၏။ မြစ်ရေပြင်တွင်ချာချာလည်နေလေတော့၏။

အသံရဲ့စက်ပိုင်ရှင်ဦးထူးကျော်မှာ တူဖြစ်သူ၏ အဖြစ်ဆိုးကို တွေ့မြင်သွားကာ တုန်လှုပ်ချောက်ချားနေလေ၏။

"ကယ်ကြပါဦးဗျာ - ကယ်ကြပါဦး"

အသံရဲ့စက်မှ လူဆိုးဗိုလ်ကြီးဗိုလ်အောင်ဒင်၏ အောင်မြင်ခန့်ညားလှသောအသံကြီးမှာ မြစ်ကြီးအတွင်း၌ ဆူညံစွာ ထွက်ပေါ်လာနေလေတော့၏။

"ဒီမှာ မမြဝင်း - ကျုပ်က လူဆိုးဗိုလ်ကြီးဆိုပေမယ့်အိုင်ပီဦးဘချစ်ထက်မလျော့တဲ့အချစ်နဲ့ မမြဝင်းကို မလျော့တမ်း ချစ်နေမယ်ဆိုတာ ယုံပါ - မမြဝင်း။ ယုံပါ - ဟား - ဟား - ဟား - ဟား"

ထိုနေ့မှစကာ ထိုမိချောင်းကြီးအား ဗိုလ်အောင်ဒင် မိချောင်းကြီးဟု မအူပင်မြစ်ရိုးတစ်လျှောက်နှင့်မရမ်းချောင်းကြီး တစ်လျှောက် နာမည်ကြီးသွားလေတော့၏။

"ဟင်းဟင်းဟင်း - ဟားဟားဟား ဗိုလ်အောင်ဒင် - ဗိုလ်အောင်ဒင်ပေါ့ ဗိုလ်အောင်ဒင် - ဟား - ဟား - ဟား ဟား"

မရမ်းချောင်းရွာကြီး၏ အနောက်ဖျားတွင်နေသော အသက်ခြောက်ဆယ်ငါးနှစ်ခန့်ရှိပြီဖြစ်သော အဘဦးမွန်ဖော်မှာ တစီရှိန်သောအခါက နာမည်ကျော်မိကျောင်းဖမ်းမှဆိုးကျော်ကြီးတစ်ဦးဖြစ်၏။ သို့သော် ယခုအချိန်အခါတွင်တော့ အသက်အရွယ်ကလည်း ရင့်



www.burmeseclassic.com

www.burmeseclassic.com

ညောင်၊ ခွန်အားဗလကလည်း တုန်ခန်းခဲ့ပြီမို့ ဗိုလ်အောင်ဒင် မိကျောင်းကြီး၏ ဆိုးသွမ်းသောင်းကျန်းမှုသတင်းများကို နီးစွာ ကြားသိနေရသော်လည်း အားမတန်လို့ မာန်လျှော့ထားရလေ၏။

သို့သော် သူ၏မိချောင်းထိုး သံသေသနတ်ကြီးကိုတော့ နေ့စဉ် တသသ ပြုရင်း ဗိုလ်အောင်ဒင်ကြီးအား ပြန်လှန်တိုက်ခိုက်ရန် အချိန်အခါနှင့်အခြေအနေကို စောင့်ကြည့်နေလေ၏။

ဗိုလ်အောင်ဒင် မိချောင်းကြီး ကိုက်မျိုခဲ့သော မအေးပုံမှာ တူမအရင်းဖြစ်လေသည်မို့ အံတကြိတ်ကြိတ် မာန်တတင်းတင်းဖြင့် ကြိတ်မနိုင် ခဲမရ ဖြစ်နေလေ၏။

“နေနင့်ဦးပေါ့ - ဗိုလ်အောင်ဒင်ရယ်”

ထိုကဲ့သို့ သံသေသနတ်ကြီးအား ကြည့်၍ မိကျောင်းဖမ်းမုဆိုးကြီး အဘဦးမှန်တော် ကြိတ်မနိုင် ခဲမရ ဖြစ်နေရိုန်မှာပင် မြနင်းမှု၊ မြပ်နှံမှုတို့၏ အဝေနှင့် ရွာလူကြီးများ၏ အစီအစဉ် ဖြင့် မော်လမြိုင်ကျွန်းမြို့ပေါ်မှ မိကျောင်းဖမ်းရေမုဆိုးသုံးယောက်တို့မှာ ဌာန်ဆိုင်ရာ၏ အကူအညီဖြင့် ရောက်ရှိလာခဲ့လေတော့၏။

တစ်ယောက်မှာ မုတ်ဆိတ် ဖြူဒင်ဟုခေါ်၍...

တစ်ယောက်မှာ တိမ်တစ်လုံး ငမိုးဖြစ်ကာ...

တစ်ယောက်မှာ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဘွဲ့ရမိချောင်းဖမ်းမုဆိုးကျော်ခေါင် ဖြစ်၏။

မုတ်ဆိတ် ဖြူဒင်နှင့် တိမ်တစ်လုံးငမိုးမှာ အိမ်ထောင်ရှိသလို အရက်သေစာကို မိုးမလင်းမီ မိုဝဲသည့် ယမကာ မိချောင်းဖမ်းရေမုဆိုးကြီးများဖြစ်ကြ၏။ သတ္တဗေဒဘွဲ့ရ မုဆိုးကျော်ခေါင်မှာမူ အရက်မသောက်သလို အိမ်ထောင်လည်း မရှိချေ။ လူပျိုလူလွတ်တစ်ယောက်ဖြစ်သလို ရုပ်ရည်မှာလည်း ရုပ်ရှင်မင်းသား လူမင်းနှင့်ပင် ခပ်ဆင်ဆင်တူလေ၏။

မုဆိုးဖြူဒင်မှာ မိချောင်းဆိုးကြီးများကို အကြိမ်ကြိမ် နှိမ်နင်းခဲ့ပြီးဖြစ်သလို တိမ်တစ်လုံး ငမိုး ကျပြန်တော့ မျက်လုံးတစ်ဖက်ကို သားရေစတစ်ဖက်ဖြင့် ဖုံးအုပ်ထားသော်လည်း လျှင်မြန်ကကမ်းကုန်၏။

တစ်ခါက ပါးဖြူအမည်ရှိ မိချောင်းဆိုးကြီးတစ်ကောင်ဖြင့် သူသေကိုယ်သေမြစ်ကြီးတစ်မြစ်တွင်းရင်ဆိုင်တိုက်ခိုက်ကြရာ ပါးတစ်ခြမ်းဖြူနေသော မိချောင်းကြီးကြောင့် တိမ်တစ်လုံးမှာ လူသေဟန်ဆောင်ပြီး တစ်ချိန်လုံး ငြိမ်နေခဲ့ပြီးမှ မိချောင်းကြီးမှ ပြန်လှည့်အကိုက်တွင် မိချောင်းကြီး၏ ဝမ်းဗိုက်အောက် ဝပ်နေပြီးမှ ဓားမြှောင်ဖြင့် ပါးဖြူမိချောင်းကြီး၏ ဝမ်းဗိုက်ကို ထိုးခွဲသတ်ဖြတ်ခဲ့သော မုဆိုးကျော်ကြီး ဖြစ်လေ၏။

ထိုမိချောင်းဖြင့် သူသေကိုယ်သေတိုက်ခိုက်ပွဲတွင် ငမိုးမှာ မျက်လုံးတစ်ဖက်ပေါက်ထွက်သွားခဲ့လေ၏။ တိမ်တစ်လုံး ဟူသောဘွဲ့ကို ဆွတ်ခူးခဲ့ခြင်း ဖြစ်၏။

ရန်ကုန်တက္ကသိုလ်မှ သတ္တဗေဒဘွဲ့ရ ရေမုဆိုးကျော်ခေါင်ကျတော့ တစ်မျိုးဖြစ်၏။ ရေမိချောင်းကြီးများကိုစာရေးဆရာကြီး မင်းသိခ်၏ စုံထောက်ကျော်ကြီး ဆားပုလင်းနှင်းမောင်ကဲ့သို့အသေးစိတ် စုံစမ်း၏။ မည်သို့နေသည်၊ မည်သို့အစားစားသည်၊ မည်သည့်ဂူတွင်း၊ မည်သည့်သားရဲတွင်းအတွင်း နေထိုင်သည်ကို အသေးစိတ် စုံစမ်း၏။

ပြီးမှ – မြစ်ကြီး၊ ချောင်းကြီးများအတွင်း သောင်းကျန်းသော ရေမုဆိုးမိချောင်းကြီးများကို သူသေကိုယ်သေရင်ဆိုင်တိုက်ခိုက်ကာ အရှင်ဖမ်းတန်တာ ဖမ်း၊ အရှင်မရမှ သူ့အသက်၊ ကိုယ့်အသက် အပြိုင်လု၍ တိုက်ခိုက်ကြခြင်းပင်ဖြစ်ပေတော့၏။

သတ္တဗေဒ ကျောင်းသားရေမုဆိုးကျော်ခေါင်ကို မုတ်ဆိတ် ဖြူဒင်နှင့် တိမ်တစ်လုံး ငမိုးတို့နှစ်ယောက်မှ မိုက်ရူးရဲမုဆိုးဟု ကင်ပွန်းတပ်၏။

သို့သော် ရေမုဆိုးကျော်ခေါင်က တစ်ဖန် တိမ်တစ်လုံး ငမိုးနှင့် မုတ်ဆိတ်ဖြူဒင်တို့ နှစ်ယောက်၏ မိချောင်းဖမ်းနည်းများကိုပညာရှင်မဆန်၊ လူမိုက်ဆန်သည်ဟု ပြော၏။

ပသို့ဆိုစေ၊ ရေမုဆိုး ကျော်ခေါင်၊ မုတ်ဆိတ် ဖြူဒင်၊ တိမ်တစ်လုံး ငမိုးတို့သုံးယောက်မှာ တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွားကြသော ရေမုဆိုးကြီးများဖြစ်၍ မတည့်အတူနေသာဖြစ်၏။

ထိုနေ့က ရေမုဆိုးကျော်ခေါင်၊ မုတ်ဆိတ်ဖြူဒင်၊ တိမ်တစ်လုံး ငမိုးတို့သုံးယောက် မရမ်းချောင်းရွာကြီးသို့ ဝင်





www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိချိန်တွင် တစ်ရွာလုံး ကမ်းလုံးညွတ်မျှထွက်၍ကြည့်ကြ၏။ မုတ်ဆိတ်မြဲဒင်နှင့်တိမ်တစ်လုံးငမိုးတို့နှစ်ယောက်ကိုတွေ့သော် ရှပ်ရှင်ထဲမှ လူကြမ်းကြီးများနှင့်တူသည်ဟု ပြောကာ ကြိတ်၍သဘောကျကုန်၏။ ရေမှုဆိုးကျော်ခေါင်နှင့် ဆုံကြသောအခါတွင်တော့ "ဟယ် ရှပ်ရှင်မင်းသားလူမင်းနဲ့တူတယ်တော့" ဟုပြုံးစေဖြင့် ခိုးကြည့်သူ၊ ဖြတ်လျှောက်ရင်း ကြည့်သူတို့ဖြင့် အလုပ်ရှုပ်ကြကုန်၏။

သို့သော် ရေမှုဆိုးကျော်ခေါင်ကမူ ထိုသူအားလုံးတို့အား ဖုတ်လေသည့် ငါးပိ ရှိလေတယ်ဟုပင် ဂရုစိုက်ခြင်း မရှိချေ။

ထိုအချိန်မှာပင် မြနှင်းမှုန်မှာ လယ်ထဲဆင်းရန် သနပ်ခါးထူထူလိမ်း၍ မြနှင်းမှုံတို့ အိမ်ကြီးရှေ့မှ ထွက်အလာ ရေမှုဆိုးသုံးယောက်မှာလည်း မြနှင်းမှုံတို့ အိမ်ကြီးတွင် တည်းခိုကြမည်ဖြစ်၍ မြနှင်းမှုံတို့အိမ်ကြီးသို့ အဝင် လမ်းတွင် ဆုံမိကြလေ၏။ ရှပ်ကြမ်း၊ လူကြမ်း တိမ်တစ်လုံးနှင့် မုတ်ဆိတ် မြဒင်တို့နှစ်ယောက်နှင့် ဆုံတွေ့ကြသော်လည်း အမှတ်တမဲ့ကြည့်ရုံကြည့်မိပြီး မိချောင်းဖမ်း ရေမှုဆိုး ကျော်ခေါင်နှင့် နှစ်ယောက်သား ဆုံအတွေ့တွင်တော့ ရေမှုဆိုးကျော်ခေါင်မှာ တစူးတစိုက် ကြည့်မိသလို မြနှင်းမှုံမှာလည်း ပါးစပ်လေးများပင် ဟောင်းလောင်းပွင့်၍သွားကာ ရွှေရင်အစုံ ခုန်၍သွားမိပြီး ရှက်ပြုံးလေးတစ်ပွင့် မျက်နှာထက်တွင် ပွင့်၍သွားပြီး ခေါင်းလေးငုံ့ကာ ခပ်သွက်သွက်လေး ရှောင်ထွက်သွားလေတော့၏။

ရေမှုဆိုးကျော်ခေါင်ကိုယ်တိုင်ပင် မြနှင်းမှုံကိုသမင်လည်ပြန်လှည့်၍ကြည့်မိလေ၏။ မိချောင်းဖမ်း ရေမှုဆိုးကြီး ကျော်ခေါင်ပင်ပြုံးမိလေ၏။ ရှားပါးသော အပြုံးတစ်ပွင့်သာဖြစ်လေတော့၏။ တစ်သက်တွင် ဤကဲ့သို့ အပြုံးမျိုး ရေမှုဆိုးကျော်ခေါင်တစ်ယောက် မပြုံးဘူးသည်ကို ကိုယ်တိုင်သိပြီးဖြစ်၍ မြနှင်းမှုံကို ချစ်မိပြီ ဆိုသည်ကို ကြိမ်းသေခံစားမိလိုက်လေ၏။

ဤအတွေးတစ်ချက် ဝင်မိလေ၍ မုတ်ဆိတ်မြဒင်၊ တိမ်တစ်လုံး ငမိုးတို့နှင့် ခပ်လှမ်းလှမ်းဖြစ်သွား၍ ရေမှုဆိုးကျော်ခေါင်မှာ အမီလိုက်ရလေတော့၏။



"ဘယ်လိုလဲ - ရေမှုဆိုးကြီးရဲ့ ကြည့်လှရည်လား။ ကေန္တတော့ ကေန္တ ငြိနေပြီတူတယ်"

"အေးဗျာ - ကျွန်တော့်တစ်သက်မှာ ရန်ကုန်တစ္ဆေသိုလ်မှာလည်း ဒီလိုရင်ခုန်လောက်တဲ့ခံစားမှုမျိုး ပေးစွမ်းတဲ့ မိန်းကလေးမျိုး မတွေ့ဖူးတာ အမှန်ပါ သူလေးနဲ့မှ ..."

"ဟုတ်ပါပြီ - သူလေးနဲ့မှ တိုက်တိုက်ဆိုင်ဆိုင်ဆိုပါတော့ - ဟုတ်လား"

ရေမှုဆိုးကျော်ခေါင် မညာပါချေ။ ပြုံး၍ခေါင်းညိတ်ကာ ဝန်ခံလိုက်လေတော့၏။

ထိုနေ့က ရေမှုဆိုးကျော်ခေါင် တိမ်တစ်လုံး ငမိုး၊ မုတ်ဆိတ် မြဒင်တို့ သုံးယောက် ရွာလူကြီးများနှင့် တွေ့ဆုံ၊ မိတ်ဆက်ကြ၏။ ဤအိမ်ကြီးရှင်မှာ ဦးတိုင်းကျော်၊ ဒေါ်မိုးမြင့်တို့ဖြစ်ကာ အိမ်ကြီးအပေါ်ထပ်တစ်ထပ်လုံး၌ နေခွင့်ပေးထားလေ၏။

ထိုနေ့က ရေမှုဆိုးကျော်ခေါင်၊ တိမ်တစ်လုံးငမိုး၊ မုတ်ဆိတ်မြဒင်တို့ သုံးယောက် ရွာလူကြီးများနှင့် တွေ့ဆုံ မိတ်ဆက်ကြ၏။ ဤအိမ်ကြီးရှင်မှာ ဦးတိုင်းကျော်၊ ဒေါ်မိုးမြင့်တို့ဖြစ်ကာ အိမ်ကြီးအပေါ်ထပ်တစ်ထပ်လုံး၌ နေခွင့်ပေးထားလေ၏။

ထိုနေ့နံနက်စာထမင်းကို ထိုအိမ်ကြီး၌ပင် စားသောက်ရ၏။ ဤ၌ ရေမှုဆိုးကျော်ခေါင် ထိတ်ခနဲ ရင်ခုန်မှုတစ်ခု ဖြစ်ရပြန်၏။ မနက်ပိုင်း ဤအိမ်ကြီးသို့အလာ ရင်ခုန်ခဲ့ရသော မိန်းကလေးနှင့် တူလွန်းလှသည်။ မိန်းကလေးနှင့် ကြုံလိုက်ရ၍ ဖြစ်၏။ သို့သော် ဦးတိုင်းကျော်မှ သမီးငယ် မြပန်းမှုံ ဟုခေါ်ကြောင်း၊ သမီးကြီး မြနှင်းမှုံ လယ်ထဲသွားကြောင်း ပြောဆို မိတ်ဆက်ပေးမှုကြောင့် မနက်ပိုင်းတွင် ရေမှုဆိုးကျော်ခေါင် ရင်ခုန်ခဲ့ရသည့် မိန်းကလေးမှာ မြနှင်းမှုံဖြစ်ကြောင်း တွက်ဆမိလေတော့၏။

ဤအတွေးမှန်သည်ကို ညပိုင်း၌ ရွာလူကြီးများ တည်းခိုသည့်အိမ်သို့ လာရောက်တွေ့ဆုံ နှုတ်ဆက်စကားပြောသည့်ညခင်း၌ပင် ပေါ်လွင်လေ၏။

ထိုညက လမင်းကြီးလည်း ကောင်းကင်တွင် ထိန်ထိန်သာလေ၏။ သို့သော် ရေမှုဆိုးကျော်ခေါင်၏ရင်တွင်း၌ လတစ်စင်း ထင်းထင်းကြီး ဝင်း၍သာနေလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com



ရေမှုဆိုးကျော်ခေါင်မှာ လမုပင်ကြီး၏ အခြေရှိ ရေများကို အနည်းငယ် လက်ခုပ်ဖြင့် ခတ်ယူ၍ တိမ်တစ်လုံးနှင့် မုတ်ဆိတ် မြွေဒင်တို့ နှစ်ယောက်အား ပေး၏။ ပြီးသော် ရေများကို နမ်းပြ၏။ တိမ်တစ်လုံးနှင့် မုတ်ဆိတ်မြွေဒင်တို့နှစ်ယောက်မှာလည်း လမုပင်ကြီးအခြေရှိ ရေကိုယူ၍ နမ်းကြည့်ကာ နှစ်ယောက်စလုံး မျက်မှောင်ကြုတ်၏။

# ၆၉

အဘယ်ကြောင့်ဆိုသော် မြွေနင်းမုံ့ဟူသောမိန်းကလေးသည်သူ၏ညီမဖြစ်သူ မြပန်းမွှေနှင့်အတူ ရေမှုဆိုးကျော် သုံးယောက်တို့အားလက်ဖက်၊ရေနွေးကြမ်းတို့ တည်ခင်းညှေ့ခံလေသောကြောင့် ဖြစ်၏။

ရေမှုဆိုးကျော်ခေါင်ကိုကြည့်၍ တိမ်တစ်လုံးနှင့် မုတ်ဆိတ်မြွေဒင်တို့မှ ပြုံးစိစိဖြင့် လူအများမသိအောင် တိတ်တဆိတ်အပြုံးများဖြင့် ကြည့်သောကြောင့် ဖြစ်၏။

ထိုညက ရေမှုဆိုးကျော်ခေါင် အိပ်မပျော်နိုင်ဘဲ မျက်စိကြောင်သောညဖြစ်ခဲ့ရလေ၏။

❧ ❧ ❧

နံနက်မိုးလင်းချိန်မှာတော့ အရက်သမား ရေမှုဆိုး တိမ်တစ်လုံးနှင့် မုတ်ဆိတ် မြွေဒင်တို့ မနိုးထကြသေးသော်လည်း မိကျောင်းဖမ်း ရေမှုဆိုးကျော်ခေါင်မှာ နိုးထနေပြီဖြစ်၏။

ရေမှုဆိုး ကျော်ခေါင်၏ ထုံးစံအတိုင်း မရမ်းချောင်းရေနှင့် မြစ်ကြီး၏ ရေတို့၏ အနံ့အသက်တို့ကို ခွဲခြားစိတ်ဖြာခဲ့ပြီးဖြစ်သလို မရမ်းချောင်းအတွင်း ထူးထူးခြားခြား တစ်ပင်တည်း ပေါက်ရောက်နေသောလမုပင်ကြီးကိုမသင်္ကာမှုများစွာဖြင့် သွားရောက်လေ့လာခဲ့ပြီးဖြစ်၏။

မအူပင်မြစ်ကြီး၏ ရေပြည့်ချိန်ဖြစ်နေလေ၍ ထူးခြားမှုကို မတွေ့ရသော်လည်း လမုပင်ကြီးနေရာတစ်ဝိုက်၏ ရေနံ့၊ မြေနံ့တို့ကို ရေမှုဆိုး ကျော်ခေါင် မသင်္ကာခြင်းဖြစ်နေလေတော့၏။

ထိုမှအပြန် ရွာအနောက်ဘက်အထိ ရေစီးဖြင့် စုန်၍ လိုက်ပါသွားလေရာမရမ်းချောင်းရွာကြီး၏အနောက်ပိုင်းသို့အရောက် တစ်ချိန်သောအခါက မိကျောင်းဖမ်းမုဆိုးဟု နာမည်ကျော်ခဲ့သော မုဆိုးကြီး အဘ ဦးမွန်ထော်နှင့် ဆုံတွေ့ကြလေ၏။

ရေမှုဆိုးကြီး အဘ ဦးမွန်ထော်မှာ ရေမှုဆိုးကျော်ခေါင်ကိုတွေ့သော် မနေ့က မရမ်းချောင်းရွာသို့ ရောက်လာကြသည့် ရေမှုဆိုး သုံးယောက်ထဲမှ တစ်ယောက်ဖြစ်မှန်း သိရှိသွားခဲ့လေ၏။

ထို့ပြင် ရေမှုဆိုးကျော်ခေါင်ကိုတွေ့ရှိ သိရှိလိုက်ရချိန်၌ ရေမှုဆိုး ကျော်ခေါင်သည် မိကျောင်းဖမ်းမုဆိုးများထဲ၌ ထူးခြားဆန်းပြားစွာ ရန်ကုန်တက္ကသိုလ်မှ သတ္တဗေဒဘွဲ့ရတစ်ဦးဖြစ်နေခြင်း၊ မိကျောင်းဖမ်းမုဆိုးဆိုသော်လည်း ချောမောသိမ်မွေ့နေခြင်း၊ သို့သော် ရေမှုဆိုး ကျော်ခေါင်သည် စေ့စေ့စပ်စပ် လွန်စွာရှိခြင်း၊ ရေနံ့ မြေနံ့မှအစ ဤချောင်းကြီး တစ်လျှောက် ရန်သူ၏ စနည်းကို နံ့နံ့စပ်စပ် စုံစမ်းထောက်လှမ်းပြီးခြင်း စသည့်အချက်တို့သည် တစ်ချိန်သောအခါက မိကျောင်းဖမ်းမုဆိုးဟု ကျော်ခဲ့သော အဘ ဦးမွန်ထော်တို့နှင့် ထူးခြားစွာ သာလွန်နေသောအချက် ဖြစ်သည်ကို အဘ ဦးမွန်ထော်ကိုယ်တိုင်မှ ကြိုတ်၍ဝန်ခံလိုက်ရပေတော့၏။

အဘ ဦးမွန်ထော်မှာ ရေမှုဆိုး ကျော်ခေါင်အား သူ့နေထိုင်ရာအိမ်လေးသို့ တစ်သီးတစ်သန့် ဖိတ်ခေါ်သွား၏။ ရေနွေးကြမ်းနှင့် ညှေ့ခံ၏။ ပြီးသော် ထူးဆန်းဆန်းသံသောသတင်းတစ်ခုများအား ကျော်ခေါင်အား ပေးလေတော့၏။ ကျော်ခေါင်မှာ သူ့ဖွင့် ပြောမှု ကြားလိုက်

www.burmeseclassic.com

လက်ဆောင်ပေးစရာမရှိ၍အခက်တွေ့နေ၏။

သံသေသနွတ် ဟူသည် အုံဖွယ်ထူးဆန်းသောလုံတစ်မျိုးဖြစ်၏။

ဥပမာ - တုတ်ပြီး၊ ဓားပြီးပါသည်ဆိုသော လူတစ်ယောက်အား ဤသံသေသနွတ်ဖြင့် ထိုးသော် သေ၏။

ထို့အတူ ပိုလ်အောင်ဒင် မိချောင်းကြီးသည် အကယ်၍များ မိကျောင်းဥကင်းထိပ်၌သော်လည်းကောင်း၊ သွား၌သော်လည်း သေနတ်ပြီး၊ လုံပြီး၊ ရိုးရိုးသနွတ်ပြီးသည့် "မိကျောင်းအံပွား" (သို့မဟုတ်) "မိကျောင်းစိန်ကုတ်" ပါရှိခဲ့သော် ဤမိကျောင်းကြီးအားတိုက်ခိုက်သတ်ဖြတ်၍ မရနိုင်။ ဤသံသေသနွတ်နှင့် ထိုးမှ သေနိုင်ချေ၍အကြောင်း သိလိုက်ရလေ၏။ ရေမှုဆိုးကျော်ခေါင်မှာ သူ၏ လက်စွပ်ကို ချွတ်၍ ကန်တော့လိုက်လေ၏။

ဤတွင် မိကျောင်းဖမ်းမုဆိုးဟောင်းကြီးဦးမွန်ထော်မှာ ဤလက်စွပ်ကိုမလိုချင်ကြောင်းဖွတ်ငြင်းလေတော့၏။

ဤ၌ရေမှုဆိုးကျော်ခေါင်မှာလည်း ဤလက်စွပ်ကို မယူပါက အဘ၏ သံသေသနွတ်ကိုလည်း လက်မခံနိုင်ပါဟု ဖွတ်ပင် ပြန်လည်ငြင်းဆိုလေမှ မိချောင်းဖမ်းရေမှုဆိုးဟောင်းကြီးမှာ ရေမှုဆိုးကျော်ခေါင်၏ လက်စွပ်ကို လက်ခံလိုက်သလို ရေမှုဆိုးကျော်ခေါင်မှာလည်း သံသေသနွတ်ကို လက်ခံလိုက်လေတော့၏။

သို့သော်မုဆိုးဟောင်းကြီး၏ရင်ထဲ၌ ရွှေလက်စွပ်ထက်ရေမှုဆိုးကျော်ခေါင်ကို ရွှေကာ့ညည်းထိုးခဲ့လေ၏။

ရေမှုဆိုးကျော်ခေါင် တည်းခိုအိမ်သို့ပြန်ရောက်ချိန်တွင် တိမ်တစ်လုံးငမိုးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်လုံး နိုး၍ကောက်ညှင်းပေါင်းနှင့်ရေနွေးကြမ်းစားသောက်ပြီး ရေမှုဆိုးကျော်ခေါင်ကို စောင့်ကြိုနေပြီဖြစ်၏။ ရေမှုဆိုးကျော်ခေါင်မှာ ကောက်ညှင်းပေါင်းနှင့် ရေနွေးကြမ်းစားသောက်ပြီးသည်နှင့် တိမ်တစ်လုံးနှင့် မုတ်ဆိတ်မြဒင်တို့နှင့် လိုက်ပါသွား၏။ ရေမှုဆိုးကျော်ခေါင်မှာ အဘဦးမွန်ထော်ပေးလိုက်သော သံသေသနွတ်ကို ထီးရိုးဝါးတုတ်တုတ်တစ်လုံးရာ၍ အရိုးတံတပ်ပြီး လိုက်ပါသွား၏။

ထိုနေ့က နေသာ၏။

မအူပင်မြစ်ကြီးနှင့် မရမ်းချောင်းကြီးတစ်ခုလုံး ဘော်ငွေရောင်အဆင်းဆောင်နေလေ၏။

ရေလှုတစ်စင်းတည်း၌ ပဲ့ကိုင်ရှင်မှာ ရေမှုဆိုးကျော်ခေါင်ဖြစ်၍ တိမ်တစ်လုံးငမိုးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်မှာ စီးနင်းသူဖြစ်နေလေ၏။

ရေမှုဆိုးကျော်ခေါင်မှာ လမုပင်ကြီးအနားသို့အရောက်လှော်ခတ်လာသောလှေကို ဖြည်းညင်းစွာ လှော်ခတ်ရင်းအကဲခတ်လာ၏။

ရေပြည့်ချိန်ဖြစ်နေ၍ လမုပင်ကြီးမှာ ထူးခြားမှု ရှိမနေပါချေ။ သို့သော် ရေမှုဆိုးကျော်ခေါင်မှာ လမုပင်ကြီး၏ အခြေရှိရေများကိုအနည်းငယ်လက်ခုပ်ဖြင့်ခတ်ယူ၍တိမ်တစ်လုံးနှင့်မုတ်ဆိတ်မြဒင်တို့နှစ်ယောက်အား ပေး၏။ ပြီးသော် ရေများကို နမ်းပြ၏။ တိမ်တစ်လုံးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်မှာလည်း လမုပင်ကြီးအခြေရှိ ရေကို ယူ၍ နမ်းကြည့်ကာ နှစ်ယောက်စလုံး မျက်မှောင်ကြုတ်၏။ ရေမှုဆိုးကျော်ခေါင်မှာ တိမ်တစ်လုံးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်ကို ပြော၏။

သားရဲတွင်း

တိမ်တစ်လုံးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်မှာ တွေးတွေးဆဆ လုပ်တတ်သောကျော်ခေါင်အကြောင်းသိပြီးဖြစ်လေ၍ မငြင်းပါချေ။ သို့သော် -

"ဒီနေ့ - ဗမာလို ဘယ်နှရက်လဲဗျ"

ရေမှုဆိုးကျော်ခေါင်မှာ မေး၏။

"ဗမာလို နယုန်လပြည့်ကျော် ရှစ်ရက်"

တိမ်တစ်လုံး ငမိုးက တွက်ချက်၏။

"ရှစ်ရက်ဆိုတော့ ရှစ်မတ်၊ ရှစ်မတ်ဆိုတော့ နှစ်ကျပ်၊ ရှစ်ထဲက နှစ်ကျပ်နုတ်တော့ခြောက်နာရီဝန်းကျင်ရောက်ချိန်၊ ပင်လယ်နဲ့နည်းနည်းလှမ်းတော့ ရှစ်နာရီဝန်းကျင် ရောက်တာပေါ့"

တိမ်တစ်လုံးစကားအဆုံး မုတ်ဆိတ် မြဒင်က သူ၏ ဓာတ်ခဲနာရီလေးအား ကြည့်၏။

"ဟုတ်တယ် - ဒီအချိန် ရေတက်ချိန်ပဲ"

"ကျော်ခေါင် - ဒီနေရာကို နောက်တစ်ခေါက် ရေကျမှ လာပြန်ကြည့်မယ်"

ရေမှုဆိုးကျော်ခေါင် ခေါင်းညိတ်ပြလိုက်သလို လှေကိုလည်း ဦးပြန်လှည့်၍





www.burmeseclassic.com

www.burmeseclassic.com

မရမ်းချောင်းကြီးအတွင်းဘက်သို့ ပြန်လှည့်လိုက်သည်၊

တိမ်တစ်လုံး ငမိုး၊ မုတ်ဆိတ်မြဒင်၊ ရေမှုဆိုး ကျော်ခေါင်တို့ သုံးယောက် မအူပင်မြစ်ကြီးနှင့် မရမ်းချောင်းကြီးဆုံရာ ဝန်းကျင်တွင် ဗိုလ်အောင်ဒင် မိကျောင်းကြီး၏ အခြေအနေနှင့် ဝပ်ကျင်းကို လိုက်လံစုံစမ်းနေသည်မှာ ရန်ကုန်တက္ကသိုလ်ဆက်တက်ရန် အားခဲထားလေသော မောင်မောင်ဒွေးကို မိကျောင်းကြီး ဆွဲသွားသည့်အချိန်နှင့် ဆိုသော် တစ်လခွဲနီးပါး ဖြစ်နေပြီဖြစ်၏။

ရေမှုဆိုးကျော်ခေါင်မှာ လေ့ပဲ့ကို ထိန်းရင်း မုတ်ဆိတ်မြဒင်နှင့် တိမ်တစ်လုံး ငမိုးတို့နှစ်ယောက် ဖပြော၏။

"ကိုကြီးငမိုးနဲ့ ကိုကြီးမြဒင် မိကျောင်းကြီး သူ့ရဲ့ဝပ်ကျင်းထဲကို အစာအဖြစ် တက္ကသိုလ်ကျောင်းသား မောင်မောင်ဒွေးကို ဆွဲသွားတာ ရက်ပေါင်း လေးဆယ်ကျော်ကျော်လောက် ရှိပြီလို့ သိရတယ်၊ ဒီအချိန်ဟာ အန္တရာယ် အကြီးဆုံးအချိန်ပဲဗျ၊ ဒီကောင်ကြီး ဝပ်ကျင်းထဲမှာ အစာကုန်လောက်ပြီဗျ၊ ဒီကောင်ကြီး ကြိမ်းသေ အစာထွက်ရှာတော့မှာ"

"မိကျောင်းဆိုတာ သူ့အစာကို အရှင်လတ်လတ်ဆွဲသွားပေမယ့် သူ့ရဲ့ဝပ်ကျင်းထဲရောက်မှ အသက်မသေဘဲ ပြန်လွတ်သွားတဲ့လူတွေရှိသလို ဝပ်ကျင်းထဲရောက်မှ မိကျောင်းကြီးရဲ့တိုက်ခိုက်ခံရမှုကြောင့် အသက်သေဆုံးသွားရသူတွေလည်း ရှိတာပဲ"

တိမ်တစ်လုံး ငမိုး၏ စကားအဆုံး မုတ်ဆိတ်မြဒင်မှ ဆက်ပြော၏။

"ငမိုးနဲ့ ကျော်ခေါင် - မင်းတို့နှစ်ယောက်ကို ငါမေးမယ်၊ သိရင် ဖြေစမ်းပါဦးကွ"

ရေမှုဆိုးကျော်ခေါင်မှာ အင်းမလှုပ် အဲမလှုပ်ရေး၊ မုတ်ဆိတ်မြဒင်၏ အမေးစကားကို နှေ့လင့်နားထောင်နေ၏။

"မိကျောင်းဆိုတာ ခေါင်းသုံးတောင်ပြည့်ရင် လူယောင်ဆောင်နိုင်တယ်ဆိုတာ ယုံလား"

ကျော်ခေါင်မှာ မုတ်ဆိတ်မြဒင်၏ အမေးစကားကို မဖြေပါရေး၊ ပြုံးရုံသာ ပြုံး၍နေ၏၊ တိမ်တစ်လုံး ငမိုးမှာမူ တဟားဟား ရယ်ရင်း ဖြေ၏၊

"မုတ်ဆိတ်ရာ - ရှင်မွေးလွန်း၊ မင်းနန္ဒာဇာတ်ထဲက ဝမိုးရိပ်မိချောင်း ခေါင်းသုံးတောင်ပြည့်လို့ လူယောင်ဆောင်ပြီး ချောက်ကုန်သည်လေး ကိုမိုးအဖြစ်နဲ့ မယ်ပွင့်နဲ့ သံယောဇဉ်မျှခဲ့တဲ့ လွန်ခဲ့တဲ့နှစ် နှစ်ထောင်ကျော်ကျော်က ပုံပြင်၊ ဇာတ်လမ်းတွေ လာပြောမနေစမ်းပါနဲ့ကွာ - ဟာသတွေ - ဟား - ဟား ဟား"

ဤတွင် တက္ကသိုလ်ကျောင်းထွက် ရေမှုဆိုးကျော်ခေါင်က ဝင်ရောက်မေး၏၊

"မိကျောင်းအုံပွားတို့၊ မိကျောင်းစိန်ကုတ်တို့ရှိတယ်ဆိုတာတော့ ကိုကြီး တိမ်တစ်လုံး ယုံလား"

"ဟ - ဒါတော့ - မယုံလို့ ဖြစ်မလားကွ၊ တချို့မိကျောင်းကြီးတွေက သက်တမ်းရင့်လာတော့ အကောင်ကြီးတွေ ကြီးလာသလို၊ အရေခွံတွေလည်း ထူလာနိုင်တယ်၊ အဲဒီတော့ ထိုးမပေါက်၊ ခုတ်မပြတ်ဖြစ်လာနိုင်တာပေါ့"

"ခု - ကျွန်တော်တို့နဲ့ ကြုံနေရတဲ့ ဗိုလ်အောင်ဒင် ဆိုတဲ့ မိကျောင်းကြီးက အရှည်တစ်ပေ သုံးဆယ်ကျော်တယ်ဆိုတော့ မိကျောင်းအုံပွားတို့၊ မိကျောင်းစိန်ကုတ်တို့ ရှိမနေဘူးလို့ ငြင်းမလား"

"မိကျောင်းအုံပွား၊ မိကျောင်းစိန်ကုတ်တို့ ရှိ၊ မရှိတော့ ငါမသိဘူး၊ အကောင်ကြီးလွန်းတဲ့အတွက် အရေခွံတွေ ထူလာနိုင်တယ်ဆိုတာတော့ ငါ မငြင်းနိုင်ဘူး - ကျော်ခေါင်"

ရေမှုဆိုးကျော်ခေါင်မှာ တိမ်တစ်လုံး ငမိုး၏စကားကို ကျေနပ်စွာ ခေါင်းလေးညိတ်၍ နားထောင်နေ၏၊ ပြီးသော် မုဆိုးဟောင်းကြီး အသာ ဦးမွန်ထော်ပေးလိုက်သော သံသေသနတ်ကို အသာ အယာ မ,၍ကြည့်၏၊

နေမွန်းတိမ်းနေပြီဖြစ်၍ မနက်စာ ပြန်စား၏၊

ဤထမင်းစားပွဲ၌ ရေမှုဆိုးကြီးသုံးယောက်နှင့် မြနင်းမှုံ၊ မြပန်းမှုံတို့၏ဖခင် ဦးတိုင်းကျော်ကိုယ်တိုင် ဝင်၍စား၏၊ တစ်ရွာလုံး၏ကောင်းနိုးရာရာ ဟင်းလျာများ ပို့၍ပေးကြသည့်အတွက် စာရင်တ် ပြေးမင်းထမင်းဝိုင်းပမာ ဖြစ်၍သွား၏၊

ဤထမင်းဝိုင်း၌ မြနင်းမှုံနှင့် မြပန်းမှုံပါ ထမင်း၊ ဟင်း လိုက်ပွဲများ ချပေးကြ၏၊ မြနင်းမှုံမှာ လူမသိ၊ သူမသိအချိန်များ၌ ရေမှုဆိုးကျော်ခေါင်အား ခိုး၍ကြည့်၏၊ အကြည့်ချင်းဆုံသည့် ခဏ တိတ်တခိုးရင်ခုန်မှုများ ဖြစ်သည့်အတွက် ကြိတ်၍သက်ပြင်းချကြ၏၊

www.burmeseclassic.com

တိမ်တစ်လုံးဝမိုးနှင့် မုတ်ဆိတ်မြဒင်မှာ ကျော်ခေါင်အားကြည့်၍ တိတ်တဆိတ်ပြုံး၏။

ထိုအချိန်မှာပင်အိမ်ကြီး၏အောက်ဆင့် လှေခါးထစ်မှ လူတစ်ယောက်၏ ထိတ်ထိတ်လန့်လန့်ဖြင့် အော်ဟစ်ပြောဆိုသံကြီး ထွက်ပေါ်လာ၏။

“ဦးတိုင်းကျော် - မရမ်းချောင်းထဲမှာ ဝဲြကို မိကျောင်းကြီး ဆွဲသွားလို့”

ထမင်းစားနေရင်း လက်စမသတ်နိုင်ခွာပင် ရေမုဆိုးကျော်ခေါင်မှာ လက်ပင် ဆေးခြင်းမပြုဘဲ အဘ ဦးမွန်တော် ပေးလိုက်သည့် သံသေသန္တတ်နှင့် လက်စွဲတော် သန္တယ်ကို ဆွဲယူကာ အိမ်ကြီး၏ အောက်ဆင့်သို့ လှေခါးထစ်မှ ပြေး၍ဆင်းသွားလေ၏။

မြနှင်းမှုံမှာ ရေမုဆိုးကျော်ခေါင်၏ ကမူးရှူးထိုးအဖြစ်ကြောင့် မျက်ကလူးဆန်ပျာဖြစ်၍ ကျန်နေရစ်၏။

သို့သော် တိမ်တစ်လုံး ငမိုးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်မှာမူထမင်းကို ပြီးဆုံးအောင် ဆက်၍စား၏။ ရေမုဆိုးကျော်ခေါင်လို မျက်ကလူးဆန်ပျာ မနိုင်လှချေ။

ရွာခံလူကြီး ဦးတိုင်းကျော်နှင့် သတင်းလာပို့သူတို့မှာ တိမ်တစ်လုံး ငမိုး၊ မုတ်ဆိတ် မြဒင်တို့နှင့်ပဲ ကျန်နေခဲ့ရကောင်းနိုး၊ ရေမုဆိုးကျော်ခေါင်နောက်ပဲ လိုက်သွားရကောင်းနိုးဖြင့် ဝေခွဲမရဖြစ်နေကြလေ၏။

ပြီးမှ မုတ်ဆိတ်မြဒင်နှင့် တိမ်တစ်လုံး ငမိုးတို့မှာ ရွာသူရွာသားများနှင့် ရွာလူကြီးဦးတိုင်းကျော်အပါအဝင် သတင်းလာပို့သူတို့အား သူတို့နောက်သို့ ဘယ်သူမှ လိုက်မလာရန် ပြောဆို၍ ထွက်သွားလေ၏။

မြနှင်းမှုံမှာ ပင့်သက်လေးဖြာကာ လေပူလေး မှုတ်ထုတ်၍ ကျန်ရစ်လေ၏။

ရေမုဆိုးကျော်ခေါင်မှာ တိမ်တစ်လုံး ငမိုးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်နှင့် အိမ်ရှင် ဦးတိုင်းကျော်တို့အား ထားပစ်ခဲ့ကာ လမုပင်ကြီးရှိရာသို့ လှေကို အမြန်လှော်ခတ်ကာ လာခဲ့၏။

အချိန်မှာလည်းညနေနှစ်နာရီနီးပါး ဖြစ်၏။

မအူပင်မြစ်ကြီး ရေကျချိန်မို့ မရမ်းချောင်းကြီးမှာလည်းရေကျနေကာဗျိုက်တောများ၊ ဓနိပင်များ၊ ပေဒါဖုတ်များမှာ ဟိုနေရာတစ်စု၊ သည်တစ်နေရာတစ်စု လူးလားခေါက်တုံ့ ရေသယ်ရာရွေ့၍ လေယူရာပါနေလေ၏။

ရေမုဆိုးကျော်ခေါင်မှာ လမုပင်ကြီးကို အကာအကွယ်ယူကာ အပေါ်စီးမှ မရမ်းချောင်းရေစီးကို ဂရုတစိုက် စီးမိုးကြည့်ရှုနေ၏။

ထိုအချိန်မှာပင် မြစ်ရေစီးမှာ ရွှံ့နှစ်ရေ၊ ကော်ဖီရောင်များဖြင့် အတိပြီးနေလေ၏။ နုန်းနှစ်များ ပျော်ဝင်နေသည့်အတွက် မြစ်ရေမှာ ကြည်လင်မှု တင်းမဲ့လှ၏။ ထို့အတူမရမ်းချောင်းရေမှာလည်း ကော်ဖီရေ၊ ရွှံ့နှစ်ရေသာ အတိပြီးလှ၏။

ထိုအချိန်၌ပင် မြစ်ရေစီးထဲမှ သွေးပွက်များ တစ်စတစ်စ ရေပေါ်သို့ တက်၍လာသလို မရမ်းချောင်းဘက်ဆီသို့ ရွေ့၍ ရွေ့၍လာနေသည်ကို ရေမုဆိုးကျော်ခေါင်မှာ တွေ့လိုက်ရလေ၏။ တစ်ဆက်တည်းမှာပင် သွေးပွက်အချို့သည် တစ်စတစ်စ လမုပင်ကြီး၏ တလိုက်ပေါက်၊ သားရဲတွင်းဆီသို့ ချဉ်းကပ်လာနေသည်ကို ရေမုဆိုးကျော်ခေါင် တွေ့လိုက်ရလေတော့၏။

နောက်ဆုံးတွင် သွေးပွက်တို့သည် ရေမုဆိုးကျော်ခေါင် တွေးထင်သူဆထားသည့်အတိုင်း မိကျောင်းကြီး၏ ကလိုက်ပေါက်၊ သားရဲတွင်းအဝဆီသို့ တိုးဝင်သွားသည်ကို ရှင်းလင်းပြတ်သားစွာ တွေ့မြင်လိုက်ရလေတော့၏။

ရေမုဆိုးကျော်ခေါင်မှာ မရှုံ့ပြုံးတစ်ချက်၊ ပြုံးလိုက်သလို စိတ်တွင်း၌လည်း တစ်ဦးတည်းကြိတ်၍ကြုံးဝါးလိုက်လေတော့၏။

“ဗိုလ်အောင်ဒင်ရေ - မင်းနဲ့ငါမကြာခင် တွေ့ရတော့မယ်ဆိုတာတော့ ကြိမ်းသေသွားပြီဟေ့”

မိကျောင်းကြီး၏အရှည်ခေါ်အလျားမှာ အနည်းဆုံး သုံးဆယ့်ငါးပေကျော်မည်ဖြစ်၍ အာရှတိုက်၏ အကြီးဆုံး မိကျောင်းခေါင်းတို Allighter ကြီးတစ်ကောင်သာ ဖြစ်ပေတော့၏။

အလွန်အန္တရာယ်များသော မိကျောင်းခေါင်းတိုကြီးတစ်ကောင်သာဖြစ်သည့်အတွက် မည်သို့ရင်ဆိုင် ဖမ်းဆီးရမည်နည်း။ အသေဖမ်းရမည်လော။ အရှင်ဖမ်းရမည်လောဆိုသည်ကိုတော့ ရေမုဆိုးကျော်ခေါင် စဉ်းစားရတော့မည်ဖြစ်၏။

ထိုအချိန်မှာပင် တိမ်တစ်လုံး ငမိုးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်အားလှေငယ်တစ်စီးဖြင့် ရောက်လာကြ၏။





www.burmeseclassic.com

www.burmeseclassic.com

"ကျော်ခေါင် - အခြေအနေ ဘာထူးလဲကွ"

"ဝပ်ကျင်းတွေ့ပြီ"

"ဟော..."

"သားကောင်ပါသွားတယ် - တွေ့တယ်မဟုတ်လား"

ရေမုဆိုးကျော်ခေါင်မှာအသံထွက်မဖြေချေ။ ခေါင်းညိတ်ပြလိုက်၏။

"သွားမယ် - ကိုတိမ်တစ်လုံးနဲ့ ကိုကြီးမြဒင် - ဒီနားမှာ အသံမထွက်ချင်ဘူး"

ရေမုဆိုးကျော်ခေါင်မှာ စကားအဆုံး သူ လှော်ခတ်လာသော လှေကလေးကို လှော်ခတ်ကာ ပြန်လမ်းသို့လှည့်၏။ တိမ်တစ်လုံးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်မှာလည်း သူတို့စီးလာသော လှေကလေးကို ရေမုဆိုးကျော်ခေါင်၏ လှေကလေးနောက်သို့ စပ်သွက်သွက်လေး အသံတိတ် လှော်ခတ်လိုက်ပါခဲ့၏။

တိမ်တစ်လုံးနှင့် မုတ်ဆိတ်မြဒင်၊ ရေမုဆိုးကျော်ခေါင်တို့ ဦးတိုင်းကျော်အိမ်သို့ပြန်ရောက်ချိန်၌ ရွာရှိလူအားလုံးနီးပါး ရောက်ရှိနေလေသလားမသိချေ။ များပြားလှသောလူအုပ်ကြီးက ဦးတိုင်းကျော်အိမ်သို့ ရောက်ရှိနေကြလေ၏။

ဦးတိုင်းကျော်မှာ ရေမုဆိုးကျော်ခေါင်ကို ဟန်ပင် မဆောင်ပါချေ။ ခရီးရောက်မဆိုက် မေး၏။

"တွေ့ခဲ့လား - ရေမုဆိုးလေး"

ရေမုဆိုးကျော်ခေါင်မှာ ထုံးစံအတိုင်း ပါးစပ်ဖြင့် မဖြေပါချေ။ ခေါင်းညိတ်ပြလိုက်၏။

မြနှင်းမွှေမှာ ကျော်ခေါင်၏ အခြေအနေကိုဖခင်ဖြစ်သူထက်ပို၍ဂရုတစိုက် ကြည့်နေသူဖြစ်၍ ကျော်ခေါင်၏ ခေါင်းညိတ်ပြရက်ကိုပို၍သဘောပေါက်၏။

"ဟို - ဟို - ကို ကျော်ခေါင် မိချောင်းက ဘယ်မှာလဲရှင်"

"သားရဲတွင်းထဲမှာ"

"ရှင် - သားရဲတွင်းထဲမှာ"

မြနှင်းမွှေ၏ သိလိုမှုကို ပြန်လှန်ဖြေကြားရင်းအမေးပုစ္ဆာပြုလိုက်လေ၍ ရေမုဆိုးကျော်ခေါင်မှာ ဂရုတစိုက် ပြန်လှန်ဖြေကြားပေးလိုက်၏။

"ဟုတ်ပါတယ် - မမြနှင်းမွှေ။ ဖြစ်နိုင်ရင် အားလုံးပေါ့ဗျာ"

ရေမုဆိုးကျော်ခေါင်မှာ မြနှင်းမွှေ၏ စကားကို ဖြေကြားရင်း ရွာလူကြီးများနှင့် အိမ်ကြီးရှင်ဦးတိုင်းကျော် ရောက်ရှိလာကြကုန်သော လူအများတို့အား တစ်လက်စတည်း ပြောကြားလေ၏။

"အစုအရုံးကစပြီး ဖြစ်နိုင်မယ်ဆိုရင် မရမ်းချောင်းဝက လမုပင်ကြီးအနားကို ဘယ်သူမှ မသွားစေလိုပါဘူး။ မသွားပါနဲ့လို့လည်း ကျွန်တော် အနူးအညွတ် မေတ္တာရပ်ခံပါရစေ"

ရွာလူကြီးမှာ လူအများတို့အား တစ်ဆက်တည်း ညွှန်ကြားပြောဆို၏။

"ကဲ - ကဲ - အမောင်တို့၊ အမိတို့ သိလိုစိတ်ကို ဖြေကြားပြီးပြီဖြစ်၍ အားလုံး ပြန်နိုင်ပါပြီ"

ရွာသူရွာသားအပေါင်းတို့မှာ ရုတ်ရုတ်ရုတ်ရုတ်ပြ၍ ထကာ ပြန်ကြကုန်၏။ အိမ်ကြီးရှင် ဦးတိုင်းကျော်မှာ ရေမုဆိုး ကျော်ခေါင်ကို သတင်းထူး၊ သတင်းဦးကို ထူးထူးခြားခြား ဦးဦးဖျားဖျား သိလိုလှ၍ သေချာစေရန် မေးမြန်းတော့၏။

"မောင်ကျော်ခေါင် - အားတော့နာပါတယ်ကွာ။ မိကျောင်းကြီးက လမုပင်ကြီးနားမှာလား၊ ဘယ်နားလေးမှာလဲ"

ရေမုဆိုးကျော်ခေါင်မှာ ဦးတိုင်းကျော်ကို ကြည့်၏။ ပြုံး၏။ ပြီးမှဖြေ၏။

"ဦးလေး - မိကျောင်းကြီးက လမုပင်ကြီးရဲ့ အခြေမှာရှိတဲ့ လိုဏ်ခေါင်း၊ ကယ်ပေါက် သားရဲတွင်းထဲမှာနေတာ"

"အကောင် ဘယ်လောက်ကြီးသလဲ - မောင်ကျော်ခေါင်"

"ပေနဲ့ အတိအကျပြောရရင်တော့ ဗိုလ်အောင်ဒင် ဆိုတဲ့မိကျောင်းကြီးဟာ အနည်းဆုံး သုံးဆယ့်ငါးပေလောက် ရှိမယ်လို့ ခန့်မှန်းတယ်"

"ဟော - သုံးဆယ့်ငါးပေ - ဘုရားရေ"

ဦးတိုင်းကျော်၏ ကျယ်ကျယ်လောင်လောင်အာမေဋိတ်ပြုသံကြောင့် လူအများတို့မှာ ကြားကြကုန်ပြီး အံ့ဩခြင်းကြီးစွာ ဖြစ်ကြကုန်၏။

ထိုနေ့ ညဘက်၌ မြနှင်းမွှေနှင့် မြပန်းမွှေတည်းခင်းသော လက်ဖက်သုပ်၊ လက်ဖက်ရည်ကြမ်းဝိုင်းသို့ ရွာလူကြီးများ၊ အိမ်ရှင် ဦးတိုင်းကျော် [illegible]နှင့် မိကျောင်းဖမ်း ရေမုဆိုးသုံးယောက်တို့၏ အခင်တာချူးပွဲ စလေတော့၏။

အိမ်ကြီးရှင် ဦးတိုင်းကျော်ကပင် စကားဦးစီး အခင်တာချူးကို စ၏။

www.burmeseclassic.com

"ကျော်ခေါင် - အခြေအနေ ဘာထူးလဲကွ"

"ဝပ်ကျင်းတွေ့ပြီ"

"ဟော ..."

"သားကောင်ပါသွားတယ် - တွေ့တယ်မဟုတ်လား"

ရေမှုဆိုးကျော်ခေါင်မှာ အသံထွက်မဖြေချေ။ ခေါင်းညိတ်ပြလိုက်၏။

"သွားမယ် - ကိုတိမ်တစ်လုံးနဲ့ ကိုကြီးမြဒင် - ဒီနားမှာ အသံမထွက်ချင်ဘူး"

ရေမှုဆိုးကျော်ခေါင်မှာ စကားအဆုံး သူ လှော်ခတ်လာသော လှေကလေးကို လှော်ခတ်ကာ မြန်လမ်းသို့ လှည့်၏။ တိမ်တစ်လုံးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်မှာလည်း သူတို့စီးလာသော လှေကလေးကို ရေမှုဆိုးကျော်ခေါင်၏ လှေကလေးနောက်သို့ ခပ်သွက်သွက်လေး အသံတိတ် လှော်ခတ်လိုက်ပါခဲ့၏။

တိမ်တစ်လုံးနှင့် မုတ်ဆိတ်မြဒင်၊ ရေမှုဆိုးကျော်ခေါင်တို့ ဦးတိုင်းကျော်အိမ်သို့ပြန်ရောက်ချိန်၌ ရွာရှိလူအားလုံးနီးပါး ရောက်ရှိနေလေသလားမသိချေ။ များပြားလှသောလူအုပ်ကြီးက ဦးတိုင်းကျော်အိမ်သို့ ရောက်ရှိနေကြလေ၏။

ဦးတိုင်းကျော်မှာ ရေမှုဆိုးကျော်ခေါင်ကို ဟန်ပင် မဆောင်ပါချေ။ ခရီးရောက်မဆိုက် မေး၏။

"တွေ့ခဲ့လား - ရေမှုဆိုးလေး"

ရေမှုဆိုးကျော်ခေါင်မှာ ထုံးစံအတိုင်း ပါးစပ်ဖြင့် မဖြေပါချေ။ ခေါင်းညိတ်ပြလိုက်၏။

မြနှင်းမှုံမှာ ကျော်ခေါင်၏ အခြေအနေကိုဇဝေဇဝါဖြစ်သူထက်ပို၍ဂရုတစိုက်ကြည့်နေသူဖြစ်၍ ကျော်ခေါင်၏ ခေါင်းညိတ်ပြချက်ကို ပို၍သဘောပေါက်၏။

"ဟို - ဟို - ကို ကျော်ခေါင် မိချောင်းက ဘယ်မှာလဲရှင်"

"သားရဲတွင်းထဲမှာ"

"ရှင် - သားရဲတွင်းထဲမှာ"

မြနှင်းမှုံ၏ သိလိုမှုကို ပြန်လှန်ဖြေကြားရင်း အမေးပုစ္ဆာပြုလိုက်လေ၍ ရေမှုဆိုးကျော်ခေါင်မှာ ဂရုတစိုက် ပြန်လှန်ဖြေကြားပေးလိုက်၏။

"ဟုတ်ပါတယ် - မမြနှင်းမှုံ၊ ဖြစ်နိုင်ရင် အားလုံးခေ့ါပျာ"

ရေမှုဆိုးကျော်ခေါင်မှာ မြနှင်းမှုံ၏ စကားကို ဖြေကြားရင် ရွာလူကြီးများနှင့် အိမ်ကြီးရှင် ဦးတိုင်းကျော် ရောက်ရှိလာကြကုန်သော လူအများတို့အား တစ်လက်စတည်း ပြောကြားလေ၏။

"အစုအရုံးကစပြီး ဖြစ်နိုင်မယ်ဆိုရင် မရမ်းချောင်းဝက လမုပင်ကြီးအနားကို ဘယ်သူမှ မသွားစေလိုပါဘူး။ မသွားပါနဲ့လို့လည်း ကျွန်တော် အနူးအညွတ်မေတ္တာရပ်ခံပါရစေ"

ရွာလူကြီးမှာ လူအများတို့အား တစ်ဆက်တည်း ညွှန်ကြားပြောဆို၏။

"ကဲ - ကဲ - အမောင်တို့၊ အမိတို့ သိလိုစိတ်ကို ဖြေကြားပြီးပြီဖြစ်၍ အားလုံးပြန်နိုင်ပါပြီ"

ရွာသူရွာသားအပေါင်းတို့မှာ ရုတ်ရုတ် ရုတ်ရုတ်ပြ၍ ထကာ ပြန်ကြကုန်၏။ အိမ်ကြီးရှင် ဦးတိုင်းကျော်မှာ ရေမှုဆိုး ကျော်ခေါင်ကို သတင်းထူး၊ သတင်းဦးကို ထူးထူးခြားခြား ဦးဦးဖျားဖျား သိလိုလှ၍ သေချာစေရန် မေးမြန်းတော့၏။

"မောင်ကျော်ခေါင် - အားတော့နာပါတယ်ကွာ၊ မိကျောင်းကြီးက လမုပင်ကြီးနားမှာလား၊ ဘယ်နားလေးမှာလဲ"

ရေမှုဆိုးကျော်ခေါင်မှာ ဦးတိုင်းကျော်ကို ကြည့်၏၊ ပြုံး၏၊ ပြီးမှ ဖြေ၏။

"ဦးလေး - မိကျောင်းကြီးက လမုပင်ကြီးရဲ့ အခြေမှာရှိတဲ့ လိုဏ်ခေါင်း၊ ကယ်ပေါက် သားရဲတွင်းထဲမှာနေတာ"

"အကောင် ဘယ်လောက်ကြီးသလဲ - မောင်ကျော်ခေါင်"

"ပေနဲ့ အတိအကျ ပြောရရင်တော့ ဗိုလ်အောင်ဒင် ဆိုတဲ့ မိကျောင်းကြီးဟာ အနည်းဆုံး သုံးဆယ့်ငါးပေလောက် ရှိမယ်လို့ ခန့်မှန်းတယ်"

"ဟော - သုံးဆယ့်ငါးပေ - ဘုရားရေ"

ဦးတိုင်းကျော်၏ ကျယ်ကျယ်လောင်လောင် အာမေဋိတ်ပြုသံကြောင့် လူအများတို့မှာ ကြားကြကုန်ပြီး အံ့ဩခြင်းကြီးစွာ ဖြစ်ကြကုန်၏။

ထိုနေ့ ညဘက်၌ မြနှင်းမှုံနှင့် မြပန်းမှုံ တည်းခင်းသော လက်ဖက်သုပ်၊ လက်ဖက်ရည်ကြမ်းဝိုင်းသို့ ရွာလူကြီးများ၊ အိမ်ရှင် ဦးတိုင်းကျော် [illegible] နှင့် မိကျောင်းဖမ်း ရေမှုဆိုးသုံးယောက်တို့၏ အစ်တာဂျူးပွဲ စလေတော့၏။

အိမ်ကြီးရှင် ဦးတိုင်းကျော်ကပင် စကားဦးစီး အင်တာဗျူးကို စ၏

www.burmeseclassic.com

"မောင်ကျော်ခေါင်ကို မေးရမှာ အားနာပါတယ်ကွယ်၊ ဦးတို့က တော သားဆိုတော့မသိရင်မေး၊ မစင်ရင်တော့ ဆေးရမှာပါပဲကွယ်"

"မေးပါ-ဦးရဲ့ ဘာများသိချင်လို့ လည်း"

"ဗီလောက်ကြီးလုတဲ့မိကျောင်း ကြီးကို ဘယ်သူဖမ်းမှာလဲ"

အိမ်ကြီးရှင် ဦးတိုင်းကျော်၏ အကွက်ကျကျ မေးလာသောမေးခွန်း ကြောင့် တိမ်တစ်လုံး ငြိမ်း၊ မှတ်ဆိတ် မြဒင်၊ ရေမှုဆိုးကျော်ခေါင်တို့မှာ တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ ၏၊ သို့သော်အိမ်ကြီးရှင်၏အမေးစကား ကို အဖြေမရှိကြသေး၍ ရေမှုဆိုး ကျော် ခေါင်ကပင် ပြန်လှန်ဖြေရှင်းချက် ပေး လိုက်ရ၏။

"ဒီလိုပါ-ဦး-မိကျောင်းကြီးရဲ့သား ရဲတွင်းကိုကျွန်တော်ကိုယ်တိုင်တွေ့ထား တာပါ၊ ဒါပေမဲ့-ကျွန်တော်တို့ သုံး ယောက် တိုင်ပင်ပြီးမှ အသေဖမ်းရမှာ လား၊ အရှင်ဖမ်းရမှာလားဆိုတာ သိနိုင် မှာပါ။ ဒါကြောင့်ဦးရဲ့မေးခွန်းကိုဖြေဆိုဖို့ အချိန်နည်းနည်းပေးပါ"

အိမ်ကြီးရှင် ဦးတိုင်းကျော်နှင့် ရေမှုဆိုး ကျော်ခေါင်တို့၏ အမေးအဖြေ အင်တာဗျူးကို တက်ရောက်လာသော ရွာလူကြီးများ ဦးတိုင်းကျော်၏ဇနီးနှင့် သမီးနှစ်ယောက်မှာကြိတ်၍သဘောကျ နေကြ၏။

အိမ်ကြီးရှင် ဦးတိုင်းကျော်မှာ မိကျောင်းကြီးနှင့်ပတ်သက်၍သိလိုစိတ် ကိုဤမျှနှင့်ရပ်တန့်မနေပါချေ။ ထပ်မံ၍ မေးမြန်းပြန်၏။

"ဟုတ်ပါပြီကွယ်-ဘယ်သူဖမ်း မလဲဆိုတဲ့မေးခွန်းကို မဖြေနိုင်သေးရင် ဘယ်လိုဖမ်းမလဲဆိုတဲ့မေးခွန်းကိုတော့ ဖြေကြားပေးနိုင်လိမ့်မယ်လို့ ထင်ပါ တယ်"

ရေမှုဆိုး ကျော်ခေါင်ပြုံးသလို၊ တိမ် တစ်လုံး ငြိမ်းလဲ ပြုံး၏၊ မှတ်ဆိတ်မြဒင် လဲ မကျန်ပါချေ။

ဤမေးခွန်းကိုတော့ တိမ်တစ်လုံး ငြိမ်း မဖြေသလို မှတ်ဆိတ် မြဒင်လည်း တုံ့ဂိုဘာဝေ ဆိတ်ဆိတ်သာနေ၏။ ဖြေ သူကား ရေမှုဆိုး ကျော်ခေါင်ပင် ဖြစ်၏။

"ဦးမေးတဲ့မေးခွန်းနှစ်ခုလုံးကို ကျွန်တော်ပဲ ဖြေပါ့မယ်၊ မိကျောင်းကြီး ရဲ့သားရဲတွင်းကြီးကို တွေ့ခဲ့တာလည်း ကျွန်တော်ပါ၊ မိကျောင်းကြီးကို သားရဲ တွင်းကြီးထဲဝင်ပြီး ဖမ်းမှာလည်း ကျွန် တော်ပဲ ဖြစ်မှာပါ။ ဘယ်လိုဖမ်းမလည်း ဆိုရင်တော့ သားရဲတွင်းကြီးထဲဝင်ပြီး သူ့သေကိုယ်သေ ရင်ဆိုင်တိုက်ခိုက် ဖမ်းဆီးရမယ်ဆိုတာတော့ကြိမ်းသေလှ ပါတယ်-ဦး"

ဤစကားအဆုံးတွင်တော့ကြားကြ ကုန်သော ရွာလူကြီးများနှင့် အိမ်ကြီးရှင် ဦးတိုင်းကျော်နှင့် ဇနီး၊ မြနှင်းမှုံနှင့် မြပန်းမှုံတို့နှစ်ယောက်အနက်မြနှင်းမှုံမှာ မျက်နှာမျက်ရုံ ပျက်သွားသော်လည်း မြပန်းမှုံမှာ သိသိသာသာကြီး မျက်နှာ ပျက်ကာ အခန်းတွင်းသို့ ငိုယို၍ဝင်ပြေး သွားလေ၏။

ရေမှုဆိုး ကျော်ခေါင်မှာ မည်သည့် အဓိပ္ပာယ်မှန်း တွေးဆ၍မသိတော့ချေ။

မနက်ပိုင်း မိုးလင်းချိန်၌ ရေမှုဆိုး ကျော်ခေါင်မှာ မြနှင်းမှုံအား မေးမြန်း ကြည့်၏။

"မြပန်းမှုံ ဘာကြောင့်ငိုတာလည်း မမြနှင်းမှုံ"

"ညီမလေးကအတိတ်ဘာဝတုန်းက ဒီမိကျောင်းကြီးနဲ့ မောင်နှမအရင်းတော် ခဲ့တယ်ဆိုတဲ့အစွဲ ရှိနေတယ်-ကိုကျော် ခေါင်"

"ဗျာ-ဒါဆို-ကျွန်တော် ဖမ်းရမှာ လား၊ မဖမ်းရဘူးလား-မမြနှင်းမှုံ"

"အို-ဘာဆိုင်လို့လည်း။ လူတွေကို အန္တရာယ် ဒီလောက်ပြုတဲ့မိကျောင်းဆိုး ကြီးကို ဖမ်းရုံတင် မကဘူး၊ သတ်သာ ပစ်လိုက်ပါ-ကိုကျော်ခေါင်"

"ကြိုက်သွားပြီ-မမြနှင်းမှုံ၊ ကျွန် တော် ဘယ်သူ့စကားမှ နားမထောင်နိုင် ဘူး။ မမြနှင်းမှုံစကားကိုတော့ လုံးဝမငြင်း ဆိုပါဘူး။ ဒါပေမဲ့-မမြနှင်းမှုံ"

"ရှင်"

"ဗိုလ်အောင်ဒင် ဆိုတဲ့ မိကျောင်း ကြီးရဲ့ သားရဲတွင်းထဲက ကျွန်တော် အသက်ရှင်လျက်နဲ့ ပြန်ထွက်နိုင်ရင် တော့ ပထမဆုံး မြင်ချင်တဲ့မျက်နှာက မမြနှင်းမှုံမျက်နှာ ဖြစ်ပါရစေ"

"အို"

"ဖြစ်ခွင့်မရှိဘူးလား-မမြနှင်းမှုံ"

မြနှင်းမှုံမှာ ရေမှုဆိုးကျော်ခေါင်၏ မျက်နှာဆီ စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး သော်-

"သားရဲတွင်းကြီးထဲက ကိုကျော် ခေါင် ပြန်ထွက်နိုင်ပါစေလို့ မြနှင်းမှုံ ဆု



www.burmeseclassic.com

www.burmeseclassic.com

တောင်းပေးနေပါ့မယ်။ ပြီးတော့ ကိုကျော်ခေါင် မိကျောင်းသားရဲတွင်းထဲကြီးက ပြန်ထွက်တဲ့အချိန်မှာ ပထမဆုံး သားရဲတွင်းကြီးအဝမှာ မြနှင်းမှုံမျက်နှာကို မြင်ရစေမယ်ဆိုတာ ကတိရဲရဲကြီး ပေးပါတယ် - ကိုကျော်ခေါင်"

မြနှင်းမှုံမှာ စကားအဆုံး ငှက်ကလေးတစ်ကောင်ပမာ အိမ်တွင်းသို့ လှစ်ခနဲ ပြေးဝင်ပျောက်ကွယ်သွားလေတော့၏။

ရေမှုဆိုးကျော်ခေါင်မှာ ပီတိပြုံးများရင်တွင်းဝယ် တုန်ခိုက်ရင်း ဗိုလ်အောင်ဒင်မိကျောင်းကြီးနှင့် ရင်ဆိုင်ရန် အားမာန်များ ပြည့်၍ သွားလေတော့၏။

အရှေ့အာကာ မိုးကောင်းကင်မှ နေလုံးကြီး ထွက်ပေါ်လာနေပြီဖြစ်၏။

သို့သော် မအူပင်မြစ်ရေမှာ နယုန်လပြည့်ကျော်တိုးရက်ဖြစ်သည့်အတွက် မြစ်နား၊ ချောင်းနားနီးသောတံငါသည်တို့ ထွက်ချက်သည့် ရေထက်၊ ရေကျနည်းဖြင့် ထွက်ချက်သော်မနက်ကိုးနာရီတွင် ရေတက်မည် ဖြစ်လေ၏။

ထိုမနက် ကိုးနာရီ မတိုင်မီအချိန်တွင်ပင် မရမ်းချောင်းအတွင်းရှိ လမုပင်ကြီးအောက် ကုန်းမြေပေါ်တွင်မိကျောင်းဖမ်းရေမုဆိုးသုံးယောက်ဖြစ်သည့် မုတ်ဆိတ်မြဒင်၊ တိမ်တစ်လုံးဝမိုးနှင့်ရေမုဆိုးကျော်ခေါင်တို့ ရောက်ရှိနေကြပြီဖြစ်၏။ ရေမုဆိုးကျော်ခေါင်မှာ သံသေသန္တတ်နှင့် ရိုးရိုးသန္တတ်ကြီးနှစ်ချောင်းကို ပူးတွဲကိုင်ဆောင်ထားကာ ရေမပြည့်မီ မိကျောင်းကြီးနိုးအောင်နေထိုင်ရာ သားရဲတွင်းထဲသို့ ဝင်ရောက်သွားမည်ဖြစ်သလို တိမ်တစ်လုံး ငမိုးနှင့် မုတ်ဆိတ်မြဒင်တို့မှာလည်း ဓူဝမှ စောင့်ကြို၍ဗိုလ်အောင်ဒင် မိကျောင်းကြီး သူ့၏သားရဲတွင်းအတွင်း ဝင်ရောက်လာသည်နှင့် ရေမုဆိုးနှစ်ယောက်ပါ သားရဲတွင်းအတွင်း ဝင်ရောက်၍ ရေမုဆိုးသုံးယောက်နှင့် ဗိုလ်အောင်ဒင် မိကျောင်းကြီးကိုတိုက်ခိုက် သုတ်သင်ကြမည်ဖြစ်လေ၏။

ထိုအချိန်တွင်ပင် မအူပင်မြစ်ရေမှာ ပြည့်တော့မည်ဖြစ်၍ မရမ်းချောင်းတွင်းသို့ဝင် ရေများ ဝင်ရောက်လာနေပြီ ဖြစ်၏။

ရေမုဆိုးကျော်ခေါင်မှာ လမုပင်ကြီးအောက်ဗိုလ်အောင်ဒင်မိကျောင်းကြီး၏ သားရဲတွင်းကြီးအတွင်းသို့ဝင်ရောက်ခဲ့ပြီဖြစ်၏။

သားရဲတွင်းကြီးမှာ ပေရှစ်ဆယ်ခန့်ရှိကာ အထဲသို့ ရောက်ရှိသည်နှင့် လွန်စွာပုပ်ဟောင်နံစော်နေလေ၏။ အထဲတွင် ဗိုလ်အောင်ဒင် မိကျောင်းကြီးရှိမနေပါချေ၊ သို့သော် မနေ့က ဆွဲသွားသော မရမ်းချောင်းရွာမှ ငြိအလောင်းကြီးတို့မှ သားရဲတွင်းအမြင့်ပိုင်းတွင်ယင်ကောင်များ ဝိုင်းအုံ၍ တောင့်ထင်းနေသည်ကို မြင်တွေ့လိုက်ရလေ၏၊ ဗိုလ်အောင်ဒင်ကြီး စားထားသော လူရိုးများမှာလည်း ပုံနေလေ၏။

ရေမုဆိုးကျော်ခေါင်မှာ သားရဲတွင်းကြီး၏ အခြေအနေကို လေ့လာသုံးသပ်ချိန်မှာပင် ချောင်းရေတို့မှာ သားရဲတွင်းကြီးအတွင်းသို့ ပြည့်လုပြည့်ခင် ဝင်ရောက်လာနေလေ၏။ သို့သော် သားရဲတွင်းကြီးမှာ အတွင်းပိုင်းရောက်လေ ကုန်းမြင့်ပိုင်းဖြစ်ကာ မိကျောင်းကြီးမှာ စားသောက်မည့် မိကျောင်းစာသတ္တဝါကို ထိုကုန်းမြင့်ပိုင်းမှာပင် တင်ထားထားခဲ့လေ၏၊ မနေ့က ဆွဲသွားသော ငြိအလောင်းကြီးမှာလည်း ထိုကုန်းမြင့်ပေါ်၌ ယင်ကောင်များ တဝေါဝေါဝိုင်းအုံကာ ရှိနေလေ၏။

ထိုအချိန်မှာပင် မအူပင်မြစ်ရေမှာ ရေပြည့်နေပြီဖြစ်သလို မရမ်းချောင်းရေပြင်မှာလည်း မအူပင်မြစ်ရေပြင်နှင့် တစ်ပြေးညီ ဖြစ်နေလေတော့၏။

ဗိုလ်အောင်ဒင် မိကျောင်းကြီး လာတော့မည်ဖြစ်၏။

လမုပင်ကြီး၏ အောက်ခြေရှိ သားရဲတွင်းအပေါ်စီးမှ တိမ်တစ်လုံး ငမိုး၊ မုတ်ဆိတ်မြဒင်တို့ နှစ်ယောက်မှာလည်း လျှင်သောမျက်စိ၊ ပါးသောအာရုံတို့ဖြင့် မိကျောင်းထိုးသန္တတ်ကြီး ကိုင်ဆောင်ကာ ဗိုလ်အောင်ဒင် မိကျောင်းကြီးအား အသင့်စောင့်ကြိုနေလေ၏။

ဗိုလ်အောင်ဒင် မိကျောင်းကြီးမှာ အာရှတိုက် မိကျောင်းမျိုးစိတ်များထဲတွင်အကောင်အကြီးဆုံးဖြစ်သလို ဉာဏ်ရည်ဉာဏ်သွေးမှာလည်း လူလောက်နီးနီးကြီးမားသော သတ္တဝါကြီးတစ်ကောင်ဖြစ်နေလေ၍ လမုပင်ကြီး၏ အပေါ်စီးမှ စီးမိုး၍ ကြည့်နေသော်လည်း မြစ်ရေမှာ

www.burmeseclassic.com

ရွှံ့နှစ်ရောင်၊ ကော်ဖီရောင်များ ဖြစ်နေလေ၍ ဗိုလ်အောင်ဒင်မိကျောင်းကြီး၏ သွားလာမှုညက်ညောလွန်းခြင်း၊ မြစ်ရေပြည့်လျှံမှု သားရဲတွင်းထဲ ရေပြည့်မှု ဝင်ရောက်လာခြင်းတို့ကြောင့်အပေါ်မှစီးမိုး ကြည့်ရှုနေသူ တိမ်တစ်လုံး ငမိုးတို့နှစ်ယောက်မှာ ဗိုလ်အောင်ဒင်ကြီးအား မတွေ့မမြင် လိုက်ဖြစ်ကာ သားရဲတွင်းကြီးအတွင်း ရေမှုဆိုးကျော်ခေါင် စောင့်ဆိုင်းနေရာသို့ ရောက်ရှိသွားလေ၏။

ရေမှုဆိုးကျော်ခေါင်မှာလည်း သားရဲတွင်းကြီးအဝမှ ဗိုလ်အောင်ဒင်ကြီး ဝင်လာကတည်းက တွေ့ရှိပြီးဖြစ်ပေမယ့် မုတ်ဆိတ်မြွေဒင်နှင့် တိမ်တစ်လုံး ငမိုးတို့ ဝင်ရောက်လာမှ သုံးယောက်ဆိုင် သုတ်သင်မည်ဟု စဉ်းစားနေစဉ်မှာပင် ဗိုလ်အောင်ဒင်ကြီးမှာ ရေမှုဆိုး ကျော်ခေါင်အား တွေ့မြင်သွားပြီး အံဝေးလှည့်၍ အမြီးကြီးဖြင့် လှမ်း၍ရိုက်ကာ တိုက်ပွဲကို စ၍ဖွင့်လိုက်လေ၏။

အတွေ့အကြုံရင့်ကျက် လှသော ရေမှုဆိုးကျော်ခေါင်မှာ မိကျောင်းကြီး၏ အမြီးရိုက်ချက်ကို လျင်မြန်စွာ ရှောင်တိမ်းလိုက်သလို ဒုတိယမြောက် မိကျောင်းကြီး၏ ထိုးဟပ်ချက်ကို သားရဲတွင်းရှိ လမုပင်ကြီး၏ သစ်မြစ်ဆုံကြီးအား အကာအကွယ်ယူ၍ ရှောင်တိမ်းရင်း ရေမှုဆိုးကျော်ခေါင်၏ မိကျောင်းထိုးဆလှွတ်ကြီးဖြင့် မိကျောင်းအဓွရစ္စ ကြမ်းကြီးအားအစမ်းထိုးကြည့်လိုက်ရာ ကျော်ခေါင်၏ သန္တတ်မှာ ဒုတ်ဆို အသံထွက်၍ပြန်ကန်ထွက်လာလေ၏။

မိကျောင်းကြီးမှာ သူ၏ခါးလယ်ပိုင်းကို ရန်သူ၏လက်နက် ထိသည်ကို သိလိုက်သည်နှင့်အကောင်ကြီးနှင့်မလိုက်စွာ လျင်မြန်စွာ ပြန်လှည့်၍ သူ၏အမြီးကြီးဖြင့် ဗုန်းခနဲ ရိုက်ချလိုက်လေ၏။

ရေမှုဆိုးကျော်ခေါင်မှာ မိကျောင်းကြီး၏အမြီးကို အရှောင်မြန်လိုက်၍သာ သီသီလေး ကပ်၍ လွတ်သွားခြင်း ဖြစ်ပေတော့၏။

ထိုအချိန်တွင် တိမ်တစ်လုံး ငမိုးနှင့် မုတ်ဆိတ်မြွေဒင်တို့နှစ်ယောက်မှာ မအူပင်မြစ်ကြီး၏မြစ်ရေမှာ ပြန်ပင်ကျနေပြီဖြစ်၍ သားရဲတွင်းကြီးထဲသို့ လိုက်၍ဝင်ရန် လက်နက်များကို အသင့်ပြင်ဆင်နေပြီဖြစ်၏။

ရေမှုဆိုးကျော်ခေါင်မှာလည်း သားရဲတွင်းထောင့်ကျဉ်းထဲ ကျရောက်နေပြီဖြစ်ကာ ဗိုလ်အောင်ဒင် မိကျောင်းကြီးရန်ကို သူသေတိုယ်သေ ရင်ဆိုင်တိုက်နိုက်ရန် ပြင်ဆင်လိုက်ရလေတော့၏။

မိကျောင်းကြီးမှာ သူ၏သားရဲတွင်းကြီးထဲထိ ကျူးကျော်ဝင်ရောက်လာသော ရန်သူကို ဒေါသမာန်ဟုန်ပြင်းစွာ လှည့်ပတ်တိုက်ခိုက်ရင်း ရန်သူမှာ ဘေး၊ တစ်ဖက်တစ်ချက်၌ သားရဲတွင်း ဂူနံရံနှစ်ဖက်ကြားညှပ်၍မိနေကာ မလှုပ်သာ မလွန့်သာအဖြစ်ကို တွေ့မြင်ပြီး သူ၏ ပါးစပ်ကြီးဖြင့် အရှိန်ပြင်းပြင်း ထိုးဟပ်သတ်ဖြတ်တော့မည်ဖြစ်၏။

ရေမှုဆိုးကျော်ခေါင်မှာလည်း သူ၏ ရဲဘော်ရဲဘက်နှစ်ယောက်ဖြစ်သည့် မုတ်ဆိတ်မြွေဒင်နှင့် တိမ်တစ်လုံးငမိုးတို့ နှစ်ယောက်ရောက်မလာဘဲဗိုလ်အောင်ဒင်ကြီးနှင့်ရင်ဆိုင်တွေ့ကာတစ်ယောက်ချင်း တစ်ကောင်ချင်း ရင်ဆိုင်တိုက်နိုက်ရန်သာ ရှိတော့၍ ရေမှုဆိုးဟောင်းကြီး အဘဦးမွန်ထော်ပေးလိုက်သောသံသေသန္တတ်ကြီးအား အားကိုးအားထားပြုကာ ဗိုလ်အောင်ဒင် မိကျောင်းကြီးအား သူသေကိုယ်သေ တိုက်နိုက်ရန်သာ ရှိတော့၍ သတိကြီးစွာ ထားနေရပြီဖြစ်၏။

ဗိုလ်အောင်ဒင် မိကျောင်းကြီးမှာ သူ၏သားရဲတွင်းကြီးအတွင်း ဝင်ရောက်လာသည့်ရန်သူကိုထိုးဟပ်သတ်ဖြတ်ရမည့်အစား ထိုးဟပ်ခြင်းမပြုသေးဘဲ သူ၏အမြီးပြားကြီးဖြင့် သားရဲတွင်း ဂူနံရံများအား တဗုန်းဗုန်း ရိုက်ခတ်ရင်း ရေမှုဆိုးကျော်ခေါင်ကို ခြောက်လှန့်နေလေတော့၏။

ရေမှုဆိုးကျော်ခေါင်မှာလည်း ရန်သူ၏ လှည့်ကွက်ထဲ ဝင်ရောက်ခြင်း မပြုမိစေရန် သတိကြီးကြီးထားကာသာ နေ၏။

ထိုအချိန်မှာပင် ဗိုလ်အောင်ဒင် မိကျောင်းကြီးသည် သူ၏ အားယူထားသော ခြေထောက်ကြီးလေးချောင်းကို စုံ၍အားယူ၍ ခုန်တက်ကာ ရေမှုဆိုးကျော်ခေါင်အား ဝင်ရောက်ဆွဲယူကိုက်ခဲလေတော့၏။

ရေမှုဆိုးကျော်ခေါင်မှာလည်း၊ သူလိုချင်သောအကွက်ထဲသို့ ဗိုလ်အောင်ဒင် မိကျောင်းကြီး လိုက်ပါပြုလုပ်မှုလေ၍ အဘဦးမွန်ထော် ပေးလိုက်သော သံသေသန္တတ်ကြီးအား [illegible] အောင်

www.burmeseclassic.com

မိကျောင်းကြီး၏ ခုန်၍ထိုးဟပ်လိုက်သော ပါးစပ်ကြီးအတွင်းသို့ ဆောင့်၍ ထိုးထည့်ပေးလိုက်ပါတော့၏။

"ဗုန်း - ဝုန်း"

သံသေသနတ်ကြီးမှာ ဗိုလ်အောင်ဒင်မိကျောင်းကြီး၏ပါးစပ်တွင်းမှဝင်ကာ ဝမ်းဗိုက်ကြီးအတွင်းမှ ဖောက်၍ထွက်သွားကာ လွန်စွာကြောက်မက်ဖွယ်ကောင်းသောမျက်လုံးစိမ်းကြီးနှစ်လုံးဖြင့် ရေမုဆိုးကျော်ခေါင်အား စိမ်းစိမ်းကားကားကြည့်ရင်း တဆတ်ဆတ်တုန်၊ တွန့်ခါယမ်း ရုန်းကန်ကာ ငြိမ်သက်သွားပါတော့၏။

ဗိုလ်အောင်ဒင်မိကျောင်းကြီးသေပြီဖြစ်၏။

ထိုအချိန်မှာပင် သားရဲတွင်းကြီး၏ ဝင်ပေါက်မှ တိမ်တစ်လုံး ငမိုးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်မှာ ရေးကြီးသုတ်ပျာဖြင့်ရွှံ့ထဲဗွက်ထဲတွင်တဗုန်းဗုန်း တဗွမ်းဗွမ်း ဝင်ရောက်လာကြပါတော့သည်။

သို့သော်ဗိုလ်အောင်ဒင်မိကျောင်းကြီးမှာရေမုဆိုးကျော်ခေါင်၏ခြေတော်ရင်း၌ခေါင်းစင်း၍သေနေလေပြီကိုတွေ့ကာ နှစ်ယောက်စလုံးမှာ လွန်စွာအံ့ဩခြင်းကြီးစွာ ဖြစ်၍နေကြလေကုန်၏။

ထိုအချိန်မှာပင် ရေမုဆိုးကျော်ခေါင်မှာကိုကြီးမြဒင်၊ကိုကြီးတိမ်တစ်လုံးဟူသော လွန်စွာယောကျ်ားသံပီသသော အသံကြီးပေး၍ ဗိုလ်အောင်ဒင်မိကျောင်းကြီးအားကျော်ဖြတ်ရောက်ရှိလာလေ၏။

တိမ်တစ်လုံး ငမိုးနှင့် မုတ်ဆိတ်မြဒင်တို့နှစ်ယောက်မှာ ညီငယ်တစ်ယောက်သဖွယ် ချစ်ခင်ရသော ရေမုဆိုးကျော်ခေါင်အား လှမ်း၍ဖက်လိုက်ကာ သားရဲတွင်းကြီးအပြင်ဘက်သို့ ဆွဲ၍ခေါ်ဆောင်ခဲ့လေတော့၏။

သားရဲတွင်းကြီးအပြင် မရမ်းချောင်းကြီး ကမ်းနဖူးအပေါ်တွင်တော့ မရမ်းချောင်းတစ်ရွာလုံးနှင့် မြနှင်းမှုံကို တွေ့လိုက်ကာ ရွှံ့ထဲ ဗွက်ထဲမှာပင် ရုန်းရင်းကန်ရင်း မြနှင်းမှုံထံ အပြေးတက်ရောက်သွားပါတော့၏။

"ကိုကျော်ခေါင် - မိကျောင်းကြီးရော"

"ဗိုလ်အောင်ဒင်ကြီး သေပြီ"

"အို - ဝမ်းသာလိုက်တာ - ကိုကျော်ခေါင်ရယ်"

ထိုနေ့က ဗိုလ်အောင်ဒင်မိကျောင်းကြီး သေဆုံးသွားမှုကြောင့် မရမ်းချောင်းတစ်ရွာလုံးပျော်ရွှင်နေကြသလို မအူပင်မြစ်ကြီးတစ်လျှောက်နှင့် မရမ်းချောင်းကြီးကမ်းနဖူးတစ်လျှောက်တွင်ရှာတည်ထားကြလေသော ဆင်ပုန်ရွာ၊ လှော်ကားရွာ၊ မဆယ်ဆိပ်ရွာကြီးသုံးရွာမှ ရွာသူရွာသားအပေါင်းတို့မှာ ဗိုလ်အောင်ဒင်မိကျောင်းကြီး သေဆုံးသွားပြီဟူသောသတင်းကို ကြားပြီး လွန်စွာပျော်ရွှင်ကြကုန်၏။

ထိုအပျော်များတို့သည် ရေမုဆိုးကျော်ခေါင်နှင့် မရမ်းချောင်းရွာသူ မြနှင်းမှုံတို့နှစ်ယောက်၏အပျော်ကိုမမီနိုင်ကြသည်ကတော့ အမှန်ပင် ဖြစ်ပေတော့၏။

ဤရွာကြီး၌ပင်ရေမုဆိုးကျော်ခေါင်နှင့်ဤရွာသူမြနှင်းမှုံတို့၏မင်္ဂလာပွဲသည် တစ်လကျော်ကျော်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြလေတော့၏။

▶ နန္ဒဝင်းကျော်ခေါင်
(ဓေတ္တ လူပြည်)

www.burmeseclassic.com

# ရှေးထုံးလည်း မပယ်နှင့်
# ခေတ်သုံးလည်း မလွယ်နှင့်

၁။ ကတ်ကြေး၊ ကွမ်းညှပ် စသည်တို့ကို ဘာမှမပါပဲ မညှပ်ရ။

၂။ ကျောက်နီလက်စွပ်နှစ်ကွင်း ထပ်၍မဝတ်ရ။

၃။ ကိုယ်ဝန်ဆောင်အမျိုးသမီး ခေါင်းအုံးမချုပ်ရ။

၄။ ကိုယ့်ထက်ကြီးသူထက်မြင့်သောနေရာမှာ မထိုင်ရပါ။

၅။ ကျောင်းပစ္စည်း (ဘုန်းကြီးကျောင်း) အိမ်မှာ မသုံးရ။

၆။ စလောင်းဖုံးကို ဇိုနံ့လောက်တွင် မအုပ်ရ။

၇။ တံသင်နံ၊ စားပွဲများပေါ်တွင် တက်မထိုင်ရ။

၈။ တံအုပ်ဖြင့် နံကို ဖုန်မခါရ။

၉။ ထမင်းတော်တင်ကို စွန့်၍မစားသင့်။

၁၀။ ဆိုင်စုံမှာ လက်မထောက်ရ။

၁၁။ ဈေးရောင်းသည့်နေရာ ကျင်ငယ်မစွန့်ရ။

၁၂။ ညဘက် သန်းမရှာရ၊ ခေါင်းမဖြီးရ။

၁၃။ ညအချိန် လေမချွန်ရ။

၁၄။ ညဘက် ဓားမသွေးကောင်း။

၁၅။ ညဘက်တွင် ခြေသည်းလက်သည်း မညှပ်ရ။

၁၆။ ညဘက်တွင် ဆံပင်၊ မုတ်ဆိတ် မရိတ်ရ။

၁၇။ ညအချိန်ကိုယ်ဝန်ဆောင်များ အိမ်ပြင်မထွက်ရ။

၁၈။ ညမှောင်မှောင်တွင် ကလေးကို ချီမသွားရပါ။

၁၉။ ညဦးအချိန် အိမ်ပြင်မှာ ဆံပင်မဖြန့်ရ။

၂၀။ ညဦးနက်ချိန် အသားစိမ်း၊ ငါးစိမ်းကို အိမ်တွင်းသို့ မယူရ။

၂၁။ ညောင်သားကို မီးမဆိုက်ကောင်း။

၂၂။ တစ်ရှိန်တည်း (သို့) တစ်နှစ်တည်းမှာ နှစ်မင်္ဂလာ၊ သုံးမင်္ဂလာ မလုပ်ရပါ။

၂၃။ ထမင်းချက်ရင် သီချင်းမဆိုရ။

၂၄။ ထမင်းစားသောက်ရင်း သီချင်းမဆိုရ။

၂၅။ နှစ်ဆန်းတစ်ရက်နေ့မှာ ပိုက်ဆံမသုံးရ။

၂၆။ နတ်အုန်းဆွဲသည့်အခန်းတွင် လင်စုံမယားဖက် မအိပ်ရ။

၂၇။ နံနက်စောစော လက်သည်း၊ ခြေသည်း မညှပ်ရ၊ မလှီးရ။

၂၈။ ပြာသိုလနှင့် တပေါင်းလမှာ နေအိမ်မပြောင်းရ။

၂၉။ ဘုရားညောင်ရေအိုး စုံမထားရ။

၃၀။ မျက်ရည်စမ်းပါသူကို အိမ်ထောင်မပြုရ။

၃၁။ မီးဖိုထဲနှင့် ထမင်းစားပွဲမှာ အိပ်မက်အကြောင်း မပြောရ။

၃၂။ မင်္ဂလာဆောင်မှာ အိုးခွက်ပန်းကန် မကွဲရ။

၃၃။ မင်္ဂလာဆောင်တွင် မုဆိုးမ၊ တစ်ခုလတ် မပြင်ရ။

၃၄။ မင်္ဂလာဆောင်သို့ ကိုယ်ဝန်ဆောင် မသွားရ။

၃၅။ ယောက်မနှင့် ထမင်းအိုးကို မရိုက်ရ။

၃၆။ လင်၏ လက်ျာဘက် ဖုန်း မအိပ်ရ။

၃၇။ လှေကားထစ်ကို စုံမထားရပါ။

၃၈။ ဝါတွင်း အိမ်ထောင်မပြုရ။

၃၉။ ဝါတွင်း အိမ်မပြောင်းစကောင်း။

၄၀။ သစ်နှစ်ချပ်ကြား၊ ဝါးမညှပ်စကောင်း။

၄၁။ အသုဘကို ရက်စုံမထားရ။

၄၂။ အလကားနေရင်း သန်းဉမဆွဲရ။

၄၃။ အိပ်ရာထ မျက်နှာမသစ်ဘဲ အစာမစားရ။

၄၄။ အိမ်သားတစ်ဦးဦး နေမကောင်းလျှင် ခေါင်းမကျော်ရ။

၄၅။ အိမ်သားတစ်ဦးဦး ခရီးထွက်လျှင် ခေါင်းမလျှော်ရ။

၄၆။ အိမ်ရှေ့ငှက်ပျောပင် မစိုက်ရ။

၄၇။ အိမ်ရှေ့မျက်နှာစာတွင် ထမီမလှန်းရ။

၄၈။ အိမ်ရှေ့မျက်နှာစာကို ကျောခိုင်းမထားရ။

၄၉။ အိမ်ရှေ့တံစက်မြိတ်အောက်မှာ သားစိမ်းငါးစိမ်း မလှန်းကောင်းပါ။

၅၀။ ဥပုသ်နေ့မှာ ခေါင်းမလျှော်ရ။

www.burmeseclassic.com